

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# ၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၃၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် ၊ ဗုဒ္ဓဟူး ၊ (အောက်တိုဘာ ၂ ၊ ၂၀၁၄)



TRI
LIVES BRILLIANTLY


## ဆန္ဒပြပွဲများအလွန် အထည်ချုပ်လုပ်ငန်းများ

လုပ်ခလစာနည်းပါးမှုကြောင့် စက်ရုံလုပ်သားများ၏ ဆန္ဒပြမှုများမှာ အထည်ချုပ်လုပ်ငန်းများအပေါ်တွင် ရိုက်ခတ်မှုကြီးစွာရှိနေပါသည်။

စာမျက်နှာ ၃ »

## ထရုံလူမျိုးစု၏ နောက်ဆုံး သုံးယောက်

မြန်မာနိုင်ငံတွင် မျိုးနွယ်စုတစ်စု မကြာမီပျောက်ကွယ်တော့မည် ဖြစ်သော်လည်း ထရုံတိုင်းရင်းသား ဒါဝိအတွက် ထိုအရာက အံ့သြတုန်လှုပ်စရာမဟုတ်ပါ။

စာမျက်နှာ ၅ »

## ဗိုလ်ချုပ်ကြီးများ အပြောင်းအလဲလုပ်ခြင်း

စာမျက်နှာ ၂၅ »

## ရှမ်းပြည်တိုးတက်ရေး ပါတီနာယက ဒုတိယဗိုလ်ချုပ်ကြီး ဆောထင်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၃





# စံသတ်မှတ်ချက် မြေဈေးကျရန် ဆေးဖက်မဝင်

၂

အစိုးရ၏ တစ်ပေပတ်လည်မြေဈေးစံနှုန်းသတ်မှတ်ချက်မှာ ရန်ကုန်မြို့အတွက် လက်တွေ့ရောင်းဝယ်နေသည့်ဈေးထက် များစွာနည်းပါးနေ၍ အများထင်ထားသလို အိမ်၊ ခြံမြေဈေးနှုန်းများအပေါ် များစွာရိုက်ခတ်မှုမရှိပေ။ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရှမ်းပြည်သူတွေ ဆန္ဒပြည့်မယ့်နေ့...

**အိဖြူလွင်**

ပဒေသရာဇ်စော်ဘွားများလက်ထက်ကပင် ရှမ်းပြည်နယ်ကိုပိုင်းခြားအုပ်ချုပ်ခဲ့ကြသည်။ ယခုအချိန်ထိလည်း မတူညီသော လူမျိုးတစ်ခုစီ၏ လက်နက်ကိုင်အဖွဲ့များက သီးခြားထိန်းချုပ်နယ်မြေဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ဗဟိုအစိုးရအုပ်ချုပ်သည့်နယ်မြေများစသည်ဖြင့် အပိုင်းလိုက်ကွဲပြားနေပါသေးသည်။

အခြေချနေထိုင်သူလူဦးရေ ၅၇သိန်းကျော်ရှိပြီးတိုင်းရင်းသားလူမျိုးစုပေါင်း ၃၀ကျော်ရှိနေ



သည့် ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်များတွင်အကြီးဆုံးပြည်နယ်ဖြစ်သကဲ့သို့လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့ရှိနေသော ပြည်နယ်ဖြစ်သည်။ **အချပ်ပို(H)သို့**

## အစိုးရမင်းများ တိုင်းခန်းလှည့်လည်ကောင်းတုန်းပဲလား

**အောင်သူရ၊ ပြည်သိမ်း**

သတင်းစာဖတ်နေသော ဂျပန်ပါမောက္ခတစ်ဦး၏ ရုတ်တရက် မေးခွန်းတစ်ခုကြောင့် ဦးနှောက်စားသွားသည်။

"မင်းတို့တိုင်းပြည်ကလူကြီးတွေ အခုလို နေရာအနှံ့လိုက်လျှောက်သွားနေတော့ သူတို့တာဝန်ယူထားတဲ့အလုပ်တွေကို ဘယ်အချိန်လုပ်သလဲ၊ဘယ်လိုလုပ်ကြသလဲ"တိုကျိုမြို့တွင်ထိုမေးခွန်းအမေးခံရသူဦးရဲမြတ်သူမှာ အဆင်ပြေအောင်ကြည့်ဖြေခဲ့ရပြီး အမှန်အတိုင်းမဖြေဖြစ်ခဲ့ဟု ဦးရဲမြတ်သူကပြောပါသည်။

အမှန်တကယ်သူဖြေချင်သောအဖြေမှာ လျှောက်သွားကြည့်နေရတာကိုက သူတို့အလုပ်ဟုထင်နေကြတုန်းဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံတွင် အာဏာရှင်ဦးနေဝင်းလက်ထက်မှစ၍ တပ်မတော်အစိုးရလက်ထက်ထိ ဝန်ကြီးဌာနများမှ ဝန်ကြီးများသည် တိုင်းခန်းလှည့်လည်ကာ အားပေးကာ၊ ချီးမြှင့်ကာဟန်ရေး ပြခဲ့ကြသည်။ အဆိုပါ ပြုမူချက်မျိုးမှာ သမ္မတဦးသိန်းစိန်ဦးဆောင်သော ဒီမိုကရေစီအစိုးရလက်ထက်တွင် အတန်ငယ် လျော့နည်းလာသော်လည်းထိုကဲ့သို့လုပ်ဆောင်မှုများရှိနေသေးသည်ဟု လုပ်ငန်းရှင်အချို့ကဆိုသည်။ အချို့သောလုပ်ငန်းရှင်ကြီးများမှာလည်း နိုင်ငံတော်အကြီးအကဲများနှင့်ဝန်ကြီးများခရီးစဉ်တွင် လိုက်ပါ၍ အလှူငွေများပေးအပ်သည့်အလေ့အထများ ယခုအချိန်အထိ ရှိနေသေးသည်။

**အချပ်ပို(I)သို့**




7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# စံသတ်မှတ်ချက် မြေဈေးကျရန် ဆေးဖက်မဝင်

**မိုးညို**

အစိုးရကမြေတစ်ပေပတ်လည်အပေါ်တွင်စံနှုန်းသတ်မှတ်၍ အခွန်ကောက်ခံရန် ပြင်ဆင်နေသော်လည်း ထိုစံနှုန်းသတ်မှတ်ခြင်းကြောင့် အိမ်ခြံမြေဈေးနှုန်းများကျဆင်းလာဦးမည်မဟုတ်ကြောင်း အိမ်ခြံမြေဈေးကွက်ကျွမ်းကျင်သူများကပြောသည်။

ကနဦးအနေဖြင့် ရန်ကုန်မြို့တွင် သတ်မှတ်လိုက်သည့်တစ်ပေပတ်လည်စံနှုန်းများမှာ ယခုလကုန်အောက်တိုဘာ ၁ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ထိုသို့ အစိုးရကသတ်မှတ်လိုက်ခြင်းကြောင့် အိမ်ခြံမြေအရောင်းအဝယ်အပေါ် သိသိသာသာသက်ရောက်လာနိုင်မည်မဟုတ်ဘဲ ဈေးနှုန်းများကျဆင်းလာနိုင်ဖွယ်မရှိကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ ပြန်ကြားရေးတာဝန်ခံကပြောသည်။



*ကမ္ဘာ့အကြီးဆုံးစာရင်းဝင်နေပြီဖြစ်သော ရန်ကုန်မြို့*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"သတ်မှတ်ထားတဲ့ဈေးအပေါ်မှာပဲ အခွန်ဆောင်ရမယ်လို့ပြောတာ။ အဲဒီဈေးအတိုင်းအရောင်းအဝယ်လုပ်ရမယ်လို့သတ်မှတ်ထားတာမဟုတ်ဘူး"ဟုအထက်ပါတာဝန်ခံကပြောသည်။

ပြီးခဲ့သည့်နှစ်က နေပြည်တော်၌ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင်ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက မြန်မာနိုင်ငံတွင်မြင့်မားနေသည့် အိမ်ခြံမြေဈေးနှုန်းကိုထိန်းချုပ်မည်ဟုစတင်ပြောဆိုချိန်မှစ၍ ယနေ့အချိန်အထိ မြေဈေးကျသည်မရှိချေ။ ထို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ရန်ကုန်မြေဈေးမှာ ကမ္ဘာတွင်အမြင့်မားဆုံးစာရင်းဝင်ဖြစ်လာသည်။

"ရင်းနှီးမြှုပ်နှံသူတွေနောက်ဆုတ်ကုန်တယ်။ မြေဈေးကသူတို့မမျှော်လင့်ထားတဲ့ဈေးဖြစ်နေလို့ ဒီကိစ္စကို အစိုးရကမြန်မြန်ဖြေရှင်းလို့ရတယ်။ ဘာဖြစ်လို့မဖြေရှင်းနိုင်ရတာလဲ"ဟု စီးပွားရေးပညာရှင်ဦးလှမောင်ကအစိုးရ၏ စီမံခန့်ခွဲမှုအလွဲများအပေါ် ဝေဖန်ပြောဆိုပါသည်။

အိမ်ခြံမြေဈေးနှုန်းကြီးမြင့်နေချိန်တွင် အစိုးရက ကနဦးခြေလှမ်းအဖြစ် တစ်ပေပတ်လည်အပေါ် စံသတ်မှတ်ချက်များကိုစက်တင်ဘာ ဒုတိယအပတ်၌ စတင်ထုတ်ပြန်လိုက်သည်။ မြို့နယ်တစ်ခုချင်းစီအလိုက်သော်လည်းကောင်း၊ လမ်းသွယ်များအလိုက်သော်လည်းကောင်း၊ ရွာမြေများအထိသော်လည်းကောင်း အသေးစိတ်ပါဝင်လာခဲ့သည်။

သို့သော်အစိုးရစံသတ်မှတ်ချက်မှာ ကာလပေါက်ဈေးနှင့်နှိုင်းယှဉ်လျှင်နည်းပါးနေပါသည်။ ထို့ကြောင့်မြေဈေးစံသတ်မှတ်ချက်မှာမိုးသို့ထောင်တက်နေသောမြေဈေးကျရန်ထက် အစိုးရက အခွန်ရရန်ဖြစ်သည်ဟု ဝေဖန်မှုများထွက်ပေါ်လာသည်။ သို့သော်စံနှုန်းမှာ လက်တလောသတ်မှတ်ထားခြင်းမျိုးသာဖြစ်ပြီး နေရာဒေသအပေါ်မူတည်ကာ ကာလတန်ဖိုးအချို့ကို အပြောင်းအလဲပြုလုပ်သွားရန် အစီအစဉ်အချို့ရှိကြောင်း ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့တွင်ပါဝင်သောညွှန်ကြားရေးမှူးတစ်ဦးကဆိုသည်။

ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့၏ စံနှုန်းများမထွက်လာမီရက်ပိုင်းအလိုတွင် တန်ဖိုးကြီးအိမ်ခြံမြေအရောင်းအဝယ်အများစုရပ်ဆိုင်းခဲ့ပြီး ဈေးကွက်တွင် အရောင်းအဝယ်မရှိသလောက်ပင် ရှားပါးသွားခဲ့ကြောင်း လမ်းမတော်မြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

သို့သော်စံနှုန်းများတရားဝင်ထွက်ပေါ်လာပြီးနောက် အိမ်ခြံမြေဈေးကွက်မှာ ယခင်ကဲ့သို့ပင် အရောင်းအဝယ်ပုံမှန်နီးပါး ပြန်ဖြစ်လာခဲ့သည်။

"ဈေးကတော့ အရင်လိုရွှေထီးဆောင်းတုန်းပဲ။ ဘာမှ ထူးထူးခြားခြားလျော့သွားတယ်ဆိုတာမရှိဘူး"ဟု သီရိစံအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတာဝန်ရှိသူတစ်ဦးကဆိုသည်။

ငွေမည်းမှငွေဖြူလိုသူစီးပွားရေးလုပ်ငန်းရှင်များ၊ ဈေးကစားလိုသူစီးပွားရေးလုပ်ငန်းရှင်များ၊ စီမံကိန်းအကြောင်းပြဈေးတက်ရန်ပြင်ဆင်နေသည့်မြေပိုင်ရှင်များ၏လက်ထဲတွင် မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်မှာ အစိုးရက ထိန်းချုပ်ရန်ခက်ခဲနေဆဲဖြစ်သည်။

အိမ်ခြံမြေဈေးကြီးလွန်းမှုဖြေရှင်းရန် တစ်ဦးနှင့်တစ်ဦးညာသံပေးဈေးတက်ရန် အကြောင်းရှာမှုများကို အရေးယူခြင်း၊ အစိုးရ၏ လက်ထဲတွင်ကိုင်ဆောင်ထားသည့် မြေလွတ်မြေရိုင်းများကိုလက်လွှဲရောင်းချခြင်းနှင့် လုပ်ငန်းအကောင်အထည်မဖော်သည့်မြေလွတ်မြေရိုင်းများအပေါ် သတ်မှတ်ဒဏ်ကြေးများပေးဆောင်စေခြင်းဖြင့် မြေဈေးမြင့်တက်မှုကို အနည်းငယ် လျှော့ချနိုင်ကြောင်း စီးပွားရေးပညာရှင်အချို့က အကြံပြုပြောကြားသည်။

စံနှုန်းအပေါ်အခြေခံ၍ အခွန်ကောက်ခံခြင်းမှာ အခွန်ဝင်ငွေမှန်ကန်စွာ ရရှိနိုင်မည်မှန်သော်လည်း အိမ်ခြံမြေဈေးကျဆင်းရန်လုပ်ဆောင်သည့် နည်းလမ်းတစ်ခုမဟုတ်ကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူး ဦးမြင့်ဆွေကပြောသည်။

စာ(၁၄)သို့




အရသာရှိသော အစားအစာများသည် မြည်းစမ်းကြည့်ချင်သဖွယ် ဖြစ်ပါသည်။ အစားအစာကောင်းများကို ကြိုက်နှစ်သက်သူများအတွက် ဒေသအစားအစာအရသာမျိုးစုံ နှင့် ဝင့်ကြွားလျက်ရှိသော စင်္ကာပူမြို့။ အထင်ကရ အစားအစာ များဖြစ်သော ကြက်ဆီထမင်း နှင့် hokkien ခေါက်ဆွဲ မှစ၍ laksa နှင့် ဆာတေး။ ထိုးကဲ့ အရသာရှိလှသော အစားအစာများသည် အစားအသောက်ကောင်းကြိုက်သူများကို စောင့်မျှော်လျက်ရှိပါသည်။ ကျန်ရှိနေသော အထူးအစီအစဉ်များအတွက် tigerair.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

၂၀၁၃ အောက်တိုဘာ ၁ ရက်မှ ၇ ရက် နေ့အတွင်း ကြိုတင်လက်မှတ် ဝယ်ယူနိုင်ပြီး ၂၀၁၃ အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၁၄ ရက်နေ့အတွင်း စီးနင်းနိုင်ပါသည်။

tigerair.com

လက်မှတ်ဝယ်ယူရန်နှင့် ငွေပေးချေရန်။ | www.tigerair.com credit card ဖြင့် ပေးချေနိုင်ပါသည်။ | sales hotline + ၉၅ (၉) ၄၅၀ ၀၅၀ ၈၉၈ credit card (သို့) ငွေသားဖြင့် ပေးချေနိုင်ပါသည်။

* ဖော်ပြထားသောဈေးနှုန်းသည် ခရီးစဉ် တစ်ကြောင်းတည်းအတွက် ဖြစ်ပြီး အခွန်နှင့် ဝန်ဆောင်မှုစရိတ်များကို ထပ်မံပေးဆောင်ရပါမည်။ credit card ဖြင့် ပေးချေပါက ခရီးစဉ်တစ်ကြောင်းစီအလိုက် ဝန်ဆောင်ခ ကောက်ခံပါမည်။ ယခုအထူးဈေးနှုန်းသည် tigerair မှ သီးခြားသတ်မှတ်ထားသော ခရီးစဉ်များအတွက်သာ ဖြစ်ပြီး ၂၀၁၃ အောက်တိုဘာလ ၁ ရက်နေ့ မှ ၇ ရက်နေ့ (စင်္ကာပူဒေသစံတော်ချိန် ည ၁၁ နာရီ ၅၉ မိနစ်) အထိ online မှတဆင့်ဝယ်ယူသော လက်မှတ်များအတွက်သာ အကျုံးဝင်ပါသည်။ ထိုင်ခုံအရေအတွက်ကန့်သတ်ထားပြီး ခရီးသွားများသော ကာလများတွင် ခုံနေရာအခက်အခဲရှိနိုင်ပါသည်။ အခြားသတ်မှတ်ချက်များ ရှိပါသည်။ အသေးစိတ်သိရှိလိုပါက tigerair.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# ဆန္ဒပြပွဲများအလွန် အထည်ချုပ်လုပ်ငန်းများ



*အထည်ချုပ်စက်ရုံတစ်ခုမှ လုပ်ငန်းခွင်ဝင်နေသော လုပ်သားများ*

ဓာတ်ပုံ - နစ်ကီ

**ငြိမ်းချမ်း၊အေးမြတ်သူ**

ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် မဟာဗန္ဓုလပန်းခြံရှေ့တွင် အပြာရောင်တူညီဝတ်စုံဝတ်ဆင်ထားသော လူငယ်တစ်စုက အချက်သုံးချက်တောင်းဆိုနေသည်။

"အလုပ်သမားအခွင့်အရေး ရရှိရေး ချက်ချင်းပေး။ အလုပ်သမားတန်း တူညီမျှမှု ရရှိရေးချက်ချင်းပေး။ ဟုန်ရှင်းအလုပ်သမားများ မပြိုကွဲရေး ဒို့အရေး"

သပိတ်စခန်းဖွင့်ကာ ၂၆ နာရီကြာဆန္ဒထုတ်ဖော်ခဲ့သော အအေးခန်းစက်ရုံမှ အလုပ်သမားများ၏ အသံများဖြစ်သည်။ လုပ်အားခလစာနည်းပါးခြင်း၊ စက်ရုံမှ အလုပ် ထုတ်ပယ်ခံရခြင်းတို့ကြောင့် ဒုတိယအကြိမ်မြောက်တောင်းဆိုခြင်းဖြစ်သည်။ ထိုဆန္ဒပြတောင်းဆိုမှုကြောင့် စက်ရုံပိုင်ရှင်က အလုပ်သမားများအား သုံးလစာပေးကာ စက်ရုံသိမ်းပိတ်ခဲ့သည်။ ထိုစက်ရုံအလုပ်သမားများ ဆန္ဒပြမှုသည် အစိုးရသစ်လက်ထက်တွင် လစာနည်းမှုကြောင့် အလုပ်သမား ဆန္ဒပြမှုပေါင်း နှစ်ရာကျော်ထဲမှ တစ်ခုဖြစ်သည်။

ထိုသို့လုပ်ခလစာနည်းပါးမှုနှင့် အလုပ်သမားအခွင့်အရေး နည်းပါးမှုကြောင့် ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီးနောက် အထည်ချုပ် စက်ရုံအချို့မှာ အခြားစက်ရုံများမှ ယုံကြည်မှုနည်းပါးခြင်း၊ အလုပ်သမားများ ရရှိရန်ခက်ခဲလာခြင်း၊ စက်ရုံနာမည်ပျက်ရခြင်းတို့ကြောင့် ရပ်တည်ရန်ခက်ခဲလာနိုင်သည်။

"အလုပ်သမားတွေဆက်ပြီး ဆန္ဒပြနေဦးမယ်ဆိုရင် လုပ်ငန်းရှင်တွေရပ်တည်ဖို့ ခက်ခဲလာမယ်"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးကဆိုသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားဆန္ဒပြမှုများဖြစ်ပေါ်နေသောကြောင့် ကမ္ဘောဒီးယားနိုင်ငံမှ လုပ်ငန်းရှင်များက လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် စိုးရိမ်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်ကိုင်နေသောပြည်တွင်းစီးပွားရေးသမားအချို့ကလည်း ဆိုသည်။

လုပ်ခလစာနည်းပါး၍ ဆန္ဒပြမှုများဖြစ်ပေါ်ပြီးနောက် အချို့စက်ရုံပိုင်ရှင်များမှာ မိမိတို့စက်ရုံတွင် အလားတူပြဿနာမပေါ်အောင် လစာတိုးမြှင့်ပေးခဲ့သည်များလည်းရှိသည်။

ယခင်စက်ရုံအလုပ်သမားများလုပ်ခလစာနည်း၍ ဆန္ဒထုတ်ဖော်မှုများ၊ စက်ရုံအတွင်း ပြုလုပ်ခဲ့သည်များရှိသော်လည်း ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် လှိုင်သာယာစက်မှုဇုန်အတွင်းရှိတိုင်ရီဖိနပ်စက်ရုံမှ အလုပ်သမားတစ်ထောင့်ငါးရာကျော်သည် စက်ရုံမှ လစာပေးထားမှုနည်းပါးခြင်းကြောင့် ပထမဆုံးအကြိမ် ဆန္ဒပြတောင်းဆိုသည့် အလုပ်သမားများဖြစ်သည်။ မေ ၉ နှင့် ၁၀ ရက်တွင် ဟိုင်မိုစက်ရုံမှ အလုပ်သမား ၂၀၀၀ ကျော်ဆန္ဒပြမှုများကြောင့် တစ်နိုင်ငံလုံးလူသိများခဲ့ကာ ထို့နောက်အလုပ်သမားဆန္ဒပြမှုများ စက်ရုံတစ်ရာကျော်တွင် ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများပြုလုပ်ပြီးနောက်ပိုင်းစက်ရုံမှ လစာပေးထားမှုနည်းပါးခြင်းကြောင့် ဆန္ဒဖော်ထုတ်တောင်းဆိုသည့် အမှုပေါင်းနှစ်ရာကျော်ထိ ရှိခဲ့သည်။

စာမျက်နှာ(၈)သို့



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

CRIME CORNER

# တပ်မတော်သားနှင့် တပ်မတော်ယာဉ်အဖြစ် အယောင်ဆောင်ကာ ကျပ်သိန်း ၂၅၀ တန် သစ်ခွဲသားများသယ်လာသော ယာဉ်ဖမ်းမိ

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ- ၂၉**
တပ်မတော်သားနှင့် တပ်မတော်ယာဉ်အဖြစ် အယောင်ဆောင်ကာ ကျပ်သိန်း ၂၅၀ခန့်တန်သည့် ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာစဉ် ဖမ်းဆီးမိကြောင်း သတင်းရရှိသည်။

မှော်ဘီမြို့နယ်၊ ပြည်လမ်းတွင် မှော်ဘီမှ ထောက်ကြန့်သို့ မောင်းလာသည့် တပ်မတော်စစ်သုံးယာဉ် ဟီးနိုး၊ တီအီးအမျိုးအစားအား မိုင်တိုင်အမှတ် ၂၈/၇ တွင် စက်တင်ဘာ ၂၆ ရက် ည ၇ နာရီအချိန်၌ သစ်တောဦးစီးဌာနက စစ်ဆေးရာ တန်ဖိုးကျပ်ငွေ ၂၄၇ သိန်းတန်သည့် တရားမဝင်ကျွန်းခွဲသား ငါးတန်ခွဲကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါယာဉ်ကို စစ်ဆေးရာတွင် ကြယ်တံဆိပ်တပ်ကာ စစ်အစိမ်းရောင် ဆေးသုတ်ထားပြီး စစ်သုံးယာဉ်ဟီးနိုးပုံစံပြုလုပ်ထားသောကားမှာ အရပ်ဘက်ကားသာဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်ကျေးရွာမှ အမျိုးသားတစ်ဦးပိုင်ဆိုင်ခြင်းဖြစ်သည်။ ထို့အပြင် ယာဉ်မောင်းတပ်ကြပ်နှင့် ယာဉ်နောက်လိုက်တပ်ကြပ်ဆိုသူတို့မှာလည်း အရပ်သားများဖြစ်နေကြပြီး ယာဉ်ပိုင်ရှင်မှ ရန်ကုန်သို့ သစ်ကားတစ်ခေါက်သယ်ခကျပ်တစ်သိန်းဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းမှတ်တမ်း၌ဖော်ပြထားသည်။

ထို့ကြောင့် အဆိုပါကားမှာ စစ်ကားအယောင်ဆောင်ပြီး သစ်ပိုင်ရှင်တစ်ဦး၏ ကျွန်းသစ်များကို သယ်ဆောင်ပေးနေခြင်းဖြစ်သည်။ အဆိုပါသစ်ခိုးသယ်သောအလုပ်ကို ဦးဆောင်သူသည် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာ၊ ကပစ ၆တပ်မှ တပ်ခွဲတပ်ကြပ်ကြီးတစ်ဦးဖြစ်ကြောင်း သတင်းရရှိသည်။

"တရားခံသုံးယောက်လုံးကိုတော့ စခန်းမှာပဲ ချုပ်ထားပါတယ်။ သူတို့ကို သစ်တောဥပဒေနဲ့ပဲ အမှုဖွင့်ထားပါတယ်။ အယောင်ဆောင်ဥပဒေနဲ့တော့ အရေးယူတာမရှိပါဘူး။ သစ်တောက ဒီလိုမျိုးဖမ်းမိရင် သစ်တောဥပဒေနဲ့ပဲ ဖမ်းတာပါ။ တပ်ကြပ်ကြီးကို သူ့တပ်ကို လွှဲမပေးရသေးပါဘူး" ဟု မှော်ဘီမြို့မရဲစခန်းမှ စက်တင်ဘာ ၂၉ ရက် ည ၇ နာရီတွင် တာဝန်ကျသည့် ရဲအရာရှိတစ်ဦးက ပြောသည်။

အဆိုပါ တပ်ကြပ်ကြီး၊ အယောင်ဆောင် အရပ်သားနှစ်ဦး၊ ယာဉ်ပိုင်ရှင်နှင့် ကျွန်းသစ်ပိုင်ရှင်တို့ငါးဦးစလုံးကို သစ်တောဥပဒေပုဒ်မ - ၄၃(က)ဖြင့် မှော်ဘီမြို့မရဲစခန်းမှ စက်တင်ဘာ ၂၈ ရက် ည၉နာရီတွင် အမှုဖွင့်ထားသည်။

ယာဉ်မောင်းတပ်ကြပ်အဖြစ် အယောင်ဆောင်သော အရပ်သားတစ်ဦးသည် ကပစ ၆ တပ်မှ တပ်ကြပ်ကြီးတစ်ဦး၏ သားဖြစ်ပြီး ယာဉ်နောက်လိုက်တပ်ကြပ်အဖြစ်အယောင်ဆောင်သူသည် ကပစ ၆ တပ်မှ အငြိမ်းစားတပ်ကြပ်ကြီးတစ်ဦး၏ သားဖြစ်ပြီး ၎င်းတို့နှစ်ဦးလုံးအမည်ကို ပါပြောင်းထားကြကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။ ယာဉ်ပိုင်ရှင်နှင့် ကျွန်းသစ်ပိုင်ရှင်တို့ကို ဖမ်းဆီးရမိခြင်း မရှိသေးဘဲ တပ်ခွဲတပ်ကြပ်ကြီးအား စစ်ဆေးပြီးပါက သက်ဆိုင်ရာတပ်ရင်းသို့ လွှဲပြောင်းပေးရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။



## ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးဆွေးနွေးပွဲမှ တိုင်းရင်းသားအခွင့်အရေးဥပဒေရေးဆွဲရာတွင် အထောက်အကူဖြစ်မည်ဟုဆို

**အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၉**
ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး တွေ့ဆုံပွဲမှကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များသည် တိုင်းရင်းသားအခွင့်အရေးကာကွယ်ရေးဥပဒေရေးဆွဲရာတွင် အထောက်အကူပြုစေမည်ဟု ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းက ပြောကြားသည်။

စက်တင်ဘာ ၂၉ရက်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးမိသားစုတွေ့ဆုံပွဲတွင် သူရဦးရွှေမန်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ကိုယ်စားလှယ်တွေရဲ့ တင်ပြဆွေးနွေးချက်တွေဟာ တိုင်းရင်းသားကာကွယ်ရေး ဥပဒေကိုရေးဆွဲတဲ့နေရာမှာ အထောက်အကူပြုအကျိုးရှိစေမှာဖြစ်ပါတယ်"ဟုသူရဦးရွှေမန်းက ဆိုသည်။

တိုင်းရင်းသားအခွင့်အရေးကာကွယ်သည့် ဥပဒေကြမ်းရေးဆွဲနေရာမူကြမ်းနှစ်ကြိမ်ရေးဆွဲပြီးစီးနေပြီဖြစ်သည်။

တတိယမူကြမ်းကို ရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဥပဒေချုပ်များက ညှိနှိုင်းက လွှတ်တော်သို့ တင်ပြရန် ဆောင်ရွက်နေပြီဟုလည်း ပြည်ထောင်စုလွှတ်တော်နာယကကဆက်လက်ပြောသည်။

သူရဦးရွှေမန်းနှင့် တွေ့ဆုံပွဲတွင် ရခိုင်မြို့နယ် ၁၇ မြို့နယ်မှ လူထုကိုယ်စားလှယ်များကဒေသလုံခြုံရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြခဲ့ကြောင်းသတင်းရရှိသည်။



Life
7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ထရုံလူမျိုးစု၏ နောက်ဆုံး သုံးယောက်

**ရဲနောင်**



*ထရုံတိုင်းရင်းသားထဲတွင် နောက်ဆုံးလက်ကျန်မိသားစုဖြစ်သော ဒါဝိ(ယာဘက်မှ သုံးယောက်မြောက်)တို့မိသားစုကို ၁၉၉၇ခုနှစ်က တွေ့ရစဉ်* ဓာတ်ပုံ-ဒေါက်တာစောလွင်

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဆီဒိုးနားဟိုတယ်၌ဖြစ်သည်။ သူ့လက်ထဲတွင်ကိုင်ထားသော ကော်ဖီခွက်ကို တစ်ဝက်ပင်ကုန်အောင်သောက်ခွင့်မရပါ။ 'ဓာတ်ပုံရိုက်ချင်လို့'ဟု ခွင့်ပြုချက်တောင်းခံသူအမျိုးသား၊ အမျိုးသမီးအချို့က သူနှင့်တွဲလျက်ဓာတ်ပုံရိုက်ခံကြသည်။ လက်ကိုင်ဖုန်း၊ ကင်မရာများအပြင် သတင်းဌာနများ၏ကင်မရာမီးများက တဖျပ်ဖျပ်လင်းကုန်ကြ၏။

နှစ်ဆယ့်လေးနာရီအချိန် အပိုင်းအခြားအတွင်းသူ၏ အကြောင်းနှင့်ဓာတ်ပုံများ သတင်းစာမျက်နှာအချို့တွင်ပါလာသည်။ ဖေ့စ်ဘွတ်ခ်ကဲ့သို့သော အင်တာနက်စာမျက်နှာများတွင်ပါ ပျံ့နှံ့သွားသည်။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခရောင်းကျေးရွာမှ ထရုံတိုင်းရင်းသားကိုဒါဝိကို မြန်မာ-အမေရိကန်ချစ်ကြည်ရေး ဂမ်လန်ရာဇီတောင်တက်ခရီးစဉ်အပြန်တွင်ထူးကုမ္ပဏီက ရန်ကုန်မြို့သို့ အလည်အပတ်ခေါ်ဆောင်လာစဉ် ယခုကဲ့သို့ကြုံတွေ့နေရခြင်းဖြစ်သည်။

ကိုဒါဝိသည် မြန်မာနိုင်ငံရှိ လူပုမျိုးရိုးဖြစ်သည့်ထရုံလူမျိုးစု၏ နောက်ဆုံးလက်ကျန်သုံးဦးထဲမှ တစ်ဦးဖြစ်သည်။

မဖြူမညိုအသားအရေနှင့် နှုတ်ခမ်းမွေး ပါးပါးရှည်ရှည်ရှိသော ကိုဒါဝိက 'ပျော်ဖို့ကောင်းပါတယ်'ဟု ဓာတ်ပုံရိုက်ခံနေရင်း တိုင်းရင်းသားဘာသာစကားတစ်ခုဖြင့်ပြောသည်။ စကားနည်း၍ ခပ်တည်တည်နေတတ်သောမျက်နှာသွင်ပြင်ရှိသော်လည်း ကျဉ်းသွယ်သောမျက်ဝန်းများတွင်သူ၏ အတွင်းစိတ်ရိုးသားမှုကို အလွယ်တကူတွေ့မြင်နိုင်သည်။ ထရုံလူမျိုးစု၏ဝိသေသတစ်ခုဖြစ်သည့် အရပ်သုံးပေခွဲသာသာရှိသောသူ့အရပ်အမြင့်က အသက် (၆၀) နီးပါးရှိသည်ဟုဆိုလျှင် မယုံနိုင်စရာဖြစ်ပါလိမ့်မည်။

အရှေ့တောင် အာရှ၏အမြင့်ဆုံးဟုသတ်မှတ်ထားသော ပေတစ်သောင်းကိုးထောင်ကျော်မြင့်သည့် ခါကာဘိုရာဇီနှင့် ဂမ်လန်ရာဇီရေခဲတောင်ခြေရင်းရှိ ခရောင်းကျေးရွာတွင် ကိုဒါဝိတို့မိသားစုအစဉ်အဆက်နေထိုင်ခဲ့ကြသည်ဟုဆိုသည်။ မြန်မာပြည်၏မြောက်ဘက်အစွန်ဆုံး တိဗက်လူမျိုးများနေထိုင်သည့် တဟွမ်ဒမ်းရွာနှင့် ခရောင်းရွာမှာ လေးမိုင်ခန့်သာကွာဝေး၏။

**စာမျက်နှာ(၇)သို့**



7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ၂၀၂၀ တွင် ရန်ကုန်မြို့ ရေပြဿနာကြီးလာနိုင်ဟု ဦးအုန်းသတိပေး

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

ရန်ကုန်မြို့၏ ရေလိုအပ်ချက်သည် တစ်နှစ်ထက် တစ်နှစ် မြင့်မားလာမည် ဖြစ်သောကြောင့် ၂၀၂၀ပြည့်နှစ်တွင်ရေပြဿနာကြီးမားလာနိုင်ကြောင်း ဖရီဒါအသင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်ဦးအုန်းက ပြောသည်။

ရန်ကုန်မြို့တွင် လူဦးရေခြောက်သန်းကျော်ရှိသည်ဟု အစိုးရက ထုတ်ပြန်ထားသော်လည်း လူဦးရေဆယ်သန်းခန့် နေထိုင်ပြီး လက်ရှိတွင်ပင် ရန်ကုန်မြို့ရှိ မြို့နယ်အချို့တွင် နွေရာသီ ရေပြဿနာအခက်အခဲများ စတင်ရင်ဆိုင်နေရကာထိုပြဿနာကိုဖြေရှင်းရန် အတွက် အစိုးရ အနေဖြင့် စီမံခန့်ခွဲမှု စီမံကိန်းများ ရေးဆွဲထားသင့်ကြောင်း ဦးအုန်းက ပြောသည်။

"ရန်ကုန်မှာ နှစ်စဉ်ရေပြဿနာကို ရင်ဆိုင်နေရတယ်။ ရေအခက်အခဲက ထပ်မံမဖြေရှင်းဘူးဆိုရင်အခက်အခဲဖြစ်လာလိမ့်မယ်။ ရေသယံဇာတခန့်ခွဲမှု အများကြီးအားနည်းနေတယ်" ဟု ရေသယံဇာတစီမံခန့်ခွဲမှု လေ့လာနေသူ ဦးကျော်ဦးက ပြောသည်။

ယခုလက်ရှိတွင် ရန်ကုန်မြို့ ရေရရှိရေးအတွက် ချိုးဖြူ၊ ငမိုးရိပ်၊ ဖူးကြီး၊ လှော်ကားရေလှောင်ကန်များမှ တစ်ရက်လျှင်ဂါလန်ပေါင်းသန်းတစ်ရာ့ခြောက်ဆယ်ကို မြို့နယ်ပေါင်း၃၂မြို့နယ်သို့ဖြန့်ဖြူးပေးနေသည်။စည်ပင်က ၂၀၄၀ပြည့်နှစ်တွင် လူဦးရေဆယ်သန်းအထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားပြီးတစ်ရက်လျှင်ရေဂါလန် သန်းခြောက်ရာကျော် ဖြန့်ဖြူးပေးနိုင်သည့် စီမံကိန်းတစ်ခုကို ဂျပန်နိုင်ငံ၏ ချေးငွေအကူအညီဖြင့်ရေးဆွဲအကောင်အထည်ဖော်မည်ဟု သတင်းထုတ်ပြန်ထားသည်။

နောင်လာမည့် ၂၀၄၀ပြည့်နှစ်တွင်တိုးတက်လာမည့် လူဦးရေကို ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပြီး တစ်ရက်လျှင် ရေဂါလန် သန်းခြောက်ရာဖြန့်ဖြူးပေးရန်အတွက် တိုးမြစ်နှင့် ကုက္ကိုင်ဝမြစ်တို့မှာမြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပြီး သန့်စင်သည့်နည်းလမ်းဖြင့် ရေဂါလန်ပေါင်း လေးရာကျော် ထုတ်ယူမည်ဖြစ်သည်။ ၄င်းမှ ကောက်ယူရရှိသောစာရင်းများအရတိုးမြစ်မှ ရေဂါလန်း ၂၀၈ သန်းနှင့် ကုက္ကိုင်ဝမြစ်မှ ဂါလန် ၂၂၅သန်းထုတ်ယူနိုင်သည့် အခြေအနေရှိသည်။




## ဝက်သားလက်ဖက်နှပ်

အသားမှာ "ဝက်"၊အရွက်မှာ "လက်ဖက်"၊အသီးမှာ "သရက်"လို့ဆိုကြပါတယ်။ ဝိုက်ဖီကတော့ အဲဒီအကောင်းဆုံးသုံးခုထဲက ဝက်သားနဲ့ လက်ဖက်ကိုရောချက်ထားပါတယ်။

ဒီဟင်းလေးချက်ဖို့ ဝက်သား ပေါင်သား ၁၅ ကျပ်သားနဲ့ ပင်ပျိုရွက်နုလက်ဖက်သန့်သန့် လက်တစ်ဆုပ်စာလောက်ပဲလိုပါတယ်။ ဝက်သားကို ပုံမှန်ဟင်းတွေချက်သလိုပဲဆီသတ်ပါ။ ဝက်သားကို ဆီသတ်တဲ့အခါ ချင်းကို အပြားလေးတွေလှီးပြီး ချင်းပြားလေးတွေကိုလည်း ဝက်သားနဲ့အတူ ဆီထည့်သတ်ပါ။ ဝက်သားကို ဆီထဲမှာ လုံးပြီးသွားရင် လက်ဖက်ထည့်ပါ။ လက်ဖက်ထည့်တဲ့အခါမှာ အရွက်နုလေးတွေကို ဒီအတိုင်းထည့်ချက်တာကြိုက်တဲ့လူရှိသလို ထောင်းပြီးချက်တာကိုမှ ကြိုက်တဲ့လူလည်းရှိပါတယ်။ ဝိုက်ဖီကတော့ လက်ဖက်ကိုထောင်းပြီး အနှစ်လုပ်ထားပါတယ်။ လက်ဖက်ထည့်မွှေပြီးသွားရင် ရေထည့်ပါ။ အဆီအသားနူးသွားပြီး လက်ဖက်အရသာလေးစိမ့်ဝင်သွားအောင် နှစ်ရေလောက် အဖုံးလုံအောင်ပိတ်ပြီးတည်လိုက်ပါ။ အသားနူးသွားပြီဆိုရင်တော့ ချလို့ရပါပြီ။ လက်ဖက်ရဲ့ထူးခြားတဲ့အရသာစိမ့်ဝင်နေတဲ့ ဝက်သားတုံးလေးတွေက မြည်းစမ်းသူတွေအတွက် တကယ့်ကို အကြိုက်တွေ့စေမှာပါ။












7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013



စာမျက်နှာ(၅)မှ

## ထရုံလူမျိုးစု၏ နောက်ဆုံး သုံးယောက်

အိမ် ခြေသုံးဆယ်ခန့်ရှိသော ခရောင်းရွာတွင် အများစုမှာ ရဝန် တိုင်းရင်းသားများဖြစ်ပြီး ထရုံလူပု တိုင်းရင်းသားမှာ ကိုဒါဝိတို့ မောင်နှမသုံးယောက်သာ ကျန်ရှိတော့သည်။

"ဘာမှတော့မဖြစ်ပါဘူး။ တစ်ခါတစ်ခါစိတ်မကောင်းဘူး။ အရင်တုန်းက အမေ၊ အဖေတို့ရှိတယ်"ဟု ခရောင်းရွာတွင် ထရုံ တိုင်းရင်းသားတဖြည်းဖြည်းလျော့နည်းလာခြင်းအပေါ် ကိုဒါဝိက ရဝမ်တိုင်းရင်းသားစကားဖြင့် ပြောလိုက်သည်။

လွန်ခဲ့သောဆယ်နှစ်ခန့်က ဆုံးပါးခဲ့သော သူနှင့်လူမျိုးတူ အမျိုးသမီးနှင့်လည်း အမွေဆက်ခံဖို့ရာ သားသမီးသွေးသားရင်း မထွန်းကားခဲ့ပေ။ ယခုလက်ရှိတွင် အသက် (၆၅) နှစ်ခန့်ရှိသော စိတ်ဝေဒနာသည်အစ်မဖြစ်သူအား အလုပ်အကျွေးပြုအတူနေထိုင်သည်ဟုဆိုသည်။

"အသက်(၄၀)လောက်ရှိတဲ့ သူ့ညီမကလည်း ရွာထဲမှာရဝမ်တစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သားတွေသမီးတွေအရွယ်ရောက်ကုန်ပြီ။ အားလုံးသာမာန်အရပ်ပဲ။ အရပ်မပုကြတော့ဘူး" ဟုကိုဒါဝိ၏မိတ်ဆွေဖြစ်သူ ခါကာဘိုရာဇီရေခဲတောင် ပထမဆုံး တက်နိုင်ခဲ့သော မြန်မာနိုင်ငံသားအဖြစ် မှတ်တမ်းတင်ခံရသူ ကိုနမားဂျွန်ဆင်က ပြောသည်။

"သူတို့အရပ်ရှည်တာကောင်းတယ်"ဟု သူ့ညီမ၏သားသမီးများဖြစ်သော တူ၊တူမများ နှင့်စပ်လျဉ်း၍ကိုဒါဝိက ပြန်လည်ချေပသည်။

အလွန်နည်းပါးသောအရေအတွက်ရှိသည့် ထရုံတိုင်းရင်းသားများနှင့်ပတ်သက်၍ တစ်နှစ်ပတ်လုံးနှင်းများဖုံးလွှမ်းနေသော တောင်တန်းများရှိ မြန်မာနိုင်ငံ၏ အမေ့ပျောက်ခံတိုင်းရင်းသားဟု ဂျာမန်လူမျိုး Wolfgang H.Trost က ၂၀၀၂ ခုနှစ်က ခရောင်းကျေးရွာတွင် ကိုဒါဝိတို့မိသားစုနှင့်တွေ့ဆုံခဲ့မှုကို မှတ်ချက်ပြုထားသည်။

ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန၏ ၁၉၉၇ ခုနှစ်တွင် ကွင်းဆင်းသုတေသနပြုမှုအရ မြန်မာနိုင်ငံတွင် ထရုံလူပုတိုင်းရင်းသား ခြောက်ဦးသာ ကျန်ရှိတော့သည်ဟုဖော်ပြထား၏။

"သူတို့သုံးယောက်မရှိရင်တော့ မြန်မာနိုင်ငံမှာ ထရုံလူပုဆိုတာမရှိတော့ဘူး"ဟု ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် နှစ်ကာလရှည်ကြာစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဦးသိန်းအောင်က ပြောပါသည်။

ခရောင်းကျေးရွာတွင် မိဘများရှိစဉ်ကပင် ရဝမ်တိုင်းရင်းသားများနှင့်အတူနေထိုင်လာခဲ့ခြင်းသည် ကိုဒါဝိအဖို့ 'ပျောက်ကွယ်တော့မည်'ဟုမှတ်ချက်ပြုချက်က စိုးရိမ်စရာကိစ္စတစ်ရပ်မဟုတ်ခဲ့ပါ။ နံနက်လင်းလျှင် အများနည်းတူ တောင်ယာလုပ်ငန်းခွင်ဝင်မည်။ ဆတ်၊ ဂျို ပြောင်းကို အဓိကထား စိုက်ပျိုးစားသောက်၏။ ဆန်ရှားပါးပြီး ဆန်နီကြမ်းသာရှိသည်ဟု ကိုဒါဝိက ပြောသည်။ တောင်ယာလုပ်ငန်းခွင်တွင် သူ့ဘဝကိုပျော်ပျော်ပါးပါးမြှုပ်နှံထားပြီးတစ်ခါတစ်ရံအမဲလိုက်သည်ဟုဆိုသည်။

"သူ့ဘဝကတော့ ထူးထူးခြားခြားမရှိပါဘူး။ အလုပ်ကလည်း အများတွေလိုပဲတောင်ယာစိုက်တယ်။ ပေါင် ၁၀၀ လောက်ကို အလွယ်တကူထမ်းနိုင်တယ်"ဟု ဦးသိန်းအောင်က ကိုဒါဝိနှင့်ရင်းနှီးခဲ့စဉ်ကအကြောင်းအရာအချို့ကိုပြောပြသည်။

ရက်သတ္တပတ်တိုင်း၏တနင်္ဂနွေနေ့ကို အားလပ်ရက်အဖြစ် ခရောင်းရွာတွင် သတ်မှတ်ထားသည်။ ကိုဒါဝိအပါအဝင် ရွာသားအားလုံးနီးပါးက ရွာထဲရှိဘုရားကျောင်းတက်ကြသည်။ စာသင်ကျောင်းမရှိသော သူတို့ရွာအတွက် ဘုရားကျောင်းသည် သူတို့အတွက် ဗဟုသုတပေါင်းစုံပေးစွမ်းနိုင်သော နေရာတစ်ခုဖြစ်သည်။ ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းမရှိ။ ကျန်းမာရေးဝန်ထမ်းမရှိ။ မိရိုးဖလာတိုင်းရင်းဆေးကိုသာ အားကိုးအားထားပြုကြသည်။

ရောင့်ရဲတတ်သောစိတ်အခံရှိသည့်အားလျော်စွာ သူတို့ဘဝမှာ လိုအပ်ချက်များစွာမရှိပါ။ စားဝတ်နေရေးအခြေခံလိုအပ်ချက်အနည်းငယ်အတွက် တစ်ခါတစ်ရံတွင်ရွာနှင့်အနီးဆုံးရှိရာဒေသသို့ သွားကြသည်။ ဦးခေါင်းတွင် ကြိုးသိုင်း၍ နောက်ကျောဘက်တွင် ချထားသောခြင်းအရှည်ထဲသို့ဒေသထွက်ကုန်ပစ္စည်းများ၊ဆေးဖက်ဝင်အပင်အမြစ်များ အပြည့်အလျှံထည့်သွားလေ့ရှိသည်။ တောတောင်ထူထပ်သောကြောင့် မော်တော်ကားလမ်း၊ ဆိုင်ကယ်လမ်းမရှိ။ မြန်မာပြည်၏ရွာတိုင်း နီးပါးတွင်ရှိသော လှည်းလမ်းလည်း မရှိပါ။ ဘယ်နေရာ၊ ဘယ်ဒေသသွားသွား သူတို့အတွက် ခြေလျင်ခရီးသာဖြစ်သည်။

ကိုဒါဝိတို့ ခရောင်းရွာအတွက် အနီးဆုံးဈေးရှိရာမြို့မှာ မြန်မာနိုင်ငံမြောက်ဘက်အစွန်ဆုံးမြို့ဖြစ်သည့် နောင်မွန်းဖြစ်သည်။ အသွားအပြန် ၁၅ ရက်ခရီးဖြစ်သည်။ (သို့မဟုတ်)အမြင့်ပေတစ်သောင်းခွဲရှိသောတောင်များကိုကျော်၍ တရုတ်နိုင်ငံနယ်စပ် မြို့သို့သွားပါကအသွားအပြန်၇ရက်သာကြာမည်ဖြစ်သည်။

ထို့ကြောင့် သူတို့လက်ထဲတွင် တရုတ်ငွေအရေအတွက်က မြန်မာငွေထက် ပိုများကြသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် ကိုဒါဝိအတွက် နေပြည်တော်နှင့် မန္တလေးတို့ကိုမသိပါ။ တစ်ခါတစ်ရံ လာရောက်လေ့ရှိသည့် တောင်တက်အဖွဲ့များထံမှ 'ရန်ကုန်'ဟူသောအသံကိုကြားဖူးရုံမျှသာ ရှိသည်။ ယခုတော့ ရန်ကုန်ကို ခြေချလည်ပတ်နေပါပြီ။ နေပြည်တော်၊ မန္တလေးနှင့် အခြားနေရာများကိုလည်း လည်ပတ်ဦးမည်ဖြစ်သည်။

ရန်ကုန်ရောက်တာ ဘယ်လိုခံစားရလဲဟုမေးသောအခါ ကိုဒါဝိက "ခြေထောက်တွေနာတယ်။ လမ်းမလျှောက်ရလို့"ဟု သူ၏ခြေသလုံးများကိုနှိပ်နယ်ပြရင်း ညည်းညူပြောဆိုသည်။

ထရုံလူမျိုးကိုဒါဝိက သူ့ထံလာရောက်လည်ပတ်သူများကို ရေနွေးကြမ်းတွင်ဆားခတ်၍ နွားနို့ထည့်သောက်ရသော တိဘက်လက်ဖက်ရည်တိုက်မည်ဟု ကတိပြုထားပါသည်။ ခရောင်းရွာသို့ သွားရောက်လိုပါက ရန်ကုန်မှ မန္တလေး၊ မန္တလေးမြို့မှတစ်ဆင့် မြစ်ကြီးနား၊ မြစ်ကြီးနားမှပူတာအို၊ ထိုမှတစ်ဆင့် လေ့ကျင့်သားရှိသော ခြေထောက်ဖြင့်အနည်းဆုံး ရက်ပေါင်း ၂၀ ခန့် ခရီးနှင်ရမည်ဖြစ်ပါသည်။



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

## ၂၀၁၃ အောက်တိုဘာ ၂မှ ၈ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်နဲ့မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အနောက်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်နိုင်ပြီးလေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပြီး၊ မုန်တိုင်းဖြစ်ဖို့အလားအလာများတိုးလာနိုင်ပါတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာအပူပိုင်းမုန်တိုင်း တစ်ခုဖြစ်လာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ကမ်းလွန်ပင်လယ်ပြင်မှာလှိုင်းအနည်းငယ်ရှိနိုင်ပြီးလှိုင်းအမြင့် ၂ပေမှ ၃ ပေခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တွေမှာ နေ့အပူချိန်များဟာ 33.C-35.Cကချင်ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ 19.C-31.Cရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများနဲ့တောင်းပိုင်းဒေသများတွင် မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၄၀%မှ ၅၀ %အထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှာ တိမ်အသင့်အတင့် ၄ရက်ခန့်ဖြစ်နိုင်ပြီး ၃ရက်ခန့် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါတယ်။ နေပြည်တော်တိုင်းဒေသကြီး၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ နေရာ ကွက်ကျားနဲ့ ကျန်တစ်ပြည်လုံးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် ၅ရက်မှ ၇ရက်ခန့်မိုးရွာသွန်းနိုင်ပါတယ်။ ရွာရန် ရာနှုန်း ၆၀-၈၀ %အထိရှိပါတယ်။

**ရေဖုံးလွှမ်းနိုင်မှုအခြေအနေ**

အထက်မြန်မာပြည်ဒေသများတွင် ရေဖုံးလွှမ်းနိုင်မှုအလားအလာများသိသိသာသာလျော့နည်းလာပြီး၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနဲ့မွန်ပြည်နယ် တို့မှာ ရေဖုံးလွှမ်းမှုအန္တရာယ်အလားအလာများဆက်လက်ရှိနေ နိုင်ပါတယ်။

**ဒေါက်တာထွန်းလွင် (MCCW)**

# နေပြည်တော်တွင် ဒဗလျူစီဒီအမ်အေ ဆင်းမ်ကတ်တစ်သိန်းခွဲခန့်ဈေးပေါက်

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ-၃၀**

နေပြည်တော်တွင် တန်ဖိုးနည်းဖုန်းဆင်းမ်ကတ်များ စက်တင်ဘာနောက်ဆုံးရက်က ချထားပေးလျက်ရှိရာ WCDMA ဆင်းမ်ကတ်သည် ကျပ်တစ်သိန်းခွဲနီးပါးဖြင့် အမြင့်ဆုံးပေါက်ဈေးရှိကြောင်း သတင်းရရှိသည်။

“WCDMA ကတော့အမြင့်ဆုံးပဲ။ တစ်သိန်းလေးသောင်းပေး တယ်”ဟု ပျဉ်းမနားမြို့ရှိ ဟန်းဆက်အရောင်းဆိုင်မှ တာဝန်ရှိသူက ပြောသည်။

နံပါတ်လှလျှင် ဈေးပိုတင်ပြီး ရောင်းချကြောင်း သိရသည်။ “CDMA ဖြစ်ဖြစ် GSMဖြစ်ဖြစ် နံပါတ်လှရင် အပူးနံပါတ်ပါရင် တစ်သောင်းလောက်ပိုဈေးတောင်းကြတယ်”ဟု ဆင်းမ်ကတ် အရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။

ဆင်းမ်ကတ်ဈေးကွက်တွင် CDMA-800 လူကြိုက်နည်း၍ အနိမ့်ဆုံးပေါက်ဈေးရှိနေပြီးတစ်ကတ်လျှင် ခြောက်သောင်း၊ ခုနစ်သောင်းခန့်၊ GSM ကတစ်ကတ်လျှင် တစ်သိန်းကျော်ဖြင့် အသီးသီးပေါက်ဈေးရှိနေသည်။

# မိန်းမချင်းရန်ဖြစ်ရာမှ မူးယစ်ဆေးဝါးအမှုပေါ်

**စိုင်းသာအောင်**

**ရန်ကုန်၊ စက်တင်ဘာ-၃၀**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၃၃လမ်းတွင်အမျိုးသမီးနှစ်ဦး မူးယစ်ဆေးဝါးရောင်းချသည့်ကိစ္စဖြင့်အော်ဟစ်စကားများကြရာမှ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် မူးယစ်ဆေးများဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၈ ရက် ည ၉နာရီခန့်က ၇၄×၇၅၊ ၃၃ လမ်း၊ မောရဂီဝါရပ်ကွက်တွင် ခင်မာလွင် (၃၀)နှစ်နှင့် နီနီဌေး(၃၈) နှစ်တို့သည် မူးယစ်ဆေးဝါးများ ရောင်းချခိုင်းထားရာမှ တစ်ဦးအပေါ် တစ်ဦးလိမ်လည်သည်ဟု ထင်မြင်ယူဆကြပြီး အော်ဟစ်ရန်ဖြစ်ပြီးအမှုပေါ်ခဲ့ခြင်းဖြစ်သည်။

နီနီဌေးက ခင်မာလွင်အားမူးယစ်ဆေးဝါးများရောင်းချခိုင်းရာ ခင်မာလွင်က တူဖြစ်သူမင်းသူရဇော် (ခ)မိုဟာမက်(၂၄)နှစ်အားတစ်ဆင့်ရောင်းချခိုင်းခဲ့ကြောင်းသိရသဖြင့် နယ်မြေခံရဲတပ်ဖွဲ့နှင့်ပူးပေါင်းအဖွဲ့က မင်းသူရဇော်အားရှာဖွေရာ၎င်းထံမှအဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်းထည့်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂ပြား ကာလတန်ဖိုး ခုနစ်သိန်းကျော်ဖိုး ရှာဖွေသိမ်းဆည်းမိခဲ့သည်။

နယ်မြေရဲစခန်းမှ ၎င်းတို့သုံးဦးအား မူး/စိတ်ပုဒ်မ ၁၅/၁၉ (က)/ ၂၁အရအမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

စာမျက်နှာ ၃ မှ

# ဆန္ဒပြပွဲများအလွန် အထည်ချုပ်လုပ်ငန်းများ

ထိုအထဲမှ ခုံသမာဓိကောင်စီအထိ ဖြေရှင်းရသည့်အမှုပေါင်း ၅၆ မှုရှိပြီး ခုံသမာဓိအဆင့်ထိ ဖြေရှင်းခဲ့ရသည့် အမှုပေါင်း ၁၀၆ မှုရှိကြောင်း နေပြည်တော်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည်။

အလုပ်သမားများ၏ ဆန္ဒပြတောင်းဆိုမှုများကြောင့် အင်ဒိုနီးရှားအထည်ချုပ်စက်ရုံတစ်ရုံနှင့် ဟုန်ရှင်းအအေးခန်းစက်ရုံတစ်ရုံပိတ်သိမ်းခဲ့သည်။

“အလုပ်သမားအခွင့်အရေးတွေ မရလို့၊ တောင်းဆိုချက်တွေ မရလို့ မဟာဗန္ဓုလပန်းခြံရှေ့မှာလာပြီး သပိတ်စခန်းဖွင့်တာပါ” ဟုစက်တင်ဘာ ၂၂ရက်တွင်ဟုန်ရှင်းအအေးခန်းစက်ရုံမှ အလုပ်ထုတ်ခြင်းခံရသောကြောင့်သပိတ်စခန်းဖွင့်လှစ်ရာတွင် ဦးဆောင်သူ အလုပ်သမား ကိုသီဟကပြောသည်။

“ဆန္ဒပြလို့ စက်ရုံပိတ်ရရင် အလုပ်ရှင်လည်း ရပ်တည်ဖို့အတွက်ခက်ခဲသွားသလို၊ အလုပ်သမားလည်း နောင်အလုပ်ရဖို့ ခက်သွားပြီ”ဟု ပြည်တွင်း နာမည်ရအထည်ချုပ်လုပ်ငန်းတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

စက်ရုံအလုပ်သမားလစာနည်းပါးခြင်းကြောင့် အလုပ်သမားများဆန္ဒပြတောင်းဆိုခြင်းမှာ ယခင်ကတည်းက ရှိခဲ့သော်လည်း အစိုးရ၏ အရေးယူမှု၊ အလုပ်ရှင်မှ အလုပ်ထုတ်ပယ်လိုက်ခြင်းတို့ကြောင့် ဆန္ဒပြတောင်းဆိုမှုများမှာ နည်းပါးခဲ့သည်။

“အလုပ်သမားတွေကိုလစာကောင်းကောင်းပေးမထားရင် ဆန္ဒပြမှာပဲ။ ဆန္ဒထုတ်ဖော်မှုတွေ မဖြစ်စေချင်ရင် လစာကောင်းကောင်းပေးထားရမှာပဲ။ အလုပ်သမားတွေ အပြင်ထွက်မသွားရအောင် မိသားစုလို ဆက်ဆံရမှာပါ”ဟု တောင်ဒဂုံမြို့နယ်ရှိ ထိုက်ထိုက် အထည်ချုပ်စက်ရုံပိုင်ရှင် ဦးကျော်ခိုင်ကပြောသည်။

ဆန္ဒပြမှုဖြစ်ပွားခဲ့သော စက်ရုံအများစုတွင် အလုပ်သမား များသည် တစ်ရက်လုပ်အားခ ခုနစ်ရာကျော်ဝန်းကျင်သာရရှိပြီး အခြားစက်ရုံမှ အလုပ်သမားများသည်လည်း တစ်နေ့လုပ်ခတစ်ထောင်ဝန်းကျင်သာရရှိကြရာ အချိန်ပိုကြေးနှင့်အခြားထောက်ပံ့သော အရာများရရှိနေသောကြောင့် အဆင်ပြေမှုများရှိနေသည်။

“အလုပ်သမားတွေ တောင်းဆိုကြတာက ဥပဒေပါအကြောင်းအရာကို တောင်းဆိုကြတာပါ။ အလုပ်ရှင်တွေကလည်း အလုပ်သမားဥပဒေကိုနားလည်ဖို့လိုတယ်” ဟု အလုပ်သမားအရေးများကို ဆောင်ရွက်ပေးနေသော ရှေ့နေဦးဌေးကပြောသည်။

၂၀၁၂ ခုနှစ်ဇွန်လအတွင်းက စက်ရုံအလုပ်သမားများ ဆန္ဒပြတောင်းဆိုချိန်တွင် ဝန်ကြီး ဦးမြင့်သိန်းက စက်ရုံပိုင်ရှင်များ အနေဖြင့် တစ်နေ့အနည်းဆုံးလုပ်ခ တစ်ထောင် ကျပ်ပေးရမည်ဟု စက်ရုံပိုင်ရှင်များနှင့် ယာယီသဘောတူခဲ့သည်။ ထိုအချိန်ကတည်းက နှုတ်သဘောဖြင့် ပြောဆိုမှုသာရှိပြီး တကယ့်ဥပဒေတစ်ရပ် ထွက်ပေါ်လာခြင်းမရှိခဲ့။

ထို့အပြင် ဥရောပမှ မြန်မာကို ကုန်သွယ်ရေးအထူးသက်သာခွင့်ပြုပြီးနောက်ပိုင်းမြန်မာနိုင်ငံမှ ပို့ဆောင်သောကုန်ပစ္စည်းများကို အခွန်မဆောင်ရခြင်း၊ အလုပ်သမားအလွယ်တကူရရှိခြင်းတို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာပြီး ပြည်တွင်းတွင် အထည်ချုပ်စက်ရုံပေါင်း ၂၈၀ ဝန်းကျင်ထိရှိလာသည်။ တောင်ကိုရီးယားနိုင်ငံမှလာရောက် လုပ်ကိုင်သောစက်ရုံပင်၅၀ ကျော်ထိရှိလာသည်။


ပြည်ပလုပ်ငန်းရှင်များက လုပ်အားခပိုပေးပြီး အလုပ်သမားများခေါ်ယူပါက ပြည်တွင်းစက်ရုံများအနေဖြင့် အလုပ်သမားအခက်အခဲများနှင့်လည်း ရင်ဆိုင်လာရနိုင်ကြောင်း ဦးမြင့်စိုးကဆိုသည်။

ထို့အပြင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ကြောင့် ပြည်တွင်းစက်ရုံများအနေဖြင့် ဈေးကွက်နှင့် နည်းပညာရရှိမည်ဖြစ်သော်လည်း လစာများပိုပေးသောကြောင့် ပြည်တွင်းစက်ရုံများအတွက် အလုပ်သမားများ ဆုံးရှုံးနိုင်ကြောင်း အထည်ချုပ်လုပ်ငန်းပိုင်ရှင်များက ပြောဆိုသည်။

“အနိမ့်ဆုံးလစာတွေ မပြဌာန်းနိုင်သေးလို့ ဆန္ဒပြပွဲတွေ ရှိနေသေးတာ”ဟု လွှတ်တော်မှ ဖွဲ့စည်းထားသော အလုပ်ရှင်အလုပ်သမားအခွင့်အရေး၊ လေ့လာရေး ပူးပေါင်းကော်မရှင်အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ကပြောသည်။

၂၀၁၃ ခုနှစ်မတ်လက ပြဌာန်းခဲ့သောအနည်းဆုံးအခကြေးငွေဥပဒေတွင် အလုပ်ရှင်များအနေဖြင့်ပုဒ်မ ၁၄ အရအလုပ်သမားများ ရခွင့်ရှိသော အနည်းဆုံးအခကြေးငွေနှင့် အခြားခံစားခွင့်များ အောက်လျော့နည်း၍ အလုပ်သမားအားပေးခြင်း မပြုရ၊ အလုပ်သမားများ၏ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေစာရင်းများနှင့် ပတ်သက်ပြီး မမှန်မကန်ပေးသွင်းခြင်း၊ လိမ်လည်မှတ်တမ်းပြုစုခြင်း (သို့မဟုတ်) မမှန်မကန်လိမ်လည်၍ အစီရင်ခံခြင်းမပြုရစသည့်တို့ပြုလုပ်ပါက မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၂ အရထောင် ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်မည်ဟုဖော်ပြထားသည်။

အလုပ်သမားအများစုမျှော်လင့်လျက်ရှိသည့် အနည်းဆုံးအခကြေးငွေနည်းဥပဒေအား ဇူလိုင် ၁၂ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့သော်လည်း အနိမ့်ဆုံးလုပ်ခလစာမှာ ယနေ့အထိမသတ်မှတ်နိုင်သေးပါ။ ထိုနှုန်းကိုသတ်မှတ်ရန် အမျိုးသားကော်မတီအဖွဲ့ဖွဲ့စည်းထားပြီး အမျိုးသားကော်မတီမှတိုင်းဒေသကြီး ပြည်နယ်တို့ရှိ အလုပ်သမားများ၏ လုပ်ခလစာများကို ကွင်းဆင်း လေ့လာနေဆဲဖြစ်သည်။ တရားဝင်နှုန်းထားသတ်မှတ်နိုင်ရန် အချိန်ကာလခြောက်လကြာမြင့် ဦးမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



# Health

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

## နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးညီလာခံ ရန်ကုန်မြို့တွင် ကျင်းပ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်များ ပူးပေါင်းကျင်းပသည့် နိုင်ငံတကာပြည်သူ့ကျန်းမာရေး ညီလာခံကိုမြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့တွင်လက်ခံကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ထိုညီလာခံအား မဲခေါင် ဒေသတွင်း နိုင်ငံများ၏ ပြည်သူ ကျန်းမာရေးတက္ကသိုလ် ၁၇ ခု အပြင် အမေရိကန်၊ ဂျနီဗာစသည့် နိုင်ငံများမှ ပညာရှင်များပါ တက်ရောက်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံ ဖလှယ်ခြင်း အပြင် နိုင်ငံအသီးသီးမှ ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများကို ပါ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

"သက်သေသာဓကတွေကို အခြေခံပြီး လုပ်မယ့် ကျန်းမာရေးမူဝါဒတွေ ရေးဆွဲတဲ့ မြန်မာနိုင်ငံ အနေနဲ့ ဒီလိုအတွေ့အကြုံရှိတဲ့ သူတွေ လာပြီးဆွေးနွေးတာ ဖြစ်တော့ အကျိုးကျေးဇူးတွေ များပါတယ်" ဟု ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌဒေါက်တာ သန်းစိန်က ပြောသည်။

ကူးစက်မှုရှိသည့်ရောဂါများ၊ မကူးစက်သည့် ရောဂါများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားသည့် ရောဂါများဆိုင်ရာ အလိုက် ကျွမ်းကျင်သူများက ဆွေးနွေးပွဲများ၊ စာတမ်းများ ဖတ်ကြားခဲ့ပြီး နိုင်ငံတကာမှ ပညာရှင် နှစ်ရာကျော်နှင့် ပြည်တွင်းမှ ကျွမ်းကျင်သူ နှစ်ရာကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၀၀၉ ခုနှစ်မှ စတင်ကာ ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံနှင့် ကူးမင်းမြို့များတွင် ကျင်းပခဲ့ပြီး ယခုမြန်မာနိုင်ငံမှာ ငါးကြိမ်မြောက် လက်ခံကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

## မြေပဲယို (သို့မဟုတ်) အခွံမာအသီးများ စားခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ လျော့ကျနိုင်

**ဝါရှင်တန်၊စက်တင်ဘာ-၂၇**

အသက် (၉) နှစ်မှ (၁၅) နှစ်အထိ မြေပဲယို(သို့မဟုတ်)အခွံမာအသီးများကို ပုံမှန်စားသုံးသော မိန်းကလေးများသည် အသက်(၃၀)အရွယ် လူလတ်ပိုင်းသို့ ရောက်ရှိလာချိန်တွင် ကင်ဆာမဟုတ်သော ရင်သားရောဂါများ ဖြစ်ပွားနိုင်ခြေကို များစွာလျော့ကျစေနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ ကင်ဆာမဟုတ်သော ရင်သားရောဂါများသည် ကင်ဆာအန္တရာယ်ကို တိုးပွားစေနိုင်သည်။

မြေပဲယို(သို့မဟုတ်) အခွံမာအသီးများကို တစ်ပတ်လျှင် နှစ်ကြိမ် စားသုံးသော မိန်းကလေးများသည် မြေပဲယို(သို့မဟုတ်) အခွံမာအသီးများ လုံးဝမစားသော မိန်းကလေးများထက် ကင်ဆာမဟုတ်သောရင်သားရောဂါများဖြစ်ပွားနိုင်ခြေ ၃၉ ရာခိုင်နှုန်းအထိ လျော့နည်းကြောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။ ရင်သားကင်ဆာမျိုးရိုးရှိသော မိန်းကလေးများပင်လျှင် မြေပဲယိုနှင့် အခွံမာအသီးများ စားသုံးပေးခြင်းဖြင့် ရင်သားကင်ဆာရောဂါ ဖြစ်နိုင်ခြေ လျော့ကျစေနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ပဲတောင့်၊ ပဲနီကလေး၊ ပဲပုပ်နှင့် ပြောင်းဖူးစေ့များ စားသုံးခြင်းဖြင့်လည်း ကင်ဆာမဟုတ်သော ရင်သားရောဂါကို ကြိုတင်ကာကွယ်ရာရောက်ကြောင်း၊ မိန်းကလေးများအနေဖြင့် မုန့်ပဲသရေစာများ၊ အချိုရည်များ စားသောက်မည့်အစား မြေပဲယို(သို့မဟုတ်)အခွံမာအသီးများ မှန်မှန်စားသုံးပေးခြင်းဖြင့် ရင်သားကင်ဆာရောဂါ အန္တရာယ်ကိုကြိုတင်ကာကွယ်ရာရောက်ကြောင်း ကန်သုတေသနပညာရှင်များက အကြံပြုထားသည်။

—*Ref: CBS*

## ဆင်ခြေထောက်ရောဂါကာကွယ်ဆေးသောက်ပြီး နှလုံးရောဂါရှိသူ တစ်ဦးသေဆုံးခြင်း ဆေးကြောင့်မဟုတ်ဟု စစ်ဆေးမှု အဖြေထွက်

**ဝတ်ရည်အောင်**



*ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကို တာဝန်ရှိသူများက လိုက်လံဖြန့်ဖြူးတိုက်ကျွေးနေစဉ်* ဓာတ်ပုံ-နစ်ကီ

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးသောက်ပြီး နှလုံးရောဂါဖြင့် သေဆုံးခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည့် လူနာကို ရင်ခွဲစစ်ဆေးရာ ဆင်ခြေထောက်ကာကွယ်ဆေး၏ သက်ရောက်မှုကြောင့် မဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ဆေးကြောင့်မဟုတ်ဘဲ သူ့ရဲ့နှလုံးရောဂါကြောင့် ဆုံးတာပါ။ ဆေးကြောင့်မဟုတ်ဘူးဆိုတာကို သက်သေပြချင်လို့ ရင်ခွဲစစ်ဆေးမှုလည်း လုပ်ခဲ့ပါတယ်"ဟု ဆင်ခြေထောက်ရောဂါကင်းဝေးရေး စီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာနီနီအေးက ပြောသည်။

စက်တင်ဘာ ၁၀ ရက်က အသက် (၆၅)နှစ်အရွယ်အမျိုးသားတစ်ဦးသည် နှလုံးရောဂါအခံရှိသည်ကိုမသိဘဲ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးသောက်ပြီး ၁၀ နာရီခန့်အကြာတွင် ခေါင်းမူးခြင်း၊ ချွေးစေးများထွက်ခြင်း၊ ရင်ဘတ်နှင့် ကျောအောင့်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ရောဂါမသက်သာဘဲ ညနေတွင် သေဆုံးခဲ့ခြင်းဖြစ်၍ ရင်ခွဲစစ်ဆေးခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ လိုက်လံတိုက်ကျွေးခဲ့ရာ လုံလောက်သည့် ကျန်းမာရေးပညာပေးမှုမရှိခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်မှု အားနည်းခြင်းတို့ကြောင့် ဆေးတိုက်ကျွေးမှုကို လူထုစိုးရိမ်မှုရှိခဲ့သည်။

ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် ကာကွယ်ဆေးသည် ထိရောက်သည့် ဆေးဝါးဖြစ်သော်လည်း ဆေးအာနိသင်ကြောင့် ရောဂါပိုးများသေသွားသည့်အခါ ထိုဒဏ်ကြောင့် ဖျားခြင်း၊ ညောင်းညာကိုက်ခဲခြင်းစသည့် လက္ခဏာများကို အသိပေးမှုမရှိခဲ့ခြင်းနှင့် လူအချို့တွင် ဖြစ်ပွားသည့်အခါ ကြောက်လန့်မှုများကြောင့် ဆေးသောက်ရန် ငြင်းဆိုမှုများ ဖြစ်ပွားခဲ့သည်။

"ခရိုင်အနေနဲ့ ကြည့်ရင်တော့ ရည်မှန်းထားတဲ့ လူ ၆၅ ရာခိုင်နှုန်းကျော်တယ်။ ဒါပေမဲ့ အချို့မြို့နယ်တွေတော့ မပြည့်ခဲ့ဘူး"ဟု ဆေးတိုက်ကျွေးမှုရလဒ်ကို ဒေါက်တာနီနီအေးက ပြောသည်။

ပြည်ပနိုင်ငံမှ လှူဒါန်းသည့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကိုWHO ကဆေးဝါးအရည်အသွေးကို စစ်ဆေးခဲ့သည်။ဆေးဝါးအာနိသင်ပြည့်ဝပြီး ဘေးထွက်ဆိုးကျိုး မရှိခြင်းကြောင့် လက်ခံ၍ တိုက်ကျွေးခဲ့ခြင်းဖြစ်ကြောင်း WHO ၏ ကျွမ်းကျင်မှုအရာရှိဒေါက်တာ မျိုးလွင်က ပြောသည်။

ငါးနှစ်ဆက်တိုက်တိုက်ကျွေးမည့် အဆိုပါကာကွယ်ဆေးကို နောက်နှစ်များတွင် စိုးရိမ်မှုများ မရှိစေရန် လူထုအား ကျန်းမာရေး အသိပေးမှုများ ပိုမိုဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

"ဆေးတိုက်မှုမှာ ပါဝင်တဲ့သူတွေကို သင်တန်းတွေပေးခဲ့တယ်။ ဆေးကိုမထားခဲ့ဖို့ ညအိပ်ခါနီးမှ သောက်ဖို့ စတဲ့လိုအပ်တဲ့ အချက်အလက်တွေကိုလည်း သေချာကို မှာခဲ့ပါတယ်။ ဒါပေမဲ့ အချို့မြို့နယ်တွေမှာ အဲဒါတွေကို မလိုက်နာလို့ လူတွေက စိုးရိမ်မှုတွေလည်း ရှိခဲ့တာပါ"ဟု ဒေါက်တာနီနီအေးက ပြောသည်။






7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ၂၀၁၄ မှစ၍ ခုခံအားကျဆင်းမှု ရောဂါဆိုင်ရာ လမ်းညွှန်ချက် အသစ်ပြောင်းလဲအသုံးပြုမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

ပြည်တွင်းတွင်လာမည့်နှစ်မှစတင်၍ ခုခံအားကျဆင်းမှု ရောဂါဆိုင်ရာ WHO ၏ လမ်းညွှန်အသစ်ကို ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း အမျိုးသားခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ သတင်းရရှိသည်။

ယခုလမ်းညွှန်ချက်အသစ်ကိုပြီးခဲ့သည့်ဇွန်လက ထုတ်ပြန်ခဲ့ပြီး ရောဂါပိုးရှိသူများအား ယခင်သတ်မှတ်ထားသည့်ကာလထက်စော၍ ဆေးတိုက်နိုင်ရန် ကိုယ်ခံအားစနစ် ညွှန်ပြသော CD 4 အရေအတွက်ကို ၅၀၀ သို့ တိုးမြှင့်လိုက်သည့်အပြင် လက်ရှိသုံးနေသည့် ဘေးထွက် ဆိုးကျိုးများနေသည့်ပိုးထိန်းဆေးများ ဆက်လက်အသုံးမပြုရန်၊ ကိုယ်ဝန်ဆောင်မိခင်အတွက် ရောဂါပိုးတွေ့ရှိပါက ဆေးချက်ချင်းပေးရန် စသည်တို့ပြောင်းလဲလမ်းညွှန်ထားသည်။

“၂၀၁၄ ကစပြီး CD4 ၃၅၀ ကို ဦးစားပေးမယ်။ ပြီးတော့ ဆေးပေါ်မူတည်ပြီး ၅၀၀ အောက်ပေးနိုင်အောင် လုပ်ပါမယ်။ ချက်ချင်း ၅၀၀ အောက် မပေးနိုင်ဘူးဆိုရင်တော့ တတ်နိုင်သလောက်ပေးရင်း နောက်နှစ်တွေ ပိုတိုးပေးနိုင်အောင် အခုညှိနှိုင်းမှုတွေ လုပ်နေတယ်”ဟုစီမံချက်မှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထွန်းညွှန့်ဦးက ပြောသည်။

CD4 ၅၀၀ အောက်အား ARV ဆေးပေးမည်ဆိုပါက ပြည်တွင်းတွင် ဆေးလိုအပ်သူ တစ်သိန်းခွဲခန့်ရှိနိုင်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ခုခံအားကျဆင်းမှုရောဂါဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က မြန်မာနိုင်ငံ အိတ်ချ်အိုင်ဗီပိုးဖြင့် နေထိုင်သူများအသင်း ညီလာခံတွင် ပြောသည်။

“အခုမသုံးတော့ဖို့ပြောထားတဲ့ဆေးလည်း မှာထားပြီးသားဖြစ်တော့ ရောက်လာရင် လူနာဟောင်းတွေတော့ ဆက်ပေးမယ်။ လူနာသစ်တွေတော့ ပြောင်းပေးမယ်။ ဒါပေမဲ့ အချို့ဟာတွေကျတော့ ဆေးလှူဒါန်းမှုပေါ်မူတည်ပြီး တဖြည်းဖြည်းပြောင်းသွားတယ်” ဟု ဒေါက်တာထွန်းညွှန့်ဦးက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအတွက် Global Fund မှ လေးနှစ်စာဒေါ်လာသန်း ၁၆၀ ထောက်ပံ့ထားသည်။

တီဘီပိုးရှိသူများ၊ အသည်းရောင်အသားဝါ (ဘီ)ရောဂါရှိသူများ၊ အတူနေ ခင်ပွန်း၊ ဇနီးတွင်ပိုး ရှိပြီး မိမိတွင် မရှိသေးသူများ၊ ကိုယ်ဝန်ဆောင်သူများနှင့်အသက် (၂)နှစ်အောက် ကလေးများတွင် အိတ်ချ်အိုင်ဗီ ပိုးတွေ့လျှင် CD4 အရေအတွက် မည်မျှ ရှိစေကာမူ ARV ဆေးသောက်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညွှန်ကြားထားသည်။

ပြည်တွင်းတွင် ရောဂါပိုးကူးစက်ခံထားရသူ တစ်သိန်းကိုးသောင်း ရှစ်ထောင်ကျော်ရှိပြီး ငါးသောင်းသုံးထောင်ကျော်(၄၃ ရာခိုင်နှုန်းကျော်) ARV ဆေးသောက်သုံးနေသည်။




# တစ်နိုင်ငံလုံး ခွေးရူးပြန် ကာကွယ်ဆေး အခမဲ့ထိုးနိုင်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

ခွေးကိုက်ခံရသူများ ခွေးရူးပြန်ကာကွယ်ဆေးကို တစ်နိုင်ငံလုံးရှိပြည်သူ့ဆေးရုံများအပါအဝင် ဒေသန္တရဆေးခန်းများတွင်ပါ အခမဲ့ ထိုးနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ယခုနှစ် ကျန်းမာရေးဘတ်ဂျက်ဖြင့် ခွေးရူးပြန်ကာကွယ်ဆေးအလုံးရေ သုံးသောင်းကို ပြည်ပမှ ဝယ်ယူ၍ ဆေးရုံ၊ ဆေးခန်းများသို့ ပြီးခဲ့သည့် လပိုင်းမှစတင်ကာ ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဌာနမှူး ဒေါက်တာချစ်စိုး က ပြောသည်။

ခွေးကိုက်ခံရသည့်လူနာများသာမက ခွေးရူးပြန်လူနာများကို စောင့်ရှောက်နေသည့် မိသားစုဝင်များကိုပါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကာကွယ်ဆေးထိုးနှံပေးပြီး ရန်ကုန်ကလေးဆေးရုံကြီးတွင်လည်း ယခုလဆန်းပိုင်းမှ စတင်၍ ခွေးကိုက်ခံရသည့်ကလေးများကို ကာကွယ်ဆေးထိုး ပေးနေသည်။

“ဆေးရတာ တစ်လ၊ နှစ်လပဲ ရှိသေးတယ်။ သုံးတဲ့သူနည်းနေတော့ အခုဒီဆေးကလောက်နေသေးတယ်။ ဒါပေမဲ့ တကယ်တမ်းဆိုရင်တော့ ဒီပမာဏက မလုံလောက်သေးပါဘူး”ဟု ဒေါက်တာချစ်စိုးက ပြောသည်။

ခွေးရူးရောဂါကြောင့် သေဆုံးမှုများ များပြားလာသည့်အတွက် ပြီးခဲ့သည့်နှစ်မှစတင်၍ ဆေးရုံ၊ ဆေးခန်းများသို့ ခွေးရူးပြန်ကာကွယ်ဆေး ဖြန့်ဖြူးပေးခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခွေးကောင်ရေ ၃ ဒသမ ၅ သန်းရှိနေပြီး ၈၀ ရာခိုင်နှုန်းကျော်သော ခွေးများမှာ ခွေးလေခွေးလွင့်များဖြစ် ကြောင်း သိရသည်။

ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ တစ်နှစ်လျှင် လူခြောက်သိန်းခွေးကိုက်ခံနေရပြီး ထိုအထဲမှ လူ ၁,၀၀၀ ကျော်မှာ နှစ်စဉ်သေဆုံး နေသည်။

နှစ်စဉ် လူဦးရေခြောက်သိန်း ခွေးကိုက်ခံနေရသဖြင့် ကာကွယ်ဆေး၃ သန်းခန့်လိုအပ်နေပြီးကျန်းမာရေးဝန်ကြီးဌာနမှ ဖြန့်ဖြူးထားသည့် ကာကွယ်ဆေးများအပြင် ရောဂါကာကွယ်မှုအတွက် မိမိကိုယ်တိုင် ဝယ်ယူထိုးနှံရန်လည်း လိုအပ်ကြောင်း သိရသည်။

ကာကွယ်ဆေးတစ်လုံးလျှင် ကျပ်ခြောက်ထောင်မှတစ်သောင်းဝန်းကျင်ကုန်ကျပြီး ဆေးလုံးရေ လေးလုံး(သို့မဟုတ်)ငါး လုံးထိုး၍ ကာကွယ်နိုင်သည်။

ခွေးရူးလက္ခဏာများပြသပါက ကုသ၍မရနိုင်တော့သည့်အတွက် ခွေးရူးရောဂါကြောင့် သေဆုံးမှုမရှိရန် ကာကွယ်ဆေးထိုးခြင်းဖြင့်သာ ကာကွယ်နိုင်သည်။

7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ဝါကျွတ်အမီ အိမ်ခြံမြေ ဝယ်ယူသူများကြောင့် မုံရွာအိမ်ခြံမြေ ဈေးတက်

**မျိုးမင်းဦး**

**မုံရွာ၊**
**စက်တင်ဘာ-၂၈**

အရောင်းအဝယ်အေးစက်ခဲ့သည့် မုံရွာမြို့ အိမ်ခြံမြေဈေးကွက်သည် ဝါကျွတ်ချိန်အမီ အိမ်ခြံမြေ စုဆောင်း ဝယ်ယူသူများကြောင့် စက်တင်ဘာလကုန်တွင် ဈေးအနည်းငယ်တက်လာကြောင်းဒေသခံအိမ်ခြံမြေရောင်းဝယ်သူများက ပြောသည်။

"ဝါတွင်းဆိုတော့ အိမ်ခြံမြေ အရောင်းအဝယ် ပါးနေတာကြာပြီ။ ဈေးကွက်ပျက်တဲ့အထိ ကြိုက်ရောင်းကြိုက်ဝယ်ပဲ။ ဒီရက်ပိုင်းတော့ ဝါမကျွတ်ခင် အိမ်ခြံမြေစုဆောင်းသူတွေကြောင့် အရောင်းအဝယ်ပြန်ဖြစ်လာသလို မြေဈေးလည်း နည်းနည်းတက်လာတယ်" ဟု မုံရွာမြို့ ဝါရင့်အိမ်ခြံမြေအကျိုးဆောင် ဦးအုန်းက ပြောကြားသည်။

မုံရွာမြို့ပေါ်ရှိ ရပ်ကွက်ကြီးများတွင် အိမ်ခြံမြေ ဈေးကွက်အနေဖြင့် နေရာနှင့် အကျယ်အဝန်းပေါ်မူတည်၍ မျက်နှာစာတစ်ပေလျှင် ကျပ်သိန်း ၃၀ မှ သိန်း ၂၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မြို့ပေါ် ရပ်ကွက်ကြီးများတွင် ရောင်းလိုအားနည်းပြီးဝယ်လိုအားများခဲ့သည်။ အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်း၊ ကျောက္ကာလမ်း၊ ပြည်ထောင်စုလမ်းတို့တွင် အိမ်ခြံမြေရောင်းလိုအားထက် မြေနေရာငှားရမ်းသူပိုမိုများပြားခဲ့ကြောင်း သတင်းရရှိသည်။



*မုံရွာမြို့လယ်တစ်နေရာ*

ဓာတ်ပုံ- မျိုးမင်းဦး

ယခင်နှစ်များက တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခဲ့သည့် နောက်ပိုင်း အောင်ချမ်းသာရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်၊ အိုးဘိုထောင်ရပ်ကွက်တို့ရှိ အိမ်ခြံမြေများအရောင်းအဝယ်သွက်ခဲ့ရာမှ ယခုနှစ်တွင် အရောင်းအဝယ်ပြန်လည်အေးစက်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောကြားခဲ့သည်။

အဆိုပါ ရပ်ကွက်များတွင် ဗိုလ်ချုပ်လမ်းနှင့် ပြည်ထောင်စုလမ်းဘေးတွင် နေရာအကျယ်အဝန်းပေါ်မူတည်၍ မျက်နှာစာတစ်ပေလျှင် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၇၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

အတွင်းဘက်အိမ်ခြံမြေများတွင် ပေ (၈၀)×(၆၀)တစ်ကွက်လျှင် ယခင်ကျပ်သိန်းတစ်ရာဝန်းကျင်မှကျပ်သိန်း ၂၀၀ ကျော်အထိ ဈေးကောင်းရခဲ့သည်။

ယခုနှစ်အတွင်း အိမ်ခြံမြေစုဆောင်းသူအများစုသည် ဝါတွင်းကာလ အိမ်ခြံမြေ အရောင်းအဝယ်ပါးချိန်တွင် မုံရွာ-မန္တလေး ကားလမ်းမကြီး၊ မုံရွာ-အရာတော်ကားလမ်းမကြီးနှင့် မုံရွာ-သာစည်ကျေးရွာ ခရိုင်ချင်းဆက်ကားလမ်းမကြီးဘေး ဝဲယာတစ်လျှောက်ရှိ ယာမြေများကို အိမ်ခြံမြေအဖြစ် ဝယ်ယူသူပိုမိုများပြားလာသည်ဟုဆိုသည်။

"မုံရွာ-မန္တလေး ကားလမ်းဘေးက မြေနဲ၊ မင်းရွာအနီးတစ်ဝိုက်က ယာမြေတွေအဝယ်လိုက်နေတယ်။ မုံရွာအရာတော်လမ်းတစ်လျှောက်နဲ့ မုံရွာ-သာစည်လမ်းဘေးက ယာမြေတွေကိုလည်း မြေစုသူတွေကဝယ်တယ်။ အဲဒါတွေက ယာမြေတွေအနေနဲ့စုတဲ့သူတွေကဝယ်ကြတာ"ဟု မုံရွာမြို့ ဒေသခံအိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

အဆိုပါလမ်းမကြီးများဘေးရှိ ယာမြေတစ်ကွက် (တစ်ဧကလျှင်)ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၇၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မုံရွာမြို့ရှောင်ကွင်းလမ်းဖြစ်သော မုံရွာစက်မှုဇုန်-ဇလုပ်-အက်တော-ကွဲရဲ အဝေးပြေးလမ်းဘေးဝဲယာရှိယာမြေများတွင်လည်း တစ်ဧကကျပ်သိန်း ၂၀၀ မှ ၅၀၀ ခန့်အထိ မြေနေရာအကျယ်အဝန်းပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

မုံရွာမြို့ပေါ်ရှိ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ သလ္လာမြို့သစ်ဒေသခံအိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက "တက္ကသိုလ်နယ်မြေမှာ ဘော်ဒါဆောင်ဖွင့်ဖို့ မြေဝယ်တဲ့သူတွေမရှိတဲ့နောက်ပိုင်း အိမ်ခြံမြေဈေးကွက်ကအေးစက်သွားတာကြာပြီ။ အခုရက်ပိုင်းမှာ ချင်းတွင်းမြစ်အထက်ပိုင်းဒေသက စီးပွားရေးလုပ်ငန်းရှင်တွေရော မန္တလေးဘက်ကလုပ်ငန်းရှင်တွေပါ မြေရင်းနှီးမြှုပ်နှံလိုသူတွေကြောင့် သလ္လာမြို့သစ်က မြေတွေ ဈေးနည်းနည်းတက်လာတယ်"ဟုဆိုသည်။

မုံရွာစက်မှုဇုန်နှင့် နန္ဒဝန်ရပ်ကွက်များတွင် အသွားအလာများသောလမ်းမကြီးများတွင် နေရာအလိုက် ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၁,၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အတွင်းပိုင်းလမ်းမကြီးများတွင် ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၃၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်နေသည်ဟု ဆိုသည်။



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ထန်းကုန်းရွာကို ရွာပိုင်မြေအဖြစ် ပြန်လည် ဖော်ထုတ်ပေးရန် ဒေသခံများတောင်းဆို

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၂၈**

ကန့်ဘလူမြို့နယ်၊ ထန်းကုန်းကျေးရွာ မီးရထားသံလမ်း အရှေ့ဘက်ရှိ ကျေးရွာပိုင်မြေများကို မြေကွက်ဖော်ထုတ်ရောင်းချမှုနှင့်ပတ်သက်၍ ကျေးရွာဒေသခံများ စုပေါင်းလက်မှတ်ရေးထိုးထားသည့် စာတစ်စောင်ကို စက်တင်ဘာ ၂၈ ရက်က နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနှင့် အခြားမြေများ စုံစမ်းစစ်ဆေးရေးကော်မရှင်ထံသို့ တင်ပြခဲ့ကြောင်း ထန်းကုန်းကျေးရွာဒေသခံများက ပြောသည်။

"ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း ထန်းကုန်းကျေးရွာ ရပ်မိရပ်ဖ လူကြီးတစ်ဦးက ကျေးရွာပိုင်မြေကို မြေကွက်ဖော်ထုတ်ခဲ့တာပါ။ မြေကွက်က တစ်ဧကကျော်ကျော်ရှိတဲ့ ကျေးရွာပိုင်မြေပေါ်မှာ ပေ ၆၀ ပတ်လည်ရှိတဲ့ မြေကွက်ငါးကွက်ကို ဖော်ထုတ်ခဲ့တာပါ။ ခေတ်အဆက်ဆက်တိုင်ကြားဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး"ဟု ထန်းကုန်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

"ထန်းကုန်းကျေးရွာရှိ ကျေးရွာပိုင်မြေ ပြန်လည်ရရှိရေး ဆောင်ရွက်သူတစ်ဦးက ကျေးရွာပိုင်ပလပ်မြေတွေကို သိမ်းဆည်းပြီး မြေကွက်ဖော်ထုတ်ထားတဲ့အတွက် ကျေးရွာအနေနဲ့ ပြန်လည်ရယူလိုတာပါ။ အဲဒီမြေကွက်တွေမှာ လမ်းဘေးမြေကွက်တစ်ကွက်ဆိုရင် သိန်းငါးရာကနေ လေးရာအထိ ၊ အတွင်းမြေတစ်ကွက်ဆိုရင် ကျပ်သိန်း သုံးရာဝန်းကျင်အထိရှိတယ်"ဟု ၎င်းကဆိုသည်။ ထန်းကုန်းကျေးရွာဥက္ကဋ္ဌတစ်ဦးသည် မြစ်ကြီးနား- မန္တလေး မီးရထားလမ်းအရှေ့ဘက် ကုန်သွယ်လယ်ယာရုံး ဥပစာ



ဓာတ်ပုံ- စိုးဇေယျာထွန်း/ရိုက်တာ

*ထန်းကုန်းကျေးရွာ မီးလောင်ပြင်မှ ကလေးငယ်တစ်ဦး*

ရှေ့၊ ကျေးရွာလျှပ်စစ်ရုံးတောင်ဘက်နှင့် အနောက်ဘက်ရှိ ကျေးရွာပိုင်မြေကို အိမ်ခြံမြေကွက်ငါးကွက်အဖြစ် ဝင်းခြံခတ်ကာ သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း ထန်းကုန်းကျေးရွာဒေသခံများက ပြောပြသည်။ အဆိုပါ မြေကွက်များအတွင်း အဆောက်အအုံများ စတင်ဆောက်လုပ်လျက်ရှိသဖြင့် ကျေးရွာဒေသခံ ၈၉ ဦးက ကျေးရွာပိုင်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးရန် သက်ဆိုင်ရာဌာနများသို့ တင်ပြစာတစ်စောင် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။




## ဇရိပ်မွန်(၂) မိဘမဲ့အမျိုးသမီးသင်တန်းကျောင်းတွင် အာဟာရဒါန အလှူရှင်လိုအပ်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၂၈**

ချောင်းဦးမြို့တွင် ဖွင့်လှစ်ထားသော ဇရိပ်မွန် (၂) မိဘမဲ့ အမျိုးသမီးသင်တန်းကျောင်း၌ တိုင်းရင်းသူ အမျိုးသမီးငယ် ၉၄ ဦးအား ပညာသင်ကြားပေးလျက်ရှိရာ အာဟာရဒါနအလှူရှင်များ လိုအပ်နေဆဲဖြစ်ကြောင်း ဇရိပ်မွန်(၂) အမျိုးသမီးကျောင်းကြီးကြပ်မှုကော်မတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ "အလှူရှင်မရှိလို့ ကော်မတီ ရန်ပုံငွေကနေ စိုက်ထုတ်သုံးစွဲနေရတယ်"ဟု ဇရိပ်မွန်(၂) မိဘမဲ့ အမျိုးသမီး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်လှိုင်သေးက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း လစဉ်အာဟာရ ဒါနအလှူရှင်သုံးဦး၊ လစဉ်ကျောင်းလိုအပ်သည့် ပစ္စည်းများ ထောက်ပံ့လှူဒါန်းသော အဖွဲ့သုံးဖွဲ့နှင့် မုံရွာမြို့ ကုန်သည်ပွဲစားစက်ပိုင်များ ကထိန်တော်အသင်းမှ လစဉ်ထောက်ပံ့အလှူငွေကျပ်နှစ်သိန်း ခုနစ်သောင်းကျော် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

"ကျောင်း အာဟာရဒါနအတွက် ရန်ပုံငွေကနေ စိုက်ထုတ်သုံးစွဲနေရတာ။ တစ်လကို ကျပ် ၁၀ သိန်းကနေ ၁၅ သိန်းဝန်းကျင်အထိ သုံးစွဲရပါတယ်။ စာရေးကိရိယာတွေ၊ ကျူရှင်တွေ၊ အာဟာရဒါနအပါအဝင် တစ်လတစ်လကုန်ကျငွေအတွက် ရန်ပုံငွေကနေ တစ်လကို ကျပ်သိန်း ၂၀ ကျော်အထိ ထုတ်ယူသုံးစွဲနေရပါတယ်။ အလှူရှင်တွေရဲ့ ထောက်ပံ့မှုအပေါ် မူတည်ပြီးရန်ပုံငွေထုတ်ယူသုံးစွဲရတာနည်းသွားပါတယ်"ဟု ဇရိပ်မွန်(၂)မိဘမဲ့အမျိုးသမီးသင်တန်းကျောင်း ဘဏ္ဍာရေးမှူးက ပြောသည်။သင်တန်းကျောင်းတွင် အာဟာရဒါနအဖြစ်တစ်နေ့တာ လှူဒါန်းလိုပါက ကြက်သား (သို့မဟုတ်)ဝက်သားဖြင့်ကျပ် ခြောက်သောင်းငါးထောင်၊ငါး(သို့မဟုတ်) ကြက်ဥဖြင့် ကျပ်လေးသောင်း၊မုန့်ဟင်းခါးအတွက်ကျပ်လေးသောင်း၊ ညှော်သည် ထမင်းကျွေးရန် တစ်ဦးလျှင် ကျပ်တစ်ထောင့်ငါးရာ နှုန်းသတ်မှတ်ထားကြောင်း သိရှိရသည်။

ဇရိပ်မွန်(၂) မိဘမဲ့ အမျိုးသမီးသင်တန်းကျောင်းကို ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ချောင်းဦးမြို့၊ မြို့သစ်ရပ်ကွက်၊ ဘူတာလမ်း၌ အလျား ပေ ၅၂၀ ၊ အနံ ပေ ၄၂၀ ကျယ်ဝန်းသည့် မြေပေါ်၌ တည်ထောင်ခဲ့ရာ စတင်တည်ထောင်ချိန်ကာလ၌ ချင်း၊ နာဂ၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ ဗမာစသည့် တိုင်းရင်းသူ ၅၆ ဦး ရှိသည်။ ယခုနှစ်တွင် မူလတန်းမှ တက္ကသိုလ်ပညာ၊ အသက်မွေးကျောင်းပညာရပ်များအထိ ပညာသင်ကြားနေသော ဗမာ ၁၆ ဦး၊ ချင်း ၁၁ ဦး၊ ပအိုဝ်း ၃၂ ဦး၊ နာဂ ၂၅ ဦး၊ ပလောင် ၁၀ ဦး စုစုပေါင်းတိုင်းရင်းသူ ၉၄ ဦးအား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# မန္တလေးတွင် ၉၆၉ သံဃာ့ကွန်ရက်များနှင့် ပတ်သက်၍ သံဃနာယကအဖွဲ့ ညွှန်ကြားချက်ထုတ်ပြန်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ- ၂၈**

သံဃာ့ကွန်ရက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မန္တလေးတိုင်း ဒေသကြီး သံဃနာယကအဖွဲ့မှ ညွှန်ကြားချက် ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

စက်တင်ဘာ ၂၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး ယင်းညွှန်ကြားချက်တွင် ၉၆၉ သာသနာ့ပါလက ဂဏဝါစကနှင့် သံဃာ့ကွန်ရက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုများမှာ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေများအရ ဖွဲ့စည်းခွင့်မရှိကြောင်း၊ ဇူလိုင် ၁၅ ရက်က ပြုလုပ်သည့် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းဖြစ်ပြီး အဆိုပါဆုံးဖြတ်ချက်အား သိရှိလိုက်နာစေရေး ဆောင်ရွက်သွားပါရန် လျှောက်ထားညွှန်ကြားပါကြောင်း ပါရှိသည်။

"ဦးဇင်းတို့ ချမ်းအေးသာစံမြို့နယ်မှာတော့ ညွှန်ကြားလွှာအပြင် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေစာအုပ်ကိုပါ မိတ္တူကူးပြီး ကျောင်းတိုက်တွေဆီ ဝေထားပါတယ်" ဟု ချမ်းအေးသာစံမြို့နယ် သံဃာ့နာယကအဖွဲ့မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ဦးဆောင်ပါဝင်နေသော ဆရာတော် ဦးဝိရသူက "ဦးဇင်းတို့လုပ်နေတဲ့အဖွဲ့အစည်းတွေက သံဃာ့ဥပဒေတွေနဲ့ ညီစွန်းမှုမရှိပါဘူး။ သံဃာတွေချည်း ဖွဲ့မယ်ဆိုရင်သာ ညီစွန်းတာပါ။ ဦးဇင်းတို့အဖွဲ့အစည်းက လူပုဂ္ဂိုလ်တွေပါ ပါပါတယ်။ သံဃာချည်း သီးသန့်မဟုတ်ပါဘူး" ဟုမိန့်ကြားသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုမှ ညွှန်ကြားလွှာ အမှတ် (၈၁)အရ ကျောင်းထိုင်ဆရာတော်များ၊ ကျောင်းတိုက်နာယကဆရာတော်များ မိမိတို့၏ တပည့်ရဟန်းသာမဏေများအား သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင် သံဃာအဖွဲ့များကို ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမသြဝါဒပေးကြရန် ညွှန်ကြားလျှောက်ထားအပ်ပါကြောင်း ပါရှိသည်။

# အစေ့ထုတ်ပြောင်း ဈေးပြုတ်ကျ

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ- ၂၈**

သီးနှံစပေါ်ချိန်ကတည်းက တစ်တင်းလျှင် ၈,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဈေးကွက်ဖွင့်ခဲ့သော အစေ့ထုတ်ပြောင်း ပေါက်ဈေးသည် လက်ရှိတွင် တောင်သူများ စိုးရိမ်နေသကဲ့သို့ ဈေးနှုန်း ပြုတ်ကျနေကြောင်း တောင်သူများကပြောသည်။

"စပြီးပြုတ်ကျသွားတုန်းက အတော်ကြမ်းတယ်ဗျ။ ၈,၀၀၀ က နေ၆,၀၀၀အောက်ထိကျသွားတာ။ အဲဒီတုန်းကမိုးရွာတာလည်းပါတာပေါ့"ဟု အစေ့ထုတ်ပြောင်းစိုက်ပျိုးသော ကိုမျိုးဝင်းကပြောသည်။

ပြောင်းဈေးနှုန်းသည် မန္တလေးကုန်သည်များဖွင့်သည့်ပေါက်ဈေးအပေါ်သာ မူတည်ပြီး ၎င်းတို့အနေဖြင့် မရိုးမသားဈေးနှိမ်ဝယ်ခြင်းမျိုး မရှိကြောင်း အေလာမြို့မှ ပွဲရုံလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"ကျွန်မတို့က မန္တလေးက ဖွင့်တဲ့အပေါ်မှာ မူတည်ပြီး ဈေးပြောင်းရတာပါ။ ဒီကပွဲရုံတွေစုပြီး ဈေးနှိမ်တာမျိုး မရှိဘူး။ အဲဒီလိုလည်း လုပ်လို့မရပါဘူး" ဟု ပွဲရုံလုပ်ငန်းရှင်းက ပြောသည်။

အစေ့ထုတ်ပြောင်း ပေါက်ဈေးသည် အမျိုးမျိုးပြောင်းလဲနေပြီး နံနက်နှင့် ညနေပေါက်ဈေးပင် မတူညီနိုင်ကြောင်း၊လက်ရှိတွင် တစ်တင်းလျှင် ၆,၀၀၀ကျော်၊ ၆,၂၀၀ စသည်ဖြင့် သတ်မှတ်ဝယ်ယူနေသည်။ ကနဦးဈေးကောင်းမီသော တောင်သူများမှာ အထွက်နှုန်းလည်း ကောင်းခဲ့ခြင်းကြောင့် မိုးစပါးစိုက်ပျိုးစရိတ် အကြွေးများလည်း ရှင်းလင်းနိုင်ခဲ့ကြောင်း ဒေသခံတောင်သူများက ပြောသည်။

# မုံရွာဒေသ သရက်သီးစိမ်းဈေးကွက်တွင် သုံးထပ်သရက်သီးဈေးမြင့်တက်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၂၈**



*သုံးထပ်သရက်သီးများတွေ့ရစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာဒေသရှိ ယိုစုံလုပ်ငန်းသုံး သရက်သီးစိမ်းဈေးကွက်တွင် ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာမှ တင်သွင်းလျက်ရှိပြီး ဒေသသုံးမျိုးရင်းဖြစ်သည့် သုံးထပ် သရက်သီးများ စက်တင်ဘာလကုန်ရက်အတွင်း ဈေးမြင့်လာကြောင်း မုံရွာဒေသခံ သရက်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောသည်။

"ဒီရက်ပိုင်း သရက်သီးစိမ်းကဈေးကွက်မှာ တော်တော်ရှားသွားပြီ။ ကျောက်မှော်က ဝင်တဲ့ သုံးထပ်သရက်သီးက အလုံးတစ်ရာကို ၇,၀၀၀ ကနေ ၈,၀၀၀ အထိ ဈေးရတယ်။ သရက်သီးအမှည့် သုံးထပ်သရက်က တစ်လုံးကို ၂၅၀ ကနေ ၃၀၀ ဝန်းကျင်အထိရှိတယ်။ လောလောဆယ်သီးစုံယိုလုပ်ငန်းတွေကပဲဝယ်တယ်"ဟု မုံရွာမြို့သရက်သီးရောင်းဝယ်ရေး လုပ်ငန်းရှင်ဦးဖိုးစိန်ကပြောသည်။

မုံရွာမြို့ပေါ်ရှိ သစ်သီးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက"ပြီးခဲ့တဲ့ပြီလကနေ ဇူလိုင်လအထိ သရက်သီးက လှိုင်လှိုင်ပေါတဲ့အချိန်။ သုံးထပ်သရက်သီးက ဈေးကောင်းရနေပြီ"ဟုဆိုသည်။

မုံရွာဈေးကွက်တွင် ယခုနှစ်အတွင်း သရက်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ဒေသမျိုးရင်းဖြစ်သည့် ဝါဆိုသရက်မျိုးများ၊ သရက်ချဉ်လုပ်ငန်းမှ ဝယ်ယူမှုပိုများ၍ ဈေးအမြင့်ဆုံးရောက်ခဲ့ပြီး သရက်သီးရာသီကုန်ဆုံးချိန်တွင် သုံးထပ်သရက်သီးများ ဈေးကွက်သို့ဝင်နေဆဲဖြစ်ကြောင်း သိရှိရသည်။

COMING SOON
MYANBUILD'13
MYANMAR INTERNATIONAL BUILDING & CONSTRUCTION INDUSTRY SHOW
26-28 NOV 2013 • TATMADAW HALL, YANGON, MYANMAR
မြန်မာ့အကောင်းဆုံး
ဆောက်လုပ်ရေး လုပ်ငန်းများ ဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANMAR'S NO'1 INTERNATIONALBUILDING & CONSTRUCTION INDUSTRY SHOW
Co-Located with :
MYANMAR INFRASTRUCTURE '13
26-28 November 2013
Tatmadaw Hall, Yangon
Opening Hours :
9.00am - 5.00pm
www.myanbuild.net
Organised by:
AMB EVENTS SDN. BHD
Tel: +(603) 4041 9889
Fax:+(603) 2770 5301
sham@ambexpo.com
MYANMAR REP OFFICE
Tel : +95-1- 254765
Hp : 09 - 73050840
khant@ambexpo.com
AMB EVENTS GROUP

နှယူးဟောင်ကောင် ဆေးကုခန်း
ပိတ်ရက်မရှိ။
ဆေးခန်းဖွင့်ချိန်
နံနက် - ၇း၀၀ မှ
ည - ၇း၀၀ ထိ
အဆင့်မြင့်နည်းပညာများ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် အထူးကုသပေးနေပါသည်။
အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အမျိုးသားရောဂါ
ပန်းသေ၊ ပန်းညှိုး၊ သုတ်လွှတ်မြန်ခြင်း၊ အမျိုးသားအင်္ဂါ (တောင့်တင်းမှုနည်းခြင်း၊ သေးငယ်ခြင်း၊ မြန်နေခြင်း)
နား၊ နှာခေါင်း၊ လည်ချောင်း
နာတာရှည်နှာခေါင်းရောဂါ၊ လည်းချောင်းရောင်နာ၊ နာပိတ်ခြင်း၊ အသားဖုရှိခြင်း၊ နားအူခြင်း၊ ပန်းနာရင်ကြပ်ရောဂါများ
စအိုနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ
အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ ဂရင်ဂျီနာ၊ အစာအိမ်ရောင်နာ၊ အူမကြီးရောင်နာ
လေးဖက်နာနှင့် အရိုးအဆစ်
လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ပုံပျက်ခြင်း၊ ကြွက်သားများကျုံ့ယုံ့ခြင်း
အရေပြားရောဂါအမျိုးမျိုး
ကြက်နို့အစို၊ နှင်းခူ၊ အရေပြားယားယံခြင်း
ဝက်ရူးပျံရောဂါ
ပါးစပ်အမြှုပ်ထွက်ခြင်း၊ ခြေလက်ကောက်ကွေးခြင်း၊ မျက်ဖြူလှန်ခြင်း
မကြာခဏခေါင်းကိုက်ခြင်း
အိပ်မပျော်ခြင်း
ဆီးချို၊ သွေးချို၊ ဆက်စပ်ရောဂါများ
ဖုန်း - ၀၁-၈၆၁၀၅၁၀

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

## ကျောက်ဖြူတွင် ထင်းနှင့် မီးသွေး အရောင်းဆိုင်အချို့ ပိတ်သိမ်းရ

**မောင်ကံ**

**ကျောက်ဖြူ၊ စက်တင်ဘာ- ၂၈**

စက်တင်ဘာ ၁၅ ရက်မှစ၍ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များဖြင့် လျှပ်စစ်ဓာတ်အားများကို တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းဖြင့် ဖြန့်ဝေပေးနေသည့်အတွက် လျှပ်စစ်မီးအသုံးပြုမှုများလာခြင်းကြောင့် ကျောက်ဖြူမြို့တွင်ထင်းနှင့် မီးသွေးများ ရောင်းအားကျနေကြောင်း သတင်းရရှိသည်။

ယခင်လျှပ်စစ်ဓာတ်အားခများ ဈေးကြီးသည့် အချိန်က ထင်းနှင့် မီးသွေးကို အဓိကလောင်စာအဖြစ် အသုံးပြုခဲ့သော်လည်း ယခုလျှပ်စစ်ဓာတ်အားခမှာ ဈေးပေါပေါနှင့် ရရှိနေသည့်အတွက် လောင်စာလိုအပ်ချက်ကို လျှပ်စစ်မီးများဖြင့်သာ အစားထိုးလာကြသည်။

"လျှပ်စစ်မီးတာခဈေးတွေတက်နေတုန်းက ထင်းရော၊ မီးသွေးရော ရောင်းအားကောင်းခဲ့ပါတယ်။ အခု လူတော်တော်များများက မီးတစ်ယူနစ်ကို ၃၅ ကျပ်နှုန်းနဲ့ သုံးစွဲနိုင်ပြီဖြစ်တဲ့အတွက် ထမင်းဟင်းချက်တာတောင် အကုန်လုံးလျှပ်စစ်ကိုပဲ အသုံးပြုလာကြပါတယ်။ အဲဒီအတွက် ထင်းနဲ့ မီးသွေးဈေးက ပြုတ်ကျသွားပြီး အရောင်းအဝယ်လည်း မရှိသလောက် နည်းသွားတာဖြစ်ပါတယ်"ဟု ထင်းနှင့် မီးသွေးရောင်းချသူတစ်ဦးက ပြောကြားသည်။ ယင်းသို့ ထင်းနှင့် မီးသွေးလောင်စာအစား လျှပ်စစ်ဓာတ်အားကို အားထားသုံးစွဲလာကြသည့်အတွက် အချို့ထင်းနှင့် မီးသွေးအရောင်းဆိုင်များပင် ပိတ်သိမ်းမှုများရှိသည်ဟု သိရသည်။

## အင်ခါဂါနှင့် ဝန်းကျင်ကျေးရွာများ ကျန်းမာရေးအကူအညီများလိုအပ်လျက်ရှိ

မရန်၊ အောင်ခိုင်

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

တိုက်ပွဲများဖြစ်ပွားခဲ့သော အင်ခါဂါကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ ဒေသခံများ၊ ယာယီစခန်းများတွင် တိမ်းရှောင်နေကြသော စစ်ဘေးရှောင် ဒုက္ခသည်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရိက္ခာပစ္စည်းများ အရေးပေါ်လိုအပ်နေကြောင်း ကချင်နှစ်ခြင်းခရစ်ယာန် အသင်းတော် (KBC) မှ သတင်း ရရှိသည်။



ဓာတ်ပုံ- KBC

အင်ခါဂါကျေးရွာ၊ အင်ခိုင်ယန်ကျေးရွာတို့မှ ဒေသခံများနှင့် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(နောင်ခိုင်)တို့မှ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် အရေးတကြီးအကူအညီများလိုအပ်နေခြင်းဖြစ်သည်။

"အင်ခါဂါကျေးရွာမှာ အခုလောလောဆယ် အူတက်နာနဲ့ နှလုံးရောဂါဖြစ်နေတယ်။ ဆေးကုသဖို့လိုအပ်နေတာ ၁၇ ဦးလောက်ရှိတယ်။ ပြီးတော့ဒေသခံအားလုံးမှာ စိတ်ဒဏ်ရာအကြီးအကျယ်ဖြစ်နေတယ်။ ဒီအချိန်မှာ သူတို့အတွက်အရေးကြီးဆုံးက မချမ်းဘောကို ပြောင်းပြီး စောင့်ရှောက်ပေးဖို့ပဲ"ဟု ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် ပြန်ကြားရေးတာဝန်ခံဦးလမာယော်ကပြောသည်။

ထို့အပြင် အင်ခိုင်ယန်ကျေးရွာဒေသခံများနှင့် နောင်ခိုင် KBC တွင်ခိုလှုံနေသော စစ်ဘေးရှောင်ဒုက္ခသည်များအတွက်လည်း စားနပ်ရိက္ခာ၊ အဝတ်အစားများလိုအပ်နေကြောင်း ဒေသခံကူညီစောင့်ရှောက်ရေးအသင်းအဖွဲ့များထံမှသိရသည်။ ဩဂုတ်လနှောင်းပိုင်းက မချမ်းဘောမြို့နယ်အတွင်း အစိုးရတပ်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသခံအချို့မှာ နောင်ခိုင် KBC သို့ တိမ်းရှောင်သွားကြပြီး အင်ခါဂါကျေးရွာတွင်ကျန်ရှိနေသူများမှာမူ နေရပ်စွန့်ခွာမသွားဟု လက်မှတ်ရေးထိုးထားရပြီး အကူအညီများလိုအပ်နေခြင်းဖြစ်သည်။

၎င်းတို့အခြေအနေများသိရှိနိုင်ရန် ကချင်နှစ်ခြင်းခံရစ်ယာန်အသင်းတော်နှင့် ရဝမ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့တို့သည် ပူတာအိုစစ်ဗျူဟာ၏ခွင့်ပြုချက်ဖြင့် ပြီးခဲ့သည့် စက်တင်ဘာ ၂၆ ရက်က အင်ခါဂါရွာသို့ သွားရောက်ခဲ့သည်။

စာမျက်နှာ(၂)မှ

## စံသတ်မှတ်ချက် မြေဈေးကျရန် ဆေးဖက်မဝင်

"ဒီလိုသတ်မှတ်တာဟာအခွန်ပဲအစိုးရက အရင်မရတာထက်စာရင် ပိုရလိမ့်မယ်။ အိမ်ခြံမြေဈေးကတော့ကျလာမှမဟုတ်ဘူး" ဟု မြင့်မိုရ်မင်း ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာကသူ၏အမြင်ကိုပြောသည်။

ထို့ကြောင့်အနာတခြားဆေးတခြား ဖြစ်လာနိုင်သည့်အစိုးရ၏ အိမ်ခြံမြေဈေးနှုန်းအပေါ် စံနှုန်းသတ်မှတ်၍ ထိန်းချုပ်ခြင်းမှာ အောင်မြင်နိုင်မည်မဟုတ်ကြောင်း ပညာရှင်နှင့်လုပ်ငန်းရှင်အများစုကသုံးသပ်ကြသည်။

ထို့အပြင် ရန်ကုန်မြို့၏ မြေဈေးကြီးမြင့်မှုမှာနိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအတွက်အခက်အခဲတစ်ရပ်အပြင် အမှန်တကယ်နေထိုင်လိုသူ အခြေခံလူတန်းစားတစ်ရပ်လုံးအတွက် အကြီးမားဆုံးပြဿနာဖြစ်လာသည်။

"လက်လုပ်လက်စားအများစုက မြို့ထဲမှာမနေနိုင်တော့ဘူး။ မြို့ပြင်ကိုတဖြည်းဖြည်းထွက်ပေးနေရပြီ။ လူလတ်တန်းစားတွေအတွက်လည်း နေရေးကခုဆိုပြဿနာတစ်ခုဖြစ်လာပြီ။ ဒါဟာတိုင်းပြည်ရဲ့စီးပွားရေးတစ်ခုလုံးကို အကျိုးမဲ့စေတယ်။ လူတွေမှာနေစရာမဲ့လာရင်အစိုးရအနေနဲ့ နောက်ပိုင်းပိုဖြေရှင်းရခက်လာလိမ့်မယ်" ဟု စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

ယခင်အစိုးရလက်ထက်က ပွင့်လင်းမြင်သာမှုမရှိဘဲလက်သိပ်ထိုးရောင်းစားခဲ့မှု၊ အစိုးရနှင့်နီးစပ်ရာစီးပွားရေးလုပ်ငန်းရှင်တစ်စုတို့မှနောက်ကွယ်မှ ကြိုးကိုင်မှုများရှိနေသရွေ့ အိမ်ခြံမြေဈေးနှုန်းက ကျဆင်းလာနိုင်ဦးမည်မဟုတ်ကြောင်းအထက်ပါစီးပွားရေးပညာရှင်ကဆက်ပြောသည်။

ထို့ကြောင့်အမေရိကန်နိုင်ငံ ဖလော်ရီဒါမြို့စွန်မှမြေဈေးနှင့်ရန်ကုန်မြို့လှိုင်သာယာမြို့နယ်မှ မြေဈေးနှင့်နှိုင်းယှဉ်ပါကအနည်းငယ်သာကွာခြားတော့သည်။မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်ကြီးထွားမှုကို အစိုးရက လက်ရှိအချိန်အထိ ဆေးမြီးတိုများဖြင့်သာကုသနေဆဲဖြစ်သည်။ ထို့ကြောင့်လက်ရှိ အခြေအနေကို မထိန်းသိမ်းနိုင်ပါက အိမ်ခြံမြေဈေးနှုန်းနှင့်မြန်မာ့စီးပွားရေးမှာ ပြောင်းပြန်အချိုးကျနေမည်ဟုစီးပွားရေးပညာရှင်အချို့ကခန့်မှန်းသည်။







# Education

7 DAY NEWS JOURNAL

Vol.12, No.30 • OCTOBER 2 , 2013





ကျောင်းသုံးဖတ်စာအုပ်နှင့်အတူတွေ့ရသည့် ကျောင်းသားမိဘတစ်ဦး

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မြို့နယ်ခြောက်မြို့နယ်တွင် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ် ကနဦးဆောင်ရွက်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၇**

အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကနဦးစမ်းသပ်အကောင်အထည်ဖော်မှုအဖြစ် မြို့နယ်ခြောက်မြို့နယ်တွင် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများက တာဝန်ယူ ဆောင်ရွက်နေကြကြောင်း ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယခုပညာသင်နှစ်တွင် စတင်၍ပဲခူးတိုင်းဒေသကြီးရှိ ရေတာရှည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာအောင်မြေမြို့နယ်၊ နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်စမ်းသပ်ဆောင်ရွက်ရန်ကြေညာထားခဲ့ပြီး မွန်ပြည်နယ်ရှိ မုဒုံမြို့နယ်နှင့် ရှမ်းပြည်နယ်ရှိ ကလောမြို့နယ်တို့တွင် တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်သည်။

"အခမဲ့မသင်မနေရ မူလတန်းပညာရေးဥပဒေပြဋ္ဌာန်းရမှာဖြစ်ပေမယ့် မပြဋ္ဌာန်းနိုင်သေးလို့ မြို့နယ်ခြောက်မြို့နယ်မှာ ကနဦးစမ်းသပ်ဆောင်ရွက်နေတာပါ။ တစ်နိုင်ငံလုံးက မူလတန်းကျောင်းသားငါးသန်းကျော်ကို ပြဋ္ဌာန်းစာအုပ်နဲ့ ဗလာစာအုပ်ခြောက်အုပ်အခမဲ့ပေးတယ်။ ကျပ်တစ်ထောင်စီပေးတယ်။ အဲဒါကလည်း အခမဲ့မူလတန်းပညာရေးစနစ်အတွက် အထောက်အပံ့ဖြစ်အောင်ဆောင်ရွက်နေတာပါ" ဟု ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်နေသော မြို့နယ်ခြောက်မြို့နယ်တွင် ကျောင်းအပ်ပြီးသော ကျောင်းသားများ၏ ကျောင်းနုတ်ထွက်မှုအခြေအနေ၊ အကြောင်းရင်းများနှင့် ပံ့ပိုးထောက်ပံ့မှု အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုတစ်နိုင်ငံလုံးက မူလတန်းကလေးတွေကို အစိုးရထောက်ပံ့နေတာက ကျောင်းအပ်တဲ့အချိန်အတွက်ပဲဖြစ်နေတာပေါ့။ အခုဆောင်ရွက်နေတဲ့ မြို့နယ်တွေမှာက ကျောင်းတက်နေရင်း နုတ်ထွက်တဲ့ ကလေးတွေ ကျောင်းပြန်တက်နိုင်ဖို့ အစီအစဉ်တွေအတွက် ပံ့ပိုးမှုတွေ၊ လိုအပ်ချက်တွေကို လေ့လာဆောင်ရွက်သွားမှာပါ" ဟု အထက်ပါတာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကျောင်းသားခြောက်သိန်းကျော်သည် အခြေခံပညာကျောင်းများကို စွန့်ခွာနေကြပြီး ကျောင်းသားအများစုသည် မူလတန်းအဆင့်တွင် နုတ်ထွက်သွားကြခြင်းဖြစ်သည်။ သူငယ်တန်းမှ ပထမတန်းသို့ ကူးပြောင်းရာတွင် ကျောင်းသားတစ်သိန်းကျော်နှင့် စတုတ္ထတန်းမှ ပဉ္စမတန်းသို့ ကူးပြောင်းရာတွင် ကျောင်းသားတစ်သိန်းခွဲကျော်ဖြင့် အများဆုံးနုတ်ထွက်နေကြပြီး အခြားတန်းစဉ်များတွင် ကျောင်းသားပျမ်းမျှငါးသောင်းကျော်စီ နှစ်စဉ် နုတ်ထွက်နေကြသည်။

## နေရာအခက်အခဲကြောင့် MIIT ကျောင်းသားများ မန္တလေးကွန်ပျူတာ တက္ကသိုလ်တွင် တက်ရောက်ရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၇**

အိန္ဒိယနိုင်ငံအကူအညီဖြင့် အသစ်ဖွင့်လှစ်မည့် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT) တည်ဆောက်မည့်မြေနေရာအခက်အခဲကြောင့် ယင်းတက္ကသိုလ်ကျောင်းသားများ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူရမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် ခိုင်ရွှေဝါလမ်းထောင့်ရှိ ဧက ၂၀ ခန့်ကျယ်ဝန်းသော လေယာဉ်ကွင်းဟောင်းတွင် သဘာဝပတ်ဝန်းကျင်ဖြင့် လိုက်လျောညီထွေသော နည်းပညာ (Green Technology) တက္ကသိုလ်တည်ဆောက်ရန် ဖေဖော်ဝါရီလမှစ၍ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါခေါ်ယူထားသော်လည်း မြေနေရာတွင် နေထိုင်သူများ ရှိနေခြင်းကြောင့် အခက်အခဲဖြစ်ပေါ်နေခြင်း ဖြစ်သည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သို့ တက္ကသိုလ်ဝင်စာမေးပွဲ၌ စုစုပေါင်းရမှတ် ၄၈၀ နှင့် အထက် ရရှိသူများ လျှောက်ထားနိုင်မည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲ စစ်ဆေး၍ အောင်မြင်သူများကိုသာ ဝင်ခွင့်လက်ခံသွားမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ကြေညာထားပြီးဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့်အတွက် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် လျှောက်လွှာများ ထုတ်ယူရမည့်ရက်ကို ကြေညာမည်ဖြစ်ပြီး တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရန် သတ်မှတ်ထားခြင်းကြောင့် စိတ်ဝင်စားသူကျောင်းသားနှင့် မိဘများက စောင့်ဆိုင်းလျက်ရှိကြသည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တွင် ဝင်ခွင့်ရရှိမည့် ကျောင်းသားများအနေဖြင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် တက်ရောက်ရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူမှုမရှိသေးခြင်းမှာ အိန္ဒိယနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေဆဲကြောင့်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် တရုတ်နိုင်ငံအကူအညီဖြင့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)ကို တည်ထောင်ခဲ့ပြီးနောက် ယခုအခါ အိန္ဒိယနိုင်ငံအကူအညီဖြင့် မြန်မာသတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်ကို တည်ထောင်ရန်စီစဉ်နေခြင်းဖြစ်သည်။

## ADB-JSP ဘွဲ့လွန်ပညာသင်ဆု အောက်တိုဘာလကုန်အထိ လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၈**

အာရှဖွံ့ဖြိုးမှုဘဏ်-ဂျပန် ပညာသင်ဆုအစီအစဉ် (ADB-JSP) ဘွဲ့လွန်ပညာသင်ယူရန် ပညာသင်ဆုများခေါ်ယူနေပြီး မြန်မာနိုင်ငံအတွက်ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ပညာသင်ဆုကို သီးခြား ပေးအပ်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

အမေရိကန်နိုင်ငံရှိ ဟာဝိုင်အီတက္ကသိုလ်တွင် ဘွဲ့လွန်ပညာသင်ယူရန် နိုဝင်ဘာ ၁ ရက်နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လတ်တလောလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် ၂၀၁၄ ခုနှစ်အတွက် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ ပညာသင်ယူရန် မြန်မာကျောင်းသားတစ်ဦးကို သီးခြားရွေးချယ်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးမှုဘဏ်ကအတည်ပြုထားသည်။

ပညာသင်ဆုအစီအစဉ်အတွက် ရွေးချယ်ခံရပါက ပညာသင်ယူပြီးဆုံးချိန်တွင် မိမိနိုင်ငံသို့ ပြန်လာ၍ အလုပ်အကျွေးပြုရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို http://www.eastwestcenter.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။




# THE G•E•M•S

Garden Condominiums

## Glimmering New Heights in The Heart of The City

Simple elegance, fine aesthetic compositions, practicality and advanced building techniques are skillfully arranged together to form trend setting homes at The Gems.

The four towers with twenty one floors of modern apartments rise elegantly above the landscape to provide it's residents with stunning panoramic views of Yangon City and it's beauty.

**The Lifestyle Facilities** of The Gems include an infinity lap pool surrounded by lush tropical gardens that are complimented by:

- Fully equipped gymnasium
- Children's pool
- Coffee shop and snack bar
- Multipurpose function room
- Outdoor exercise area
- Children's playground
- Barbeque pits
- Jogging track
- Rooftop garden










Visit to our GALLERY at
113 Innsein Road, Hlaing Township

For Information Please Call
01 526146, 01 526148, 01 526170

CAPITAL DEVELOPMENT LIMITED

7Day NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ဝန်ကြီးဌာနခွင့်ပြုချက်မရသေး၍ လုပ်ကိုင်ခွင့်ကျပြီး မြန်မာလုပ်သား ၄,၀၀၀ ကျော် မလေးရှားသို့ စေလွှတ်ရန် အခက်တွေ့နေဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ-၂၇**

မလေးရှားနိုင်ငံသို့ မြန်မာအလုပ်သမားစေလွှတ်ရန် ပြန်လည်ခွင့်ပြုဟုဆိုသော်လည်း အလုပ်သမားတရားဝင်ပို့ဆောင်ခွင့်မရရှိသေးကြောင်းပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအသင်းချုပ် ဥက္ကဋ္ဌဦးမင်းလှိုင်က ပြောကြားသည်။

မလေးရှားအစိုးရက စက်တင်ဘာ ၁ ရက်မှစ၍ တရားမဝင်နေထိုင်သော နိုင်ငံခြားသားအလုပ်သမားများကို စီမံချက်ဖြင့် ဖမ်းဆီးအရေးယူမှုကြောင့်မြန်မာအလုပ်သမားအများစုဖမ်းဆီးခံရသည့်အတွက် မြန်မာအစိုးရက စက်တင်ဘာ ၄ ရက်မှစ၍ ဒုတိယအကြိမ် လုပ်သားစေလွှတ်မှု ယာယီရပ်ဆိုင်းခဲ့သည်။

မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများဖမ်းဆီးခံရမှုတို့ကြောင့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ မလေးရှားအစိုးရထံသွားရောက်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ယခုလ ၁၂ ရက်က မလေးရှားနိုင်ငံမှပြည်ထောင်စုဝန်ကြီးဦးအေးမြင့် ပြန်လည်ရောက်ရှိခဲ့သည့်အခါ မလေးရှားနိုင်ငံသို့ လုပ်သားစေလွှတ်ခွင့် ယာယီရပ်ဆိုင်းထားမှုကို ပြန်လည်ခွင့်ပြု၊ မပြုဆိုသည့် မီဒီယာများ၏မေးမြန်းချက်အပေါ် ၎င်းက "မလေးရှားကို တရားဝင်သွားအလုပ်လုပ်မယ်ဆိုခွင့်ပြုပါတယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်အေဂျင်စီပေါင်း ၁၇၀ ကျော်ကို ကိုယ်စားပြု၍ အေဂျင်စီအသင်းချုပ်မှ ဝန်ကြီးဌာနသို့ မလေး ရှားနိုင်ငံသို့ လုပ်သားစေလွှတ်ခွင့်ပြန်လည်ရရှိရန် ယခုလ ၁၇ ရက်က တင်ပြထားသည့် စာရင်းတွင် တင်ပြထားပြီး မလေးရှား လဝကထံမှ တရားဝင်လာရောက်လုပ်ကိုင်ခွင့်ရရှိထားသော မြန်မာအလုပ်သမားလေးထောင်ကျော်ပါဝင်ထားသည်ဟုဆိုသည်။



*အလုပ်သမားပြည်ထောင်စုဝန်ကြီးက မလေးသို့ အလုပ်သမားစေလွှတ်ခွင့်ပြုထားသည်ဟုပြောထားသည်* ဓာတ်ပုံ-နစ်ကီ

"အခက်အခဲရှိတာက ပိတ်ထားတာကြာရင် အလုပ်သမားတွေ Calling Visa (အလုပ်လုပ်ကိုင်ခွင့်)သက်တမ်းကုန်သွားရင် အေဂျင်စီတွေဘက်မှာ လျော်ကြေးတွေရှိလာနိုင်သလို အလုပ်သမားတွေလဲမရရအောင်အောက်လမ်းကသွားတာမျိုးတွေ ရှိလာနိုင်တယ်။ အခုဒီအလုပ်သမားအများစုက လုပ်ငန်းခွင်အကြိုသင်တန်းတွေ တက်ပြီးသားတွေများတယ်။ အစိုးရဘက်က Smat Card မထုတ်ပေးသေးတာ"ဟု အေဂျင်စီအသင်းချုပ်မှ ဦးမင်းလှိုင်ကပြောသည်။

မလေးရှားနိုင်ငံသို့လုပ်သားစေလွှတ်ခြင်းနှင့် ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က "လူကြီးတွေကတော့ အခုထိတော့ယာယီပိတ်ထားတုန်းပဲ။ ဟိုဘက်မှာ လုပ်သားတွေရဲ့အခြေအနေကြည့်ပြီးမှပဲပြန်လွှတ်ဖို့စိစစ်ပြီး ဖွင့်ပေးမှာပေါ့။ မကြာခင်တော့ ခွင့်ပြုပေးတော့မှာပါ"ဟု ဆိုသည်။

ယခုနောက်ပိုင်းတွင် မလေးရှားနိုင်ငံသို့ လုပ်သားစေလွှတ်မည်ဆိုပါက အေဂျင်စီအနေဖြင့် မလေးရှားမှအလုပ်ခေါ်စာများရရှိသည့်အပြင် ၎င်းတို့၏ အလုပ်သမားများကို ဝန်ကြီးဌာနမှ လုပ်ငန်းခွင်အကြိုသင်တန်းတက်ရောက်ပြီးမှသာ Smart Card ထုတ်ပေး၍ တရားဝင်စေလွှတ်ခွင့်ပြုထားကြောင်းသိရသည်။

မလေးရှားနိုင်ငံသို့ပထမအကြိမ်အဖြစ်လုပ်သားစေလွှတ်ခွင့် ယာယီရပ်ဆိုင်းမှုကို အစိုးရက ဇွန်လ ၁၃ ရက်မှစ၍ ရပ်ဆိုင်းခဲ့ပြီးနောက် ဇူလိုင် ၂၉ ရက်တွင် ပြန်လည်ခွင့်ပြုခဲ့ရာ အလုပ်သမားတစ်ထောင်ကျော် စေလွှတ်ခွင့်ပြုခဲ့သည်။

---

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**KYAUK SEIN NWE Trading Co.,Ltd.**

အရောင်းဝန်ထမ်း (မ-၁၀ ဦး)၊ ပညာအရည်အချင်း အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ ရုပ်ရည်ပြေပြစ်ရမည်။ အရောင်းစိတ်ဝင်စားသူဖြစ်ရမည်။ လိုအပ်သော စာရွက်စာတမ်းများဖြင့် (၁၅-၁၀-၂၀၁၃) ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၉-၇၃၁၂၈၂၆၈

---

**ဝန်ထမ်းအလိုရှိသည်**

ဝိစာရအင်တာနေရှယ်နယ်ကုမ္ပဏီလီမိတက်မှ T.A.M ဝန်ထမ်း(၃၅)ယောက်အလိုရှိသည်။ လူတွေ့စစ်ဆေးမည့်ရက် (၄. ၁၀. ၂၀၁၃-၁၀. ၁၀. ၂၀၁၃)။

ဖုန်း-၀၁-၅၁၀၉၃၅၊ ၀၁-၅၀၀၄၆၀

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing မန်နေဂျာ (၁) ဦး ပရိဘောဂလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။ လစာကောင်းကောင်းပေးမည်။ ဖုန်း-၀၉ ၈၆၀၁၈၆၈

---

**ဝန်ထမ်းအလိုရှိသည်**

Phone Software/Hardware ကျွမ်းကျင်သူ အလိုရှိသည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

ဖုန်း-၀၉-၄၂၀၂၀၁၉၉၄၊

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

1. Marketing Executive F/M (5) Posts 2. Marketing Staff F/M (3) Posts

3. Repoter F/M (3) Posts

အမှတ်(၁၇၈)၊၃၃လမ်းအပေါ်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁ ၇၁၀၆၂၃

---

**ဒိုင်းမွန်းစတားဂျုံစက်ရုံ**

1. Electrical Supervisor M (1) Post

2. Electrical Engineer M (5) Posts

(B.E/B.Tech/A.G.T.I),Industrial motor ပိုင်းပြုပြင်ထိန်းသိမ်းခြင်း၊ Motor Control ပိုင်းကျွမ်းကျင်သူဖြစ်ရမည်။

ဖုန်း-၀၁ ၅၈၅၁၀၇

---

**ဝန်ထမ်းအလိုရှိသည်**

1. Sale & Marketing Team Leader M (1)

2. Sale & Marketing Representatve M/F (2)

3. Office Staff M (2)

PH:09 421079909

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing ကျား/မ (၅) ဦး

၁၀ တန်းအောင်၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာအခြေခံ၊ သွက်လက်ချက်ချာပြီး အပြောအဆိုယဉ်ကျေးသူ၊ Marketing ကျွမ်းကျင်သူ။

ဖုန်း-၀၉ ၄၃၀၈၁၇၂၀

---

**ဝန်ထမ်းအလိုရှိသည်**

1. Technician (Hardware) M (2) Posts

2. အရောင်းဝန်ထမ်း M/F (2) Posts (Computer and Mobile)

3. အထွေထွေရုံးအကူဝန်ထမ်း M/F (2) Posts

ဖုန်း-၀၁ ၃၇၄၈၅၇

---

**ဝန်ထမ်းအလိုရှိသည်**

1. Manager-Admin

2. Manager-Sale & Marketing

3. Manager Logistic

4. Manager Business Development

5. Assistant Manager Admin

ဆက်သွယ်စုံစမ်းရန်-

ဖုန်း-၀၁ ၆၅၇၀၁၈၂၀

---

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing မန်နေဂျာ (၁) ဦး။ ပရိဘောဂလုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။ လစာကောင်းကောင်းပေးမည်။ ဖုန်း-၀၉ ၈၆၀၁၈၆၈

---

**ဝန်ထမ်းအလိုရှိသည်**

1. Sales Associate M/F (8) Posts

2. Sales Supervisor F (2) Posts

3. HR Executive M/F (1) Posts

No.(0306),3rd Floor,Diamond Condo, Tower(B),Pyay Rood,Kamaryut Tsp, Yangon.

PH:09 73257575

---

**အမြန်အလိုရှိသည်**

1. Electrical Engineer/Technician M (1)

2. Health Club Assistant M (1)

3. Security M (1)

4. Spa Therapist F (2)

Contact to- PH:01 650651-3

---

**ဝန်ထမ်းအလိုရှိသည်**

1. Sale & Marketing Team Leader M (1)

2. Sale & Marketing Representatve M/F (2)

3. Office Staff M (2)

PH:09 421079909

---

**ဝန်ထမ်းအလိုရှိသည်**

1. Manager(Phone Shop) F (1) Post

2. Marketing M (2) Posts

အမှတ်စဉ်နှစ်ခုစလုံးအတွက် အတွေ့အကြုံရှိရမည်။ ဖုန်း-၀၁ ၂၃၀၀၈၀၇

---

**ဝန်ထမ်းအလိုရှိသည်**

1. Technician(Air-con) (2) Posts

2. Training(Air-con) (2) Posts

အမှတ်၁အတွက် Air-con brand & Type အမျိုးမျိုးအတွက်ပြုပြင်သူ။

ဖုန်း- ၀၉ ၄၂၀၁၀၅၉၂၆

---

**ဝန်ထမ်းအလိုရှိသည်**

1. DTP ကျွမ်းကျင် လစာ(၈၅,၀၀၀)

2. Design ကျွမ်းကျင် လစာ (၁၀၀,၀၀၀)

ထမင်းကျွေးပါသည်။ လုပ်ငန်းအတွေ့အကြုံရှိသူများသာ။

ဖုန်း-၀၉ ၄၃၀၂၅၆၀၅

---

**အလိုရှိသည်**

မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် Int'l သင်ကြားပေးနိုင်သော ဆရာ/ဆရာမများအလိုရှိသည်။

အမှတ်-၂၆၊ ပထမထပ်၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း-၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် ကျား/မ (၂) ဦး

၂။ အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး

၃။ Marketing ရုံးထိုင် ကျား/မ (၂) ဦး

၄။ ယာဉ်မောင်း ကျား (၂) ဦး

ဖုန်း-၀၁ ၂၃၀၄၃၄၄

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ရုံးတွင်းစာရင်းစစ် မ (၁) ဦး

၂။ စာရင်းကိုင် မ (၁) ဦး

၃။ ယာဉ်မောင်း ကျား (၂) ဦး

၄။ Sale Promotor မ (၃) ဦး

အမှတ် (အေ-၂၉)၊ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်။

---

**ဝန်ထမ်းအလိုရှိသည်**

အထည်ရောင်းဝန်ထမ်း မ (၇) ဦး

(၁၀)တန်းအောင်(သို့)ဘွဲ့ရ၊ အသက် ၃၀ အောက်။

အမှတ်(၂၁၈)၊ ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံရှေ့၊ မြေနီကုန်း။

ဖုန်း-၀၁ ၃၇၆၃၄၄

---

**Lucky Choice Co.Ltd**

1. Sales and Marketing Assistant Manager M/F (1) Post

Sales and Marketing Plan ရေးဆွဲနိုင် သူ၊ နယ်ခရီးသွားနိုင်သူ။

2. Admin Manager M (1) Post

Management အတွေ့အကြုံငါးနှစ်။

ဖုန်း-၀၁ ၆၈၆၀၆၄

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

1. Assistant Engineer -Civil (7) Posts

2. Sub Asst:Engineer -Civil (7) Posts

3. Assistasnt Engineer-EP (7) Posts

myanmarpadauk.ht@gmail.com

PH:01 657781-84

---

**ဝန်ထမ်းအလိုရှိသည်**

၁။ အရောင်းဝန်ထမ်း မ (၅) ဦး

၂။ စာရင်းကိုင် (၁) ဦး

အသက် ၂၅နှစ်အောက်၊ ဘွဲ့ရ၊ ရုပ် ရည်ပြေပြစ်သူ၊ အတွေ့အကြုံရှိသူ။

ဖုန်း-၀၁ ၆၄၃၁၅၅

---

**ဒိုင်းမွန်းစတားဂျုံစက်ရုံ**

1. Electrical Supervisor M (1) Post

2. Electrical Engineer M (5) Posts

(B.E/B.Tech/A.G.T.I),Industrial motor ပိုင်းပြုပြင်ထိန်းသိမ်းခြင်း၊ Motor Control ပိုင်းကျွမ်းကျင်ရမည်။

ဖုန်း-၀၁ ၅၈၅၁၀၇

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၁၀) ဦး။

ပညာအရည်အချင်း၊ အခြေခံပညာ အထက်တန်းအဆင့်၊ ရုပ်ရည်ပြေပြစ်သူ၊ အရောင်းစိတ်ဝင်စားသူဖြစ်ရမည်။

ဖုန်း-၀၉ ၇၃၁၂၈၂၆၈

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing F (10) Posts။

2. Office Staff F (3) Posts

အတွေ့အကြုံရှိသူဦးစားပေးမည်။

(၂)အတွက် ကွန်ပျူတာ စာစီစာရိုက်၊ Photoshop (or) Indesign အသုံးပြုနိုင်သူဖြစ်ရမည်။

ဖုန်း-၀၁ ၉၇၉၈၀၈

---

**ဝန်ထမ်းအလိုရှိသည်**

(မဝတ်) Pattern ကျွမ်းကျင်သူ

Sample ချုပ်ကျွမ်းကျင် မ (၃) ဦး၊

လစာ ကောင်း၊နေ/စားစရိတ်တာဝန်ယူမည်၊

ဖုန်း-၀၉ ၇၃၀၆၈၃၉၆


---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# အက်ဆေးများနှင့် နေထိုင်ခြင်း

## (ရ သ စာ ပေ လေ့ လာ ချက်)



**ချမ်းငြိမ်း**

*ရှည်မျောသော ကာလတစ်ခုကြာ တိမ်လိုလေလိုလွင့်ပါးပြီးမှ ကိုယ်နှစ်သက်ရာဆီခေတ္တမျှရောက်ရှိနေထိုင်ကာ ဘာမှမပြောဖြစ်ဘဲ တိတ်ဆိတ်ငြိမ်သက်စွာဘဝအမောတွေထဲ ပြန်လည်ရောက်သွားတာမျိုး ကြုံဖူးပါရဲ့လား။ ကျွန်တော်ပြောလိုသည်မှာ ထိုဖြစ်ရပ်မျိုးထဲမှတစ်ခုဖြစ်ပါသည်။*

လူ့ဘဝတွင် ပညာသင်ကြားရာမှ စာဖတ်ဝါသနာ ပါလာပြီးပ ထမဆုံး အကျွမ်းတဝင် ဖြစ်စေသည်မှာ ကဗျာ၊ ဝတ္ထုလေးများဖြစ်လေ့ရှိပါသည်။ ထိုမှတစ်ဆင့် ဝတ္ထုရှည်ကြီးများ၊ အတ္ထုပ္ပတ္တိစာပေများလက်လှမ်းမီသမျှ ဖတ်မိကြသည်မှာ လည်း ထုံးစံလိုလိုဖြစ်ပါသည်။ ထိုသို့ဖတ်ရှုကြရာမှ မိမိသန်ရာသန်သလိုဝတ္ထုမဟုတ်သောစာပေ(Non-Fiction)ဘက်သို့ ကူးသွားသလိုဘာသာကျမ်းဂန်လေ့လာသူများအဖြစ်ပြောင်းလဲသူများရှိသကဲ့သို့ ရသစာပေကိုသာတွယ်ဖက်ကာ စွဲမြဲစွာဖတ်ရှုခံစားသူများ ဒုနဲ့ဒေးရှိကြသည်။ ထို့ကြောင့်အချို့သောလူတို့သည် နေ့စဉ်လိုလိုကြုံနေရသည့်ဘဝအမောထဲမှခွဲထွက်၍ ဝတ္ထုတစ်အုပ်ဖြင့် နှပ်နေတာမျိုး၊ ကဗျာ စာအုပ်လေးများဖြင့်မွေ့လျော်နေတာမျိုးမြင်ဖူးကြမည်ထင်ပါသည်။ ထိုစာအုပ်စာပေများသည် ၎င်းတို့အတွက်အိုအေစစ်သဖွယ် ရေကြည်အိုင်ငယ်လေးများဖြစ်ကြသည်။ ထို့သို့သော စာမျိုးတွင် မသိလိုက်၊ မသိဘာသာအက်ဆေး(ရသစာတမ်း) လေးများလည်းစိမ့်ဝင်နေတတ်ပေရာစာဖတ်သူတစ်ဦးအနေဖြင့် ကြည်နူးနှစ်သိမ့်စေသော အရသာမျိုး ထိုအက်ဆေးလေးများမှ ရတတ်ခြင်းကိုလည်းအမှုမဲ့ အမှတ်မဲ့ဖြစ်နေတတ်ပါသည်။ အချို့သောလူများကသာ ထိုအက်ဆေးလေးများကိုတန်ဖိုးထားလာတတ်ကာ ခုံမင်လာကြပါသည်။

အက်ဆေးဆိုသည်မှာ အဘယ်နည်း. . . ။

**အက်ဆေးဆရာနှင့် သူ၏အက်ဆေး**

မူရင်း ပြင်သစ်ဘာသာစကား**Essai**မှ အင်္ဂလိပ်ဘာသာဖြင့် **Essay** ဖြစ်လာပြီးနောက် အဘိဓာန်အနက်တွင် **စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်း**ဟုအဓိပ္ပာယ်ဖွင့်ဆိုခြင်းကိုအကြောင်းပြု၍ မြန်မာဝေါဟာရဖြင့်**အစမ်းစာ**ဟုစတင်ပေါ်ထွန်းခဲ့သောစာပေအမျိုးအစားတစ်ရပ်ကို **အစမ်းစာ၊ စာတမ်း၊ စာမွန်၊ အက်ဆေး၊ ရသစာတမ်း၊ စာတမ်းငယ်**ဟူ၍ ပညာရှင်တို့ကအမျိုးမျိုးပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ကမ္ဘာ့စာပေနယ်ပယ်တွင် အက်ဆေးသည် လွန်ခဲ့သောနှစ်ပေါင်းလေးရာကျော်ကတည်းက တခမ်းတနားတည်ရှိခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ ရာစုဝက်ကျော်မျှသာကြာမြင့်သေးသည်။ မြန်မာနိုင်ငံတွင် အက်ဆေးကို စတင်ရေးသားခဲ့သည့် ပုဂ္ဂိုလ်များမှာ ပီမိုးနင်း၊ ဆရာဇေယျ၊ သိပ္ပံမောင်ဝ(ဦးစိန်တင်)၊ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာမောင်ထင်၊ ဆရာတိုက်စိုးတို့ဖြစ်ခဲ့ပြီးနောက်ပိုင်း၌ ဆရာမင်းယုဝေ၊ ဆရာမြသန်းတင့်၊ ဆရာအောင်သင်း၊ တက္ကသိုလ်ဝင်းမွန်၊ မောင်ဇော်(ဇော်ဇော်အောင်)၊ ဆရာမောင်ခင်မင် (ဓနုဖြူ)နှင့်ဆရာကြည်နိုင်တို့ဖြစ်ကြသည်။

အက်ဆေးကို နိုင်ငံတကာတွင် စာရေးဆရာများသာမကဂျာနယ်လစ်တွေပါရေးကြသည်။ တိုင်းမ်မဂ္ဂဇင်းအက်ဆေးများမှာထင်ရှားသည်။ စာရေးကောင်းသည့်ကဗျာဆရာ၊ စာရေးဆရာ၊ ပင်တိုင်ဆောင်းပါးရှင်၊ ဂျာနယ်လစ်တွေ အက်ဆေးကိုတလေးတနက်ရေးကြသည်။ ဆမ်းမားဆက်မွန်လည်းရေးခဲ့သလို အီမာဆင်လည်းရေးခဲ့သည်။ ခေတ်သစ်တွင်တော်ဖလာကစ၍ ဖရန်စစ်ဖူကူယားမား၊ သောမတ်အယ်ဖရီးမင်းအထိရေးကြသည်။ သူတို့ ဘာကြောင့် ရေးကြသနည်း။

အက်ဆေးသည် စိတ်၏စေရာ ပြကွက်ကလေးတစ်ကွက်ဖြစ်သည်။ သိမ်မွေ့သည်။ နူးညံ့သည်။ လွတ်လပ်ပေါ့ပါးသည်။ လေထဲ၌လွင့်နေသော တိမ်တစ်စနှယ်ဖမ်းဆုပ်ရန်ခက်ခဲသည်။ ရေပြင်ထက်လိမ့်တက်သွားသော လှိုင်းတစ်ချက်နှယ် ထိတွေ့ရန် ခက်ခဲပါသည်။ ထိုထိတွေ့ဖမ်းဆုပ်ရန်ခက်သော စိတ်၏လှုပ်လှုန့်မှုတစ်ချက်ကို အင်ဆေးဆရာက အမိအရ ရယူထားလိုက်သည်။ ၁၉ရာစု အင်္ဂလိပ် စာရေးဆရာ အာသာဘင်ဆန်က 'အက်ဆေး ဆိုသည်မှာ သူ့တစ်မူထူးခြားသော အသွင်တစ်မျိုးဖြင့်ဘဝကို အနက်အဓိပ္ပာယ်ဖွင့်ဆိုသူ၊ ဝေဖန်ဆန်းစစ်သူဖြစ်သည်။ ဘဝကို ဒဿနဆရာ၊ သမိုင်းဆရာတို့ကဲ့သို့မမြင်၊ သို့သော် ထိုအရာအားလုံးနှင့်ထိတွေ့ထားပါသည်။ ၎င်းသည် ဘဝ၏သီအိုရီတစ်ရပ်ကိုရှာတွေ့ရန်(သို့မဟုတ်) သီအိုရီအစိတ်အပိုင်းများစွာကိုတစ်ခုနှင့်တစ်ခုအံဝင်ခွင်ကျဖြစ်ရန်မကြိုးစား၊ ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်းဖြင့်သာအလုပ်လုပ်၍လေ့လာစူးစမ်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ အနက်ဖွင့်ဆိုခြင်းများကို သူ့အပေါ်ရိုက်ခတ်လာသည့်အတိုင်းတုံ့ပြန်ပြုမူပါသည်။ ထို့နောက် သူ့စိတ်ကူးကို ထိုအရာများ၏ အလှတရားနှင့် အဓိပ္ပာယ်ပေါ်တွင် ကစားစေလေသည်'ဟူ၍အဓိပ္ပာယ်ဖွင့်ခဲ့သည်။ အက်ဆေးရေးသူနှင့်ပတ်သက်၍ ၎င်းကပင်ဆက်လက်၍ 'အက်ဆေးဆရာသည် ရိုးရှင်းသေးဖွဲသောအရာများဖြင့်ဘဝ၏ဂုဏ်ကျက်သရေ(လူအများ၏ စံချိန်စံညွှန်း)ထဲမှာထက် ဘဝ၏အလင်းရောင်(သိသာထင်ရှားစေသောအရာ)ထဲတွင်ပို၍အလုပ်လုပ်တတ်ပါသည်။ မသန့်စင်သော(သို့မဟုတ်)အများနှင့်မသက်ဆိုင်သောမည်သည့်အကြောင်းအရာကိုမျှရှာဖွေခြင်းမပြုပေ'ဟူ၍ ထပ်မံရှင်းလင်းခဲ့သည်။ ခေတ်သစ် အင်္ဂလိပ်စာပေပညာရှင်ဗာဂျီးနီးယားဝုဒ်ကမူ အက်ဆေးကောင်းတစ်ပုဒ်နှင့်စပ်လျဉ်း၍ 'အက်ဆေးကောင်းတစ်ပုဒ်သည် ၎င်း၏ဖုံးကွယ်ထားမှုကန့်လန့်ကာကို အနားမှဆွဲဖယ်ပေးရမည်။ သို့သော်ထိုကန့်လန့်ကာမှာကျွန်ုပ်တို့ကိုအပြင်မှမပိတ်ဘဲအတွင်း၌သာ ပိတ်ဆီးထားသော ကန့်လန့်ကာတစ်ရပ်သာဖြစ်ရပါမည်' ဟု ဆိုခဲ့သည်။

အက်ဆေးကိုအဓိပ္ပာယ်ဖွင့်ဆိုရာ၌ မြန်မာနိုင်ငံတွင်ထင်ရှားသည့် အက်ဆေးဆရာတစ်ဦးဖြစ်သော ဆရာတိုက်စိုးက'အက်ဆေးမည်သည် ဖတ်ချင်စဖွယ်ရှိပြီး တိုတိုလေးနှင့် နှလုံးအိမ်တွင်ငြိမ်းသွားအောင်စွမ်းဆောင်နိုင်လေသည်'ဟုရေးသားခဲ့သည်။ ဆောင်းပါးနှင့်ကွဲပြားပုံကို ဆရာတိုက်စိုးကပင် 'အက်ဆေးသည် ဆောင်းပါးနှင့် တူသယောင်ရှိသော်လည်း အနှစ်သာရအားဖြင့်မူ ဆောင်းပါးနှင့်ကွာလေသည်။ အက်ဆေးသည်ရင်ဖွင့်စာ(သို့မဟုတ်)ရင်ဖွင့်သံဖြစ်သည်'ဟု ဆိုပါသည်။ ယခုအခါ အသက်ရှစ်ဆယ်အရွယ်အတွင်းချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သောမောင်ဇော်က'အက်ဆေးနှင့်ဝတ္ထုတိုကြားတွင် ခပ်ပါးပါးမျဉ်းတစ်ကြောင်းသာရှိသည်'ဟုဆိုဖူးသည်။ ဆရာဇော်ဂျီကမူ 'စာရေးဆရာသည်သူသိသောအကြောင်းအရာတို့ကို စာဖတ်သူလက်ခံချင်လာအောင်သူ့စေတနာနှောလျက်ဖျောင်းဖျ သွေးဆောင်၍ ရေးသည်။ ထိုအခါ စာဖတ်သူသည်ဗဟုသုတရသည့်အပြင် နှစ်သက်ခြင်းလည်းဖြစ်သည်။ ထိုစာမျိုးကိုအသိပညာပေးစာမျိုး၌ ထည့်နိုင်သည်ဟု ဆိုရသော်လည်း ရသသဘောနှောနေသဖြင့် သုတ၊ ရသစာဟုလည်းကောင်း၊ဆွဲဆောင်မှုစာဟုလည်းကောင်းဆိုနိုင်သည်'ဟု အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခဲ့သည်။

**လက်တစ်ကမ်းမှ အက်ဆေးလေးများ**

ကျွန်တော်တို့ အတန်းပညာသင်ကြားရာ၌ အထက်တန်း စကားပြေလက်ရွေးစင်ထဲတွင်အက်ဆေးကောင်းလေးများ ပါရှိခဲ့သည်။

အမှုမဲ့ အမှတ်မဲ့သလို နေတတ်၍သာ ထိုအက်ဆေးလေးများကိုဂရုမပြုမိဘဲနေမိခြင်း ဖြစ်ပါသည်။ ဆရာဇေယျ၏ **ကောက်ရိုးနွယ်**၊ ပီမိုးနင်း၏ **ဆီမီးခွက်နှင့်ရှင်ဘုရင်**၊ဆရာဇော်ဂျီ၏ **နွေဦးကျက်သရေ**၊ဆရာမင်းသုဝဏ်၏ **အိုးစည်သံ**၊ ဆရာမင်းယုဝေ၏ **ဦးရာကျော်ကောင်းမှု**၊ ဆရာအောင်သင်း၏ **ချိုတကူးနှင့် ဂုဏ်ရည်မတူ**၊ ဆရာ တက္ကသိုလ်ဝင်းမွန်(အောင်ခန့်)၏ **ဆားဒယ်** တို့မှာသင်ကြားခဲ့ရသောမြန်မာစကားပြေ လက်ရွေးစင်ထဲ ပါဝင်သည့်အက်ဆေးလေးများဖြစ်ကြသည်။ ထို့အတူ ဆရာ ဒဂုန်တာရာ၏ ဆောင်းပါး အတော်များများမှာ **ဆောင်းပါးအသွင် ဆောင်နေသောအက်ဆေးစစ်စစ်များသာဖြစ်ပါ၏**(ဉပမာ-စာလုံး၊ဆေးစက်နှင့် ကတ္တီပါကားလိပ်စာအုပ်ပါဆောင်းပါးများ)၊ထိုဆောင်းပါးများကို နှစ်သက်လွန်း၍ ဆရာမောင်သာနိုးက **ထင်းရှူးပင်ရိပ်**ဟုလည်းကောင်း၊ ဆရာနိုင်ဝင်းဆွေက **ဘဝစာမျက်နှာများ**ထဲတွင်လည်းကောင်း ထည့်သွင်းရေးသားခဲ့ပါ၏ ။

**ကုံ့ကော်မြိုင်စာတမ်း အချိုးအကွေ့**

မြန်မာအက်ဆေးအချိုးအကွေ့တစ်ရပ်မှာ **ကုံ့ကော်မြိုင်စာတမ်း**ဖြစ်ပြီး ၁၉၆၄ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ကုံ့ကော်မြိုင်စာတမ်းတွင် အက်ဆေးဆရာဆယ်ဦးပါဝင်ရေးသားခဲ့ရာ မောင်ဇော်(ဆရာဇော်ဇော်အောင်)၏ 'သိင်္ဂါရရသ' ထဲမှစာအချို့ကိုကောက်နုတ်ဖော်ပြပါမည်။ မောင်ဇော်သည် ယင်းအက်ဆေးကိုရေးရာ၌ ကုလားလင်မယားနှစ်ယောက်ရန်ဖြစ်ခန်းကို ခြယ်မှုန်းရေးသားခဲ့ပြီး သည်းခံစိတ်ပြည့်ဝသည့် ကုလား၏ မေတ္တာစိတ်ကို ဤသို့ဖော်ကျူးထားပါသည်။ 'ကုလားမကလည်း အော်လိုက်ဟစ်လိုက်၊ ရုန်းလိုက်ကန်လိုက်နှင့်ပင်၊ ကုလားသည်ကုလားမကို အသာအယာချော့မော့ဖေးမ၍ ထူရန်လှမ်း၍ကိုင်လိုက်သည်တွင် ကုလားမသည် ထိုင်ရာက ကုလား၏ရင်ဝကိုဆောင့်၍ကန်ထည့်လိုက်ရာ ကုလားခမျာနောက်သို့ ဝုန်းခနဲပက်လက်လန်လဲကျသွားရှာသည်။ ပြန်ထကာကုလားမကိုချော့မော့ရန်ထပ်၍ကြိုးစား၏။ ကုလားမသည်အော်ဟစ်ရင်း ကုလား၏ တွန့်လိမ်နေသော ဆံပင်အုပ်လုံးကိုဆွဲကာပါးကိုရိုက်ပြန်တော့၏။ ဘေးမှ ဂေါ်ရင်ဂျီများကလည်း အော်သူအော်၊ လက်ခုပ်လက်ဝါးတီး၍ဩဘာပေးသူပေးနှင့်ဝိုင်းလာကြ၏။ ကုလားမသည်ကုလား၏ပါးကိုဆက်ကာဆက်ကာရိုက်၏။ ဆံပင်ကိုဆွဲ၏။ လက်မောင်းကိုကိုက်၏။ ရင်ဘတ်ကိုထု၏။ ကုလားသည်ကုလားမ၏ လက်တွင်းဝယ်ယက်ကန်ယက်ကန်ဖြစ်နေရှာ၏။ သို့သော်ကုလားမလုပ်သမျှကို ငုံ့ခံကာ ပါးစပ်ကသာ တတွတ်တွတ်ချော့မော့နေရှာသည်။ ကုလားမသည် အားယူထပြီးနောက် ကုန်းကုန်းကလေး ဒူးထောက်လျက်သားဖြစ်နေရှာသောကုလား၏ခေါင်းကိုခြေထောက်နှင့်ကျုံး၍ကန်လိုက်ပြန်၏။ ကုလားမသည်သူ့ကိုယ်သူပင်မနိုင်ဘဲ တစ်ပတ်လည်ထွက်သွားကာ ကုလားအပေါ်သို့ကျသွားတော့သည်။

**စာမျက်နှာ(၂၀)သို့**



7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013



# ရန်ကုန်စည်ပင်သာယာဥပဒေတွင် ကော်မတီများလူထုပါဝင်ရွေးကောက် ရမည်ဆိုသောအချက်မပါဝင်

**မင်းဟိန်းကျော်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၉**

မြို့နယ်စည်ပင်သာယာရေးကော်မတီများအားသက်ဆိုင်ရာမြို့နယ်အတွင်းရှိပြည်သူလူထုများပါဝင်သောရွေးကောက်တင်မြှောက်မှုဖြင့် ဆောင်ရွက်ရန်ပြောကြားထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေတွင် ကော်မတီများကို ရွေးကောက်တင်မြှောက်ရမည် ဟူသည့်အချက်မပါဝင်ကြောင်း သတင်းရရှိသည်။

မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ စားဝတ်နေရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထူးအရေးကြီးသောဌာနဖြစ်သဖြင့် အစိုးရဌာနဆိုင်ရာပုဂ္ဂိုလ်များသာပါဝင်ဖွဲ့စည်းခြင်းဖြင့် ပြည်သူ့ဆန္ဒနှင့် အညီပြည်သူ့လိုအပ်ချက်များကိုဖြည့်ဆည်းရာတွင် အားနည်းချက်များ ဖြစ်ပေါ်နိုင်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအားပြောကြားသည့်မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသည်။

"မြို့နယ်များမှာစည်ပင်သာယာရေးကော်မတီကို မြို့နယ်လူထုအတွင်းက ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ပါဝင်ဖွဲ့စည်းမှုနဲ့သီးခြားရပ်တည်ပြီးပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်အောင် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများလေ့လာသုံးသပ်ပြင်ဆင်ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်"ဟု နိုင်ငံတော်သမ္မတက အထက်ပါမိန့်ခွန်းတွင် ပြောကြားသည်။

ကျင်းပဆဲဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သတ္တမ ပုံမှန်အစည်းအဝေးတွင်အတည်ပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၌ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ပြည်သူလူထုမဲဆန္ဒဖြင့် တင်မြှောက်ရမည်ဟူသည့်အချက် မပါဝင်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

"သမ္မတကြီးညွှန်ကြားချက်နဲ့တော့ မြို့နယ်အချို့မှာ စည်ပင်ကော်မတီတွေဖွဲ့တယ်လို့ကြားတယ်။ အခုအတည်ပြုလိုက်တဲ့ ဥပဒေမှာတော့ ရပ်မိရပ်ဖဘယ်နှစ်ဦးဆိုတာတွေပါပြီး သူတို့ကို ရွေးချယ်တင်မြှောက်ဖို့ဆိုတာတော့ မဟုတ်ပါဘူး"ဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းကဆိုသည်။

ယခုအတည်ပြုခြင်းသည် ဥပဒေသာဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရန် နည်းဥပဒေထွက်ရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါနည်းဥပဒေတွင် ရွေးချယ်တင်မြှောက်ခြင်းဆိုသည့်အချက်အလက်များကို ထည့်သွင်းသင့်ပြီး တိုင်းဒေသကြီးအစိုးရနည်းဥပဒေရေးဆွဲမှု အချိန်မည်မျှကြာအောင်ဆောင်ရွက်မည်ဆိုသည်ကို မခန့်မှန်းနိုင်ကြောင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ကပြောသည်။

နိုင်ငံအတွင်းပြုလုပ်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ပြည်သူလူထုဆန္ဒများ ပါဝင်နိုင်စေရေးအတွက် ရပ်ကွက်နှင့် မြို့နယ်များတွင်ပြည်သူလူထုပါဝင်သောကော်မတီများဖွဲ့စည်းရန်နှင့်ရွေးချယ်တင်မြှောက်သော စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတရုံးမှ ယခုနှစ်အတွင်းကြေညာချက်ထုတ်ပြန်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသည့်တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေသည်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းရေးနှင့် ၎င်းအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကိုထည့်သွင်းရေးဆွဲထားသောဥပဒေဖြစ်ကြောင်းသတင်းရရှိသည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ်လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အများပြည်သူ၏ သဘောဆန္ဒအရဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေရွေးချယ်ရမည်ဟုဖော်ပြပါရှိသည်။

ထို့အပြင် ကော်မတီဥက္ကဋ္ဌကိုကော်မတီအဖွဲ့ဝင်များ၏ ဆန္ဒနှင့်အညီ ကော်မတီအဖွဲ့ဝင်များအနက်မှ ရွေးချယ်ရမည်ဟု အဆိုပါဥပဒေပုဒ်မ ၆တွင်ပြဋ္ဌာန်းထားသည်။ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေကို စက်တင်ဘာ ၂၄ရက်တွင်ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 100,000 |
| Galaxy S Advance | 240,000 |
| Galaxy Express | 265,000 |
| Galaxy Grand(GSM) | 308,000 |
| Galaxy S3 | 415,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 580,000 |
| Galaxy Mega 5.8 | 370,000 |
| Galaxy Note II | 730,000 |
| Galaxy Tab3 7" | 335,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 480,000 |
| Xperia J | 175,000 |
| Xperia P | 230,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 820,000 |
| iPhone 5 (32 GB) | 785,000 |
| iPhone 5 (16 GB) | 680,000 |
| iPhone 5c | 720,000 |
| iPhone 5s | 1,120,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 950,000 |
| G 510 | 120,000 |
| C 8813D | 135,000 |
| G 520 | 120,000 |
| G 610s | 149,000 |
| G 700 | 220,000 |
| Ascend P6 | 350,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 185,000 |
| Y 300c (CDMA) | 100,000 |

စက်တင်ဘာ(၂၈)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 497,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 275,000 |
| Sony (LED) | 32EX33 | 325,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 210,000 |
| Samsung | WT10J | 185,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 280,000 |
| Mitsubishi | 1.0HP(Heavy) | 230,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ(ကြံ) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(AAဗီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၉၇ |
| နေပြည်တော် စက်အုတ်(၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၈)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၅၀-၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၅၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၇,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

စက်တင်ဘာ(၂၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(26) | 815 | 920 | 920 | 940 |
| Aug(27) | 815 | 920 | 920 | 940 |
| Aug(28) | 815 | 920 | 920 | 940 |
| Aug(29) | 815 | 920 | 920 | 940 |
| Aug(30) | 815 | 920 | 920 | 940 |
| Aug(31) | 815 | 920 | 920 | 940 |
| Sep (1) | 815 | 920 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **HP** | |
| Intel Core i3 1.4 GHz, 2GB DDR3,500GB HDD, HD, 14" | 426,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 500GB HDD, HD,14" | 645,000 |
| Intel Core i5 2.5 GHz, 6GB DDR3, 750GB HDD, HD, 14" | 766,000 |
| Intel Core i7 2.2 GHz, 8 GB DDR3, 1TB HDD, 2GB VGA,14" | 1,125,000 |
| **MSI** | |
| Intel Core i3 2.5 GHz, 4GB DDR3, 500GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 15.6" | 556,000 |
| Intel Core i7 2.4 GHz, 8GB DDR3,1TB, 15.6" | 1,047,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750 GB,17.3" | 1,057,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500 HDD, 2GB VGA, 14" | 517,000 |
| Intel Core i51.7GHz,4GBDDR3,1TBSATAHDD,2GBVGA,15.6" | 687,000 |
| Intel Core i5 1.7 GHz, 4GB DDR3,750GB HDD,1GB VGA,14" | 590,000 |
| Intel Core i7 2.3 GHz, 8GB DDR3,1TB HDD,2GB VGA, 15.6" | 988,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.30 · OCTOBER 2 , 2013

စာမျက်နှာ(၁၈) မှ

## အက်ဆေးများနှင့် နေထိုင်ခြင်း

သူတို့နှစ်ယောက်လုံးသည်ပလက်ဖောင်းပေါ်တွင် အိုင်ထွန်းနေသော ကစော်အန်ဖတ်ထဲ၌လုံးထွေး၍နေတော့သည်’ဟုရေးသားထားပါသည်။

**စွဲနေသော အက်ဆေးလေးများ**

အက်ဆေးကောင်းလေးများသည် စာပြီးဆုံးသွားသောအခါမှ အတွေးကိုအလုပ်ပေးတော့သည်။ ဆိုရလျှင် ကြန်အင်လက္ခဏာဖြင့်ပြည့်စုံသော အက်ဆေးကောင်းတစ်ပုဒ်သည် တစ်ပုဒ်လုံးဖတ်ပြီးကာမှ တသသ ကျန်နေလေ့ရှိပါသည်။ထိုအခါ ဦးနှောက်ကိုအလုပ်ပေးလေသည်။ မှတ်မှတ်ရရ ကျွန်တော့်တွင် စွဲထင်နေသော အက်ဆေးအချို့ရှိရာ တစ်ပုဒ်နှစ်ပုဒ်မျှဖော်ပြလိုပါ၏။ပထမတစ်ပုဒ်မှာ(W.Somerset Maugham) ဆမ်းမားဆက်မွန်ရေးသော The Summing Upဆိုသည့်အက်ဆေးဖြစ်သည်။ ယင်းအက်ဆေးတွင် ‘စာရေးဆရာနှင့်အောင်မြင်မှု’အကြောင်းရေးရာ၌ စာရေးဆရာအဖြစ်အသက်မွေးမည့် ပုဂ္ဂိုလ်များတွင်ထားရှိအပ်သော ဒဿနတစ်ရပ်ဖွင့်ဆိုထားရာ သတင်းစာအလုပ်နှင့်ကွဲပြားပုံကိုအောက်ပါအတိုင်းရေးသားထားသည်။ ‘စာရေးဆရာအလုပ်သည် ပုဂ္ဂလိကကိစ္စကိုအသားပေးရသည့် လုပ်ငန်းဖြစ်ပြီး သတင်းစာဆရာအလုပ်မှာမူဓမ္မဓိဋ္ဌာန်ကျကာ မိမိ၏ပုဂ္ဂလိကကိုဖျောက်ပြီး အချက်အလက်ကို ဦးစားပေးရသည့်အလုပ်ဖြစ်ပါသည်။ သတင်းစာအတွက်သတင်းရေးရသည့်သတင်းထောက်များ၊ အယ်ဒီတာများသည်တဖြည်းဖြည်းမိမိတို့ကိုယ်ပိုင်ထင်မြင်ချက်များဖြင့် ကြည့်သည့်အလေ့အထပျောက်ကာ အခြားသူများ၏ ထင်မြင်ချက်၊ အကဲဖြတ်သူ၏ ထင်မြင်ချက်ကိုသာရေးရပါတော့သည်။ ယေဘုယျထင်မြင်ချက်ကိုသာရေးရပါတော့သည်။ ဤသည်နှင့်အမျှ သူတို့ကိုယ်ပိုင်ခံစားချက်စသည်တို့မှာလည်း တဖြည်းဖြည်းလျော့ပါးလာကာ အတွေးအမြင်စွမ်းအားလျော့နည်းလာခဲ့ကြပါသည်။ သတင်းစာသည်ရေးသူ၏ပုဂ္ဂလကို သတ်ပစ်လိုက်ပါသည်’မည်မျှဆင်ခြင်တွေးတောဖွယ်ရာကောင်းသော အက်ဆေးလေးပေတည်း။

ဒုတိယတစ်ပုဒ်မှာ(LiGuang-tain)လီကွမ်းတိန်၏ A Pitiful Plaything ဆိုသည့်အက်ဆေးလေးဖြစ်ပါသည်။ ယင်းအက်ဆေးတွင် လူ့ဘဝ၏ အထီးတည်းကျန်ရှိမှုကို ဖော်ပြထား၏။ လယ်သမားမိသားစုတစ်ခုတွင် အဖေ၊ အမေ၊ အဘွား၊ မြေးငယ်တို့ပါဝင်ပြီး အားလုံးမှာ အဖေလယ်သမားကြီး၏ လုပ်ကျွေးမှုဖြင့်ချို့တဲ့စွာမြေပေါ် ရပ်တည်နေရ၏။ သူတို့မိသားစုလေးသည် နေ့စဉ်နှင့်အမျှထိတွေ့ဆက်ဆံနေရသော်လည်း တစ်ဦးနှင့်တစ်ဦး နွေးနွေးထွေးထွေးမရှိဘဲဆိုင်ရာကိုယ်စီအထီးကျန်မှုကို ဖော်ပြထားသည်။ မြေးယောက်ျားလေးမှာ ဘွားအေဖြစ်သူက ဂရုစိုက်သော်လည်း မိဘများသာမကရွယ်တူကလေးများကပါ ပစ်ပယ်ထား၍ ငယ်စဉ်ကပင်အထီးကျန်မှုကို ခံစားခဲ့ရသည်။ တစ်နေ့တွင် အသိုက်မှပြုတ်ကျလာသော စာပေါက်စလေးတစ်ကောင်ကို ပိုးမွေးသလို ဂရုတစိုက်မွေးမြူထားရာမှ အဖေလယ်သမားကြီး သိသွားကာ ငှက်ကလေးကို အကြင်နာမရှိစွန့်ပစ်လိုက်၍ သည်းအူပြတ်မျှခံစားခဲ့ရပုံ၊ ထို့နောက် နှစ်တွေကြာပြီး လူကြီးတစ်ယောက်ဖြစ်လာသောအခါ ငှက်ကလေးနှင့်ယှဉ်၍ ဖခင်အား မြင်ရပုံကို ယခုကဲ့သို့ဖွဲ့ဆိုထားသည်။ ‘စာကလေးမည်သို့ ဖြစ်သွားသည်ကိုလည်း ကျွန်တော် သတိမရတော့ပါ။ ယခုအနှစ်နှစ်ဆယ်ကြာသည့်အခါမှာပင် ကံဆိုးသောစာကလေးကို သနားသလိုလိုဖြစ်နေပါသည်။ သနားစရာကောင်းလိုက်သည့်စာပေါက်စလေးတစ်ကောင်၊ မိဘ၏ အချစ်ကိုလည်း မတွေ့ရ၊ ညီအစ်ကိုမောင်နှမများ၏အချစ်ကိုလည်း မတွေ့ရ၊ အသိုက်အမြုံနှင့်နွေးထွေးမှုကိုလည်းမတွေ့၊ထိုစဉ်ကမူ ကျွန်တော်သည် အဖေ့ကို တကယ်မုန်းပါသည်။ ယခုမူကျွန်တော် အဖေ့ကို သနားပါသည်။ ကြယ်ရောင်ပျပျထွက်သည်အထိ တကုပ်ကုပ် အလုပ်လုပ်ရသော ပိန်ချုံးနေသည့် လယ်သမားကြီး ကျွန်တော့်အဖေ၊ နောက်ထပ်အသက်ရှည်ရှည်နေရန် မျှော်လင့်ချက်မရှိဖြစ်ခဲ့ရသော ကျွန်တော့်အဖေကိုပြန်၍မြင်ယောင်မိတိုင်း ကျွန်တော့်ရင်ထဲတွင် နာကျင်နေပါသည်’ ဟူ၍ ဒဿနတစ်ရပ်ကို ထားရှိခဲ့ပါ၏။ ထိုအက်ဆေးနှစ်ပုဒ်လုံးကို ဆရာမြသန်းတင့် ဘာသာပြန်ဆိုခဲ့ပါသည်။

ကျွန်တော်တို့သည် နှစ်သက်ရာ အက်ဆေးလေးများဆီအေးအေးလူလူအရောက်သွားပြီးတိတ်ဆိတ်ငြိမ်သက်စွာဖြင့်လူမသိ၊သူမသိခေတ္တမျှနေထိုင်နိုင်ပါ၏။ ပြီးလျှင်တော့ . . . ဘဝထဲသို့သာပြန်သွားရပါမည်။ ။

နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
ရည်ရွယ်ချက်
နီလာဘုရားဖူးအဖွဲ့သည် “ဗုဒ္ဓဘာသာဝင်တိုင်းဗုဒ္ဓဂယာသို့ရောက်ရှိဖူးမျှော်နိုင်ရမည်” ဟုဆန္ဒဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
ဗုဒ္ဓဂယာခရီးစဉ် —(၇)ရက်ခရီး - ၈.၅ သိန်း၊ (၁၂)ရက်ခရီး - ၉ သိန်း၊ (၁၅)ရက်ခရီး -၁၀သိန်း၊
အောက်တိုဘာလဆန်းမှ မေလအထိ တနင်္လာ ၊ ဗုဒ္ဓဟူး ၊ သောကြာ ၊ စနေ အပတ်စဉ် ထွက်ရှိပါမည်။
သီရိလင်္ကာ + ဘန်ကောက်ခရီးစဉ် (၇) ရက်ခရီး — (၁၂.၅) သိန်း
(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
ခရီးစဉ်အားလုံးသည် စရိတ်ငြိမ်းဖြစ်ပါသည်၊ ဘုရားဖူးများဘက်မှ လှူဒါန်းရန်နှင့်ဈေးဝယ်ရန်အတွက်သာကုန်ကျမည် ဖြစ်ပါသည်။
မည်သည့် ခရီးစဉ်မဆို ဟိုတယ်(အိပ် / စား) သီးသန့် သွားရောက်လိုသူများကိုလည်း အထူး စီစဉ်ပေးပါသည်။
နယ်မှဘုရားဖူးခရီးသည်များကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(စုံတော်ဘားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။
၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊၀၉-၄၀၃ ၇၄၄၄၀၄ ၊ ၀၉-၄၂၈ ၂၁၇၂၅၁

ဝန်ထမ်းအလိုရှိသည်
ယာဉ်မောင်း ကျား (၂) ဦး
- အသက် (၄၀) နှစ်အောက်၊ အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံ (၅) နှစ်အထက်ရှိရမည်။ အော်တိုဂီယာမောင်းနိုင်ရမည်။
- အကျင့်စာရိတ္တနှင့် ကျန်းမာရေး ကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနိုင်ရမည်။
- အခြေခံလခစာ (၁၂၀၀၀၀) ကျပ်၊ စနေနှင့် တနင်္ဂနွေနားရက် ခံစားခွင့်ရှိသည်။
- ထမင်းစရိတ် နှင့် လမ်းစရိတ်ခံစားခွင့်ရှိသည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်းစာရင်းမိတ္တူတို့နှင့်အတူ (၁၅.၁၀.၁၃) နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။
INFORMATIONMATRIX INNOVATING FOR THE FUTURE
ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

IFC International Finance Corporation World Bank Group

VACANCY ANNOUNCEMENT

IFC, a member of the World Bank Group, is the largest global development institution focused exclusively on the private sector. Working with private enterprises in more than 100 countries, we use our capital, expertise, and influence to help eliminate extreme poverty and promote shared prosperity. In FY13, our investments climbed to an all-time high of nearly $25 billion, leveraging the power of the private sector to create jobs and tackle the world's most pressing development challenges. For more information, visit www.ifc.org.

IFC's strategy in Myanmar focuses on: (i) strengthening the role of the private sector and in particular MSMEs in creating economic opportunity; (ii) promoting inclusive growth; (iii) supporting the country's economic reform process; and (iv) addressing Myanmar's infrastructure needs.

Global Financial Markets is IFC's largest investment group, which is responsible for sourcing executing and supporting investment transactions in projects in the financial sector globally. We are one of the largest investors in the financial sector in emerging markets and are unique for our global perspective, development goals, long-term approach to investments, ability to leverage the resources of the entire World Bank Group, and our commitment to maximizing the value of our portfolio companies through sustained assistance. To strengthen our financial sector investment team in Myanmar, we are seeking an experienced **local Associate Investment Officer/Investment Officer** to be based in our Yangon Office.

As part of the Myanmar and Mekong team as well as the regional Financial Markets team, **the Associate Investment Officer/Investment Officer** will lead business development, execute transactions, and actively manage portfolio projects in the financial sector. He/she will establish and maintain strong relationships, at the highest levels, with banks and non-bank financial institutions, investors as well as with governmental and non-governmental organizations.

Interested candidates should review the complete job description and selection criteria and apply on-line at http://www.ifc.org/careers and choose vacancy number **132109**. Please note that you need to register before submitting your application. The closing date is **16th October 2013**. Only applicants selected for interview will be contacted.

ORIENT CLINIC အရှေ့တိုင်းဆေးခန်း
အရှေ့တိုင်း ဆေးခန်းတွင် အပြင်လိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ စအိုကွဲအက်ခြင်း၊ စအိုဝန်းကျင် ကိုက်ခဲခြင်း၊ ကျင်ကြီးစွန့်ရာ၌ သွေးထွက်ခြင်း စသည့် စအိုအမကြီး ရောဂါတို့ကိုခေတ်မီစက်ကိရိယာများဖြင့် ဆေးရုံတက်ရန် မလိုဘဲ တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင်အထူးကုသ ပေးပါသည်။ HPV ရောဂါပိုးကြောင့် ဖြစ်သွားသော ညိုစိုစိုအနံ့ရှိသည့်ဂေါ်ဖီပန်းပွင့်ပုံသဏ္ဍာန်လိင်အင်္ဂါကြွက်နို့ရောဂါသည် ကူးစက်ပျံ့နှံ့လွယ်ပြီး မကုသပါက ကင်ဆာရောဂါသို့ ပြောင်းလဲသွားနိုင်ပါသည်။ အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများဖြင့် တိုင်းရင်းဆေးကို အသုံးပြုပြီး လိင်အင်္ဂါကြွက်နို့များကို ကင်းဆင်ပျောက်ကင်းသွားအောင် အထူးကုသပေးလျက်ရှိပါသည်။ သုက်လွှတ်မြန်ခြင်း၊ ပန်းသေပန်းညှိုးရောဂါ၊ ကာမဆန္ဒအားနည်းခြင်း၊ ဆီးသွားရာတွင် နာကျင်ကိုက်ခဲခြင်း၊ ပြည်ယိုခြင်း၊ သွေးထွက်ခြင်းတို့ကိုလည်း တိုင်းရင်းဆေးဝါးများဖြင့် နေ့စဉ် နံနက် ၈း၃၀ မှ ည ၈း၃၀ အထိ ကုသပေးလျက်ရှိပါသည်။ ထို့အပြင် - အာရုံကြောဆိုင်ရာ လေဖြတ်၊ လေဖြန်း၊ ထုံကျဉ်ကိုက်ခဲရောဂါများ၊ - ဆီးချို၊ သွေးတိုး၊ နှလုံးဆက်စပ်ရောဂါများ၊ - အရိုး၊ အကြော ၊ အဆစ်ရောဂါများ ၊ - နား၊ နှာခေါင်း (ထိပ်ကပ်နှာအသက်ရှူမဝခြင်း)နှင့် လည်ချောင်းရောဂါများ၊ - အသည်း၊ အစာအိမ်ရောဂါများနှင့် ကင်ဆာရောဂါများကို ခေတ်မီစက်ကိရိယာများ (သဘာဝတိုင်းရင်းပရဆေးဝါးများ)အသုံးပြု၍ ပျောက်ကင်းအောင်၊ သက်သာအောင် စေတနာထားကုသပေးလျက်ရှိပါသည်။
အမှတ် (၃၃၄ / ၃၄၄)၊ အနော်ရထာလမ်း၊ ပုဂံအိမ်ရာ ၁ လမ်းထိပ်၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၁ ၂၂၉၀၉၃၊ ၀၁ ၂၂၇၂၈၅

# Technology

7DAY NEWS JOURNAL

Vol.12, No.30 • OCTOBER 2 , 2013


## Apple iPhone 5S ရွှေရောင်ထွက်ပြီးနောက် Samsung Galaxy S4 ရွှေရောင်ထွက်လာ

**ဆိုးလ်၊ စက်တင်ဘာ-၂၇**

Apple ကုမ္ပဏီက စက်တင်ဘာ ၂၀ ရက်တွင် iPhone 5S ရွှေရောင်ကို ရောင်းချပေးခဲ့ပြီးနောက် အပြိုင်အဆိုင်များသော စမတ်ဖုန်းဈေးကွက်အတွင်း ပြိုင်ဘက် ကုမ္ပဏီကို အမီလိုက်ရန် Samsung ကုမ္ပဏီက ရွှေရောင် Galaxy S4 စမတ်ဖုန်းများ ထုတ်လုပ်ထားသည်။

Galaxy S4 စမတ်ဖုန်းများကို ပန်းရောင်သန်းသော ရွှေရောင်နှင့် ရွှေအိုရောင်တို့ဖြင့် ထုတ်လုပ်ထားပြီး အရှေ့အလယ်ပိုင်းဈေးကွက်များအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်သည်။ ယင်းစမတ်ဖုန်းပုံများကို တောင်ကိုရီးယားနိုင်ငံအခြေစိုက် Samsung ကုမ္ပဏီ၏ မိုဘိုင်းအာရေဘီးယားတွစ်တာဝက်ဘ်ဆိုက်စာမျက်နှာများနှင့် ပင်လယ်ကွေ့ဒေသ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။

ယင်း Galaxy S4 စမတ်ဖုန်းများကို အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံတွင် စတင်ရောင်းချမည်ဖြစ်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရောင်းချမှုကို ယူအေအီးနိုင်ငံ၏ ဈေးကွက်အတွင်း ရောင်းအားပေါ်မူတည်ကာဆုံးဖြတ်သွားမည်ဖြစ်သည်။

Apple ကုမ္ပဏီမှ ရွှေရောင် iPhone 5S ကို ရောင်းချပေးခဲ့ပြီးနောက်ရက်အနည်းငယ်အတွင်း မှာပင် Samsung ကုမ္ပဏီက အရောင်သစ်များဖြင့်ထုတ်လုပ်ထားသော Galaxy S4 စမတ်ဖုန်းများကို ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်သည်။



—*Ref: AFP*

## မိုဘိုင်းဖုန်းမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်ပေးပို့သည့် ဝန်ဆောင်မှု တစ်နှစ်အတွင်းစတင်မည်ဟုဆို

**အောင်သစ်လွင်၊ ဆွေမွန်**
**ရန်ကုန်၊စက်တင်ဘာ-၂၇**

အမေရိကန်အစိုးရ၏ကူညီပံ့ပိုးမှုဖြင့် သဘာဝဘေးအန္တရာယ်သတင်းအချက်အလက်များကို မိုဘိုင်းဖုန်းများမှ တစ်ဆင့်ပေးပို့သတိပေးသည့်ဝန်ဆောင်မှုတစ်နှစ်ကျော်အတွင်း အကောင်အထည်ဖော်သွားနိုင်ရန်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများနှင့် ကြိုတင်သတိပေးချက်များကို မိုဘိုင်းဖုန်းများမှ တစ်ဆင့်သတင်းပေးပို့ခြင်းကို ယခုနှစ်စက်တင်ဘာလမှ စတင်ကာ ၂၀၁၄ ခုနှစ်ဒီဇင်ဘာလအတွင်း စတင်အသုံးပြုနိုင်ရန် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးချစ်ကျော်ကပြောသည်။

"အင်တာနက်ချိတ်ထားတဲ့ ဖုန်းတိုင်းမှာ မြန်မာစာနဲ့ သတင်းပေးပို့နိုင်အောင် လိုအပ်တဲ့ ဆော့ဖ်ဝဲကို အမေရိကန်အစိုးရက ကူညီမှာပါ။ စီမံကိန်းကာလကို ဒီနှစ် စက်တင်ဘာကစပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာအထိသတ်မှတ်ထား ပေမယ့် အဲဒီအတွင်းက ဘယ်အချိန်မှာပြီးမယ်လို့ တိတိကျကျမပြောနိုင်သေးဘူး"ဟုရင်းကပြောသည်။

မိုဘိုင်းဖုန်းများမှ တစ်ဆင့် သတင်းပေးပို့ရာတွင် အင်တာနက်ချိတ်ဆက်ထားပြီး မြန်မာစာစနစ်ကို ကြိုတင်ထည့်သွင်းထားရန် လိုအပ်၍ စီမံချက်အကောင်အထည်ဖော်ပြီးပါက မက်ဆေ့ချ်အဖြစ် အဆိုပါဆော့ဖ်ဝဲကို အခမဲ့ပေးပို့ပေးသွားမည်ဖြစ်ရာ Install လုပ်၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များပေးပို့ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မုန်တိုင်းသတင်းများ၊ မြစ်ရေကြီးသည့်သတင်းများနှင့် အခြားဘေးအန္တရာယ်ဆိုင်ရာသတင်းများကို သဘာဝဘေးမကျရောက်မီ ကြိုတင်ကာကွယ်နိုင်သည့် သတင်းအချက်အလက်များကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် သတင်းများနှင့် ကျရောက်ပြီးပါက နောက်ဆုံးရသတင်းအချက်အလက်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီမိုဘိုင်းဖုန်းများတွင်ကြည့်ရှုနိုင်ရန်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်းညွှန်ကြားရေးမှူး ဦးချစ်ကျော်ကပြောသည်။

## iPhone များ၏ iOS 7ဆော့ဖ်ဝဲက ဖုန်းကို ရေစိုခံနိုင်ဟု ကြော်ငြာအတုထွက်ပေါ်

**ပါရီ၊ စက်တင်ဘာ-၂၇**

Apple ကုမ္ပဏီမှ နောက်ဆုံးထုတ်လုပ်လိုက်သည့် iOS7 ဆော့ဖ်ဝဲဖြစ်သောသည် ဖုန်းများကို ရေစိုခံနိုင်စေကြောင်း လိမ်လည်ကြော်ငြာထားသော ကြော်ငြာအတုကြောင့် စမ်းသပ်ကြည့်ခဲ့သော iPhone အသုံးပြုသူများမှာ လှည့်စားခံလိုက်ရသည်။

ပထမတစ်ချက်ကြည့်လိုက်စဉ် လုံးဝအစစ်အမှန်ဟု ထင်မှတ်ရသော ယင်းကြော်ငြာတွင် iPhone ရှေ့မျက်နှာစာကို ဖော်ပြထားပြီး 4Chan network မှ စတင်ပြသခဲ့ခြင်းဖြစ်သည်။ ယင်းကြော်ငြာတွင် iOS 7 ကို update လုပ်လိုက်ပါက ရေစိုခံနိုင်လာမည်ဟု ရေးသားထားပြီး အရေးပေါ်အခြေအနေတွင် ယင်းဆော့ဖ်ဝဲက ဖုန်း၏ စွမ်းအင်ထောက်ပံ့မှုကို ပိတ်ချလိုက်မည်ဖြစ်၍ iPhone များကို ပျက်စီးခြင်းမှ ကာကွယ်ပေးလိမ့်မည်ဟု ပြောကြားထားသည်။

Apple ကုမ္ပဏီမှနောက်ဆုံးထုတ်လုပ်လိုက်သော iOS 7 တွင် အသွင်အပြင်သစ် Application အများအပြား ပါဝင်သော်လည်း ရေစိုမခံနိုင်ကြောင်း၊ အဆိုပါကြော်ငြာအတုတွင် ပြောကြားသည့်အတိုင်း စမ်းသပ်ကြည့်ခဲ့သည့် တွစ်တာဝက်ဘ်ဆိုက်မှ ဒေါသထွက်နေသော iPhone ပိုင်ရှင်များက သက်သေခံလိမ့်မည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

လက်ရှိအချိန်တွင် ဈေးကွက်အတွင်း အလွယ်တကူ ရရှိနိုင်သည့် ရေစိုခံဖုန်းများမှာ Samsung နှင့် Sony ကုမ္ပဏီမှထုတ်လုပ်သော ဖုန်းများဖြစ်သည်။

4 Chan network သည် ဝက်ဘ်ဆိုက်များ၊ လူမှုရေး ကွန်ရက်များသို့ ထိုးဖောက်ဝင်ရောက်ကာ အသုံးပြုသူများကို လှည့်ဖြားလေ့ရှိသောကြောင့် ကျော်ကြားသည့် ကွန်ရက်တစ်ခုဖြစ်သည်။

—*Ref: AFP*







# iPhone 5S နှင့် 5c မြန်မာနိုင်ငံဈေးကွက်သို့တရားဝင်ဖြန့်ဖြူးပေးခြင်းမရှိသေး

**ဆွေမွန်**
**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

Appleမှ အသစ်ထွက်ရှိသည့် iPhone 5S နှင့် 5Cကို ပြည်တွင်း၌ တရားဝင်ရောင်းချရန်ခွင့်ပြုခြင်း မရှိသေးပဲ ခြောက်လမှ တစ်နှစ်အတွင်းကာလကြာပြီးမှသာ တရားဝင်ရောင်းချခွင့်ရနိုင်ကြောင်း ပြည်တွင်း၌ Apple ပစ္စည်းများတရားဝင်ရောင်းချပေးနေသည့် ဆိုင်မှ သတင်းရရှိသည်။

"လက်ရှိ iPhone 5S နဲ့ 5Cက မြန်မာနိုင်ငံမှာ မရသေးပါဘူး။ လိုချင်ရင်လည်း စင်ကာပူကိုမှာရပါတယ်။ မနေ့တုန်းက မြန်မာနိုင်ငံပေါက်ဈေးက ၁၄သိန်းရှိပါတယ်။ နိုင်ငံခြားမှာဝယ်မယ်ဆိုရင် ဒေါ်လာရှစ်ရာကနေ တစ်ထောင်အထိ ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးမှ ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကပြောသည်။

Apple ကုမ္ပဏီမှ တရားဝင်တင်သွင်းရောင်းချခွင့်ပြုပါက နိုင်ငံတကာတွင် ပုံမှန်သတ်မှတ်ထားသည့် ဈေးဖြင့်သာရောင်းချသွားမည်ဖြစ်ကြောင်း Apple ပစ္စည်းများတရားဝင်ရောင်းချပေးနေသည့် mDriveဆိုင်မှ ကိုမြတ်ထူးကပြောသည်။

"ဒီပစ္စည်းတရားဝင်ရောင်းချဖို့ ခွင့်မပြုသေးတာတော့ ကျွန်တော်တို့အနေနဲ့လည်း ပြောလို့မရပါဘူး။ ဒါက သူတို့ဆုံးဖြတ်တဲ့ကိစ္စဆိုတော့။ ဒါပေမဲ့ ကျွန်တော်ထင်တာတော့ ခြောက်လကနေ တစ်နှစ်အတွင်းလောက်မှာ အဆင်ပြေနိုင်မယ်လို့ ထင်ပါတယ်" ဟု ၎င်းကပြောသည်။

စက်တင်ဘာလအတွင်းက Apple ကုမ္ပဏီမှ စတင်မိတ်ဆက်ရောင်းချခဲ့သည့် iPhone 5S နှင့် 5Cမှာ ပြည်တွင်းတွင်မှောင်ခိုတင်သွင်းရောင်းချမှုများရှိနေခြင်းကြောင့် ကျပ် ၁၄သိန်းဝန်းကျင်ဖြင့် ရောင်းချမှုများ ရှိနေခြင်းဖြစ်ကြောင်း စုံစမ်းသိရသည်။




*အက်ပဲလ်ပစ္စည်းများ တရားဝင်ရောင်းချခွင့်ရရှိထားသည့် mDriveဆိုင် မိတ်ဆက်ပွဲအခမ်းအနားကျင်းပစဉ်*




# ဆက်သွယ်ရေးလုပ်ငန်းတွင် ကြုံရမည့် လျှပ်စစ်မီးပြဿနာအတွက် ကိုယ်ပိုင်လျှပ်စစ်စွမ်းအင်များ ထုတ်မည်ဟု တယ်လီနောပြော

**ဆွေမွန်**
**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

ဆက်သွယ်ရေးလုပ်ငန်းအတွက် ကြုံတွေ့ရမည့်လျှပ်စစ်မီးပြဿနာအတွက်တယ်လီနောမြန်မာကုမ္ပဏီအနေဖြင့် ကိုယ်ပိုင်လျှပ်စစ်စွမ်းအင်များထုတ်လုပ်သုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လျှပ်စစ်နဲ့ပတ်သက်ပြီးအခြားအာရှနိုင်ငံတွေမှာ ကြုံတွေ့ရတဲ့ အတွေ့အကြုံလည်းရှိပါတယ်။ ဘယ်လိုလျှပ်စစ်မျိုးသုံးမလဲဆိုတော့ စွမ်းအင်ပြန်လည်အသုံးပြုလို့ရမယ့် Renewable Energy မျိုးသုံးမယ်။ အများဆုံးတော့ ဒီဇယ်ကိုအခြေခံထားတဲ့ လျှပ်စစ်မျိုးသုံးမယ်"ဟု Telenor Group ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် Mr. Baksaasကပြောသည်။

လက်ရှိ မြန်မာနိုင်ငံမှာ တယ်လီနောကုမ္ပဏီမှ အော်ပရေတာလုပ်ငန်းများလုပ်ကိုင်ပေးနေသည့် ပါကစ္စတန်နိုင်ငံနှင့်ဆင်တူပြီး ထိုသို့လျှပ်စစ်မီးခက်ခဲ့သည့်နိုင်ငံများတွင် အဆိုပါနည်းစနစ်များဖြင့်သာ လျှပ်စစ်မီးထုတ်လုပ်သုံးစွဲလျက်ရှိရာအောင်မြင်အောင်လုပ်ဆောင်နိုင်ပြီး အခြားသောလျှပ်စစ်မီးရရှိနိုင်မည့် နည်းလမ်းများကိုရရှိအောင်ဆောင်ရွက်နေကြောင်း တယ်လီနောကုမ္ပဏီမှသိရသည်။

ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများစတင်ဆောင်ရွက်ရာတွင် အဆိုပါ ပြန်လည်အသုံးပြုနိုင်သည့် စွမ်းအင်များနှင့် ဒီဇယ်ဖြင့်လျှပ်စစ်မီးရရှိရန်လုပ်ကိုင်မည်ဖြစ်သော်လည်း အစိုးရထံမှ လျှပ်စစ်မီးလုံလောက်စွာရရှိပါက ပြည်တွင်းမှ လျှပ်စစ်ကို သုံးစွဲပြီးလုပ်ငန်းဆောင်ရွက်သွားမည်ဟုယင်းကုမ္ပဏီဥက္ကဋ္ဌကပြောသည်။

"တခြားနိုင်ငံသုံးတဲ့ Solutionတွေကို ဒီမှာလာသုံးတာ။ အာရှဒေသတွေကလည်းနည်းနည်းဆင်တယ်။ အတွေ့အကြုံတွေအားလုံးကိုမျှပြီး သုံးလို့ရတယ်။ ဒီလိုမျိုးသုံးတဲ့အခါမှာလည်း ဈေးကွက်ထဲမှာရှိတဲ့ ကိုယ်နဲ့တူတူလျှပ်စစ်မီးလိုနေတဲ့ တခြားသူတွေကိုလည်း Shar လုပ်ပြီးတော့ သုံးနိုင်တဲ့ Principle ရှိတယ်"ဟု Mr.Baksaasက ပြောသည်။

ပြည်တွင်း၌ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ရန်အတွက် ပြည်တွင်းပြည်ပကုမ္ပဏီများ လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်းမှာ ခက်ခဲမှုဖြစ်ပြီး စတင်လုပ်ကိုင်မည့်အချိန်တွင် ရရှိသည့် လျှပ်စစ်မီးများဖြင့်သာ သုံးစွဲနိုင်မည့် နည်းပညာများလည်း ရှာဖွေအသုံးပြုသွားမည်ဖြစ်ကြောင်း အော်ပရေတာ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသည့် ကုမ္ပဏီများကပြောသည်။

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013




# “အရင်တုန်းကလည်း လက်မှတ်ထိုးပြီးပြီလေ၊ ပြည်နယ်အဆင့်ရော ပြည်ထောင်စုအဆင့်ရောထိုးပြီးပြီလေ ဒါပေမဲ့ အခုဒါက အတည်မဖြစ်ဘူးဖြစ်နေတယ်လေ”

## ရှမ်းပြည်တိုးတက်ရေးပါတီ နာယက ဒုတိယဗိုလ်ချုပ်ကြီး ဆေထင်နှင့် တွေ့ဆုံခြင်း

**အိဖြူလွင်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် စက်တင်ဘာ ၂၁ ရက်က စတင် ကျင်းပသည့် ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာသော အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားပြီး ဖြစ်သည့် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA နာယက ဒုတိယဗိုလ်ချုပ်ကြီးဆေထင်နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း၏ ရှေ့ဆက်သွားမည့် ပုံစံများကို 7 Day News က သီးသန့်တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ- အိဖြူလွင်

**SSPP နဲ့၊ တပ်နဲ့၊ တပ်မတော် နဲ့ လက်ရှိ ဒီမနက်ထိ တိုက်ပွဲတွေ ဖြစ်နေသေးတဲ့အပေါ်မှာ ဘယ်လို ပြောချင်ပါသလဲ။**

တိုက်ပွဲတွေ ဆက်ဖြစ်နေတာက ကျွန်တော်တို့ထိုးထားတဲ့ စာချုပ်ပေါ်မှာ ကတိမတည်ဘူး သဘောဖြစ်နေတာပေ့ါ။

**ဒါဆိုရင် နောက်ထပ် တစ်နိုင်ငံလုံး ပြည်ထောင်စုအဆင့် လက်မှတ်ထိုးဖို့ကရော SSPP အနေနဲ့ ဘယ်လိုဖြစ်နိုင်မလဲ။**

အဲဒါကတော့ စဉ်းစားရဦးမယ်။ တစ်နိုင်ငံလုံးလက်မှတ်ရေးထိုးဖို့နဲ့ပတ်သက်ပြီးတော့ သူတို့တွေ မရိုးသားတဲ့အချက်တွေ နည်းနည်းရှိတယ်။ အဲဒီမှာ သူတို့ စာအုပ်ကြီးဖွင့်ထားမယ်။ ထိုးချင်တဲ့သူထိုး၊ မထိုးချင်တဲ့သူ မထိုးဆိုတာက ဒါထိုးရင်လည်း အားလုံးထိုးပေ့ါ။ မထိုးရင်လည်း အားလုံးမထိုးနဲ့ပေ့ါ။ အဲဒါက လက်မှတ်ထိုးပွဲနဲ့လည်း မတူဘူးလေ။ သံသယရှိစရာအချက်အလက်တွေ ရှိနေတယ်လေ။ ဒါကြောင့် ဒါတော်တော်စဉ်းစားရမယ့် ပြဿနာဖြစ်ပါတယ်။

**အဲဒီတော့ SSPP အနေနဲ့ လက်မှတ်ထိုးဖို့ကို မသေချာသေးဘူးလို့ ဆိုလိုတာလား။**

ဟုတ်တယ်။ ဒီလက်မှတ်ထိုးပွဲမှာ ပါဖို့၊ မပါဖို့က မသေချာသေးပါဘူး။ ဘယ်လိုအချက်တွေကို အစိုးရဘက်က ပြင်ပေးမယ်ဆိုရင် လက်မှတ်ထိုးပွဲမှာပါပြီး ထိုးဖြစ်မလဲ။ အဓိက အရေးကြီးတာကတော့ လက်မှတ်ရေးထိုးပွဲပြီးမှ အပစ်အခတ်မဖြစ်ဖို့ဘဲ။ အရင်တုန်းကလည်း လက်မှတ်ထိုးပြီးပြီလေ။ ပြည်နယ်အဆင့်ရော၊ ပြည်ထောင်စုအဆင့်ရောထိုးပြီးပြီလေ။ ဒါပေမဲ့ အခုဒါက အတည်မဖြစ်ဘူးဖြစ်နေတယ်လေ။ အစိုးရရယ်၊ တပ်ရယ်၊ လွှတ်တော်ရယ် သူတို့ ပူးပေါင်းဆောင်ရွက်မှုတွေ ပျောက်နေတယ်လို့ထင်တယ်။

**လက်မှတ်ထိုးပြီးသွားရင်ပဲဖြစ်ဖြစ် အားလုံးငြိမ်းချမ်းရေးရပြီးရင် ရှမ်းပြည်တပ်မတော် SSPP/SSA အနေနဲ့ ဘယ်လိုပုံစံနဲ့ ရပ်တည်ဖြစ်မလဲ။**

လက်မှတ်ရေးထိုးရုံနဲ့ ငြိမ်းချမ်းရေးရတာမဟုတ်ဘူး။ အဘတို့ ခံယူထားတာကတော့ ဒီလက်မှတ်ထိုးတာ၊ မထိုးတာ မဟုတ်ဘူး။ ၆ ရက်နေ့က ဦးရွှေမန်းနဲ့တွေ့တုန်းကလည်း ပြောခဲ့တယ်။ လက်မှတ်ရေးထိုးတာ အဓိကမဟုတ်ဘူး။ political solution နိုင်ငံရေးဆွေးနွေးပွဲလုပ်ပြီးတော့ နိုင်ငံရေးပြဿနာတွေ ပြေလည်သွားမယ်ဆိုရင် လက်မှတ်ထိုးဖို့မလိုဘူး။ ဒီပြည်တွင်း စစ်ရပ်အောင်လုပ်လို့ရတယ်။ လက်မှတ်ထိုးရုံနဲ့ပြည်တွင်းစစ်မရပ်ဘူး။ စစ်ရပ်တဲ့အထိ နိုင်ငံရေးလုပ်ဆောင်မှုတွေ ပြေလည်သည်အထိ အဘတို့က လက်နက်ကိုင်ထားရဦးမှာပါပဲ။

**နိုင်ငံရေးဆွေးနွေးပွဲမှာ ဘယ်လိုအချက်ကို အဓိက တင်ပြဖို့ရှိလဲ။**

နိုင်ငံရေးဆွေးနွေးပွဲမှာ ဒီနိုင်ငံရေးပြေလည်ဖို့က ဗမာပြည်မှာ ဖြစ်နေတဲ့ constitutional crashing ပေ့ါ။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စတွေပဲ။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေကတည်းက ပြည်ထောင်စုစစ်မှုဖြစ်မယ်။ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံခဲ့ရင် power sharing, resource sharing တွေသာ တူညီမှုဖြစ်လာပြီးတော့မှ ပြည်တွင်းစစ်လည်း ဖြစ်လာစရာအကြောင်းမရှိဘူး။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံကို တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ဒီမိုကရေစီဖက်ဒရယ်ဖြစ်ရေးကိုပဲ ဦးတည်ရမှာပဲ။

**အခြေခံဥပဒေကလည်း ပြင်ဆင်ရေးနဲ့ အသစ်ရေးဆွဲဖို့ လမ်းနှစ်လမ်းဖြစ်နေပါတယ်။ SSPP က ဘယ်လမ်းကို ရွေးမလဲ။**

ဒီညီလာခံမှာ အားလုံးရဲ့သဘောထားက ဖွဲ့စည်းပုံကို အဟောင်းကြီးကိုပြင်မယ့် အစားအဟောင်းကြီးဖျက်ပစ် အသစ်ရေးဆိုတာပိုပြီး ပီပြင်တယ်၊ ပိုပြီးလှမယ်လို့ ထင်ပါတယ်။

**SSPP က တိုက်ပွဲတွေ မရှိတော့ဘူးဆိုရင်တပ်ကိုဘယ်လိုအနေအထား ဘယ်လိုပုံစံနဲ့ ဆက်ရှိမလဲ။**

မျှော်မှန်းထားတော့ နောက်နောင်ဖက်ဒရယ် ယူနီယံအာမီရှိမယ်။ တပ်ကိုလည်း ပြောင်းရမှာပဲ။ လူမျိုးစုတွေရဲ့ အကျိုးကို ကာကွယ်တဲ့တပ်ဖြစ်သင့်တယ်လေ။ အခု တပ်ကတော့ လက်တစ်ဆုပ်စာ အာဏာရှင်တွေကို ကာကွယ်တဲ့ တပ်ဖြစ်နေတယ်။ ဗမာပြည်သူတွေရော၊ ရှမ်းပြည်သူတွေရော ကာကွယ်တဲ့ တပ်ဖြစ်သင့်တယ်လေ။ နောင်လာမယ့် ဖက်ဒရယ်မူအောက်မှာဆိုရင် သက်ဆိုင်ရာပြည်နယ်တွေရဲ့လုံခြုံရေးတပ်တွေလိုတယ်။ အဲဒီလုံခြုံရေးတပ်တွေမှာ ဆက်လက်ပြီး တာဝန်ထမ်းဆောင်ဖို့တော့ ရည်ရွယ်ချက်ရှိပါတယ်။

**အဲဒီအချိန်မှာရော ရှမ်းတပ်မတော် အချင်းချင်းပေါင်းစည်းဖို့ ဆိုတာ ဖြစ်လာမှာလား။**

ဒါကတော့ အားလုံးပေါင်းရမှာပေ့ါ။ အခုလည်းပဲ ပေါင်းနိုင်အောင် နည်းလမ်းတွေ ရှာနေပါတယ်။

**တပ်က ပေါင်းစည်းသွားပြီဆိုရင် ရှမ်းပြည်က ပြည်နယ်တွေမှာ အကြီးဆုံးပြည်နယ်ဖြစ်နေပြီး လူမျိုးစုလည်း အများဆုံးရှိတဲ့အတွက် နိုင်ငံရေးပိုင်း ပေါင်းစည်းဖို့ရောရှိလား။**

အဓိက အရေးကြီးတာကတော့ နိုင်ငံရေးပြေလည်ဖို့ပါ။ နောင်ကျင့်သုံးမယ့် အမျိုးသားရေးပေါ်လစီပေါ်မှာ မူတည်တာပေ့ါ။ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေါ်မှာ တချို့တွေလည်း ဒီအခွင့်အရေးတွေ ခံစားရတယ်။ အဲဒီအခြေအနေအောက်မှာ တခြားလူမျိုးငယ်လေးတွေ သူ့လူမျိုးကိုလား ဟူဆိုရင်လည်း လားဟူကိုပေးခိုင်းလိုက်၊ လီရှောဆိုလည်းလီရှော၊ တိုင်းလိုင်ဆိုလည်း သူတို့ငယ်တော့ မြို့နယ်တန်လည်းမြို့နယ် တိုက်နယ်တန်လည်း တိုက်နယ်ပေ့ါလည်း သူ့ဟာနဲ့သူ သူ့လူမျိုးနဲ့သူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်။ ဒါဆိုရင် ပြေလည်နိုင်မယ်လို့တော့ အဘထင်တယ်။

**ရှမ်းပြည်မှာ လက်နက်ကိုင်အဖွဲ့တွေရော၊ နိုင်ငံရေးပါတီတွေရော အများကြီးဖြစ်နေပြီး ခုချိန်ထိ မပေါင်းစည်းနိုင်သေးတာက ဘာကြောင့် များပါလဲ။**

ဒါကတော့ အမြင်လေးတွေပါ။ သူ့အမြင်၊ ကိုယ့်အမြင်ရှိကြတာပေ့ါ။ တူညီတဲ့ အမြင်တွေရရှိအောင်တော့ လုပ်နေပါတယ်။ ဒါဆိုရင် အခုအခြေအနေက ၂၀၁၅ ရွေးကောက်ပွဲမှာ ရှမ်းပြည်သူလူထုအပေါ် ဘယ်လောက်အကျိုးသက်ရောက်မှုရှိနိုင်မလဲ။ ဒါက မရှိနိုင်ပါဘူး။ အဓိကအရေးကြီးတာက ပြည်ထောင်စုဖွဲ့စည်းပုံပဲ ပြည်ထောင်စုဖွဲ့စည်းပုံပြေလည်သွားရင် တခြားဟာတွေက ညှိယူလို့ရတယ်လေ။

**SSPP အနေနဲ့ နိုင်ငံရေးလောကထဲကိုဝင်ဖို့ အစီအစဉ် ရှိပါသလား။**

အခုလောလောဆယ်က ထဲမှာ နိုင်ငံရေးဦးဆောင်တာကတော့ SNLD ပေ့ါ။ SNLD နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ SSPP အနေနဲ့ ပါတီဖွဲ့ဖို့ နိုင်ငံရေးလောကထဲဝင်ဖို့ အစီအစဉ်မရှိပါဘူး။ ပူးပေါင်းဆောင်ရွက်မယ်၊ SNLD ကို အားဖြည့်မယ်၊ ဝန်းရံမယ်ပေ့ါ။

**နိုင်ငံတစ်နိုင်ငံမှာ ပြည်ထောင်စုတပ်မတော်တစ်ခုပဲရှိရမယ်လို့ ပြောပါတယ်။ ဒါကြောင့် တပ်တွေ ပေါင်းစည်းပြီးတဲ့ တိုင်းရင်းသားတွေကို တပ်မှာ နေရာမပေးဘူး။ ခွဲခြားဆက်ဆံတာတွေ ရှိတယ်ဆိုတဲ့ ကိစ္စတွေက ဘယ်လောက်ထိ အကျိုးသက်ရောက်နိုင်မလဲ။**

ဒါက အများကြီး သက်ရောက်ပါတယ်။ ဒီတပ် ဘယ်သူ့ကို အလုပ်အကျွေးပြုမှာလဲ။ ဘယ်သူ့ကို ကာကွယ်မလဲ။ ဒီတပ်က လက်တစ်ဆုပ်စာအာဏာရှင်တွေကိုပဲ ကာကွယ်နေတယ်။ လက်တစ်ဆုပ်စာ လူတွေကိုပဲ အကျိုးပြုနေတော့ ဒါကတော့ အခုခေတ်နဲ့ မကိုက်ညီဘူး။ ဒါကြောင့် SSPP က ပြည်ထောင်စုတပ်ရဲ့ အစိတ်အပိုင်းအနေနဲ့ မဖြစ်ဘဲ ပြည်နယ်လုံခြုံရေးအနေနဲ့ပဲရှိမှာပါ။

**အ.ထ.က ပွင့်ဖြူ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း - ပွင့်ဖြူတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစား ယူသွားခဲ့ကြသော အသက် (၆၀) ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီး (၈၆) ဦးအား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို **အ.ထ.က - ပွင့်ဖြူစုဝေးခန်းမတွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ း ၃၀ နာရီ၌** ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် ကျင်းပရေးကော်မတီမှ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အိတ်ပိတ်တင်ဒါခေါ်ယူခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ချောင်းသာကမ်းခြေတွင် လာရောက်အပန်းဖြေသူ ဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းနိုင်စေရန် ရည်ရွယ်၍ Permament floating buoy line (safety line) one set တပ်ဆင်ခြင်းကို ပြုလုပ်လိုပါ၍ စိတ်ပါဝင်စားသူများ အိတ်ပိတ်တင်ဒါ ပေးသွင်းနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက် - (၁၂.၁၀.၂၀၁၃)
တင်ဒါတင်သွင်းရန်နေရာ - အမှတ်(၉၉)၊ အခန်း(4B)၊ ၄လွှာ၊ Lamai Condo၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း - ၀၁၅၂၃၉၈၈

**ဝန်ထမ်းအမြန်အလိုရှိသည်**


ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိပုဂ္ဂလိကဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန်
**(၁) ဆေးရုံအုပ် (Medical Supervisor)** **ကျား/မ(၁)ဦး**
- အငြိမ်းစားဆေးရုံအုပ်ဖြစ်ရမည်။
**(၂) Medical Officer** **ကျား/မ(၃)ဦး**
- M.B.B.S ဘွဲ့ရ ဆ/မ လက်မှတ်ရှိပြီး နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
ညှိနှိုင်းလစာ၊ နေရာစီစဉ်ပေးမည်။
**နောက်ဆုံးဆက်သွယ်ရမည့်နေ့ - (၁၁-၁၀-၂၀၁၃)**
**ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၀၀၁)၊ ပြည်လမ်း၊ (၁၀)မိုင်၊ အင်းစိန်၊ ရန်ကုန်တိုင်း။**
**ဖုန်း - ၀၁-၆၄၄၈၉၅၊ ၀၁-၆၅၅၂၄၂၊ ၀၉-၇၃၃၇၅၇၇၇**
**Email : 777headoffice@gmail.com**

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

(ယခင်အပတ်မှ အဆက်)

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်




နှစ်ဦးသားပန်းခြံမှပြန်ချိန်တွင်ကားလမ်းပေါ်မှာကားတွေအတော်ရှုပ်နေခဲ့ပြီ။ ပန်းခြံရှေ့မှာ စာသင်ကျောင်းရှိနေ၍ ပိုရှုပ်သည်။ တူညီကျောင်းဝတ်စုံနှင့် ကလေးငယ်များကို ဆိုင်ကယ်နှင့်တစ်မျိုး၊ ကားနှင့်တစ်ဖုံ လိုက်ပို့နေကြသည့် ကျောင်းသားမိဘများကို တွေ့နေရသည်။ နံနက် ၇ နာရီဝန်းကျင်ရှိရော့မည်။

**အခန်း(၇)**

**ဘဝတာတိုတိုမှာ အရသာချိုချိုရှာ**

ရွှေထီးဆောင်းစဉ်အချိန်များက ကိုသက်ခိုင် မည်သို့မည်ပုံနေထိုင်ခဲ့လေသည်ကို ကျွန်တော်မသိချေ။ ကျွန်တော်နှင့် တရင်းတနှီးနေရစဉ် ကာလများတွင်မူ ကိုသက်ခိုင်သည် အနေအစားရိုးသူဖြစ်သည်။ အလုပ်တစ်ခုကို ကိုယ်တိုင်လုပ်ရမှ ကျေနပ်သူဖြစ်၏။ လမ်းလျှောက်ရာမှအပြန်ရေမိုးချိုးပြီးချိန်တွင် ကိုသက်ခိုင်သည် နံနက်စာကို သူကိုယ်တိုင်စီမံသည်။ အထွေအထူးတော့မဟုတ်။ ဆီမပါသလောက်ဖြစ်သော ပဲပြုတ်ထမင်းကြော်နှင့် ကော်ဖီတစ်ခွက်စီသာဖြစ်ပါ၏။

'နေပါဦးဗျ။ ကိုကျော်စိုးပြောပြတဲ့ ခင်ဗျားဘဝမှာ မမေ့နိုင်တဲ့ စကားတစ်ခွန်းဆိုတာ ဘာများပါလိမ့်' 'သိပ်အထူးအဆန်းတော့မဟုတ်ဘူးဗျ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ စွဲနေတယ် ကိုကျော်စိုးဟာ အရပ်အမောင်းမြင့်တယ်။ ကိုယ်လုံးကိုယ်ပေါက်ကြီးတယ်။ လိုရင်းပြောရရင် ဝတဲ့လူစာရင်းမှာပါတယ်ဆိုပါတော့။ ကျွန်တော်က စင်ကာပူဗီဇာရဖို့သူ့အကူအညီနဲ့ ဟိုသွား၊ ဒီသွားကာလတွေမှာ သူနဲ့ ကျွန်တော်စကားတွေအများကြီးပြောဖြစ်တယ်။ သူကအစားအသောက်ကောင်းတော့ အတော်ကြိုက်ရှာတယ်။ ကျွန်တော်က သူစားချင်တာမှန်သမျှ ဒကာခံတော့ ဘန်ကောက်မာပိုကရောင်းကုန်တိုက်ထဲက (MK)ဆိုင်မှာထိုင်ကြရင်းအစားအသောက်နဲ့ပတ်သက်တဲ့ အကြောင်းအရာတစ်ခုကိုရောက်သွားရောဆိုပါတော့။ သူဟာငယ်စဉ်ဘဝက အတော်ဆင်းရဲခဲ့တယ်တဲ့။ အဲဒီတော့ စားချင်တာစားလို့မရဘူး။ သူကခေါက်ဆွဲကြော်အရမ်းကြိုက်တယ်ဆိုပဲ။ ဒါပေမဲ့ သူငယ်ငယ်တုန်းက သူကြိုက်တဲ့ခေါက်ဆွဲကြော်ကို အားရပါးရတဝကြီး မစားခဲ့ရဘူးတဲ့။ အခုချမ်းသာနေပြီ။ စားချင်တာစားနိုင်နေပြီ။ ဒါပေမဲ့ သူကြိုက်တဲ့ ခေါက်ဆွဲကြော်ကို အဝစားနိုင်တဲ့အခွင့်အရေးမရှိပြန်ဘူးတဲ့။ ကျွန်တော်က အံ့သြတကြီးနဲ့ ခေါက်ဆွဲကြော်စားချင်တာများ ရေးကြီးခွင်ကျယ်လုပ်လို့ ကိုကျော်စိုးရာ၊ ကျွန်တော်ဝယ်ကျွေးပါ့မယ်လည်းဆိုရော. . .၊ ဟော့ကောင် သက်ခိုင်၊ ငါ့မှာ ဆီးချိုရော၊ ကျောက်ကပ်၊ နှလုံးရောဂါစုံဝင်နေတာဟ၊ ခေါက်ဆွဲကြော်ရော ကျန်တဲ့ဘာအစားမဆို တဝတပြစားလို့မရဘူးတဲ့။

သူကတော့ အမှတ်မထင်ပြောလိုက်တာပါပဲ။ ကျွန်တော့်စိတ်ထဲမှာတော့ အတော်ကိုတွေးတောစရာဖြစ်ကျန်ခဲ့တယ်။ လောကကြီးရဲ့ သရော်လှောင်ပြောင်မှုကြီးပါလား။ နေပျော်တဲ့ဘဝ၊ ပြည့်စုံတဲ့ဘဝဆိုတာ ဘာလဲ။ ငွေဟာဘဝရဲ့ဘယ်အဆင့်အခြေမှာရှိနေသလဲ။ စိတ်ရောကိုယ်ပါ ရွှင်လန်းချမ်းမြေ့ခြင်းကင်းတဲ့ဘဝမှာ ပိုင်ဆိုင်နေတဲ့ ဥစ္စာဓနဟာ ဘာအသုံးဝင်သလဲ။ ကျွန်တော်အရှည်ကြီးလျှောက်တွေးနေဖြစ်ခဲ့တယ်ဗျာ'

'ခင်ဗျားပြောနေတာ ငွေအကြောင်းရောက်လာတော့ တစ်ခုမေးချင်သေးတယ်။ ခင်ဗျား ရဲဘက်မှာနေခဲ့ရတယ်။ စီးပွားပျက်သွားတယ် ။အခုတိုင်းပြည်အပြင်ထွက်လာတော့ အခြေတကျနေထိုင်ဖို့ပိုက်ဆံက ဘယ်ကနေထွက်လာတုန်းဗျ' "အင်း မပြီးမပြတ်သေးတဲ့ သာသနာ့ရိပ်သာလမ်းအမွေဆိုင်အမှုက ကျွန်တော့်ဝေစုကို ခွဲပေးဖို့ ကိုလှမောင်ရွှေနဲ့ ဦးကြီးစိန်တို့ဆီ စာလှမ်းရေးရတာပေါ့။ ကျွန်တော့်ဘဝက လမ်းဆုံးနေပြီမို့ ဘယ်လောက်တန်တန် ကျွန်တော် စိတ်မဝင်စားနိုင်တော့ပါဘူး။ သူတို့ဘက်ကလည်း ကျွန်တော်တို့ သဘောတူထားတဲ့အတိုင်း သိန်းထောင့်ခုနစ်ရာကို လွှဲပေးလိုက်တော့ စာရင်းတစ်ခုရှင်းရောဆိုပါတော့ဗျာ။ တစ်ခုတော့ ပြောပါရစေဗျာ။ အခုဒီလူတွေ ကျိုကျိုတက်ချမ်းသာကုန်ပြီ။ သမ္မတအကြံပေးလိုနေရာမျိုးကို ရောက်နေပြီမို့ သူတို့အကြောင်း လူအထင်ကြီးခံရရုံ လျှောက်ပြောနေတာမျိုးအထင်မခံချင်တော့ဘူး။ ဘဝဟောင်းကို ကျွန်တော်မေ့ချင်ပြီ။ သူတို့ကိုကြောက်စရာဘာအကြောင်းမှ ကျွန်တော့်မှာမရှိဘူး။ ကျွန်တော်စိတ်ထဲမှာ ဘဝတစ်ခုထူထောင်ဖို့ ကူညီပေးလိုက်တယ်လို့ပဲ မှတ်ပါတယ်။ သူတို့ကိုကျေးဇူးတင်တယ်။ သူတို့ဘက်က ပြောသံဆိုသံတချို့ ကျွန်တော်တစ်ဆင့်စကားနဲ့ကြားတာတွေရှိပါတယ်။ ဥပမာ စနစ်တကျလိမ်တတ်တဲ့ လူလိမ်ဆိုတဲ့ စကားမျိုးပေါ့။ လက်ကြောင့်ကြေ၊ နှုတ်ကြောင့်သေဆိုတဲ့ ဗမာ့ ဆိုထုံးကို သူမေ့များနေရော့သလား။ ဝက်သားဟင်းနဲ့ ချဉ်ပေါင်ရွက်ဟင်းလဲပစ်ချင်တဲ့ စိတ်ပေါက်အောင်လာဆွနေသလိုပဲ။ တကယ်တော့ ကျွန်တော်အစွယ်မကျိုးသေးပါဘူး။ ပန်းပန်လျက်ပါဇာတ်ကားထဲမှာ မင်းသမီးကြီးဒေါ်ကြည်ကြည်ဌေးက မင်းသားကြီးမြတ်လေးကိုပြောခဲ့တဲ့ စကားတစ်ခွန်းတောင် သွားသတိရမိသေး။ ဘာတဲ့လူဆိုတာကိုယ့်အတွက်ဆိုတစ်ကွက်တော့ချန်ကြတာချည်းပါပဲဆိုတဲ့ စကားလေ။ ဘာပဲဖြစ်ဖြစ်ရှိပါစေတော့။ အရင်တုန်းကလူလိမ်ဖြစ်ခဲ့ရင်တောင် ရှေ့ဆက်မယ့် ကျွန်တော့်ဘဝခရီးမှာ လူကောင်းအဖြစ်နဲ့သာ ကျွန်တော်ခရီးဆက်ချင်စိတ်ရှိတော့တယ်။ ကျွန်တော်ကိုယ်တိုင် ကိုလှမောင်ရွှေကို ပြောပြခဲ့ဖူးတဲ့ ဇာတ်လမ်းတစ်ပုဒ်ရှိလေရဲ့ဗျာ။ အဲဒီအကြောင်းကတော့ ပခန်းမင်းကြီးဦးရန်ဝေးရဲ့အကြောင်းပါပဲ။ အဲဒီအကြောင်းကို ပြောပြဖြစ်တာက ကျွန်တော် ဘယ်လိုလူစား၊ ဘယ်လိုစိတ်ထားရှိတယ်ဆိုတာ သူသိစေချင်လို့ပါပဲ။

'သြော် ခင်ဗျားက သမ္မတအကြံပေးကိုတောင် ပုံပြောပြခဲ့ဖူးသေးတာကိုး လုပ်ပါဦးဗျ။ ဦးရန်ဝေးဇာတ်လမ်း" "အမှန်တော့ကိုလှမောင်ရွှေကို မိတ်ဆက်ပေးတာကိုဇော်ဝင်းဦးဗျ။ ဒေါ်ကြည်ကြည်အမွေဆိုင်ခြံကိစ္စ အကျိုးတူလုပ်ဖြစ်ကြတော့ ကျွန်တော်နဲ့ သူမကြာခဏတွေ့ဖြစ်တယ်ဆိုပါတော့။ အမွေမှုထုံးစံအတိုင်း ထိုင်ရာမထအပွကြံချင်တဲ့သူတွေနဲ့ ကျွန်တော်အမြဲမျက်နှာချင်းဆိုင်နေရတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ချွတ်ခြုံကျနေတဲ့အချိန်၊ ဒါကြောင့် အသင့်ဟထားတဲ့ ပါးစပ်ပေါက်တွေကိုပိတ်နိုင်ဖို့ငွေခဏခဏလိုတယ်လေ။ များသောအားဖြင့် ငွေကြေးကိစ္စကို ကိုလှမောင်ရွှေနဲ့ညှိရတာများပါတယ်။

မှတ်မှတ်ရရ တစ်ကြိမ်မှာ ဦးကြီးစိန်ဟာကျွန်တော်အရေးတကြီးလိုနေတဲ့ငွေငါးသိန်းကို အလကားထုတ်ပေးဖူးတာ ကျွန်တော်သတိရနေတုန်းပဲ။

ကိုလှမောင်ရွှေ အဖေက ဗိုလ်ကြီးကျော်ရွှေ၊ မဆလလက်ထက် ရန်ကုန်တိုင်းကောင်စီမှာ အတွင်းရေးမှူးလို့ ဆိုတယ်။ အဲဒီတုန်းက ရန်ကုန်တိုင်းကောင်စီဥက္ကဋ္ဌဟာ ဗိုလ်မှူးသိန်းအောင်(ရေ)လို့ မှတ်မိနေတယ်။ ထူးခြားချက်ကတော့မဆလခေတ်ဆိုးကြီးထဲမှာ ဗိုလ်မှူးသိန်းအောင်နဲ့ ဗိုလ်ကြီးကျော်ရွှေတို့ဟာ လာဘ်ပေးလာဘ်ယူကိစ္စကို မစင်ဘင်ပုပ်လိုရွံ့တဲ့ သူတွေ၊ ကိုယ်ကျင့်တရားကောင်းမွန်သူတွေဖြစ်တယ်လို့ ရှေ့မီနောက်မီပုဂ္ဂိုလ်တွေက မှတ်ချက်ချဖူးသဗျ။ ကျွန်တော်နဲ့ တွေ့စဉ်မှာ ဗိုလ်ကြီးကျော်ရွှေဟာ သူ့သားတွေကိုဥမကွဲသိုက်မပျက်စေဖို့သူ့သားတွေပိုင်တဲ့ကုမ္ပဏီမှာ ရုံးအုပ်ကြီးလိုထင်ရတဲ့ ပုံစံမျိုးနဲ့ ရိုးရိုးကုပ်ကုပ် နေထိုင်တာကို ကျွန်တော်သတိပြုမိတယ်ဗျ။ မာန်မာနရှိဟန် မတူပါဘူး။ ကိုလှမောင်ရွှေပြောနေကျစကားတစ်ခွန်းကို ကျွန်တော်မှတ်မိနေတယ်။ 'ကျွန်တော်တို့က တပ်မိသားစုဆိုတော့ ထမင်းစားရင်တောင် ဝေပုံကျပဲ။ ဘဲဥတစ်ခြမ်းနဲ့ ထမင်းလိုသလောက်ရမယ်။ ထမင်းလိုချင်ရင် သာထပ်ရမယ်။ ဘဲဥတော့ထပ်မရဘူး'တဲ့။ အေးဗျာ ကျွန်တော်လည်း သူပြောမှ ကျွန်တော်ငါးနှစ်သားအရွယ် သာကေတဘက် ဦးလေးဘုန်းကြီးရဲ့ ကျောင်းမှာသွားနေခဲ့ရတုန်းက ဘဝကို ပြေးသတိရမိတယ်။ ကျွန်တော့်တစ်သက်မမေ့နိုင်တာက ကာဘော်လစ်ဆပ်ပြာနံ့၊ ပဲကြီးလှော်နဲ့ ငါးပုဏ္ဏားပဲ။ ဘုန်းကြီးကျောင်းမှာ ရေပြတ်လို့ လမ်းဘေးရေဘုံပိုင်မှာ ရေချိုးတိုင်း ကာဘော်လစ်ဆပ်ပြာနဲ့ တိုက်ရတယ်။ တစ်ပတ်တစ်ကြိမ် ကျွန်တော့်အဖေရောက်လာရင် ပဲကြီးလှော်တစ်ထုပ်နဲ့ မုန့်ဖိုးပြားနှစ်ဆယ်ပေးလေ့ရှိတယ်။

ငါးပုဏ္ဏားကတော့ ကျောင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ငမိုးရိပ်ချောင်းစပ်မှာ ပိုက်ကွန်ပစ်နေတဲ့ တံငါသည်တွေက ခဏခဏအလကားပေးတတ်လို့။ လူမမည် ဘုန်းကြီးကျောင်းသားတွေကို သနားတယ်ထင်ပါ့။ သူ ဘဝမမေ့တာကို ကျွန်တော် သဘောကျမိတယ်။ အခုအဆင့်လောက်တော့မဟုတ်သေးဘူးဆိုပါတော့။ ကျွန်တော်ရောက်တိုင်းလိုလို သူက တပ်မတော်ဖွဲ့စည်းပုံ၊ ထိပ်တန်းတပ်မတော်အရာရှိတွေ ရာထူးအရွှေ့အပြောင်းအကြောင်းတွေ သူရှင်းရှင်းပြနေတာ ကျွန်တော် နားထောင်ဖူးတယ်။ ဘယ်သူက စစ်ထောက်ချုပ်ဖြစ်သွားပြီ။ စစ်ရေးချုပ်ဟာဘယ်သူ။ ဒီတော့ မကြာခင်မှာ ကာကွယ်ရေးဦးစီးချုပ် ဘယ်သူဖြစ်လာမယ်ဆိုတာမျိုးတွေ။ သူကစစ်တပ်ရှေ့ရေးကို ကြိုတင်တွက်ဆတာ အတော်ဝါသနာကြီးပုံရတယ်။

ယုဇနဦးဌေးမြင့်နဲ့ ကျောက်တွင်းတွေ ဖက်စပ်လုပ်တာ၊ ဆက်သွယ်ရေးဝန်ကြီး ဦးသိန်းဇော်ဆီက တယ်လီဖုန်းဘယ်နှလုံးရတယ်။ ဖားကန့်မှာ ကျောက်တူးဖို့မြေတူးစက်ဘယ်နှစီး၊ ဘယ်နိုင်ငံက တင်သွင်းလာတယ်ဆိုတာမျိုးတွေလည်း ပါသပေါ့။ တစ်နေ့တော့ ကျွန်တော် ငွေလိုတာနဲ့ စမ်းချောင်း၊ ကျွန်းတောလမ်းထဲက သူ့ရုံးခန်းကိုရောက်သွားပါရော။ အမှန်က အဲဒီနေ့က ငွေလိုတာဟာ လုပ်ငန်းကိစ္စထက် ကျွန်တော့်ကိုယ်ရေးကိုယ်တာ ဖြစ်နေတာမို့ စိတ်ထဲမှာ လိပ်ပြာသိပ်မသန့်လှတာနဲ့ ကျွန်တော့်စိတ်ဓာတ်ကို သူရိပ်စားမိပါစေတော့ဆိုပြီး သူ့ကို ဇာတ်လမ်းတစ်ပုဒ် ပြောပြဖြစ်တယ်။

စာမျက်နှာ(၃၂)သို့

# ဗိုလ်ချုပ်ကြီးများအပြောင်းအလဲလုပ်ခြင်း

လမ်းဆုံတစ်ခု၌ရောက်နေသည်ဟု သင့်ကိုယ်ကိုယ်တွေ့ရှိမိပြီဆိုလျှင် ဆင်ခြင်နည်းကျလုပ်ဆောင်ရမည့်အချက်တစ်ခုတည်းသာရှိပါတော့သည်။ပြန်လှည့်ထွက်ကာ လမ်းမှန်လျှောက်ရန်သာဖြစ်သည်။ ဤသည်မှာတိုင်းပြည်ကိုလိုချင်သည့်နေရာရောက်ရေးနှင့်ပတ်သက်၍ မြန်မာစစ်အစိုးရအပိုင်းတွင် ၂၀၁၁ခုနှစ်တွင်စတင်ခဲ့သည့်ပြဇာတ်ဆန်သောအပြောင်းအလဲအကြောင်း နားလည်သဘောပေါက်ရေးအတွက် ကောင်းမွန်သည့်ပုံစံတူနမူနာပင် ဖြစ်ပါသည်။ ဤသည်မှာ စစ်မှန်သည့် ဉာဏ်လင်းပွင့်မှု(သို့မဟုတ်) စိတ်ထဲတွင်နက်ရှိုင်းစွာရှာဖွေပြီး လုံးဝနောက်ပြန်လှည့်လိုက်ခြင်း(သဘောထားပြောင်းလိုက်ခြင်း)မျိုးမဟုတ်ခဲ့။ ပြိုလဲကျတော့မည်ဟုယုံကြည်နေခဲ့သော အာဏာရှင်အစိုးရတစ်ရပ်၏ ကိုယ့်နေရာကိုယ်ထိန်းသိမ်း ရေးစိတ်ပျက်လက်ပျက်အပြုအမူတစ်ရပ်လည်းမဟုတ်။ဒီထက်ပိုရှင်းလှသည့်ရှင်းပြချက်တစ်ရပ်က အစဉ်လိုက်စောင့်နေပါသည်။ ဗိုလ်ချုပ်ကြီးများသည်တိုင်းပြည်ကတော့တစ်ဖက်ပိတ်လမ်းဆုံတွင်ရှိနေခဲ့ပြီဆိုသည်ကိုမြင်နိုင်ခဲ့ကြပါသည်။ အခြားရွေးချယ်စရာဘာတစ်ခုမှမရှိတော့ပါ။

(မြန်မာအစိုးရ၏)ဤရှာဖွေမှုကို နယ်စပ်တစ်လျှောက်ကြည့်လိုက်လျှင် ထိုင်းနိုင်ငံ၌ ကြွယ်ဝချမ်းသာနေမှုများက အရှိန်မြှင့်ပေးခဲ့ပါလိမ့်မည်။ သဘာဝသယံဇာတအရာတွင်မြန်မာကထိုင်းတို့ထက် ပိုမကြွယ်ဝလျှင်သော်မှထိုင်းတို့လောက်တော့ချမ်းသာပါသည်။ သို့သော်တစ်စုံတစ်ဦးကဆိုပါစို့ တစ်နိုင်ငံချင်းစီမှ ထုတ်လုပ်သော ကျွဲကောသီးချင်းနှိုင်းယှဉ်ကြည့်လိုက်မည်ဆိုလျှင် ထိုင်းကျွဲကောသီးကပိုကြီးပြီး ပိုချိုသည်ကိုတွေ့ရမည်။ အဘယ်ကြောင့်ဆိုသော် သိပ္ပံနှင့်နည်းပညာပိုင်းသုတေသနကြောင့်ဖြစ်သည်။ ထို့အပြင် ထိုင်းတို့သည် ကိုယ်ကိုယ်တိုင်လည်း ဒေသတွင်းတွင် သစ်ခွပန်းနှင့် အခြားပန်းမန်သစ်သီးဝလံများတင်ပို့ရောင်းချသည့်အကြီးဆုံးတင်ပို့သူနိုင်ငံအဖြစ်တည်ဆောက်ထားသည်။ သီအိုရီအရ ထိုင်းကဲ့သို့ တူညီသည့်ရာသီဥတုနှင့်မြေဩဇာရှိသော မြန်မာတို့သည်လည်း ထိုသို့လုပ်နိုင်စွမ်းရှိပါသည်။

လက်တွေ့တွင် ဘာမှဖြစ်မလာပါ။ သို့သော် ဤနှိုင်းယှဉ်ချက်တွင် စိတ်ပျက်စရာအကောင်းဆုံးမှာ မြန်မာတို့သည် ထိုင်းနှင့် နယ်စပ်ကိုဖြတ်၍ဆေးဝါးပစ္စည်းများကို ကုန်ဖလှယ်နိုင်ရန်အတွက်တိုင်းပြည်ထွက်အဖိုးတန်ကျောက်မျက်ရတနာများကို သုံးနေရသည်ဆိုသောအချက် ကောင်းဖြစ်ပါလိမ့်မည်။ မြန်မာသည် တဖြည်းဖြည်းနှင့်နောက်ကျန်ပြီးရင်း ကျန်နေခဲ့ပါတော့ သည်။

ဆိုက်ကလုန်းနာဂစ်သည် မြန်မာအစိုးရနှင့်ပြည်သူတို့ကို နောက်တစ်ကြိမ်လှုပ်နှိုးလိုက်ခြင်းလည်းဖြစ်ပါသည်။ ၂၀၀၈ကထိုကပ်ဘေးဆိုးကြောင့်ပြည်သူသန်းပေါင်းများစွာအိမ်ရာမဲ့ဖြစ်ခဲ့ရပြီး အစိုးရသည် ကိုယ့်နိုင်ငံသားများကို အထောက်အပံ့များထိရောက်စွာမပေးနိုင်ခဲ့သလို အမေရိကန်နှင့်ပြင်သစ်တို့ကဲ့သို့ နိုင်ငံခြားတိုင်းပြည်များမှအကူအညီများကိုလည်းလက်ခံရန် စိတ်ဆန္ဒမရှိခဲ့ပါ။ဤအချက်နှင့်နှိုင်းယှဉ်ပါကနာဂစ်နီးပါး အပျက်အစီးပမာဏ မလျော့သည့်စီချွမ်ငလျင်လှုပ်စဉ်က တရုတ်အစိုးရ၏တုံ့ပြန်မှု ဖြစ်သည်။ တရုတ်အစိုးရသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချက်ချင်းပင်စစ်တပ်များအား စေလွှတ်ခဲ့သည်။ ဝန်ကြီးချုပ်ဝမ်ကြားပေါင်အပါအဝင် တရုတ်ခေါင်းဆောင်များသည် ကိစ္စအားလုံးကိုစီမံခန့်ခွဲပေးခဲ့ပြီး တစ်နိုင်ငံလုံးလည်း အတူတကွပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဆိုက်ကလုန်းနာဂစ်ကြောင့် တိုင်းပြည်သည် ပြောင်းကိုပြောင်းလဲရမည့် အခြေအနေသို့ရောက်ခဲ့သည်ဟု ယုံကြည်ကြသော မြန်မာ့အရေးကျွမ်းကျင်သူများစွာရှိကြသည်။ ထိုအခြေအနေတွင် အပြောင်းအလဲအတွက် မျိုးစေ့များရှိ ခဲ့သည်။ ယင်းတို့မှာ အမှန်တရား မှလည်း သိပ်ပြီးမဝေးလှပါ။

ပျော်ပွဲရွှင်ပွဲများများစားစားမလုပ်ဘဲ တိုင်းပြည်သည် ၂၀၁၁မှစ၍ အပြောင်းအလဲများစတင်လုပ်ဆောင်ခဲ့သည်။ အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ၊ အခြားအကျဉ်းသားများကိုရာနှင့်ချီ၍စေလွှတ်ပေးခဲ့သည်။ နိုဗယ်ဆုရှင်သည် ၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အစိုးရသည် ရွေးကောက်ပွဲများကျင်းပခြင်းနှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အကျဉ်းသားများလွှတ်ပေးခြင်းတို့ကို မြန်မြန်သွက်သွက်လုပ်ခဲ့သည်။အဘယ်ကြောင့်ဆိုသော် သူတို့က အနောက်တိုင်းကို ပိတ်ဆို့အရေးယူမှုများလုပ်ပေးစေလို၍ ဆွဲဆောင်လိုခဲ့ကြခြင်းဖြစ်သည်။ ပိတ်ဆို့မှုများလျှော့ပေးမှသာ တိုင်းပြည်သည်အရေးပါသောစီးပွားရေးတိုးတက်မှုများရမည်ဟု ယုံကြည်ကြသည်။ အနောက်တိုင်းကလည်း ပထမက သတိထားပြီးတုံ့ပြန်သည်။ နောက်ဆုံးတော့အမေးအမြန်းမရှိ ကျေနပ်လက်ခံခဲ့ကြသည်။ ဤသို့ဖြင့် နိုင်ငံတကာ စာမျက်နှာတွင် မြန်မာပြန်လည် နာလန်ထခေါင်းထောင်လာနိုင်မှုသည် ၂၀၁၂ နိုဝင်ဘာတွင် ကန်သမ္မတအိုဘားမားအလည်လာရောက်ပြီးနောက်ပြီးပြည့်စုံခဲ့သည်။ ၂၀၁၅တွင် တိုင်းပြည်သည် အနိုင်ရပါတီကို စစ်အစိုးရက အာဏာမလွှဲပေးခဲ့သော နာမည်ဆိုးနှင့်ကျော်ကြားသည့် (၉၀)ပြည့်နှစ်ရွေးကောက်ပွဲပြီးသည့်နောက် ပထမဆုံးသောလွတ်လပ်တရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရန် မျှော်လင့်ထားသည်။ နှေးကွေးသော်လည်း သေချာမှုရှိစွာပင် မြန်မာသည် နောက်တစ်ကြိမ်ပုံမှန်နိုင်ငံတစ်ခုအဖြစ် ပြန်ရောက်လာခဲ့ချေပြီ။

၁၉၆၀ပြည့်နှစ်များကတော့ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဆိုရှယ်လစ်လမ်းကြောင်းလိုက်ဖို့ရွေးချယ်ခဲ့သည်။ ၎င်းသည်ဗြိတိသျှအစိုးရက စီးပွားရေးလုပ်ရန်ခေါ်ဆောင်လာခဲ့သော အိန္ဒိယတိုင်းရင်းသားများအား ပြည်နှင်ဒဏ်ပေးခဲ့ပြီး တိုင်းပြည်ကိုဗမာလူမျိုးများချည်းသက်သက်ထားကာ တံခါးပိတ်စီးပွားရေးလုပ်ခဲ့သည်။ ထိုမှစ၍ တိုင်းပြည်သည် နှစ်ပေါင်းလေးဆယ်ခန့်မဖွံ့ဖြိုးဘဲ ရပ်တန့်ခဲ့ရသည်။

အကြမ်းဖျင်းအားဖြင့် ပြီးခဲ့သည့်ဆယ်စုနှစ်တစ်ခုခန့်ကတော့ ကျွန်တော်သည် ဗိုလ်ချုပ်ကြီးများတည်းတွင် အကြီးဆုံးတစ်ဦးဖြစ်ပြီး ပြုပြင်ပြောင်းလဲရေးများကို ဦးတည်လိုသည့်တစ်ဦးထဲသော သူဦးခင်ညွန့်နှင့်ထိတွေ့ဆက်ဆံခဲ့ရဖူးပါသည်။ ကျွန်တော်က သူ့ကိုဆူဟာတိုထံမှသင်ယူရန်၊ယူနီဖောင်းချွတ်၍ နိုင်ငံရေးပါတီထောင်ရန်၊ ရွေးကောက်ပွဲနိုင်အောင်လုပ်ရန်တိုက်တွန်းခဲ့ပါသည်။ ထိုအတိုင်းသာဆိုလျှင်ပြည်သူထောက်ခံမှုရပြီး နိုင်ငံကိုတံခါးဖွင့်နိုင်လိမ့်မည်ဟု သူ့ကိုပြောခဲ့ပါသည်။သို့သော် သိပ်မကြာခင်မှာပင်ဦးခင်ညွန့်နေအိမ်အကျယ်ချုပ်ကျခံရပြီး ကျွန်တော်လည်းစစ်အစိုးရနှင့်အဆက်အသွယ်ပြတ်ခဲ့ရာ စင်ကာပူ၏ အကျိုးစီးပွားအတွက်မြန်မာသို့သွားရောက်ပြီး ဗိုလ်ချုပ်ကြီးများ အပြောင်းအလဲလုပ်ရန် လိုအပ်ကြောင်း ဆွဲဆောင်ရန်မစဉ်းစားဖြစ်တော့ပါ။ လူတိုင်းအကြိမ်များစွာကြိုးစားသော်လည်း မအောင်မြင်ခဲ့ပါ။ ထိုကိစ္စမှာ ကျွန်တော့်အလုပ်လည်းမဟုတ်တော့ပေ။


ပြီးခဲ့သည့် ၂နှစ်အတွင်းမြန်မာသည် နိုင်ငံကိုတံခါးဖွင့်ရန်ဦးတည်သော အရေးပါသည့်ခြေလှမ်းများလုပ်ဆောင်ခဲ့သည်။ သည် တစ်ကြိမ်တွင် ဗိုလ်ချုပ်ကြီးများသည် အပြောင်းအလဲကိုနောက်ကြောင်းပြန်လှည့်လိမ့်မည်ဟုကျွန်တော်မယုံကြည်တော့ပါ။ တစ်ခုတည်းသောမေးခွန်းက မူသူတို့ ဘယ်လောက်မြန်မြန် ရှေ့ဆက်တိုးမလဲဆိုသည်သာဖြစ်ပါသည်။

လူတော်တော်များများကမျှော်လင့်ချက်ထားကြသည့်တစ်ဦးကတော့ ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ သူမသည် နိုင်ငံအတွင်း၌စစ်အစိုးရဆန့်ကျင်ရေးအင်အားစုများကို ဦးဆောင်ခဲ့သည့် သင်္ကေတတစ်ခုလည်းဖြစ်သည်။

အချို့က အနာဂတ်အစိုးရအဖွဲ့တွင်း၌ ဦးဆောင်အခန်းကဏ္ဍမှသူမပါဝင်ရန် တောင်းဆိုနေကြသည်။ ကျွန်တော်ကတော့ သံသယတချို့ရှိပါသည်။ သူမသည် ဗမာ့လွတ်လပ်ရေးခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ သမီးပင်ဖြစ်သော်ငြားအင်္ဂလိပ်လူမျိုးတစ်ဦးနှင့်လက်ထပ်ထားခဲ့ပြီး သားနှစ်ဦးမှာဗြိတိသျှလူမျိုးကပြားများဖြစ်နေသည်။သူမကိုနိုင်ငံတွင်းတွင်ဗမာလူမျိုးအဖြစ်အချို့ကအပြည့်အဝလက်မခံကြ။အခြေခံဥပဒေတွင်လည်း သူမကိုသမ္မတမဖြစ်အောင် တားဆီးထားသည့်အချို့စည်းမျဉ်းများရှိနေသည်။ ယခု(၆၈)နှစ်တွင်သူမသည်အသက်အရွယ်ပိုအိုမင်းသည့် အပိုင်းသို့ရောက်လာနေပြီ။ ဒါပေမဲ့ သူမဦးဆောင်နိုင်ခဲ့သည်ဆိုလျှင်တောင်မှ နိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်းအထိတိုင်းရင်းသားပေါင်းစုံ၏ပုန်ကန်ထကြွနေမှုများကို ရင်ဆိုင်ဖြေရှင်းရဦးမည်ဖြစ်သည်။ ပုန်ကန်မှုများကို သူမဖြေရှင်းနိုင်စွမ်းရှိပ့ါမလား။

ပြည်ပတွင်ရောက်ရှိနေကြသော မြန်မာများသည် နိုင်ငံကိုပိုမြန်မြန်ပွင့်လင်းလာနိုင်ရန် တွန်းအားပေးနိုင်သည့်နောက်ထပ်အုပ်စုတစ်ခုဖြစ်လာနိုင်ပါသည်။ ၎င်းတို့သည်မြန်မာမှပြည်ပြေးအဖြစ်ထွက်ခွာနေထိုင်ခဲ့ရသည့် အကောင်းဆုံးသောလူတော်များဖြစ်ပါသည်။ သူတို့မှမွေးဖွားသောနောက်မျိုးဆက်ကလေးများမှာ နိုင်ငံကိုစွဲလမ်းမှုမရှိတော့သော်လည်း လူငယ်ဘဝ(သို့မဟုတ်)လူကြီးဘဝဖြင့်နိုင်ငံမှထွက်ခွာလာခဲ့ရသည့် ပြည်ပြေးများမှာမူ စိတ်ပိုင်းခံစားမှုအရ ဆက်နွယ်မှုကိုထိန်းသိမ်းထားဆဲဖြစ်ပါသည်။ နိုင်ငံရေးအပြောင်းအလဲအခြေအနေအရသူတို့ကို နိုင်ငံတွင်း၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဆွဲဆောင်နိုင်ပါက တိုင်းပြည်အတွက် တွန်းအားတစ်ရပ်သေချာပေါက်ဖြစ်ပါလိမ့်မည်။

**လီကွမ်ယု၏ One Men View of the World စာအုပ်ပါ The Generals Change Course ဆောင်းပါးကို ကျော်မျိုး ဘာသာပြန်သည်။**




## လီကွမ်ယုနှင့် မေးခွန်းသုံးခု

**ဝန်ကြီးချုပ်ရဲ့အရင်စာအုပ်တွေထဲကတစ်အုပ်ဖြစ်တဲ့ Hard Truths to Keep Singapore Going မှာဆိုရင် ဝန်ကြီးချုပ်ဟာဗမာဗိုလ်ချုပ်ကြီးတွေကို ကိုယ့်တစ်ဘဝလုံးမှာ စာရင်းကနေဖယ်ထုတ်ထားတယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာကိုယ်ဘာကိုလိုအပ်သလဲဆိုတာတောင် မသိနိုင်လောက်အောင် တုံးလွန်းလှတဲ့သူတွေလို့ဆိုခဲ့တယ်နော်။**

သူတို့ဟာ သိပ်ပြီးအပြောင်းအလဲမလုပ်လိုတဲ့ သူတွေဖြစ်ခဲ့တယ်။ ဒါပေမဲ့ သူတို့အထိနာခဲ့တော့မှ သူတို့ဟာ အုတ်နံရံနဲ့ရင်ဆိုင်နေရပြီဆိုတာကို အသိအမှတ်ပြုခဲ့ပါတော့တယ်။

**အာဆီယံရဲ့အပြုသဘောထိတွေ့ဆက်ဆံရေးဆိုတာနဲ့ အနောက်အုပ်စုရဲ့ဒဏ်ခတ်ပိတ်ဆို့အရေးယူရေးဆိုတာတွေမှာ ဘယ်ဟာကဖြင့်မြန်မာပြည်ကိုပြုပြင်ပြောင်းလဲရေးတွေလုပ်ပြီး တံခါးဖွင့်ဖို့အဆုံးစွန်အားဖြင့် မြန်မြန်ဖြစ်စေခဲ့လဲဆိုတာနဲ့ပတ်သက်လို့ ဆွေးနွေးမှု တချို့ရှိနေကြပါတယ်။ ဝန်ကြီးချုပ်ရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။**

အဲဒီထဲမှာ ဘယ်တစ်ခုကြောင့်ပဲဖြစ်ဖြစ် အရေးမကြီးပါဘူး။ ပိုပြီးအရေးကြီးတာက သူတို့ဟာကွဲပြားခြားနားတဲ့အနာဂတ်ကို ပွေ့ဖက်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်ဆိုတာပါပဲ။

**တကယ်လို့ အပြောင်းအလဲတွေ ခိုင်မာလာပြီး နိုင်ငံဟာလည်း ပွင့်လင်းလာမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ မြန်မာမှာ တရုတ်ဩဇာလွှမ်းမိုးမှုတိုးလာတာကို ဆက်မြင်ရဖို့ရှိပါသလား။**

ရှိပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က အဝေးပြေးလမ်းမကြီးတစ်ခုဆောက်လုပ်ထားတာပါ။ ပြီးတော့ သူတို့ဟာ မြန်မာကိုဝိုင်းအပယ်ခံထားရတဲ့နှစ်ကာလရှည်တစ်လျှောက်လုံးမှာ ကူညီလာခဲ့တာပါ။ ဒါကြောင့် သူတို့ဟာမိတ်ဆွေတွေရထားပြီး ဒီမိတ်ဆွေတွေဟာလည်း ကာလရှည်ရပ်တည်လာတဲ့ မိတ်ဆွေတွေဆိုတာသိကြပါတယ်။ အိန္ဒိယတွေလည်း ဒီရှုခင်းထဲကို အကူအညီတချို့ပေးပြီး ဝင်ဖို့ကြိုးစားနေတယ်။ ဒါပေမဲ့ သူတို့တရုတ်တွေနဲ့ယှဉ်ပြိုင်နိုင်စွမ်းရှိလိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး။

**အမေရိကန်တွေဟာ ဒေသတွင်းမှာ ဩဇာလွှမ်းမိုးမှုရရေးအတွက်ကြိုးစားတဲ့အနေနဲ့ လုပ်နေရာမှာ မြန်မာမှာရော ခြေကုပ်ရယူနိုင်လာဖို့ရှိပါသလား။**

အမေရိကန်တွေကဝေးလွန်းလှပါသေးတယ်။ သူတို့ရဲ့ ဩဇာဝင်ရောက်နိုင်မှုကလည်း သိပ်ဝေးလွန်းတယ်။ မြန်မာက တရုတ်နဲ့ နယ်မြေချင်းထိစပ်နေတာ။ ယူနန်ပြည်နယ်နဲ့ ဆက်စပ်နေတာပါ။

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

ဂျ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

အယ်ဒီတာချုပ် သောင်းစုငြိမ်း
အမှုဆောင်အယ်ဒီတာ အားမာန်၊ ငြိမ်းငြိမ်းနိုင်
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ စောစည်သူမိုး
သတင်းအယ်ဒီတာ အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန်
ဘာသာပြန် ရဲမင်း၊ ကျော်မျိုးဦး
စာပြင်အယ်ဒီတာ ချမ်းငြိမ်း
သတင်းထောက်ချုပ် အောင်သူရ
ဒု-သတင်းထောက်ချုပ် နေလင်းထွန်း၊ ပြည့်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း
အကြီးတန်းသတင်းထောက် အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး
သတင်းထောက် အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်
အငယ်တန်းသတင်းထောက် ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ဉာဏ်၊ အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန်
ဓာတ်ပုံသတင်းထောက် ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း
မန္တလေးသတင်းထောက် စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ
နယ်သတင်းထောက် မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ
စာပြင် တင်ဇာဦး၊ ထွန်းသိန်းမြင့်
စီနီယာဒီဇိုင်နာ ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်
ဒီဇိုင်နာ နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ
ကွန်ပျူတာစာစီ စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း
သရုပ်ဖော် စိုးသော်တာ၊ ဝလုံး
လိုဂိုဒီဇိုင်း ကျောက်ဆည်
ဘဏ္ဍာရေး ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး
ကြော်ငြာတာဝန်ခံ မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင်
ထုတ်ဝေသူ ဦးမျိုးလှိုင်အောင်
ပုံနှိပ်စက် သုဝဏ္ဏသိဂီပုံနှိပ်တိုက်
ဖလင် Sunn Colour Separation
စောင်ရေ ၃၅,၀၀၀
ရောင်းဈေး ၄၅၀ ကျပ်

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006


# ဘာကြောင့် စပယ်ရှယ်လိုက်ဇေးရှင်းလဲ

**ရီနေနိုင်**

စပယ်ရှယ်လိုက်ဇေးရှင်း ဆိုတဲ့ အထူးအားဖြင့် လေ့လာလိုက်စားတာ၊ ဒါမှမဟုတ် အထူးအလေးထားလုပ်ဆောင်တာ၊ အဓိကကုန်စည်အဖြစ် ထုတ်လုပ်တာများဟာ ဒီနေ့ ပညာရေးလောက၊ ကမ္ဘာ့စီးပွားရေးလောကတို့မှာ လူသိများပြီးသား စကားလုံးတစ်ခုပါပဲ။ ဒါကြောင့် မြန်မာမှုပြုရမှာ ထိမိအောင် မတတ်စွမ်းတဲ့အတွက် ဒီအတိုင်းပဲ ခေါင်းစဉ်တပ်လိုက်မိပါတယ်။ "ဘာကြောင့် စပယ်ရှယ်လိုက်ဇေးရှင်းလဲ" လို့ပါ။ အဓိကပြောချင်တာကတော့ ဒီနေ့မြန်မာ့စီးပွားရေးလောကကြီး ဦးမော့လာပြီလို့ဆိုရမလောက် ပွဲကိုင်နေရာမျိုးကနေ အဓိက စီးပွားရေးလုပ်ငန်းရှင်ကြီးများအဖြစ် ဝင်ထိုင်ပြီး ဝိုင်းဝန်းလှော်ခတ်ပဲ့ကိုင်နေကြတဲ့ ဆရာ့ ဆရာလေး၊ ဆရာကြီးများကို ရည်ရွယ်မိတာပါ။

စပယ်ရှယ်လိုက်ဇေးရှင်းမှာ ဒေသအလိုက်လည်းရှိသလို၊ ကုန်စည်အလိုက်လည်း ရှိပါတယ်။ ကျွန်တော်တို့ငယ်ငယ်ကဆို ပိုးထည်ဆို အမရပူရ၊ စောင်ဆိုရင် ပခုက္ကူတို့၊ မုံရွာတို့၊ ကျောက်သင်ပုန်း၊ ကျောက်တံဆို ဘီလူးကျွန်းကမှ၊ ယောလုံချည်ဆို ယောနယ်ကရက်သလို ကချင်လုံချည်ဆိုလည်း ကချင်ပြည်နယ်ကပဲ ရက်တယ်ဆိုတဲ့ခေတ်ပါ။ အဲဒီလောက်ကြီးကြီးကျယ်ကျယ်ကို မပြောနဲ့ဦး။ မန္တလေးက ထိုးမုန့်၊ ပုသိမ်က ဟာလဝါ၊ မကွေးက မြေပဲလိပ်စတာမျိုးကိုတောင် ရန်ကုန်မှာဝယ်မရဘဲ သက်ဆိုင်ရာဒေသကို သွားမှ အပြန်လက်ဆောင် ဝယ်ခဲ့ရတာမျိုးပါ။ ရန်ကုန်က ကူလ်ဖီးကို မန္တလေးက ဝယ်မရသလို မန္တလေးက ဒူးမလိုင်ရန်ကုန်မှာ မရှိဘူးဆိုတဲ့ ကာလပါပဲ။

အခုကျတော့ ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်မှာ ဒေသထွက်ကုန်အတော်များများဟာ ပျံ့နှံ့ရောက်ရှိပြီး အလွယ်ဝယ်လို့ ရသွားပါတယ်။ ပိုးထည်က ရန်ကုန်မှာရသလို ကချင်လုံချည်ကိုလည်း ရက်ကန်းရှိတဲ့ဘယ်ဒေသမဆို ရက်နေကြပါပြီ။ ဒီတော့ ဒေသအလိုက် အထူးထုတ်လုပ်မှုဆိုတာ လျော့ကျသွားတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကုန်စည်တစ်ခုတည်း အထူးပြု ထုတ်လုပ်တာတို့၊ တစ်မျိုးတည်း အလေးပေးဝန်ဆောင်မှုလုပ်တာတို့ဆိုတဲ့ စပယ်ရှယ်လိုက်ဇေးရှင်းမျိုးကရောဆိုရင် အဲဒါတွေကတော့ ကမ္ဘာအနှံ့ ဆက်လက်တည်ရှိဆဲပါပဲလို့ ဆိုရပါလိမ့်မယ်။




ကမ္ဘာ့စက်မှုထွန်းကားဆုံး နိုင်ငံကြီးတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံမှာ ကားတွေထုတ်လုပ်ပြီး ကမ္ဘာအနှံ့တင်ပို့ရောင်းချနေတာ အားလုံးအသိပါပဲ။ ဒါပေမဲ့ တိုယိုတာ၊ နစ်ဆန်း၊ ဟွန်ဒါစတဲ့ အဲဒီကားကုမ္ပဏီကြီးများဟာ ကားတစ်စင်းလုံးကို ကိုယ်တိုင်ထုတ်လုပ်ကြတယ်လို့ထင်ရင် အလွဲကြီး လွဲပါလိမ့်မယ်။ အဲဒီကုမ္ပဏီကြီးတွေက ထုတ်သမျှကားအများစုရဲ့ မီးလုံးတွေကို ၁၉၂၀ပြည့်နှစ်ကတည်းက ယာဉ်နဲ့ပတ်သက်တဲ့ မီးလုံးတွေ ထုတ်လုပ်ဖို့ ထူထောင်ထားတဲ့ စတန်လေအီလက်ထရစ်ကုမ္ပဏီဆိုတာက ထုတ်လုပ်ပေးတာပါ။ နစ်ဆန်းနဲ့ဟွန်ဒါကားတွေက မီးလုံးများအပြင် ဟွန်ဒါဆိုင်ကယ်၊ ဆူဇူကီးဆိုင်ကယ်တို့အတွက် မီးသီးမှန်သမျှလည်း အဲဒီကုမ္ပဏီကြီးက ထုတ်လုပ်ပေးတာပါပဲ။ ဒီလိုပဲ ပစ်စတင်ရင်းတွေကိုတစ်နေရာ၊ ဘက်ထရီကိုတစ်နေရာ၊ ကားမှန်ကိုတစ်နေရာစသဖြင့် အထူးဦးစားပေး ထုတ်လုပ်သူများထံက စာချုပ်ချုပ်ဝယ်ယူပြီး အသုံးပြုတာပါ။ ဂျပန်ဘက်ထရီမှာဆို နာမည်ကြီး "ယူအေစာ" ဘက်ထရီဆိုရင် တိုယိုတာ၊ နစ်ဆန်း၊ ဟွန်ဒါစတဲ့ ကားကုမ္ပဏီများရဲ့ ဖောက်သည်ဖြစ်ရုံမကဘဲ ဖုဂျစ်ဆူ၊ တိုရှီဘာစတဲ့ ကွန်ပျူတာ ထုတ်လုပ်သူများအတွက် ဘက်ထရီလုပ်ပေးသူလည်း ဖြစ်ပါတယ်။

ထုတ်ကုန်တိုးမြှင့်ပြီး စီးပွားစွမ်းဆောင်ရည်တက်အောင် လုပ်ချင်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ အစွန်းတရားနှစ်ပါးရှိပါတယ်။ တစ်ပါးကတော့ သဘာဝထုတ်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်မှု (Value Added) မလုပ်ဘဲ တင်ပို့ရောင်းချတာ။ ဒီနည်းနဲ့ ကျွန်တော်တို့ဟာ ကျွန်းအပါအဝင် သစ်များစွာကို အလုံးလိုက်ရောင်းတာမျိုးအပြင် ပရိဘောဂပါ လုပ်ရောင်းရကောင်းမှန်း မစဉ်းစားခဲ့တာ။ ကျောက်စိမ်းတုံးတွေကို ဈေးကွက်ဝင်အဆင့်မီ လက်ဝတ်ရတနာလုပ်မရောင်းဘဲ အတုံးလိုက်ရောင်းခဲ့ကြတာ။ ဂက်စ်ထွက်တာကို ကိုယ့်ရဲ့စက်မှုလုပ်ငန်းများမှာ စွမ်းအင်အဖြစ်သုံးပြီး ကိုယ့်မှာပေါလှတဲ့ ကုန်ကြမ်းနဲ့လုပ်အားပေါင်းလို့ ကမ္ဘာ့ဈေးကွက်ဝင်ပြီး ထုတ်လုပ်စရိတ်သက်သာတဲ့ ကုန်ချောထုတ်လုပ်ဖို့ စိတ်ကူးမရှိဘဲ ဓာတ်ငွေ့ကိုပဲ ပိုက်သွယ်ပြီး နေ့စဉ်ရောင်းစားခဲ့တာ စသဖြင့် ကျွန်တော်တို့ရဲ့ ဆင့်တက်မလှမ်းချင်တဲ့၊ မလှမ်းတတ်တဲ့စိတ်နဲ့ (သို့မဟုတ်) မလှမ်းရဲတဲ့စိတ်နဲ့ ထုတ်လုပ်ရောင်းဝယ်နေမှုများ ဖြစ်ပါတယ်။

နောက်အစွန်းတရားတစ်ပါးကတော့ ဒီနေ့တိုးတက်အောင်မြင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်အကြီးအသေး (အကြီးအသေးဟုဆိုရာမှာ လုပ်ငန်းကတော့ အကြီးချည်းပါ။ လူ့အသက်အရွယ်နဲ့ အကောင်အထည်ကိုသာ အကြီးအသေးဆိုရမှာပါ ခင်ဗျ) တွေထဲက "တော်(တတ်)"လို့ ယောကျ်ားမှန်စစ်သမို့ဖြစ်စေ၊ "တော်(စပ်)"သမို့ "မြှောက်စားခံ" ဖြစ်လို့ဖြစ်စေ "ထိပ်" ရောက်နေသူတွေက လုပ်လက်စတွေ အရှိန်ရပြီး အရမ်းကို တက်ကြွနေတတ်ပါတယ်။ အဲဒီမှာခုနက တစ်ဖက်စွန်းမျိုးမဟုတ်တော့ဘဲ ဆင့်တက်လှမ်းဖို့ပဲ စိတ်ကူးနေတော့တာပါပဲ။ အဲဒီမှာ "စပယ်ရှယ်လိုက်ဇေးရှင်း" ဆိုတဲ့အသိ လုံးဝမရှိတော့တာပဲ။ အားလုံးကို ကိုယ်လုပ်လို့ရတယ်လို့ချည်း သဘောပိုက်နေတတ်ပါတယ်။

ဆိုပါစို့။ ကိုယ်က စာသမားဆိုတော့ စာပေဥပမာနဲ့ပဲပြောရရင် မဂ္ဂဇင်းတစ်ခုလုပ်တာ အောင်မြင်တယ်ဆိုပါတော့။ အဲဒါဆိုရင် ပိုင်ရှင်က သူ့မဂ္ဂဇင်းရိုက်တဲ့ ပုံနှိပ်စက်စီးပွားဖြစ်တာကို ကြည့်ပြီး ပုံနှိပ်စက်ဝယ်ချင်တော့တာပဲ။ ဝယ်ရင် ဘယ်သူက တာဝန်ယူမလဲ၊ ကျွမ်းကျင်တဲ့သူ ဘယ်သူ့ကို တာဝန်ပေးမလဲ၊ ပုံနှိပ်ဖို့ 'အလုပ်' ကို ဈေးကွက်ဘယ်နည်းနဲ့ရှာမလဲ။ အဲဒါတွေလည်း စိတ်ကူးမရှိခင် စက်ကို အရင်ဝယ်လိုက်တယ်။

**စာမျက်နှာ(၃၂)သို့**

# Business

7Day News Journal

Vol.12, No.30 • OCTOBER 2 , 2013




pricehub.com

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၉ | ၉၇၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၉ | ၇၇၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၀၃ | ၁၃၂၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁ | ၃၁. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၁ | ကျပ် |

၂၀၁၃ စက်တင်ဘာ ၂၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၉၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၉၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၈. ၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၁၇၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၅၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၅၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၄. ၃၈ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၂၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၃၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၅၂၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၁၂. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၃၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၇၃၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၅၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၀၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၃၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၃၆. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၂၁ |
| ငွေ | အောင်စ | ၂၁. ၈၂ |
| ကြေးနီ | ပေါင် | ၃. ၃၂ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ စက်တင်ဘာ ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# တိုယိုတာနှင့် နစ်ဆန်း စက်ပိုင်းဆိုင်ရာချို့ယွင်း၍ ပြန်သိမ်းသောကားများတွင် မြန်မာပြည်မှကား မပါဝင်

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၂၉**

တိုယိုတာနှင့်နစ်ဆန်းကားကုမ္ပဏီတို့က ကမ္ဘာ့အနှံ့မှ ၎င်းတို့ရောင်းချထားသည့် ကားများတွင် စက်ပိုင်းဆိုင်ရာချို့ယွင်းမှုကြောင့်ပြန်လည်သိမ်းယူရာတွင် မြန်မာပြည်တွင်လတ်တလော ရောင်းချနေသော ကားများမပါဝင်ကြောင်း တိုယိုတာနှင့် နစ်ဆန်းကားကုမ္ပဏီများမှ ကိုယ်စားလှယ်များက ပြောသည်။

"ပြန်သိမ်းတယ်ဆိုတာက ဥရောပနဲ့အမေရိကန်ဈေးကွက်ဘက်မှာအများဆုံးဖြစ်လိမ့်မယ်။ အဲဒီနိုင်ငံဘက်တွေမှာ ဖြန့်တဲ့ကားတွေက နည်းပညာအရမ်းမြင့်လို့ ချို့ယွင်းမှုတွေဖြစ်ပေါ်တာပါ။ မြန်မာနိုင်ငံကတော့ ပြန်သိမ်းတဲ့အထဲမှာမပါဘူး"ဟု နစ်ဆန်းကားများကို မြန်မာပြည်တွင် ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့်ရရှိထားသူ အောင်သိန်းသန်းကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးထွန်းကပြောသည်။

ဂျပန်နိုင်ငံမှ တိုယိုတာနှင့် နစ်ဆန်းကုမ္ပဏီကယခုနှစ်ပိုင်းအတွင်း ထုတ်လုပ်ထားသည့်ကားများတွင်စက်ပိုင်းဆိုင်ရာချို့ယွင်းမှုများရှိခြင်းကြောင့် ကမ္ဘာ့အနှံ့တွင် ၎င်းတို့ရောင်းချထားသည့် ကားများကို ပြန်လည်သိမ်းယူလျက်ရှိသည်ဟု ဘီဘီစီသတင်းဌာနတွင်ရေးသားဖော်ပြထားသည်။ တိုယိုတာကားကုမ္ပဏီမှ အမေရိကန်နိုင်ငံတွင်း ရောင်းချထားသော Sienna ဗီနီဗင်ကားစီးရေ၆၁၅,၀၀၀ ကိုလီဗာပိုင်း ချို့ယွင်းမှုကြောင့်ပြန်လည်သိမ်းယူထားသည်။

ထို့အပြင် နစ်ဆန်းကားကုမ္ပဏီကလည်း ကမ္ဘာအနှံ့တွင် ရောင်းချထားသည့် ကားစီးရေ ၉၀၈,၉၀၀ ကို အရှိန်ပြအချက်ပြစနစ်ချို့ယွင်းမှုကြောင့် ပြန်လည်သိမ်းယူထားသည်။

"ဒီနိုင်ငံကိုဝင်တဲ့ နစ်ဆန်းနဲ့ တိုယိုတာအများစုက တစ်ပတ်ရစ်တွေများတယ်။ မော်ဒယ်အနိမ့်တွေချည်းပဲ"ဟု မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုကျော်စွာစိုးကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ တိုယိုတာကားကုမ္ပဏီမှ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးစင်တာကို ဖွင့်လှစ်ထားပြီး အရောင်းစင်တာဖွင့်လှစ်ထားခြင်း မရှိသေးပေ။

နစ်ဆန်းကားကုမ္ပဏီကမူ အရောင်းစင်တာကို ရန်ကုန်မြို့ပြည်လမ်းမပေါ်ရှိ စိုက်ပျိုးရေးမှတ်တိုင်အနီးတွင် ဩဂုတ်လက စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။ ထို့အပြင်နစ်ဆန်းကားများထုတ်လုပ်နိုင်သည့် စက်ရုံကိုလည်း ယခုနှစ်အကုန်တွင် ပဲခူးမြို့အနီးတွင် စတင်တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။




7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ငါးလင်ပန်းငါးမျိုးစိတ်မွေးမြူရန် ဂျပန်လုပ်ငန်းရှင်များစိတ်ဝင်စား

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ-၂၉**

ငါးလင်ပန်းငါးမျိုးစိတ် မွေးမြူရေးလုပ်ငန်းကို ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ဂျပန်၊ တရုတ်၊ ထိုင်ဝမ်နှင့် တောင်ကိုးရီးယားတို့တွင်လူကြိုက်များသည့် မြန်မာနိုင်ငံမှ ငါးလင်ပန်းငါးမျိုးစိတ်အား မွေးမြူရန် အစာ၊ နည်းပညာနှင့် ကုန်ချောထုတ်လုပ်ရန် ဈေးကွက်သို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန် ဂျပန်လုပ်ငန်းရှင်များ စက်တင်ဘာနောက်ဆုံးပတ်၌ မြန်မာနိုင်ငံသို့လာရောက်ဆွေးနွေးညှိနှိုင်းပြီးဖြစ်ကြောင်း မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘသော်က စက်တင်ဘာ ၂၄ ရက်တွင်ပြောသည်။

“ဂျပန်ကလာကြည့်ပြီး ညှိနှိုင်းပြီးသွားပြီ။ နောက်ဆုံးတစ်ဖွဲ့ကတော့ ဝယ်မယ့်နေရာ၊မွေးမယ်နေရာ၊ ကုန်ချောပြုပြင်မယ့်နေရာ၊ အစာကိစ္စတွေပါကြည့်သွားပြီ။ ဝယ်သူနဲ့ပါ ချိတ်လာပြီးသားပါ” ဟု ဦးဘသော်ကပြောသည်။

ထို့အတူသာကေတမြို့နယ်ရှိ အဏ္ဏဝါဒေဝီအအေးခန်းစက်ရုံတွင်လည်း ငါးလင်ပန်းပိဿာ ၃၀ ကိုစတင်သုတေသနပြုကာပြည်ပသို့တင်ပို့ရန်စီစဉ်နေကြောင်း စက်ရုံမန်နေဂျင်းဒါရိုက်တာ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

“သူတို့ကိုဆွေးနွေးကြည့်တယ်။ ကွန်တိန်နာတစ်လုံးစာအနည်းဆုံး ၁၀ တန်ပြည့်မှတင်နိုင်မှာဆိုတော့ မွေးမြူရေးတွဲ မလုပ်မရင်မဖြစ်နိုင်ဘူးလို့ပြောလိုက်တော့ သူတို့လည်းစဉ်းစားနေတယ်။ မွေးရင်တရုတ်နည်းနဲ့တော့ မသုံးချင်ကြဘူးတဲ့”ဟု အခြားနိုင်ငံမှ လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။

ငါးလင်ပန်းမွေးမြူနည်းကို မန္တလေးမြို့မှ မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက စမ်းသပ်လုပ်ကိုင်အောင်မြင်နေသော်လည်း လက်ရှိဖိလစ်ပိုင်၊တရုတ်နှင့်ဗီယက်နမ်နည်းပညာများထက် ဂျပန်နည်းပညာမှာ ငါးလင်ပန်းမွေးမြူရန် အကောင်းဆုံးနည်းဖြစ်ကြောင်း ဦးဘသော်ကပြောသည်။

ယခု ပြည်တွင်းပေါက်ဈေးနှုန်းတွင် ငါးလင်ပန်းတစ်ပိဿာလျှင် ကျပ်ငွေ ၂၀,၀၀၀ နှုန်းရရှိခဲ့ကြောင်း ကျောက်တန်းမွေးမြူရေးဇုန်တွင် သဘာဝမှရရှိခဲ့သည့် ငါးလင်ပန်းကို သဘာဝအတိုင်းထိန်းသိမ်းထားရာမှ အကောင်ကြီးလာချိန်တွင် ပြန်ရောင်းရာမှ အကျိုးအမြတ်ရှိခဲ့သူ ဦးခင်မောင်အေးကပြောသည်။

ဂျပန်နိုင်ငံမှလာရောက်မွေးမြူမည့် ငါးလင်ပန်းငါးမျိုးစိတ်သည် ငါးရှဉ့်ငါးမျိုးစိတ်နှင့် ပုံသဏ္ဌာန်ကွာခြားခြင်း နည်းသောကြောင့် မြန်မာ့ဈေးများအတွင်း ငါးရှဉ့်အနေဖြင့်သာ ရောင်းဝယ်စားသောက်နေကြကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။



web.fc2.com




## မြန်မာ့ဆက်သွယ်ရေး ဖုန်းငွေဖြည့်ကတ် ရိုက်နှိပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း ပုဂ္ဂလိကနှင့် အကျိုးတူလုပ်ကိုင်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်းအတွက် ဖုန်းငွေဖြည့်ကတ်များ ရိုက်နှိပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ အကျိုးတူပူးပေါင်းလုပ်ဆောင်မည့် ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များသာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ လျှောက်ထားလိုသည့် လုပ်ငန်းရှင်များသည် တင်ဒါပုံစံနှင့် အချက်အလက်များကို တစ်စုံလျှင် ကျပ် ၅,၀၀၀ နှုန်းဖြင့် ဝယ်ယူလျှောက်ထားရမည်ဖြစ်သည်။

အောက်တိုဘာ ၁၄ ရက်နောက်ဆုံးထား၍ အမှတ်(၇၄)၊ အရှေ့ရွှေဂုံတိုင်လမ်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လာရောက်လျှောက်ထားရမည်ဖြစ်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အကျိုးတူပူးပေါင်းရန်ခေါ်ယူခြင်းမှာ မိုဘိုင်းဆက်သွယ်ရေးတိုးချဲ့စီမံကိန်းအတွက်ဖြစ်ပြီး တင်ဒါရွေးချယ်ခြင်းကိုလည်း စိစစ်ရေးကော်မတီကလုပ်ဆောင်သွားမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013






REUTERS

# တတိယသက်တမ်းတွင် မစ္စစ်မာကယ်ကို စောင့်ကြိုနေမည့်အရာ

**ကြည်နေဝင်းမင်း**

ဂျာမနီနိုင်ငံတွင် အဓိပတိမစ္စစ်အန်ဂျလာမာကယ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ချီးမွမ်းဂုဏ်ပြုမှုများ ဝမ်းမြောက်ဝမ်းသာဖြစ်မှုများ ထိန်းမနိုင်သိမ်းမရဖြစ်နေသည်။ ယခုအခါ တတိယသက်တမ်းကျိန်စာက စောင့်ကြိုနေသည်။

"တတိယအကြိမ်ကံကောင်းသည်"ဟု ဆိုရိုးရှိသည်။ သို့သော် နိုင်ငံရေးသမားများအတွက်မူ "တတိယအကြိမ် ကံမကောင်းအကြောင်းမလှ"ဟု ဆိုရမလိုဖြစ်သည်။ အောင်မြင်မှုက ခေါင်းကိုရောက်သွားသည်။ ပြန်လည်ရွေးကောက်ခံရသော နိုင်ငံရေးသမားများမှာ သူတို့ကြားနေရသော ချီးကျူးစကားများကို အဟုတ်ထင်မှတ်လာကြသည်။

ရှေးကနမူနာများက ကောင်းလှသည်မဟုတ်။ မစ္စစ်မာဂရက်သက်ချာမှာ တတိယသက်တမ်းတွင် အနည်းငယ်ရှုံးသွပ်သွားသည်။ တိုနီဘလဲမှာ နက်ရှိုင်းစွာနှစ်ခြမ်းကွဲနေသော နိုင်ငံရေးပါတီ၏ခေါင်းဆောင်နေရာတွင် ရပ်နေသော ဥရောပအင်အားကြီးနိုင်ငံ့ခေါင်းဆောင် ဆိုသည်ထက် (ကယ်တင်ရှင်မဟုတ်လျှင်ပင်) ကမ္ဘာကြီး၏ လူကြီးလူကောင်းဟု သူ့ကိုယ်သူ ယုံကြည်စပြုခဲ့သည်။ မစ္စစ်မာကယ်၏ရှေ့မှသွားနှင့်သူကွန်ဆာဗေးတစ်နှင့် ဂျာမနီအဓိပတိ တာဝန်ထမ်းဆောင်ခဲ့သူ မစ္စတာဟဲမွတ်ခိုးလ်ဆိုလျှင်လည်း တတိယသက်တမ်းတွင် နိုင်ငံရေးဘေးဒုက္ခနှင့် ပုဂ္ဂိုလ်ရေးသိက္ခာကျစရာဆီသို့ ဦးတည်သွားခဲ့သည်။

မစ္စစ်မာကယ်၏ အောင်မြင်မှုမှာ သူ့ကိုယ်ပိုင် လုပ်ဆောင်မှုမဟုတ်ပါ။ မစ္စစ်မာကယ်ရှေ့မှ ဆိုရှယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဂါရက်ရှရိုးဒါး စတင်ချမှတ်ခဲ့သော လူမှုထောက်ပံ့မှု ပြုပြင်ပြောင်းလဲရေးများကယခုမစ္စစ်မာကယ် စံစားနေသော စီးပွားရေးပြန်လည်နိုးထရေးအတွက် လမ်းခင်းပေးခဲ့သည်။ အားလုံးထက် ယူရိုငွေမှာ ဂျာမနီနိုင်ငံအတွက် ဘုရားပေးသော လက်ဆောင်ပင်ဖြစ်သည်။ အကြောင်းမှာ ယူရိုငွေက ဂျာမနီငွေကြေး လဲလှယ်နှုန်းကို ဆွဲချထားပြီး ဂျာမနီ၏ နိုင်ငံခြားသို့ဦးတည်သော ကုန်ပစ္စည်းဈေးနှုန်းများကိုပါ ဆွဲချထားခြင်းကြောင့်ဖြစ်သည်။ ဂျာမနီအနေဖြင့် ယခင်ငွေကြေး 'မတ်'ငွေကိုသာ ဆက်လက်သုံးစွဲနေပါက ဂျာမန်မတ်ငွေလဲလှယ်နှုန်းမှာ ခေါင်မိုးဖောက်ထွက်ပြီး နိုင်ငံခြားဈေးကွက်များတွင် ဂျာမနီကုန်ပစ္စည်းများ ဤမျှလောက် ထိုးဖောက်နိုင်မည်မဟုတ်ပေ။

ထို့အတွက် ယူရိုဇုန်၏ အားနည်းသောနိုင်ငံများက ဂျာမနီနိုင်ငံ၏ လက်ရှိကြီးပွားချမ်းသာမှုကို ကူညီဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဂျာမနီနိုင်ငံ၏ တစ်ရာခိုင်နှုန်းအောက် ရောက်နေသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ အမေရိကန်၊ ဗြိတိန်၊ ဂျပန်နိုင်ငံတို့ ခံစားနေသောနှုန်းထက် သုံးပုံတစ်ပုံမျှပင်ရှိရာ ပြောပလောက်အောင် ကြီးပွားနေသည်မဟုတ်ပါ။

ထို့အပြင်မစ္စစ်မာကယ်ကိုယ်တိုင်၏ ကျိန်စာကိစ္စကလည်း ရှိသေးသည်။ နိုင်ငံရေးစကားအရပြောရလျှင် မစ္စစ်မာကယ်မှာ 'သေမင်းတမန် ကြယ်ပွင့်'ဖြစ်သည်။ ရောက်လေရာအရပ်တွင် နိုင်ငံရေးအားမာန်တက်ကြွမှုကို ငြိမ်းသတ်ပစ်သည်။ ၎င်း၏ ပထမသက်တမ်းတွင် ဆိုရှယ်ဒီမိုကရက်များကို မဟာမိတ်အဖွဲ့ထဲ ဆွဲသွင်းခဲ့သည်။ ယင်းပါတီ၏ ဘယ်တောင်ပံ၊ ညာတောင်ပံ နှစ်ဖက်တွင် တိုက်ပွဲများဖြစ်ပွားပြီး ပါတီ၏ အလုပ်သမားသမဂ္ဂအခြေခံစိတ်ကို ပျက်သွားစေခဲ့သည်။ ယင်းအတွက် အရှေ့ဂျာမနီကွန်မြူနစ်များတွင် အခြေခံသောလက်ဝဲစွန်းလင်ကီ (Linke) ပါတီကို အယူဝါဒရေးရာ အတိုက်အခံဖြစ်လာရန် လမ်းဖွင့်ပေးခဲ့သည်။

ယခုနောက်ဆုံးရွေးကောက်ပွဲတွင်မစ္စစ်မာကယ်၏ အဓိကပြိုင်ဘက် ပီယာစတိန်းဘတ်မှာလည်း ၎င်း၏ ပထမဆုံးညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးဖြစ်ခဲ့၍ မစ္စစ်မာကယ်ကို ဝေဖန်ရာတွင် ထိထိမိမိရှိအောင် မလုပ်နိုင်ခဲ့ပေ။ မစ္စစ်မာကယ်၏ စီးပွားရေးကိုင်တွယ်မှုသမိုင်းနှင့် ပတ်သက်၍ စတိန်းဘတ်က ရုပ်သံစကားစစ်ထိုးပွဲတွင် အမှတ်အများအပြားရရှိခဲ့သည်။ သို့သော် အကြိမ်တိုင်းမှာပင် စတိန်းဘတ်နှင့် သူ့ပါတီလည်း တစ်လျှောက်လုံးပါဝင်ခဲ့ကြောင်း တန်ပြန်ရင်း မစ္စစ်မာကယ်က ရှောင်ထွက်နိုင်ခဲ့သည်။ ဆိုရှယ်ဒီမိုကရက်များမှာ မစ္စစ်မာကယ်၏ကြောက်မက်ဖွယ်ရာထွေးပွေ့မှုမှ နာလန်မထူသေးပေ။

မစ္စစ်မာကယ်၏ နောက်ထပ်မဟာမိတ်လက်တွဲဖက်ဖြစ်သည့် လွတ်လပ်သော ဒီမိုကရက်များမှာလည်း အလားတူ ကံကြမ္မာမျိုးနှင့် ရင်ဆိုင်ခဲ့ရပြီး ယခုရွေးကောက်ပွဲတွင် ၎င်းတို့ပါတီ၏ ခေတ်သစ်ဂျာမနီသမိုင်းတွင် ပထမဆုံးအကြိမ် ထောက်ခံဆန္ဒမဲ ငါးရာခိုင်နှုန်း ရရှိရန် ပျက်ကွက်ခဲ့သည်။ ထို့အတွက် ဖက်ဒရယ်ပါလီမန်သစ်တွင် အမတ်နေရာတစ်နေရာမှ မရခဲ့ပေ။

သစ်တောအတွင်းရှိသော ကြီးမားသော သစ်ပင်ကြီးများကဲ့သို့ မစ္စစ်မာကယ်၏ မြင့်မြင့်မားမား အရိပ်ထိုးသက်ရောက်မှုသည် ပတ်ဝန်းကျင်အတွက် နေရောင်ခြည်နှင့် ရှင်သန်မှုကို အသက်မဲ့စေခဲ့သည်။ ၎င်း၏အပေါင်းပါ ခရစ်ယာန်ဒီမိုကရက်များ၏ အလားအလာရှိသော ပြိုင်ဘက်များအားလုံးကို မျိုးသုဉ်းသွားစေခဲ့သည်။ သူ့ပါတီမှ လူငယ်တက်လူ နိုင်ငံရေးသမားများကိုဘေးရောက်သွားစေသည်။ (သို့မဟုတ်) အားနည်းသွားစေခဲ့သည်။ (သို့မဟုတ်) နိုင်ငံရေးအရ ရေ မြေ ကြမ်းတမ်းသော နေရာဒေသများဆီ ရောက်ရှိသွားစေခဲ့သည်။ ယင်းအတွက် ဂျာမနီလွှတ်တော်တွင် ဤစူပါအမျိုးသမီးကြီးအပေါ် အနာဂတ်စိန်ခေါ်မှုကို သံသယရှိစရာဖြစ်လာသည်။

"ငါထွက်သွားရင်တော့ ကမ္ဘာမီးလောင် သားတောင်ချနင်းပဲ"ဟု ပြင်သစ်ဘုရင်လူဝီ(၁၅)က ပြောခဲ့သည်ဟု ဆိုသည်။ မစ္စစ်မာကယ်မှာလည်း ယင်းစကားစုမျိုး ပဲ့တင်ထပ်နေသည်။ ၎င်းအုပ်ချုပ်မှုနောက်ကွယ်တွင် ဆိုးဆိုးရွားရွားနှင့် ဈေးကြီးသော စွမ်းအင်မူဝါဒ၊ ထောက်ပံ့မှုနည်းပြီး ယိုယွင်းနေသော ကားနှင့် ရထားလမ်း အခြေခံအဆောက်အအုံ (ဂျာမနီရထားများ အချိန်မှန်မပြေးဆွဲတော့ပါ) နှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များတွင် သနားဖွယ်ရာ ထင်ဟပ်နေသည့် ပြုပြင်ပြောင်းလဲမှုမရှိသော တက္ကသိုလ်ပညာရေးစနစ်တို့ ကျန်ရှိသည်။

ထို့အပြင် ယူရိုငွေကိစ္စလည်း ရှိသေးသည်။ ရှိတ်စပီးယား ပြဇာတ်တွေထဲကလိုပင် ဂရိနိုင်ငံမှာ နောက်တစ်ကြိမ် ကယ်ဆယ်ရေးလိုအပ်နေသည်။ စပိန်နိုင်ငံ၏ ကြွေးမြီမှာလည်း စံချိန်တင်မြင့်မားနေသည်။

အီတလီနိုင်ငံ၏စီးပွားရေးမှာ အကြွေးများဖြင့် ထောက်ကန်ထားရပြီး ကြွေးမြီဆက်လက်မြင့်တက်ကာ အတိုးနှုန်းများမှာ အဆမတန်မြင့်တက်နေသည်။

မစ္စစ်မာကယ်၏ ယူရိုငွေမူဝါဒမှာ ဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ရေး နောက်ဆုံးမိနစ်၊ နောက်ဆုံးအချိန်ထိ ဖြစ်နိုင်သမျှ အနည်းဆုံးသာ အကူအညီပေး၍ တစ်ချိန်တည်းမှာပင် ရည်ရွယ်ချက်မဲ့သော တောင်ပိုင်းဥရောပများက ၎င်းတို့ငွေကြေးကိုလှည့်စားမယူသွားရေး သေချာရန် ဂျာမနီမဲဆန္ဒရှင်များကို အာမခံခြင်းဖြစ်သည်။ တကယ်တော့ စီးပွားရေးကို ငွေကြေးဖြင့် ကယ်ဆယ်ရေး အစီအစဉ်အများအပြားတွင် ဂျာမနီနိုင်ငံ၏ ကတိကဝတ်များနှင့် ငွေကြေးထည့်ဝင်ရမှုများမှာ ဂျာမနီအစိုးရဘတ်ဂျက် တစ်နှစ်စာနှင့်ညီမျှသည်။ သို့ပေမဲ့လည်း အဓိပတိ၏ရုံးမှနေ၍ မူဝါဒအသစ်တစ်ရပ် ထွက်ပေါ်လာမည့် အရိပ်အယောင်မျှပင် မတွေ့ရသေးပေ။

ဂျာမနီ အနာဂတ် အတွက် မျှော်ကြည့်ရမည့်လူတစ်ယောက်မှာ ဟန်နာလိုခရက် (၅၃)နှစ်ဖြစ်သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ King's ကောလိပ်မှ ဘွဲ့ရထားသော စီးပွားရေးပညာရှင်၊ လက်ရှိတွင် သြဇာကြီးသော North-Rhine-Westphalia ပြည်နယ်ကို ဦးဆောင်နေသူ ဆိုရှယ်ဒီမိုကရက်ဖြစ်သည်။ မိခင်တစ်ဦးလည်းဖြစ်သူ ဟန်နာလိုခရက်သည် လက်ဝဲစွန်း လင်ကီပါတီ ထောက်ခံမှုအနည်းငယ်နှင့် အစိမ်းရောင်ပါတီမဟာမိတ်တို့ဖြင့် အုပ်ချုပ်နေရာ မစ္စစ်မာကယ်နှင့် နှိုင်းယှဉ်နိုင်သော အရည်အချင်းရှိသူဖြစ်သည်။

လက်ဝဲနှင့် ဗဟိုလက်ဝဲယိမ်းများ ကျယ်ကျယ်ပြန့်ပြန့် မဟာမိတ်အဖွဲ့ ဖွဲ့စည်း၍ မစ္စစ်ဟန်နာလိုခရက်ကို အာဏာရရှိစေရေးမှာ ဂျာမနီ၏ နိုင်ငံရေးအနာဂတ်အတွက် အရေးပါနိုင်ပါသည်။ မစ္စစ်မာကယ်၏ ရွေးကောက်ပွဲအောင်မြင်မှုတွင်လည်း ၎င်း၏ဗဟိုနှင့် လက်ယာယိမ်း မဟာမိတ်များအဖွဲ့မှရရှိသော စုစုပေါင်းမဲအရေအတွက်တွင် လက်ဝဲမဟာမိတ်များ ထက်ထောက်ခံမဲနည်းကြောင်း အမှတ်ရနေရပါမည်။

မစ္စစ်မာကယ်၏သမိုင်းအမွေကြောင့်ပင် နောက်ထပ် အမျိုးသမီးတစ်ဦး ခေါင်းဆောင်ပြီး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပြန်လည်အင်အားပြည့်ဖြိုးလာသော ဂျာမနီ၏ လက်ဝဲအဖွဲ့များ ပေါ်ထွက်လာဖွယ်ရာရှိပါသည်။


*—Ref: Merkel: The dark side*

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

7 DAY BOOK REVIEW

## ဒေါ်အောင်ဆန်းစုကြည်အတွက် စာတစ်စောင်

### မသီတာ(စမ်းချောင်း)




"သူ့အဖေလုပ်ကြံခံရစဉ်က စုဟာ အသက် ၂နှစ်သာရှိသေးတာမို့ လုပ်ကြံတယ်ဆိုတာကိုရော သေဆုံးမှုအတွက် ဝမ်းနည်းရမှာကိုပါ သိပ်နားမလည်နိုင်ခဲ့ပါဘူး။ စုက သူ့အဖေကို ကောင်းကောင်းလည်း မမှတ်မိပါဘူး။ ဒါပေမဲ့ သူ့ဘဝမှာ ဘယ်တော့မှမေ့လို့မရတဲ့ မြင်ကွင်းတစ်ခုအကြောင်း စုကကျွန်မကို ပြောပြဖူးပါတယ်။ အဲဒါကတော့ သူငယ်ငယ်က အိမ်အဝင်က လှေကားရှည်ကြီးထိပ်မှာ ညနေတိုင်းထိုင်ကာ စစ်ယူနီဖောင်းနဲ့ပြန်လာမယ့် အဖေ့ကိုမျှော်နေတတ်ပြီး အဖေကလည်း သူ့ကိုတွေ့တာနဲ့ ပွေ့ချီကာလေထဲမြှောက်ပေးသလို ပါးနှစ်ဖက်ကိုလည်း မွှေးမွှေးပေး၊ လူကိုလည်းတင်းတင်းကျပ်ကျပ် ဖက်ထားတတ်တဲ့မြင်ကွင်းပါတဲ့။ အဲဒီလို ပြန်ပြောပြတဲ့အချိန်မှာတောင် သူ့အဖေရဲ့ အထိအတွေ့ကို သူကရနေသေးသလို အဲဒီမြင်ကွင်းက သူ့စိတ်ထဲမှာ မြဲနေခဲ့ပါတယ်တဲ့"

(နိုရိကိုအို့စု)

'အရောင်စစ်နေကြာ"စမ်းချောင်း အင်းစိန် ဟားဗတ်' စသည့် ထင်ရှားသောစာအုပ်များ ရေးသားခဲ့သည့် မသီတာ(စမ်းချောင်း) က ဒေါ်အောင်ဆန်းစုကြည်နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် မိသားစု သဖွယ် ရင်းနှီးကျွမ်းဝင်ခဲ့သော ဂျပန်လူမျိုး အမျိုးသမီး နိုရိကိုအို့စုရေးသားသည့် စာတစ်အုပ် ဘာသာပြန်ဆိုထွက်ရှိလာသည်။ မူရင်းစာရေးသူ နိုရိကိုအို့စုသည် ဒေါ်အောင်ဆန်းစုကြည်မိသားစုနှင့် ဗြိတိန်နိုင်ငံတွင်သာမက ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံသို့လာရောက်နေထိုင်စဉ်ကာလအတွင်းအရင်းနှီးဆုံးမိတ်ဆွေတစ်ဦးပီပီ ယခုစာအုပ်ကို ရေးသားရာ၌ အခြားစာရေးသူများနှင့်မတူဘဲ ပုဂ္ဂလိကဘဝကို အနီးကပ်ထင်ဟပ်ပြထားသည်။ စာအုပ်တွင် အောက်စ်ဖို့ဒ်ကစု၊ ကျိုတိုရောက်စု၊ အချုပ်အနှောင်ထဲကစု၊ ပုံရိပ်ရှင်စု၊ စုအတွက်စာတစ်စောင် (စုမရှိတော့တဲ့ မိုင်ကယ့်ဘဝ)၊ စု၏နိုင်ငံသို့ခရီး (၂၀၀၇)၊ မြန်မာမိခင် (၂၀၁၀-၂၀၁၂)၊ အမှတ်တရနေ့ အဖြစ်ဟူ၍ အခန်းရှစ်ခန်းခွဲကာရေးသားထားပြီး ဂျပန်ဘာသာနှင့်ပင် လုံးချင်းအဖြစ်မထွက်ရှိသေးဘဲ မြန်မာဘာသာဖြင့် ပထမဆုံးအကြိမ်ထုတ်ဝေခြင်းဖြစ်သည်။ နိုရိကိုသည် ယခုစာအုပ်ရေးရာ၌ ရင်းနှီးကျွမ်းဝင်ခဲ့သော သူလိုကိုယ်လိုသူငယ်ချင်းမတစ်ဦး၏ အိမ်ထောင်ရှင်မဘဝမှ ကမ္ဘာ့ခေါင်းဆောင်တစ်ဦးအဖြစ် ပေါ်ထွန်းလာပုံ အဆုံး ၎င်းထိတွေ့ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်ပြောပြဟန်ဖြင့် ရိုးရှင်းစွာရေးသားထားသည်။ မြန်မာဘာသာအဖြစ် ထွက်ရှိစေလိုခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မည်မျှပင် အောင်မြင်ကျော်ကြားပါစေ မိန်းမတစ်ယောက်ဖြစ်ပါက သာမန်အိမ်ရှင်မဘဝကို မလွဲမသွေဖြတ်သန်းရမည်ဖြစ်သော်လည်း ဤမျှနှင့်ရောင့်ရဲပြီးဆုံးခြင်း မရှိရလေအောင် စေတနာထား ရေးသားခဲ့သည်ဆိုပါသည်။ ဤသို့ ဒေါ်အောင်ဆန်းစုကြည်၏ အရင်းနှီးဆုံးနိုင်ငံခြားသူတစ်ဦးရေးသားသည့်စာကို ဒေါ်အောင်ဆန်းစုကြည်နှင့်လက်ပွန်းတတီးနေထိုင်ခဲ့သော မသီတာ(စမ်းချောင်း)က ဘာသာပြန်လေသောအခါ. . . ။

စာအုပ်အပြင်အဆင်သေသပ်လှပစွာ ရောင်စုံဓာတ်ပုံဝေဝေဆာဆာ ထည့်သွင်းထားပြီး ငါတို့စာပေတိုက် က တန်ဖိုး ၂၅၀၀ကျပ်ဖြင့်ဖြန့်ချိ သည်။

Knowledge ဗဟုသုတ

## ရှန်ပိန်ဆိုတဲ့ပြင်သစ်ဝိုင်

ရှန်ပိန်ဆိုသော ကမ္ဘာကျော်ဝိုင်မှာ ၎င်းကိုထုတ်လုပ်ရာအရပ်ဒေသ ပြင်သစ်ပြည် အရှေ့မြောက်ပိုင်း ရှန်ပိန်ဒေသကို အစွဲပြု၍ ခေါ်ဆိုသောဝိုင်ဖြစ်သည်။ ဝိုင်မှာ အနီရောင်မဟုတ်ဘဲ အဝါရောင်၊ အဖြူရောင်ရှိပြီး အမြှုပ်ငယ်လေးများ ပလုံစီနေသည်က ရှန်ပိန်၏ အမှတ်လက္ခဏာလည်းဖြစ်သည်။ ပြင်သစ်၏ ရှန်ပိန်ဒေသမှာ အလယ်ခေတ်ကာလကပင် ဒေသထွက်ဝိုင်များကြောင့် လူသိများသည့်နေရာဖြစ်သည်။ ထိုဒေသတွင်စပျစ်ပင်များကိုရောမလူမျိုးများက ၅ ရာစုလောက်ကပင် လာရောက်စိုက်ပျိုး ထားပြီး ဝိုင်ချက်လုပ်မှုဓလေ့ဖြစ်ထွန်းလာခြင်းဖြစ်သည်။ ရှန်ပိန်ကို တီထွင်သူမှာ အစဉ်အလာယုံတမ်းဇာတ်လမ်းများတွင် မှတ်ယူကြသကဲ့သို့ ဘုန်းတော်ကြီး ဒွန်ပယ်ရီညွန်မဟုတ်သော်လည်း ၎င်းသည် ဝိုင်ချက်လုပ်နည်းများကို တိုးတက်အောင်လုပ်ဆောင်ခဲ့ကာ နိုင်ငံခြားပစ္စည်းများ လုံးဝ မသုံးဘဲ ဒေသထွက်ပစ္စည်းများဖြင့်သာ ဝိုင်ကို ထုတ်လုပ်စေခဲ့သည်။ ပြင်သစ်တွင် ပထမဆုံးအမြှုပ်တစ်စီစီဖြင့် ဝိုင်ကို ၁၉ ရာစုအတွင်း ၁၈၄၄ ခုနှစ်တွင် စတင်ထုတ်လုပ်ရောင်းချခဲ့သည်။ ဤသည်မှာ ဝိုင်ကို ပိုချိုအောင် သကြားထည့်နည်းကို တီထွင်နိုင်ခဲ့သည့် ဗြိတိသျှသဘာဝသိပ္ပံပညာရှင် ခရစ်စတိုဖာမီရက် (၁၉၁၄-၁၆၉၅)ထက် နှစ် ၂၀၀ ခန့်နောက်ကျသည်။ ၁၉ ရာစုတွင် ရှမ်ပိန်များ ထုတ်လုပ်ရောင်းချမှု ခေတ်စားလာပြီး ၁၈၀၀ တွင် တစ်နှစ်ထုတ်လုပ်မှု ဝိုင်ပုလင်းသုံးသိန်းခန့်သာရှိရာမှ နှစ် ၅၀ အကြာ ၁၈၅၀ တွင် တစ်နှစ်ထုတ်လုပ်မှု ဝိုင်ပုလင်းပေါင်း သန်း ၂၀ ခန့်ဖြစ်လာသည်။ ၁၈၄၆ တွင် ပါရီရာဂျိုးအတ်ဝိုင်ကုမ္ပဏီက ၎င်းတို့ထုတ်လုပ်သော ရှန်ပိန်များကို အချိုပေါ့ရန် ဆုံးဖြတ်ခဲ့ပြီး လန်ဒန်သို့ တင်ပို့ခဲ့သည်။ ခေတ်သစ်ရှန်ပိန်ဖြစ်သော ဘရတ် Brut ရှန်ပိန်များကို ဗြိတိန်သို့ ဦးတည် ရောင်းချနိုင်ရန်အတွက် ၁၈၇၆ တွင် ထုတ်လုပ်ခဲ့သည်။ *—Ref: Wiki*



# တစ်ပတ်တာကံကြမ္မာ

အောက်တိုဘာ ၂ရက် မှ အောက်တိုဘာ ၈ ရက်အ ထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ထူးထူးခြားခြား ကောင်းခြင်းတိုးတက်ခြင်းရရှိမည်။ မိမိလိုလားချက်၊ ရည်ရွယ်ချက်များ လက်တွေ့အကောင်အထည်ဖော်အောင်မြင်မည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ တော်ရုံတန်ရုံ အချစ်ရေးစိတ်မဝင်စားသူပင် မိမိအားကျလောက်အောင် ပိုးပန်းသူပေါ်မည်။ အနောက်အရပ်မှ မိတ်ဆွေကောင်းများထံမှ အထောက်အကူရရှိမည်။ ထူးထူးခြားခြားအဆင်ပြေခြင်းရှိမည်။ အင်္ဂါနံ ပစ္စည်းများမှ ကောင်းကျိုးရရှိမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မိခင်ကဲ့သို့ အမျိုးသမီးအကြီးအကဲများထံမှ အထောက်အကူရမည်။ ငွေကြေးလစာတိုးတက်ခြင်းများ ရှိနိုင်သည်။ ခရီးသွားခြင်းများနှင့်ပတ်သက်၍ မြောက်အရပ်သို့သွားခြင်းရှောင်ပါ။ စကားများရတတ်သည်။ နားတွင် မတော်တဆဒဏ်ရာရတတ်သည်။ အိမ်အနီးအနား နာရေးပေါ်တတ်သည်။ အိမ်ထောင်သည် အမျိုးသားများအဖို့ အိမ်ထောင်ဖက်၏ ပြောဆိုသည့်စကားအပေါ် လေးလေးနက်နက်ရှိသင့်သည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စာရွက်စာတမ်းငွေကြေးကိစ္စများကို သတိနှင့် ကိုင်တွယ်ပါ။ ရန်၊ အငြိုင်အဆိုင်အနှောင့်အယှက်ကြားမှ တိုးတက်မှုကို ဖန်တီးရမည်။ လူယုံထား၍ မရ။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ရှုပ်ရသော အနေအထားရှိမည်။ အပြောင်းအလဲနှင့် တိုးတက်မှုများရှိမည်။ အလွယ်တကူရခြင်းဖြစ်ခြင်းမရှိ။ မိသားစုအတွင်း စိတ်အနှောင့်အယှက်ဖြစ်စရာများရှိမည်။ ဒုက္ခပေးသောသူများ ပေါ်တတ်သည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မလိုလားအပ်သော ငွေကုန်ခြင်းများ၊ ငွေလိမ်ခံရခြင်းများဖြစ်တတ်သည်။ ဆွေမျိုးများ၏ အမှုအခင်းများ လိုက်လံဖြေရှင်းရသောကိန်းရှိသည်။ စက်ပစ္စည်းများ အဝင်တော်သည်။ အင်္ဂါနံလုပ်ငန်းလုပ်သော သူများအဖို့ ကောင်းသော အကျိုးများရရှိနိုင်သော အနေအထားရှိသည်။ ပညာရှာနေသောသူများ ပညာရေးအနေအထားကောင်း၍ တိုးတက်မှု အထူးကောင်းသော အနေအထားရှိသည်။ ပြဿနာကင်းအောင်နေပါ။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ချမ်းမြေ့ခြင်းနှင့် ကြည်နူးခြင်းပျော်ရွှင်ခြင်းများ လွှမ်းမိုးနေမည်။ အံ့သြလောက်အောင် အခြေအနေတိုးတက်မှုကြုံမည်။ ခက်ခဲသောကိစ္စများဖြေရှင်း၍ အဆင်ပြေမည်။ ကြန့်ကြာနေသော ပြဿနာများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ ငွေရေး၊ ကြေးရေးကိစ္စလုပ်ငန်းရေးရာကိစ္စများတွင် စနစ်တကျဆောင်ရွက်၍ အကျိုးထူးကောင်းစွာ ခံစားရခြင်း၊ အဆင်ပြေခြင်းကြုံမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

မိမိတတ်ကျွမ်းထားပြီး လက်တွေ့အသုံးမချရသေးသည့် အတတ်ပညာများကို အသုံးချရမည်။ ခက်ခဲသောကိစ္စများကို ပညာနှင့်ဖြစ်စေ၊ ဆရာသမားများ၏ အကူအညီဖြင့်ဖြစ်စေ ဖြေရှင်းနိုင်မည်။ သူတစ်ပါးက မိမိအား မည်မျှ အနှောင့်အယှက်ပေးလေ ရန်အပေါင်းကို ကျော်လွှားနိုင်သော အခြေအနေသို့ရောက်မည်။ မိမိတွင် ပြဿနာများ၊ စိတ်အနှောင့်အယှက်များကြုံမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပြောင်းလဲခြင်းကို မလိုလားသော်လည်း အပြောင်းအလဲနောက်ကွယ်တွင် တိုးတက်မှုများစွာ ကြုံနိုင်၍ ပြောင်းလဲခြင်းကို ဆောင်ရွက်နိုင်သည်။ အမျိုးသားများအဖို့ အသွားအလာ၊ အနေအထိုင် ဂရုစိုက်သင့်သည်။ မိမိအပေါ်တွင် စစ်မှန်သော မေတ္တာမထားဘဲ တစ်စုံတစ်ရာ အကြံညာဏ်ဖြင့် ချဉ်းကပ်လာသော သူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။ ဘဝတိုးတက်မှုရှိမည်။ ရည်ရွယ်ချက်အောင်မြင်မည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရန်အငြိုင်အတိုက်အခံများ ရှိတတ်သည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း ငွေကြေးကိစ္စတာဝန်ယူအာမခံခြင်းများ သတိရှိပါ။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ စက်ပစ္စည်းအဝင်တော်သည်။ လုပ်ငန်းတွင် ငွေမြှုပ်နှံ၍ လုပ်ကိုင်ရာမှ ကောင်းသောအကျိုးဆက်ရမည်။ ရွှေအဝင်မတော်။ ယာဉ်ကားနှင့်ပတ်သက်၍လည်း အဝင်မတော်သလိုဖြစ်တတ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အမှု၊ ပြဿနာရန်အနှောင့်အယှက်များ ကြုံတတ်သည်။ ရန်များမည်။ မနာလိုရန်အတိုက်အခံများမည်။ သူတစ်ပါးကြောင့် မိမိတွင် အနှောင့်အယှက်ဖြစ်တတ်သည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းရမည်။ လုပ်ငန်းကိစ္စမှန်သမျှ မိမိကိုယ်တိုင် ကိုယ်ကျ ထိထိမိမိလုပ်ကိုင်ပါ။ ပေါ့ပေါ့တန်တန် မလုပ်ရ။ တစ်ချက်ပေါ့သွားသည်နှင့် အနှောင့်အယှက်များ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာနိုင်သည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

သူတစ်ပါးအပေါ် အထင်သေးခြင်း၊ မာန်မာနနှင့် ဆက်ဆံခြင်းများမရှိသင့်။ သည်းခံစိတ်ရှည်၍ လူတကာအပေါ်တွင် လေးလေးစားစားအရေးတယူပြုပြီး ဆက်ဆံပါ။ လုပ်ငန်းခွင်မှ သူများအဖို့ လုပ်ငန်းလက်လွှဲလက်ပြောင်းများ၌ အရေးပါသော စာရွက်စာတမ်းများ ပျောက်ရှတတ်သည်။ တစ်ပါးသူရှုပ်ထားသည့် အရှုပ်အထွေးများ မိမိတာဝန်ခံသလို ကြုံနိုင်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အိမ်တွင် ပစ္စည်းများ အထားအသိုအထူဂရုစိုက်ပါ။ အသွားအလာအနေအထိုင်အပြောအဆိုအားလုံးကို ထိန်းထိန်းသိမ်းသိမ်းရရှိမည်။ တစ်ဦးနှင့်တစ်ဦး စကားအချေအတင်ပြောဆိုခြင်းမှ မဖြစ်စလောက် သေးမွှားသည့်ကိစ္စမှ ကြီးမားသော အိမ်တွင်းရေးအညံ့ရှိတတ်သည်။ ရန်နှင့်ယှဉ်၍ အလုပ်ကိစ္စများ ဆောင်ရွက်ကာ တိုးတက်မှု၊ အောင်မြင်မှုများရရှိနိုင်သော ကာလဖြစ်သည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အိမ်တွင်းရေး၊ လူမှုရေး ကိစ္စများတွင် စိတ်အနှောင့်အယှက်ဖြစ်စရာများရှိမည်။ မိဘအကြီးအကဲကျန်းမာရေးကို သတိရှိရမည်။ ငွေကြေးအတွက် စကားပြောဆိုမှုများ ဆောင်ရွက်ရန် အထူးကောင်းသည်။ အလုပ်သစ်များ ချဲ့ထွင်ဆောင်ရွက်၍ ကောင်းသောကာလတစ်ခုဖြစ်သည်။ အပျော်လွန်ကဲ၍ ဖွတ်လုပ်ခြင်း၊ ခေါင်းမာ၍ ထင်ရာစိုင်းခြင်းများ တတ်အားသမျှ ရှောင်ရမည်။

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

**စာမျက်နှာ(၂၆) မှ**

## ဘာကြောင့် စပယ်ရှယ်လိုက်ဇေးရှင်းလဲ

ပြီးတော့ ပုံနှိပ်တတ်တဲ့ စက်ဆရာတို့၊ အလုပ်သမားတို့ကို ငှားပြီးတဲ့ အခါကြီးကြပ်အုပ်ချုပ်မယ့်မန်နေဂျာကို (ပုံနှိပ်စက်ဆိုတာ လေးရောင်တစ်ချက်တည်းရိုက်သလား၊ လေးချက်ရိုက်တာလား မမြင်ဖူးသူဘဲ ဖြစ်ချင်ဖြစ်) သူယုံကြည်ရသူကို ခန့်လိုက်တာပဲ။ ပြီးတော့ ပုံနှိပ်စက်အပ်မယ့်သူ ပုံမှန်ဖောက်သည်က ရှာမရဘူး။ ဒါဆိုလည်း လွယ်ပါတယ်။ ကိုယ်တိုင်ပဲ စာအုပ်ထုတ်လိုက်ရင် ရိုက်စရာရ သွားတာပေါ့ဆိုပြီး "ထုတ်ဝေရေး" ကိုပါထလုပ်တော့တာကိုး။ အဲဒီမှာ ထုတ်လိုက်တဲ့စာအုပ်တွေက ငွေပြန်မဝင်ဘူး။ ဘယ်လိုဖြစ်တာလဲဆိုတာ ဟိန်းဟောက်မေးမြန်းပြီး သိသွားတဲ့အခါကျ "ဩော်. . ဖြန့်ချိရေးက ဒုက္ခပေးတာကိုး"ဆိုတာ သိသွားတော့ "ကဲ. . ဖြန့်ချိရေးကိုပါ ကိုယ်တိုင်လုပ်မယ်" ဖြစ်ကရော။ ဒီနည်းနဲ့ မဂ္ဂဇင်းတစ်ခု ထုတ်မိသူဟာ ပုံနှိပ်စက်၊ ထုတ်ဝေရေး၊ ဖြန့်ချိရေးတို့ပါ လုပ်မိတဲ့အပြင် တချို့များ စက္ကူစက်တို့၊ စာအုပ်ချုပ်လုပ်ငန်းတို့ပါ လုပ်ဖြစ်တဲ့ အဆင့်ကို ရောက်သွားတတ်ပါတယ်။

ဒါကစီးပွားရေးလုပ်ရာမှာ တစ်ခုအောင်မြင်သွားတော့ အဲဒါကို ဇောက်ချမလုပ်ဘဲ ကိုယ်မကျွမ်းကျင်တဲ့အပိုင်းကိုပါ ကိုယ်လုပ်လို့ရတယ်ထင်ပြီး လုပ်မိတတ်တာမျိုးကို ဥပမာပေးတာပါ။ ဒါပေမဲ့ ဒီလိုလုပ်လို့ အောင်မြင်သွားသူတစ်ယောက်မှ မရှိဘူးလို့တော့ မဆိုနိုင်ပါဘူး။ အောင်မြင်တာတွေ ရှိနိုင်ပါတယ်။ တကယ်ကျွမ်းကျင်သူကို ရှာဖွေတာဝန်ပေးပြီး စနစ်တကျ ဈေးကွက်ရှာဖွေ၊ စီမံကိန်းရေးဆွဲလို့ စနစ်တကျ ချဲ့ထွင်တယ်ဆိုရင်တော့ အောင်မြင်ဖို့ ရှိပါတယ်။ ဒါပေမဲ့ အခု ကျွန်တော်ပြောခဲ့တဲ့ ဥပမာအတိုင်း ငွေရှင်အများစုဟာ ကျွမ်းကျင်သူထက် "ယုံကြည်ရသူ" ကိုပိုအားကိုးလေ့ရှိပါတယ်။ တချို့ အလုပ်တွေက သူတို့မကျွမ်းကျင်တဲ့အတွက် "ကျွမ်းကျင်တဲ့သူ" ကိုရှာပြီး တာဝန်ပေးမိရင် သူလုပ်သမျှကိုယ်ခံရတာမျိုးများ ဖြစ်မလားလို့ တွေးပူတတ်သူလည်း ရှိတတ်ပါတယ်။

တချို့ငွေရှင်များကျတော့လည်း နောက်ထပ်လုပ်ငန်းဆင့်တက်တိုးချဲ့ရာမှာ ပထမပင်မလုပ်ငန်းအတွက် တာဝန်ပေးခန့်ထားခဲ့သူကိုပဲ အပိုအလုပ်အနေနဲ့ ခိုင်းလိုက်ရင် (ငွေလေးဘာလေး နည်းနည်းပိုပေးလိုက်ရင်) ရတာပဲလို့ စဉ်းစားတာမျိုးလည်း ရှိတတ်ပါတယ်။ အယ်ဒီတာကိုပဲ ပုံနှိပ်စက်ကို အချိန်ပိုင်းသွားကြီးကြပ်ခိုင်းတာမျိုးပေါ့။ ဒီတော့ အဲဒီလူကလည်း ငွေရှင်ကို မလွန်ဆန်နိုင်လို့ဖြစ်စေ၊ ငွေရတာကို ကျေနပ်လို့ဖြစ်စေ ဝိုင်းလုပ်ပေးတဲ့အခါ တစ်ဖက်မှာ "အလုပ်ဖြစ်ရုံ" လုပ်ငန်းပဲ ဖြစ်လာပါတယ်။ အောင်မြင်တဲ့ လုပ်ငန်းတစ်ခု ဘယ်တော့မှ ဖြစ်မလာနိုင်ပါဘူး။

ဒီတော့ ပြောခဲ့တဲ့အတိုင်း ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းက အောင်မြင်လာတဲ့အတွက် ဆေးပြားရိုက်စက်လောက် ထူထောင်တာက သဘာဝကျပေမယ့် ဆေးဘူးလုပ်ဖို့ ပလတ်စတစ်စက်ရုံတို့၊ တံဆိပ်ရိုက်ဖို့ ပုံနှိပ်စက်တို့ပါ ထူထောင်တာမျိုးက မသင့်တော်တာမို့ "စပယ်ရှယ်လိုက်ဇေးရှင်း" ကိစ္စကို ပြောနေရတာဖြစ်ပါတယ်။ ဒီလိုမျိုး ကိုယ်မကျွမ်းကျင်တဲ့ အလုပ်များစွာကို မနိုင်မနင်းလျှောက်လုပ်မိပြီး မအောင်မြင်တာ ဒါမှမဟုတ် အညံ့စားထုတ်ကုန် (သို့မဟုတ်) အပေါစားဝန်ဆောင်မှုပဲဖြစ်လာတာဟာ ကိုယ့်စီးပွားရေးတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံ့စီးပွားရေးအပြင် ဝယ်ယူ အသုံးချရတဲ့ စားသုံးသူကိုပါ သွားထိခိုက်တတ်ပါတယ်။ လေယာဉ်ပျံသန်းတဲ့ကုမ္ပဏီများက လေယာဉ်မထုတ်သလို လေယာဉ် ထုတ်လုပ်တဲ့ကုမ္ပဏီများကလည်း လေယာဉ်အင်ဂျင်များကို သူတို့ ကိုယ်တိုင်လုပ်တာ မဟုတ်ပါဘူး။ ဈေးကွက်မှာရှိပြီးသား အကောင်းဆုံးလေယာဉ်အင်ဂျင် ထုတ်လုပ်သူများဆီကသာ မှာယူရတာ ဖြစ်ပါတယ်။ လေယာဉ်ထုတ်လုပ်မှုထဲမှာလည်းကုန်တင်လေယာဉ်၊ ခရီးသည် တင်လေယာဉ်၊ ဂျက်လေယာဉ်၊ စက်လေယာဉ်၊ ရဟတ်ယာဉ်စသဖြင့် အမျိုးအစားတွေ ကွဲနိုင်ပါတယ်။ လေယာဉ်အမျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်းဆိုတဲ့ အထူးပြုတစ်ခုတည်းသော အလုပ်ကို လုပ်ကိုင်သူများ ဖြစ်ပါတယ်။

စပယ်ရှယ်လိုက်ဇေးရှင်းက သိပ်ကျဉ်းမြောင်းလွန်းရင်လည်း ဈေးကွက်မှာ ရွေးစရာများတဲ့အထဲ ကိုယ့်ထုတ်ကုန်ရဲ့ အရွေးချယ်ခံနိုင်ခွင့်က နည်းသွားတဲ့အပြင် ခေတ်ကုန်သွားတာတို့၊ လူကြိုက်နည်းသွားတာတို့ဖြစ်ပြန်ရင်လည်း လုံးဝပုံရက်လဲအောင် ထိခိုက်နိုင်တာမို့ စပယ်ရှယ်လိုက်ဇေးရှင်းကို ကျယ်ကျယ်ပြန့်ပြန့် ရွေးစရာအမျိုးအစားများများ ထုတ်နိုင်အောင်တော့ လုပ်ကြရပါမယ်ဆိုတာလည်း ရှိပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီနေ့မြန်မာ့စီးပွားရေးလောကမှာက စပယ်ရှယ်လိုက်ဇေးရှင်းအားနည်းလာပြီး ရောင်းကောင်းမယ့် ပစ္စည်းမှန်သမျှ ငါထုတ်မှာပဲဆိုတဲ့ စိတ်နဲ့လုပ်တာမျိုး၊ အပ်ထုတ်နေရာကနေ "အပ်လည်းအချွန်ပဲ၊ ဒုံးပျံလည်းအချွန်ပဲ၊ အတူတူပဲဟာ ဒုံးပျံထုတ်ရင်လည်း ဖြစ်မှာပဲ" ဆိုပြီး စွတ်လုပ်တတ်တာမျိုး များနေတတ်လို့သာ "အထူးပြုထုတ်လုပ်မှု" ကို အာရုံပြုနိုင်ဖို့ "အထူး" ရေးသားရခြင်း ဖြစ်ကြောင်းပါ ခင်ဗျား။

## JOKE

### ငြိမ်နေသောအတန်း

မူလတန်းကျောင်းတစ်ကျောင်းမှ တတိယတန်းဆရာမတစ်ဦးသည်အခန်းထဲမှ ငါးမိနစ်ခန့်ထွက်သွားပြီး ပြန်လာရာတွင် အတန်းထဲရှိကျောင်းသားများ အားလုံး ခါတိုင်းကဲ့သို့ပြေးလွှားဆော့ကစားနေခြင်းမရှိဘဲ ငြိမ်သက်စွာရှိနေသည်ကိုတွေ့လိုက်ရသည်။

ဆရာမမှာ လုံးဝမှင်တက်အံ့ဩနေပြီး "မင်းတို့အရင်တုန်းက ဒါမျိုး မဟုတ်ပါဘူး။ ဒီလိုနေတာ အရမ်းကောင်းတယ်။ ဒါပေမဲ့ အခုလိုမင်းတို့ အားလုံး ငြိမ်သက်နေကြတာလည်း အရမ်းကို တိတ်ဆိတ်ငြိမ်သက်နေကြတာ ဘာကြောင့်လဲဆိုတာ ဆရာမကို ပြောပါဦး"ဟု ပြောလိုက်သည်။

ယင်းသို့ဆရာမက ထပ်ခါထပ်ခါချီးကျူးမေးမြန်းပြီးနောက်ဆုံးတွင် ဂျူလီဆိုသောကျောင်းသူလေးက "ဒီလိုပါဆရာမ။ ဆရာမတစ်ခါတုန်းက ပြောဖူးတယ်လေ။ ဆရာမပြန်လာလို့ မင်းတို့အားလုံး ငြိမ်ငြိမ်သက်သက် လေးများရှိနေရင် ဆရာမလည်း သေသွားမှာတဲ့'ဟု ပြန်ပြောပါသည်။

### ၁၀၀ ရာခိုင်နှုန်း

အလုပ်ထဲတွင် အမြဲတမ်း ၁၀၀ ရာခိုင်နှုန်း ပေးဆပ်လုပ်ကိုင်ပါ။ တနင်္လာနေ့တွင်၁၂ရာခိုင်နှုန်း၊အင်္ဂါနေ့တွင် ၂၃ရာခိုင်နှုန်း၊ဗုဒ္ဓဟူးနေ့တွင် ၄၀ ရာခိုင်နှုန်း၊ ကြာသပတေးနေ့တွင် ၂၀ ရာခိုင်နှုန်း၊ သောကြာနေ့တွင် ၅ ရာခိုင်နှုန်းဟူ၍။

မှန်ကန်ရဲ့လားပြန်စစ်ကြည့်ပါ။ ၁၀၀ ရာခိုင်နှုန်းပြည့်ပြီဆိုလျှင်သင့်အလုပ်ကို၁၀၀ရာခိုင်နှုန်းအာရုံစိုက်၍ လုပ်ဆောင်ပါတော့။

**SALES REPRESENTATIVES-REAL ESTATE**

We are one of Myanmar's Largest and Long established Resid -ential Real Estate Developers.

We seek high caliber, self-motivated experienced Sales Manager and Sales executives willing to learn and explore the Real Estate Industry in selling new Luxury Condominium Apartments and Luxury Estate Villas in Yangon.

Position Requirement

- International or Myanmar University or similar Degree.
- Proven success record in sales and marketing.
- Good command of written and spoken Myanmar and English.
- Well groomed, used to work with top level customers in high level value transactions.
- Real Estate training will be provided by developer's Sales Management team.
- Excellent salary, benefits and high commission earnings potential for right persons.
- We expect mature top level leadership individuals with past experience.
- Please submit your resume with photo and references.

Interested candidates who are searching for a better career with a great future and top level earnings should send their updated CV- Profile to: "Managing Director-Real Estate" c/o khaingmeme.zaw@gmail.com;

**စာမျက်နှာ(၂၄) မှ**

## မင်းဒင်ရဲ့သက်ခိုင်(၂)

မင်းတုန်းမင်းလက်ထက်က ထင်ရှားခဲ့တဲ့ ပခန်းမင်းကြီး ဦးရန်ဝေး အကြောင်းပေါ့။ သူက ကျွန်တော် ပြောတာကို စိတ်ဝင်တစားနဲ့ ငြိမ်ပြီးနားထောင်နေတယ်။ ဒီလိုဗျ။

မင်းတုန်းမင်းလက်ထက်မှာ ချင်းတွင်းနယ်ဘက်က ဘုန်းကြီးလူထွက်နှစ်ဦးဟာ နေပြည်တော်မှာ ထိပ်တန်းစာရင်းဝင်တဲ့ မင်းကြီးရာထူးတွေ ရခဲ့ဖူးတယ်။ ကံတူအကျိုးပေးဆိုရမယ့် သူတို့နှစ်ယောက်ကတော့ ပခန်းမင်းကြီး ဦးရန်ဝေးနဲ့ ကင်းဝန်မင်းကြီး ဦးကောင်းပဲဗျ။ သူကောင်းပြုခံရပြီးတဲ့နောက် ဦးရန်ဝေးဟာ အမှန်တရားနဲ့ သစ္စာတရားအတွက် ရှင်ဘုရင်ကိုတောင် ပြန်လှန်တတ်တာမို့ မင်းတုန်းမင်းကိုယ်တော်တိုင်က ပခန်းရှင်ဘုရင်ကြီးလို့ ခေါ်လေ့ရှိသတဲ့။


ဦးရန်ဝေးဟာ ချင်းတွင်းအနောက်ဘက် ဗန့်ကျီနယ်၊ ဗဒူရွာဇာတိ။ (၁၁၇၄)မှာ မွေးတယ်။ ဗဒူရွာကျောင်း ဘုန်းတော်ကြီး ဦးဥတ္တမဟာ ဦးရန်ဝေးရဲ့ ဦးလေးတော်သတဲ့။ အဲဒီကျောင်းမှာပဲ ဦးရန်ဝေးဟာ ဦးဝိသုဒ္ဓိဆိုတဲ့ဘွဲ့နဲ့ ခန်းနေဦးပဉ္စင်းကြီးဖြစ်လာပြီး ပုဂံမင်းနန်းတက်တဲ့အခါ ဗားကရာကို ရောက်လာတယ်။ ငွေရေးကျောင်းတိုက်မှာ ကျောင်းထိုင်ဘုန်းကြီးဖြစ်လာတယ်။ အဲဒီအချိန်မှာ လွှတ်တော်မင်းသားကြီးဖြစ်နေတဲ့ မင်းတုန်းမင်းသားအိမ်ကို မှန်မှန်ကြွရောက်ပြီး တရားဟော၊ သီလပေးတာတွေ လုပ်လေ့ရှိသတဲ့။ ၁၂၁၁ ခုနှစ်မှာ မင်းတုန်းမင်းသားက ပညာဗဟုသုတအရာရှာမှီးသူတွေလိုအပ်ကြောင်း မိန့်ကြားတဲ့အတွက် ဦးဝိသုဒ္ဓိ(ဦးရန်ဝေး)ဟာ သူ့ဆီမှာ အတွင်းတပည့်အဖြစ် ရဟန်းဘဝနဲ့ စာပေကျမ်းဂန်ပေါက်မြောက်အောင် သင်ယူနေတဲ့ ကင်းဝန်မင်းကြီးအလောင်းအလျာ(ရှင်အာသဘ)ကိုလူထွက်စေသတဲ့။ အရှင်အာသဘကလည်း မင်းတုန်းမင်းသားဟာ တစ်နေ့ရှင်ဘုရင်ဖြစ်မယ်ဆိုတာ ကြိုသိလို့ ဝမ်းမြောက်ဝမ်းသာ ရဟန်းသိက္ခာချသတဲ့။

မကြာခင်မှာပဲဦးရန်ဝေးလည်း မင်းတုန်းမင်းသားအကြိမ်ကြိမ်လျှောက်တင် တိုက်တွန်းချက်ကြောင့် လူဝတ်လဲပြီး မင်းတုန်းမင်းသားရဲ့ အကြီးတော်ရာထူးရလာတယ်။

မင်းတုန်းမင်းသားနန်းရတဲ့အခါ ဦးရန်ဝေးကို ပခန်းမင်းကြီးအဖြစ် ဝန်ကြီးရာထူးပေးတဲ့အပြင် ခမည်းတော်သာယာဝတီမင်းရဲ့ ကိုယ်လုပ်တော် သန်လျင်မြို့စားမင်းသမီးနဲ့ ထိမ်းမြားပေးသတဲ့။ မင်းတုန်းမင်းဟာ ပခန်းမင်းကြီးအိမ်တော်ကို နေ့စဉ်ပွဲတော်အုပ်ပို့ပြီး လစာတော်ငွေ နှစ်ထောင်ပေးတယ်။ ထူးခြားချက်က ပခန်းမင်းကြီးဟာ လာဘ်မစားဘူး။ ရတဲ့ လစာနှစ်ထောင်ကို သူ့အတွက် တစ်ထောင်သုံးတယ်။ မင်းကြီးကတော်နဲ့တပည့်တွေအတွက် ငါးရာစီ ကွက်တိခွဲဝေသုံးတယ်။

တစ်ခါမှာတော့ ပခန်းမင်းကြီးဆီကို မုဆိုးမဘဝရောက်နေတဲ့ သူ့နှမဒေါ်နီ နွမ်းပါးတဲ့ဘဝနဲ့ ရောက်လာပြီးခိုလှုံတဲ့အခါ နှမဖြစ်သူကို ထောက်ပံ့ဖို့နည်းလမ်းရှာရင်း ဘုရင့်ရွှေပန်းထိမ်တော်သားတွေဆီရောက်သွားရောဆိုပါတော့။ အဲဒီအချိန် ပန်းထိမ်တော်မှာ ရွှေပုခက်တစ်ခုကို စီခြယ်နေရင်း ပိုနေတဲ့ လေးဆယ့်ငါးကျပ်သားလောက်ရွှေတုံးတစ်တုံးကို တွေ့တော့ဦးရန်ဝေးက 'နန်းတော်ကမေးရင် ဒီရွှေတုံးကို ငါယူသွားတယ်ပြောလိုက်' လို့ မှာပြီး ကောက်ယူသွားရောတဲ့။

**(ဆက်လက်ဖော်ပြပါမည်)**



Environment
7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# သဘာဝပတ်ဝန်းကျင် ချစ်ခင်သူများ အစိမ်းရောင်ဆု လျှောက်ထားနိုင်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

အာဆီယံဒေသတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူများအား ရွေးချယ်ချီးမြှင့်သည့် သဘာဝပတ်ဝန်းကျင် ချစ်ခင်သူများအတွက် အစိမ်းရောင်ဆု(Green Award 2013)အတွက် မြန်မာပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ ပါဝင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

သဘာဝပတ်ဝန်းကျင် ချစ်ခင်သူများအတွက်အစိမ်းရောင်ဆု(Green Award 2013)ကို Mala-ysia-China Chamber of Com-merce(MCCC)နှင့် ASEAN Academy of Engineering and Technologyတို့ ပူးပေါင်းပေးအပ်ခြင်းဖြစ်သည်။

အဆိုပါဆုကို တတိယ အကြိမ်မြောက်အဖြစ် ပေးအပ်ခြင်းဖြစ်ပြီး လေထုညစ်ညမ်းမှုလျှော့ချခြင်း၊ ရေ၊ မြေနှင့် ဇီဝမျိုးကွဲများအား ထိန်းသိမ်းခြင်း၊ စွန့်ပစ်ပစ္စည်းများလျှော့ချခြင်း၊ အစိမ်းရောင်စွန့်ဦးတီထွင်လုပ်ငန်းများလုပ်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများကို သတင်းကဏ္ဍမှတစ်ဆင့်အသိပညာပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အမြတ်အစွန်းမယူသော အဖွဲ့အစည်းများတွင်စေတနာ့ဝန်ထမ်းပါဝင်ဆောင်ရွက်ခြင်းစသည့် ကဏ္ဍခြောက်မျိုးတွင် ကဏ္ဍတစ်ခု(သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ရှင်သန်တိုးတက်ရေး မြှင့်တင်ဆောင်ရွက်ပေးနေသော အသက် (၄၀) အောက်ပုဂ္ဂိုလ်များ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ထို့သို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူများအား အာဆီယံနိုင်ငံတစ်နိုင်ငံချင်းစီမှ တစ်ဦးစီကိုရွေးချယ်၍ အစိမ်းရောင်ဆု(Green Award)ပေးအပ်မည်ဖြစ်ပြီး ထိုအထဲမှ အာဆီယံဒေသတွင်းတစ်ခုလုံးအတွက် ASEAN Green Award ဆုကိုထပ်မံရွေးချယ်ပေးအပ်သွားမည်ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အမှုဆောင်အရာရှိချုပ်ဦးမြင့်စိုးကပြောသည်။

"ဆုရတဲ့သူတွေက မလေးရှား၊ ကွာလာလမ်ပူမှာ ကျင်းပမယ့် ဆုပေးပွဲကို စရိတ်ငြိမ်းတက်ရောက်ယူရမယ်။ အစိမ်းရောင်ဆု (Green Award)က မြန်မာနိုင်ငံ ကနှစ်ဦးရထားပြီးဖြစ်ပေမယ့် ASEAN Green Award ဆုကတော့ မြန်မာနိုင်ငံကတစ်ဦးမှမရသေးဘူး"ဟု ဦးမြင့်စိုးပြောသည်။

အဆိုပါဆုအတွက်လျှောက်ထားလိုသူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူများသည် အောက်တိုဘာ ၁၀ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့လျှောက်ထားနိုင်ကြောင်းသိရသည်။

ပထမအကြိမ်အစိမ်းရောင်ဆု Green Awardကို ဦးဇော်ဝင်းသိန်းနှင့် ဒုတိယအကြိမ်တွင် ဂေဟဟိတမှ ကိုသာဇင်ဦးတို့ရရှိခဲ့ကြောင်း သတင်းရရှိသည်။



ပိန်ညင်း(ကျောမဲ)ငှက်တစ်ကောင်

ဓာတ်ပုံ- ဦးစိုးညွန့်

# မြောက်ပိုင်းတွင်ကျက်စားသည့် ပိန်ညင်းငှက်တစ်မျိုး ရန်ကုန်တွင်တွေ့

**နိုင်နိုင်စိုး**

**ရန်ကုန်၊စက်တင်ဘာ-၂၈**

မြန်မာနိုင်ငံ မြောက်ပိုင်းတွင် နေထိုင်ကျက်စားသည့် ပိန်ညင်း (ကျောမဲ)Black-backed Kingfi-sher ငှက်နှစ်ကောင်ကိုရန်ကုန်၌တွေ့ရှိခဲ့သည်ဟုမြန်မာငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ သတင်းရရှိသည်။

ပိန်ညင်း(ကျောမဲ)ငှက်ကို ကြည့်မြင်တိုင်ကမ်းနားလမ်းရှိ အိမ်တစ်အိမ်နှင့်သဃ်န်းကျွန်းရှိ ဘုန်းကြီးကျောင်း၌ တွေ့ရှိခဲ့ပြီး ပြန်လည်လွှတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌဦးသိန်းအောင်ကပြောသည်။

"ဒီငှက်က မှတ်တမ်းတင်ထားပြီးသားငှက်ပါ။ ဒီမှာက ငှက်ကြည့်တတ်တဲ့သူရှားတော့ မြောက်ပိုင်းမှာ ကျက်စားတဲ့ငှက်ပေမယ့်လည်းတွေ့နိုင်ပါတယ်။ တစ်ကောင်ကတော့ မှန်နဲ့တိုက်မိတဲ့အရှိန်ကြောင့်သေသွားတယ်"ဟု ဦးသိန်းအောင်ကပြောသည်။

ပိန်ညင်း(ကျောမဲ)ငှက်သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် အင်းတော်ကြီးဘေးမဲ့တောတို့၌ နေထိုင်ကျက်စားသည့်ငှက်အမျိုးအစားဖြစ်ပြီး ၂၀၀၀ပြည့်နှစ်နောက်ပိုင်းတွင် တွေ့ရှိ၍ မှတ်တမ်းတင်ထားသည့်ငှက်အမျိုးအစားဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ်တစ်ထောင်ကျော်ရှင်သန်ကျက်စားပြီး ရှားပါးစာရင်းဝင်မျိုးသုဉ်းလုနီးပါး ငှက်မျိုးစိတ် ၁၃၀ ကျော်ရှိကြောင်း သိရသည်။









# Tourism

7DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ပြည်ပခရီးသွားလုပ်ငန်း တရားဝင်ခွင့်ပြုပေးရေး ဆွေးနွေးမှု နောက်ဆုံးအဆင့် ရောက်ရှိပြီဟုဆို

**ခန့်ထက်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

ပြည်ပခရီးသွားလုပ်ငန်း (out-bound)တရားဝင်ခွင့်ပြုပေးရေးအတွက် ဝန်ကြီးဌာနနှင့် နောက်ဆုံးအဆင့် ဆွေးနွေးနေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က ပြောသည်။

ပြည်ပခရီး သွားလာခွင့် တရားဝင်ခွင့်ပြုပေးရေးအတွက် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများကို ချပြခဲ့ပြီး သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများမှ လိုအပ်သည်များကို ဆွေးနွေးထားသော အချက်များကို နောက်ဆုံးအဆင့် အသေးစိတ်သုံးသပ်သည့် အခြေအနေတွင်ရှိနေကြောင်း ဒေါက်တာအောင်မြတ်ကျော်က ပြောသည်။

"အပြီးသတ် ခွင့်ပြုပေးမယ့် အချိန်ကတော့ အတိအကျ ခန့်မှန်းလို့ မရသေးပါဘူး။ ဘာလို့လဲဆိုတော့ အားလုံးအတွက်



စင်ကာပူနိုင်ငံ၏ ညပိုင်းအလှ

ကာဗာဖြစ်ဖို့အတွက် အရေးကြီးတယ်။ ဒါ့ကြောင့် မလောတာကောင်းပါတယ်" ဟု ၎င်းက ပြောသည်။

ဝန်ကြီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုပေးရန်အတွက် ဆန္ဒရှိနေပြီး ခရီးသွားကုမ္ပဏီများမှာ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခရီးသည်များ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများ အဘက်ဘက်မှ မနစ်နာစေရေးအတွက် စနစ်ကျသောပြည်ပခရီးသွားလာရေး စည်းမျဉ်းစည်းကမ်းထွက်ပေါ်လာရန်အတွက် ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ပြည်ပခရီးသွားလာခွင့်ပြုချက်ရရှိရန်အတွက် ဩဂုတ် ၃ ရက်က ခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံ၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။

လက်ရှိတွင် ပြည်ပသို့ ခရီးသွားလာသူများသည် တစ်ရက်လျှင် ပျမ်းမျှတစ်ထောင်ကျော်ရှိနေပြီး ၂၀၁၁ ခုနှစ်မှစ၍ တစ်နှစ်လျှင် လူဦးရေ သုံးသိန်းခွဲကျော် သွားရောက်နေကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ခရီးသွားလာသူ အများစုမှာဗုဒ္ဓဂယာ ဘုရားဖူးခြင်း၊ ဟာ့ဂျ်ဘုရားဖူးသွားခြင်း၊ ဆေးကုသရန် သွားခြင်းနှင့် ပညာတော်သင်သွားခြင်းတို့ များပြားကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ခရီးသွား ဥပဒေတွင် ပြည်ပခရီးသွားလာခွင့် (Outbound) ပြည်တွင်းခရီးသွားလာခွင့် (Inbound)စသည်တို့အတွက် ထည့်သွင်းရေးဆွဲထားပြီး ယခင်အစိုးရလက်ထက်တွင်ပြည်တွင်းမှ နိုင်ငံခြားငွေလျော့ကျနိုင်သည့် ပြည်ပခရီးသွားလာခွင့်ကို ပိတ်ပင်ထားကြောင်းဟိုတယ်နှင့် ခရီးသွာလာရေးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်ထွန်းအောင်ကပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# Cartoon































7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# “အာဖဂန်ရဲ့သမိုင်းပြန်ကြည့်ရင် ဒီတိုင်းပြည်ဟာ စစ်ပွဲအမြဲဖြစ်နေတာပဲ”

## အာဖဂန်ရေအရင်းအမြစ်နှင့် စွမ်းအင်ဝန်ကြီး အစ္စမေးလ်ခန်းနှင့်တွေ့ဆုံခြင်း



ကျော်မျိုး

အစ္စမေးလ်ခန်းဟာ ယခင်က အာဖဂန်ရဲ့ဟီရတ်ဒေသမှာခြင်္သေ့တစ်ပါးအဖြစ် တင်စားခံရသူ နယ်မြေခံစစ်ဘုရင်တစ်ပါးဖြစ်ခဲ့တာပါ။ အခုတော့ သူဟာ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းရဲ့ အစိုးရအဖွဲ့မှာ ဝန်ကြီးတစ်ပါးအဖြစ် ပါဝင်နေသူဖြစ်နေပါပြီ။ လာမယ့်နှစ် ၂၀၁၄ မှာတော့ အာဖဂန်မှာ လုံခြုံရေးတာဝန်ယူထားတဲ့ နေတိုးတပ်ဖွဲ့တွေဟာ အာဖဂန်တပ်ဖွဲ့တွေကို တာဝန်တွေ လွှဲပြောင်းပေးပြီး ထွက်ခွာသွားတော့မှာပါ။ ဒါပေမဲ့ နေတိုးတပ်ဖွဲ့တွေ မထွက်ခွာခင် တစ်နှစ်အလိုကာလမှာပဲ ယခင်အစွန်းရောက်အဖွဲ့ဟောင်းတစ်ခုဖြစ်တဲ့ မူဂျာဟစ်ဒင်တွေဟာ စစ်သွေးကြွတပ်ဖွဲ့တွေကိုပြန်အသက်သွင်းပြီး လှုပ်ရှားလာတယ်လို့ ဖော်ထုတ်ပြောဆိုလာနေကြတာလည်း ရှိပါတယ်။ မူဂျာဟစ်ဒင်တွေဟာ အာဖဂန်မှာ ဆိုဗီယက်ကျူးကျော်မှုကို ခုခံတိုက်ခိုက်ခဲ့သလို နာဂျစ်ဘူလာရဲ့ ကွန်မြူနစ်အစိုးရနဲ့ တာလီဘန်တွေကိုလည်း တိုက်ခိုက်ခဲ့သူတွေဖြစ်ပါတယ်။ အခုဆိုရင် ဒီလို မူဂျာဟစ်ဒင်တွေ ပြန်လာနိုင်တယ်လို့ ခန့်မှန်းနေသူတွေထဲမှာ အာဖဂန်ဒုသမ္မတ(သူလည်းယခင်က စစ်ဘုရင်ဟောင်းတစ်ဦးပါပဲ) မိုဟာမက်ဖာဟင်ကလည်း အဲဒီအဖွဲ့တွေဟာ ၂၀၁၄(နေတိုးအဖွဲ့တွေ ပြန်ထွက်သွားမယ့်နှစ်)မှာ ပြန်ပေါ်လာမယ်လို့ ခန့်မှန်းထားပါတယ်။

ဒါကြောင့် ဂျာမန်စပိုင်ဂဲလ်မီဒီယာဟာ အာဖဂန်မှာ တာဂျစ်လူမျိုးတွေရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဟီရတ်ပြည်နယ်ရဲ့ စစ်ဘုရင်တစ်ပါးလည်းဖြစ်ခဲ့ဖူးသူ၊ လက်ရှိမှာလည်း အစိုးရအဖွဲ့ရဲ့ ရေအရင်းအမြစ်နဲ့ စွမ်းအင်ဝန်ကြီးလည်းဖြစ်နေသူ အစ္စမေးလ်ခန်း(၆၅)နှစ်နဲ့တွေ့ဆုံမေးမြန်းကာ အာဖဂန်ရဲ့ လုံခြုံရေးအနေအထားအကြောင်း၊ နိုင်ငံလုံခြုံရေးအတွက် မူဂျာဟစ်ဒင်တွေပြန်ပေါ်လာဖို့လိုတယ်လို့ သူအဆိုပြုထားတဲ့အကြောင်းတွေ သိရအောင် မေးမြန်းခဲ့ပါတယ်။

**ဝန်ကြီးခင်ဗျာ ဟီရတ်ပြည်နယ်မှာ လုပ်တဲ့ ချီတက်ပွဲတစ်ခုမှာ ဝန်ကြီးက ထောက်ခံသူပြည်သူတွေကို စစ်သွေးကြွအဖွဲ့သစ်တွေ ဖွဲ့စည်းသွားဖို့ အဖွဲ့ဝင်သစ်တွေစုဆောင်းသွားဖို့နဲ့ နေတိုးတပ်ဖွဲ့တွေ ဆုတ်ခွာသွားမှုနဲ့ အချိန်ကိုက်ဖြစ်အောင် ယခင် မူဂျာဟစ်ဒင်တပ်ဖွဲ့တွေကိုပြန်ဖွဲ့စည်းသွားဖို့ပြောခဲ့ပါတယ်။ လာမယ့်နှစ်ထဲမှာ ဖြစ်လာမှာတွေထဲက ဝန်ကြီး ဘာတွေကြောက်နေပါသလဲ။**

ဟီရတ်က ကျွန်တော့်ရဲ့မွတ်ဆလင်ညီအစ်ကိုတော်တွေကို ကျွန်တော်ပြောထားပါတယ်။ ခင်ဗျားတို့နဲ့ ခင်ဗျားတို့ ပြည်သူတွေဟာ အနောက်နိုင်ငံတပ်ဖွဲ့တွေ ဆုတ်ခွာသွားတဲ့နောက်မှာ တာလီဘန်တွေပြန်ကြီးစိုးလာတာကိုကာကွယ်ဖို့ ရွာတွေထဲမှာ လုပ်နိုင်သမျှအားလုံးကို လုပ်ထားရမယ်လို့ ပြောခဲ့ပါတယ်။ ခင်ဗျားတို့ဟာ နိုင်ငံတော်က အားနည်းနေတဲ့အချိန်မှာ ရဲနဲ့စစ်တပ်ကို အားပေးကူညီသင့်တယ်။ ထောက်ပံ့သင့်တယ်လို့ ပြောခဲ့ပါတယ်။ ဆိုဗီယက်ကျူးကျော်မှုကို တိုက်ထုတ်ခဲ့တဲ့ နာဂျီဘူလာကွန်မြူနစ်အစိုးရနဲ့နောက်ပိုင်းမှာ တာလီဘန်တွေကို တိုက်ထုတ်ခဲ့တဲ့ ကျွန်တော်နဲ့ ယခင် မူဂျာဟစ်ဒင်တပ်ဖွဲ့ဝင်တွေ အားလုံးအတွက်ကတော့ အဓိက စိတ်ပူပန်နေရတာက တိုင်းပြည်ဟာ နောက်တစ်ကြိမ် အကျပ်အတည်းထဲကို ထိုးဆင်းသွားနိုင်တဲ့ လုံခြုံရေးအခြေအနေကိုပါပဲ။

**တစ်နည်းပြောရရင် ဝန်ကြီးအနေနဲ့ လိုအပ်ရင် ကိုယ့်ဘာသာလက်နက်တွေ တပ်ဆင်ထားမယ်လို့ ရည်ရွယ်တာပေါ့။ ဘာ့ကြောင့်လဲဆိုတော့ ဝန်ကြီးက နေတိုးတပ်ဖွဲ့တွေ လေ့ကျင့်ပေးထားတဲ့ အာဖဂန်စစ်တပ်ကိုအယုံအကြည်မရှိဘူးပေါ့။**

ဒီစစ်တပ်က ဘာကောင်းလို့လဲ။ ရိုင်ဖယ်သေနတ်တွေ တပ်ဆင်ထားတာပါ။ တာလီဘန်တွေရဲ့တိုက်ခိုက်မှုကလည်း ပိုတိုးလာနေပြီး ဒီနှစ်ဟာဆိုရင် အာဖဂန်နစ္စတန်မှာ သွေးမြေအကျဆုံးနှစ်ဖြစ်ခဲ့တယ်။ (ဂျာမနီနိုင်ငံ)ဘွန်းမှာ ၂၀၀၁ က လုပ်ခဲ့တဲ့ အာဖဂန်နစ္စတန်ကွန်ဖရင့်ကို ခင်ဗျားတို့ မှတ်မိသေးလား။ တာလီဘန်တွေကျဆုံးပြီး သီတင်းပတ်အနည်းငယ်အကြာမှာ လုပ်ခဲ့တာလေ။ အဲဒီတုန်းက အနောက်တိုင်းက အာဖဂန်တပ်မတော်သစ်ဟာ စစ်သားဦးရေ၇၀,၀၀၀ ထက်ပိုပြီးမလိုပါဘူးဆိုတာလေ။ ဒီကိန်းဂဏန်းက သိပ်နည်းလွန်းတယ်ဗျ။ ဘယ်လောက်ကြီးလိုက်တဲ့အမှားလဲ။ အာဖဂန်စစ်တပ်နဲ့ တခြားလုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ စုစုပေါင်း လူဦးရေ သုံးသိန်းခွဲလောက် ရှိရမယ်လို့ အနောက်အုပ်စုက သဘောမပေါက်လာခင်မှာပဲ တာလီဘန်တွေဟာ ပြန်စုစည်းနိုင်စွမ်း ရှိခဲ့ကြတယ်။ တာလီဘန်တွေဟာ အာဖဂန်ပြည်နယ်တွေမှာ ရွာတွေထဲကို ပြန်ဝင်လာနေပါပြီ။ သူတို့ဟာ အနောက်အုပ်စုက လုပ်ခဲ့တဲ့ အမှားကို အခွင့်ကောင်းယူခဲ့ကြပါတယ်။

**သူတို့ တခြားဘာအမှားတွေရော လုပ်ခဲ့သေးလဲ။**

မသိနားမလည်တဲ့ အမေရိကန်တွေက အရေးပါတဲ့ တာလီဘန်အများစုကို ကဘူးလ်မြို့ပြင်မောင်းထုတ်ခဲ့တယ်။ ပြီးတော့ ကျန်တဲ့အဖွဲ့တွေကို လေကြောင်းက ဗုံးကြဲတိုက်ခိုက်ပြီး စစ်ပွဲကိုအဆုံးသတ်ခဲ့တယ်။ သူတို့က အတွေ့အကြုံရှိတဲ့ ကျွန်တော်တို့ မူဂျာဟစ်ဒင်တွေကိုတော့ မသိကျိုးကျွန်ပြုခဲ့တယ်။ အမေရိကန်တွေက သူတို့အရင်ကရုရှားတွေလိုပဲ ပန်းတိုင်ကိုမြန်မြန်အောင်မြင်ချင်ကြတယ်။ ကဘူးလ်ကျပြီးနောက် ရက် ၂၀ အတွင်းမှာပဲ တာလီဘန်တွေကို တော်လှန်ခဲ့တဲ့ ကျွန်တော်တို့ တော်လှန်ရေးခေါင်းဆောင်တွေကို သမ္မတနန်းတော်ကို ဖိတ်ပြီးပြောခဲ့တယ်။ ခင်ဗျားတို့ဟာ စော်ဘွားတွေမဟုတ်တော့သလို တပ်မှူးတွေလည်း မဟုတ်ကြတော့ဘူး။ ခင်ဗျားတို့ဟာ စစ်ဘုရင်တွေ။ ဒီတော့ လက်နက်တွေ လွှဲပြောင်းပေးကြပါလို့ပြောတယ်။ ကျွန်တော်တို့မှာ လေယာဉ်တွေနဲ့ အမြောက်လက်နက်ကြီးတွေအပါအဝင် လက်နက်ကောင်းတွေ အများကြီးရှိတယ်။ ဒါပေမဲ့ သူတို့က ကျွန်တော်တို့ တင့်ကားတွေနဲ့ လက်နက်တွေကိုစုပြီး ကွင်းတွေထဲမှာ စုပုံထားတယ်။ ကန်ဒါဟာ၊ ဟီရတ်နဲ့မာဇာကိုသွားသာကြည့်။ ဒီနေ့ထိတောင်မှ တင့်ကားတွေကို သုံးထပ်ထပ်ပုံထားတုန်းပဲ။ အမေရိကန်တွေက ကဘူးလ်မှာ ညွန့်ပေါင်းအစိုးရသစ်ဖွဲ့တော့ သူတို့က ပြည်သူတွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ကျွန်တော်တို့ကို မေ့သွားတယ်။ ဒါဟာ ကျွန်တော်တို့ကို တာလီဘန်၊ အယ်လ်ကိုင်ဒါနဲ့ ဆိုဗီယက်တွေကို တိုက်ခိုက်ရာမှာအနောက်အုပ်စုက အရမ်းကို လိုအပ်ခဲ့တာ။ အဲဒီအရင်နှစ်ပေါင်းများစွာကတည်းကဆိုတဲ့ အချက်ရှိတာတောင်မှနော်။

**အနောက်အုပ်စုက ဝန်ကြီးတို့ကို မေ့ထားတယ်လို့ ခံစားနေရပါသလား။**

အဲဒီတုန်းက အမေရိကန်တွေကို ကျွန်တော်ပြောပါတယ်။ စော်ဘွားဘွဲ့နဲ့ တပ်မှူးဘွဲ့တွေဟာ ပြည်သူတွေက ကျွန်တော်တို့ကို ပေးထားတဲ့ ဘွဲ့တွေပါလို့။ ကျွန်တော်တို့မှာ နှစ် ၂၀ ကြာ စစ်တိုက်ခဲ့တဲ့ အတွေ့အကြုံတွေရှိတယ်။ စစ်ပွဲကာလတွေအတွင်း ဒါမှမဟုတ် ပြည်ပကို ပြည်ပြေးအဖြစ်နဲ့ သွားရတဲ့အခါမျိုးမှာ အနည်းဆုံး မိသားစုဝင်တစ်ယောက်လောက် မဆုံးရှုံးဖူးတဲ့ ဘယ်မိသားစုမှ ကျွန်တော်တို့ကြားမှာ မရှိဘူး။ ခင်ဗျားတို့ ကျွန်တော်တို့ကို တကယ်ပဲ မေ့ထားချင်ကြတာလား။

**တာလီဘန်တွေဟာ နေတိုးအဖွဲ့တွေ ထွက်သွားပြီးတဲ့နောက် ပြန်လာနိုင်ခြေရှိတယ်လို့ ဝန်ကြီးထင်ပါသလား။**

တာလီဘန်တွေဟာ အာဖဂန်တစ်နိုင်ငံလုံးကို သူတို့ ထိန်းချုပ်မထားနိုင်မချင်းတော့ ငြိမ်သွားမှာမဟုတ်ဘူး။ သူတို့နဲ့ စေ့စပ်ဆွေးနွေးနေတဲ့အချက်က ဘာလဲ။ ကျွန်တော်တို့ စူပါပါဝါဆိုဗီယက်ကို ဂျီဟတ်မှာ အနိုင်တိုက်လာခဲ့တယ်။ အာဖဂန်ရဲ့ အနာဂတ်လုံခြုံရေးကိုလည်း ကျွန်တော်တို့ အာမခံနိုင်တယ်။ ဒါပေမဲ့ ဒီအချက်ကိုလုပ်နိုင်ဖို့ ကျွန်တော်တို့ လက်နက်တွေပြန်ရဖို့ လိုအပ်တယ်။

**ဒါပေမဲ့ အနောက်အုပ်စုက ဝန်ကြီးပြောသလို လက်နက်တွေကို ဖျက်ဆီးလိုက်ပြီမဟုတ်လား။**

အဲဒီဖျက်ဆီးလိုက်တဲ့ ကျွန်တော်တို့ လက်နက်တွေကို သင့်လျော်တဲ့ အစားထိုးမှုတစ်ခုလုပ်ပေးဖို့ လိုအပ်ပါတယ်။ အနောက်တိုင်းတပ်ဖွဲ့တွေဟာ အာဖဂန်က ထွက်ရင် သူတို့ ယူမသွားနိုင်တဲ့ ဒေါ်လာ ခုနစ်ဘီလီယံဖိုးရှိတဲ့ လက်နက်တွေကိုဖျက်ဆီးဖို့ပြင်နေပါတယ်။ ဘာ့ကြောင့် ဒီစစ်ပစ္စည်းတွေကို သူတို့ ကျွန်တော်တို့ကို မပေးနိုင်ရတာလဲ။

**ပြီးခဲ့တဲ့ ဖေဖော်ဝါရီအထိ အာဖဂန်မှာရှိတဲ့ နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့ရဲ့ စစ်ဦးစီးမှူးချုပ် အမေရိကန်ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီး ဂျွန်အလန်က ပြောခဲ့တယ်။ ဝန်ကြီးနဲ့ပတ်သက်ပြီး သမ္မတကာဇိုင်းကို ပြောခဲ့တာပါ။ ကာဇိုင်းဘက်ကလည်း ဟီရတ်ပြည်နယ်မှာ ဝန်ကြီးပြောခဲ့တာဟာ အစိုးရရဲ့ ပေါ်လစီတွေနဲ့ ဘာမှ မဆိုင်ဘူးလို့ ဆိုခဲ့ပါတယ်။ အာဖဂန်အမတ်တစ်ဦးကလည်း ဝန်ကြီးလို လူတွေဟာ အခုဆိုရင် သွေးညှီနံ့ကိုရနေပြီး အနောက်တိုင်းတပ်ဖွဲ့တွေပြန်ထွက်သွားတာကို ပြိုင်ဘက်တွေကို ချေမှုန်းဖို့နဲ့ ပြည်တွင်းစစ်ကို ပြန်စဖို့ အခွင့်အလမ်းတစ်ရပ်အဖြစ် မြင်နေတယ်လို့ ဆိုပါတယ်။**

စာတစ်စောင်တဲ့လား။ နှစ်စောင်ပေးခဲ့တာပါ။ ကာဇိုင်းက ကျွန်တော့်ကို အဲဒါတွေ ပြခဲ့ပါသေးတယ်။ ကျွန်တော်လည်း သူ့ကို ပြောခဲ့ပါတယ်။ အလန်လိုလူမျိုးက ကျွန်တော့်တို့ဆီမှာရှိတဲ့ လူတွေဟာ ဘယ်လိုလူမျိုးတွေဆိုတာ သိနားလည်သွားတာ ကောင်းတာပေါ့လို့။

**ဝန်ကြီးက အစိုးရအဖွဲ့ဝင်တစ်ယောက်ဆိုတော့ အခြားသူတွေထက် ကိုယ်ပြောမယ့်စကားတွေကို ပိုပြီးချိန်ဆရမယ်မဟုတ်လား။**

ကျွန်တော့်ကို ဒီအစိုးရအဖွဲ့ထဲ အလွတ်ကြီးထည့်ထားလိုက်တာပါ။ သူတို့ အတင်းဆွဲထည့်ထားတာ။

**ဟီရတ်ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်နဲ့ ဝန်ကြီးဟာ အရမ်းအင်အားကောင်းလာခဲ့တော့ ကာဇိုင်းဟာ ဝန်ကြီးကို အနီးမှာခေါ်ထားပြီး ထိန်းချုပ်ထားဖို့ ဆုံးဖြတ်ခဲ့တယ်။ အာဖဂန်မှာ နိုင်ငံတကာတပ်ဖွဲ့တွေ ပြီးစီးခဲ့တဲ့ ၁၂ နှစ်အတွင်းရှိခဲ့တဲ့ကာလကို ပြန်ကြည့်လိုက်ရင် ဘာတွေအောင်မြင်ခဲ့တယ်လို့ ဝန်ကြီးထင်ပါသလဲ။**

ကျွန်တော်ဟာ အနောက်တိုင်းရဲ့ မိတ်ဆွေတစ်ဦးပါ။ ပြီးခဲ့တဲ့နှစ်တွေအတွင်း ကျွန်တော်တို့အတွက် ဆက်ဆံရေးတွေ တကယ်ကောင်းခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ ဒီမှာတပ်ဖွဲ့တွေ ဘယ်လောက်ပဲထားထား သူတို့က ကျွန်တော်တို့ကို စစ်မှန်တဲ့ လုံခြုံရေးဘယ်တော့မှ မပေးနိုင်ပါဘူး။ အာဖဂန်ရဲ့ သမိုင်းပြန်ကြည့်ရင် ဒီတိုင်းပြည်ဟာ စစ်ပွဲအမြဲဖြစ်နေတာပဲ။ နိုင်ငံခြားတပ်ဖွဲ့တွေရှိနေတာကလည်း ဒီမှာ မငြိမ်သက်မှုကို ထပ်တိုးစေမယ်။ အာဖဂန်တွေဟာ သူတို့လက်ထဲမှာပဲ ကိုယ့်ကံကြမ္မာကို ကိုယ်ယူထားရပါမယ်။ အတင်းအကျပ် မိတ်ဆွေဆက်ဆံရေးလုပ်ခိုင်းတာကတော့ တာရှည်မခံပါဘူး။

*—Ref: Afghan Warlord- 'The West Must Give Us Our Weapons Back' By Christian Neef. 25th September: Spiegel.*

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

## Leader's Profile

# ဩစတြေးလျဝန်ကြီးချုပ်သစ် တိုနီအက်ဘော့



ရဲမင်း

အန်သိုနီ ဂျွန်တိုနီအက်ဘော့သည် ဩစတြေးလျနိုင်ငံ၏(၂၈) ယောက်မြောက်နှင့် လက်ရှိဝန်ကြီးချုပ်ဖြစ်သည်။ ၂၀၀၉ခုနှစ်မှစ၍ လစ်ဘရယ်ပါတီခေါင်းဆောင်နှင့် ၁၉၉၄ခုနှစ်မှစ၍ ဝါရင်ဂါဒေသပါလီမန်အမတ်အဖြစ် ရွေးကောက်ခံထားရသူဖြစ်သည်။

အက်ဘော့ကို ၁၉၅၇ခုနှစ် နိုဝင်ဘာ ၄ရက်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် မိဘများဩစတြေးလျနိုင်ငံသို့ပြောင်းရွှေ့ရာ၌ပါဝင်ခဲ့သည်။ အက်ဘော့၏ မိဘများသည် ဆစ်ဒနီမြို့အနီးဝန်းကျင်မှာပင် အခြေချနေထိုင်ခဲ့ပြီး အက်ဘော့မှာလည်းအထက်တန်းကျောင်းပြီးဆုံးချိန်တွင် ဆစ်ဒနီတက္ကသိုလ်၌တက်ရောက်ကာ စီးပွားရေးပညာဘွဲ့၊ ဥပဒေဘွဲ့များရယူခဲ့သည်။ တက္ကသိုလ်တက်ရောက်နေရင်း ကျောင်းသားများကိုယ်စားလှယ်ကောင်စီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်ခဲ့ သည်။

ထိုမှတစ်ဆင့်တိုနီအက်ဘော့သည် အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်သို့ ပညာတော်သင်ခွင့်ရရှိပြီး ကွင်းစ်ကောလိပ် နိုင်ငံရေးနှင့်ဒဿနိကဗေဒဘာသာတွဲများအထူးပြု၍ မဟာဘွဲ့(MA)ရရှိခဲ့သည်။အောက်စဖို့ဒ်တက္ကသိုလ်တွင်တက်နေရင်းတိုနီအက်ဘော့သည် ကျောင်းသားလှုပ်ရှားမှုများတွင် ရှေ့တန်းမှပါဝင်ခဲ့ပြီး ၁၉၇၅ခုနှစ်ဖောက်ကလန်စစ်ပွဲထောက်ခံချီတက်ပွဲများကို စည်းရုံးခဲ့သည်။ ကျောင်းတွင် လက်ဝှေ့လည်းကစားပြီး Blues ဆုနှစ်ဆုရရှိခဲ့သည်။

ဩစတြေးလျနိုင်ငံသို့ပြန်ရောက်ချိန်တွင်မူ တိုနီအက်ဘော့သည် ကတ်သလစ်ဘုန်းတော်ကြီးဖြစ်လိုကြောင်း မိဘများအားပြောကြားပြီး အသက် ၂၆နှစ်အရွယ် ၁၉၈၄ ခုနှစ်တွင် St. Patrick's Seminary၌တက်ရောက်ခဲ့သည်။ သို့သော်ယင်းမှာ ဆုံးခန်းမတိုင်ခဲ့ဘဲ ၁၉၈၇ခုနှစ်တွင် ထိုအဖွဲ့အစည်းမှထွက်ခွာခဲ့သည်။

တိုနီအက်ဘော့သည် အိမ်ထောင်ကျခဲ့ပြီး ဂျာနယ်လစ်စီးပွားရေးလုပ်ငန်းမန်နေဂျာအဖြစ်လုပ်ကိုင်ခဲ့ပြီး အမျိုးသားနိုင်ငံရေးတွင် စတင်ပါဝင်ပတ်သက်လာခဲ့သည်။

၁၉၉၀မှ ၁၉၉၄ ခုနှစ်အထိ ထိုစဉ်က လစ်ဘရယ်ပါတီခေါင်းဆောင် ဂျွန်ဟူးဆန်၏ ပြန်ကြားရေးအတွင်းဝန်အဖြစ်လုပ်ကိုင်ခဲ့သည်။ သို့သော် ဂျွန်ဟူးဆန်နှင့် ခွာပြဲခဲ့ပြီး ၁၉၉၄ခုနှစ်တွင် ဂျွန်ဟိုးဝါ့ဒ်၏ တိုက်တွန်းမှုဖြင့် ဝါရင်ဂါဒေသမှ လွှတ်တော်အမတ်နေရာတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သည်။

၁၉၈၈ခုနှစ် ဂျွန်ဟိုးဝါ့ဒ်၏ အစိုးရလက်ထက်မှာပင် တိုနီအက်ဘော့သည် အလုပ်အကိုင်၊ အလုပ်ခွင်ဆက်ဆံရေးနှင့်စီးပွားရေးလုပ်ငန်းငယ်များဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၂၀၀၃ ခုနှစ်တွင် ကျန်းမာရေးနှင့်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဝန်ကြီးအဖြစ်လုပ်ကိုင်ခဲ့ပြီး ၂၀၀၇ခုနှစ် ဟိုးဝါ့ဒ်အစိုးရပြုတ်ကျချိန်အထိ တာဝန်ယူခဲ့သည်။ထို့နောက် လွှတ်တော်အတိုက်အခံအဖွဲ့ထိပ်ပိုင်းနေရာများတွင်ပါဝင်ပြီး အစိုးရဝန်ကြီးများကိုစောင့်ကြည့်ရေးဝန်ကြီးအဖွဲ့(Shadow Calrinets)များတွင်ပါဝင်နေခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ကီဗင်ရုဒ်အစိုးရအဖွဲ့၏ ကာဗွန်ကုန်သွယ်ရေး အစီအစဉ်ကိုလစ်ဘရယ်ပါတီခေါင်းဆောင် မယ်လကွန်တန်ဘူးလ်ကထောက်ခံခဲ့ခြင်းကိုကန့်ကွက်ပြီး ပါတီခေါင်းဆောင်နေရာကို စိန်ခေါ်ခဲ့ရာထောက်ခံမဲ ၄၂မဲ ကန့်ကွက်မဲ ၄၁မဲဖြင့်လစ်ဘရယ်ပါတီခေါင်းဆောင်နေရာရရှိခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီကို ဦးဆောင်ခဲ့ပြီးလေဘာပါတီတစ်ဦးတည်းက အစိုးရမဖွဲ့နိုင်အောင်တားဆီးခဲ့သည်။ ထို့အတွက် ဝန်ကြီးချုပ်ဂျူလီယာဂီးလာ့ဒ်မှာ ညွန့်ပေါင်းအစိုးရဖွဲ့ခဲ့ရပြီး တိုနီအက်ဘော့မှာမူ လစ်ဘရယ်ပါတီခေါင်းဆောင်အဖြစ် စိန်ခေါ်သူမရှိပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၃ ခုနှစ်ဩစတြေးလျရွေးကောက်ပွဲတွင်မူ တိုနီအက်ဘော့သည် လစ်ဘရယ်နှင့် အမျိုးသားရေးပါတီညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်ရင်းမစ္စတာကီဗင်ရုဒ်ပြန်လည်ဦးဆောင်နေသော လေဘာပါတီအပေါ် အနိုင်ရရှိခဲ့သည်။

မစ္စတာ တိုနီအက်ဘော့သည်ဩစတြေးလျနိုင်ငံ၏ ၂၈ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ၂၀၁၃ ခုနှစ်စက်တင်ဘာ ၁၈ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မိမိစိတ်ထဲရှိရာပြောတတ်၍ တစ်ခါတစ်ရံစကားမှားတတ်သော မစ္စတာတိုနီအက်ဘော့သည် ဇနီးသည်မာဂီအက်ဘော့နှင့် သမီးသုံးဦး ထွန်းကားထားသည်။

*—Ref: wikipedia*



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ကာတာနိုင်ငံကို ထောင်နှင့်နှိုင်း၍ပြောသော နီပေါ သံအမတ် အစိုးရပြန်လည်ခေါ်ယူ

**ခတ္တမန္ဒူ၊ စက်တင်ဘာ-၂၈**

နီပေါနိုင်ငံပြောင်းရွှေ့လုပ်သားများအား ကာတာနိုင်ငံရှိ အလုပ်ရှင်များက ဖိနှိပ်မှုများပြုလုပ်နေသည့်အတွက် ထိုနိုင်ငံကို ဟင်းလင်းဖွင့်ထားသော ထောင်တစ်ခုနှင့်နှိုင်းယှဉ်ခဲ့သည့် ကာတာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးမစ္စမာယာကူမာရီရှာမာကို အစိုးရက နီပေါနိုင်ငံသို့ ပြန်လည်ဆင့်ခေါ်သည်။

သံအမတ်ကြီးရှာမာသည်ထိုအချက်များကို ပြီးခဲ့သည့် ခြောက်လခန့်က ဘီဘီစီ၏ နီပေါဘာသာအစီအစဉ်တွင်ပြောကြားခဲ့ခြင်းဖြစ်သော်လည်း ၎င်း၏စကားများကိုဗြိတိန်သတင်းစာဂါးဒီယန်းက ကာတာ ၂၀၂၂ကမ္ဘာ့ဖလားစီမံကိန်းတစ်ခုတွင် နီပေါရွှေ့ပြောင်းလုပ်သားများသေဆုံးနေရမှုနှင့် ဆက်စပ်ဖော်ပြခဲ့၍ အများအာရုံပြုစရာဖြစ်လာခဲ့ခြင်းဖြစ်သည်။နီပေါဆက်သွယ်ရေးဝန်ကြီး မဒတ်ပေါ်ဒယ်က ကာတာအစိုးရသည် နီပေါသံအမတ်၏ မှတ်ချက်များနှင့်ပတ်သက်၍ တိုင်တန်းမှုများပြုလုပ်ခဲ့ကြောင်း အတည်ပြုပြောကြားသည်။ သံအမတ်ကြီး မစ္စရှာမာသည် ပြီးခဲ့သည့်တစ်နှစ်ခွဲကာလက ယခင်မော်ဝါဒီအစိုးရလက်ထက်တွင် ရာထူး၌ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။


ဝန်ကြီးပေါ်ဒယ်က ကာတာနိုင်ငံဆိုင်ရာသံအမတ်ကိုပြန်ခေါ်ခဲ့ရခြင်းနှင့်ပတ်သက်၍ "အစိုးရဟာ သံအမတ်ကို ပြန်ခေါ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ပြောဆိုဆက်ဆံပုံတွေဟာ သံတမန်ကျင့်ထုံးနဲ့မညီလို့ဖြစ်ပါတယ်"ဟု ပြောသည်။

သံအမတ်ကြီးကမှတ်ချက်ပြုပြောကြားခဲ့သောဖြစ်စဉ်ကို ဂါဒီးယန်းသတင်းစာ၏ စုံစမ်းဖော်ပြချက်အရနီပေါလုပ်သား၄၄ဦးခန့်မှာ ကာတာနိုင်ငံတွင် ပြီးခဲ့သည့် နွေရာသီက တစ်လအတွင်းသေဆုံးခဲ့ရကြောင်းသိရသည်။

ထို့အပြင် သတင်းစာက ထိုအလုပ်သမားများသည် လပေါင်းများစွာကြာအောင် လစာမရခဲ့သလို အလုပ်ချိန်တွင် ရေသောက်ခွင့်မရခြင်းနှင့် ပတ်စ်ပို့များအသိမ်းခံထားရခြင်းတို့ရှိခဲ့ကြောင်းအသေးစိတ်ဖော်ပြခဲ့သည်။ပြီးခဲ့သည့်လကလည်း နိုင်ငံတကာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ITUC) အထွေထွေအတွင်းရေးမှူးချုပ်ရှာရန်ဘာရိုးက ကာတာတွင်ကမ္ဘာ့ဖလားအတွက်အခြေခံအဆောက်အအုံများ ဆောက်လုပ်နေရသောလုပ်သားများ၌ အများစုမှာနီပေါကဲ့သို့တောင်အာရှဒေသမှလုပ်သားများဖြစ်ပြီး ဆိုးရွားသည့်လုပ်ငန်းခွင်အခြေအနေများတွင် လုပ်ကိုင်နေရကြောင်း ဆိုထားသည်။ နီပေါအစိုးရကထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ကာတာ၌အလုပ်လုပ်နေသော နီပေါနိုင်ငံလုပ်သားဦးရေ သုံးသိန်းခန့်ရှိနိုင်ကြောင်းသိရသည်။

နီပေါအစိုးရသည် ၂၀၁၁ခုနှစ်ကလည်း ဆော်ဒီအာရေးဗီးယားဆိုင်ရာ ၎င်း၏သံအမတ်ကြီးကို ဆော်ဒီတွင်ကွယ်လွန်သည့် နီပေါရွှေ့ပြောင်းအလုပ်သမားတစ်ဦး၏ အသက်အမခံငွေကိုမတရားရယူထားကြောင်း ကျန်ရစ်သူမိသားစုက စွပ်စွဲချက်ကြောင့်နိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့ဖူးသည်။

*—Ref: AFP*




# မွမ်ဘိုင်းမြို့ လေးထပ်တိုက်ပြိုကျမှု သေဆုံးသူ ၄၂ ဦးထိရှိလာ

**မွမ်ဘိုင်း၊ စက်တင်ဘာ-၂၈**

စက်တင်ဘာ ၂၇ ရက်က ပြိုကျခဲ့သော မွမ်ဘိုင်းမြို့ လေးထပ်တိုက်ပြိုကျမှုတွင် သေဆုံးသူဦးရေမှာ စက်တင်ဘာ ၂၈ ရက် ညနေပိုင်းအထိ ၄၂ ဦး ရှိခဲ့ပြီဖြစ်သည်။

ကယ်ဆယ်ရေးသမားများသည် ကရိန်းများသုံး၍ အပျက်အစီးများ ဖယ်ရှားခြင်း၊ ကွန်ကရစ်ပုံများကို တူးဆွဖယ်ရှားခြင်းများလုပ်ကာ ရှာဖွေမှုများလုပ်ရာတွင် အသက်ရှင်ကျန်ရစ်သူ ၃၃ ဦးကို အချို့မှာ ဒဏ်ရာများရသော်လည်း ကယ်တင်နိုင်ခဲ့သည်။ ပြိုကျခဲ့သော အဆောက်အအုံမှာ မြို့တော်အရှေ့ပိုင်းတွင်ရှိပြီး နေထိုင်သူလူဦးရေ ၈၃ ဦးမှ ၈၉ ဦးခန့်အထိ ရှိနိုင်ကြောင်း ဆိုသည်။ ပြိုကျမှုကြောင့် ရှာဖွေရေးလုပ်ငန်းများ ၁၂ နာရီကြာအောင်လုပ်ကာ လူ ၃၃ ဦးကိုကယ်တင်နိုင်ခဲ့ပြီးနောက် အသက်ရှင်နေသည့်လူများရှိသည့် လက္ခဏာမတွေ့ရသေးသော်လည်း ဆက်လက်ကြိုးစား ရှာဖွေသွားမည်ဟု ကယ်ဆယ်ရေးသမားများက ပြောသည်။

အဆိုပါတိုက်ကို အာဏာပိုင်များက ယခုနှစ်အစောပိုင်းကပင် နေထိုင်သူများအား ပြောင်းရွှေ့ခိုင်းထားသော်လည်း ဆက်လက်နေထိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြိုကျခဲ့ရခြင်းဖြစ်သည်။

ဘဏ္ဍာရေးမြို့တော်ဖြစ်သော မွမ်ဘိုင်းတွင် ပြီးခဲ့သည့်မေ ‌နှင့် ဇွန်လအတွင်း တိုက်ပြိုကျမှုများ ငါးကြိမ်ဖြစ်ပွားခဲ့ကာ သေဆုံးသူဦးရေ စုစုပေါင်း ၁၀၀ ကျော်ရှိခဲ့သည်။

*—Ref: BBC*

# လာအိုရေအားလျှပ်စစ်စီမံကိန်း တရုတ်ဘဏ် ဒေါ်လာသန်း ၆၆၀ ထုတ်ချေး

**ဘေဂျင်း၊ စက်တင်ဘာ-၂၈**

တရုတ်ဖွံ့ဖြိုးရေးဘဏ် (CDB)သည် လာအိုနိုင်ငံ မြောက်ပိုင်းရှိ နမ်အော်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးအတွက် ချေးငွေဒေါ်လာသန်း ၆၆၀ ထုတ်ချေးပေးသွားရန် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။

ထိုသဘောတူစာချုပ်ကို လာအိုသမ္မတ ချွန်မလီဆာရာဆုံ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်စဉ် နှစ်ဖက်တာဝန်ရှိသူများအကြား ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ နမ်အော်မြစ် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးကုမ္ပဏီက ထုတ်ပြန်သော သတင်းကြေညာချက်အရ တရုတ်ဘဏ်မှ ထုတ်ချေးသော ငွေပမာဏမှာ ဒေါ်လာသန်း ၆၆၀ ဖြစ်ပြီး လွမ်ပရာဘန်နှင့် ပေါင်ဆလီပြည်နယ်များတွင်ရှိသော နမ်အော် ၂၊ ၅နှင့်၆ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရေးအတွက် ဖြစ်သည်ဟု သိရသည်။ လာအိုအစိုးရနှင့် ကုမ္ပဏီများ၏ သဘောတူညီချက်အရ ရေအားလျှပ်စစ်စက်ရုံခုနစ်ရုံကို တည်ဆောက်သွားပြီး တစ်နှစ်လျှင် ဓာတ်အားငါးဘီလီယံကီလိုဝပ်ခန့် ထုတ်လုပ်သွားမည်ဟုဆိုသည်။ တရုတ်နှင့်လာအိုဖက်စပ်လုပ်ဆောင်ထားသည့် Sinohydro and Electricte du Laos (EDL)၏ သတင်းထုတ်ပြန်ချက်အရ ရရှိလာသော ဓာတ်အားများကို ပြည်တွင်းသုံးစွဲရန်နှင့် အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချရန်ရှိသည်။

*—Ref: ANN*

7DAY NEWS JOURNAL

# Entertainment

OCTOBER 2 , 2013



ဓာတ်ပုံ
ဂျေမောင်မောင်(အမရပူရ)

# "ငယ်ငယ်ကတည်းကကြီးလာရင် ဘာလုပ်မလဲမေးရင် မင်းသမီး လုပ်မယ်လို့အမြဲတမ်းပြောဖြစ်တယ်"

## ရွှေသမီးနှင့်တွေ့ဆုံခြင်း

ဖွဲ့ညဏ်

မြန်မာ့ရုပ်ရှင်လောကမှာ သရုပ်ဆောင်မျိုးဆက်မပြတ်စေဖို့အတွက် ထုတ်လုပ်ရေးတိုက်အချို့က မင်းသား၊ မင်းသမီးအသစ်တွေ မွေးထုတ်ကြပါတယ်။ ဒါပေမဲ့ မင်းသမီးကို ခေါင်းဆောင်အဖြစ် မွေးထုတ်ပေးတာမျိုးကတော့ ရှားပါတယ်။ ဆာတိုရီထုတ်လုပ်ရေးကတော့ 'ရွှေသမီး'ဆိုတဲ့နာမည်လေးနဲ့ မန္တလေးသူတစ်ယောက်ကို သူတို့ရဲ့မင်းသမီးအဖြစ် ရွေးချယ်ပြီး နာမည်ရသရုပ်ဆောင်ဒါရိုက်တာတွေနဲ့ ယခုနှစ်အတွင်းမှာပွဲထုတ်ခဲ့ပါတယ်။ အသစ်တို့ရဲ့ထုံးစံအတိုင်း ပထမဇာတ်ကားမှာ ဝေဖန်မှုတွေကြုံခဲ့ရပေမယ့် ဆာတိုရီထုတ်လုပ်ရေးရဲ့ ဇာတ်ကားတွေမှာဆက်တိုက်ပါဝင်ဖို့ရှိတဲ့မင်းသမီး ရွှေသမီးနဲ့တွေ့ဆုံပြီး ဆက်လျှောက်မယ့်အနုပညာအကြောင်း မေးမြန်းခဲ့ပါတယ်။

**ရွှေသမီးဆိုပြီး အနုပညာလောကထဲမှာစဝင်ခဲ့တဲ့အကြောင်းကို အရင်မိတ်ဆက်ပေးပါဦး။**

ရွှေသမီးဆိုတာကတော့ အိမ်ကငယ်ငယ်ကတည်းကချစ်စနိုးနဲ့ခေါ်တဲ့နာမည်လေးပါ။ အနုပညာအလုပ်တွေကိုတော့ ညီမဆယ်တန်းဖြေပြီးတဲ့အချိန်မှ စလုပ်ဖြစ်တာပါ။ မန္တလေးမှာ ရှိုးပွဲတစ်ပွဲကို မိတ်ကပ်ဆရာတစ်ယောက် အကူအညီတောင်းလို့ ဝင်လျှောက်ပေးရင်းနဲ့ ဆက်လုပ်ဖြစ်ခဲ့တာပါ။ အနုပညာသက်တမ်းကတော့ သိပ်မကြာသေးပါဘူး။ ၂၀၁၂ ဇူလိုင်လလောက်ကမှ စလုပ်ဖြစ်တာပါ။

**မင်းသမီးတစ်ယောက်ဖြစ်ရမယ်ဆိုတာ ငယ်ဘဝရဲ့စိတ်ကူးယဉ်အိပ်မက်တစ်ခုပဲလား။**

ဟုတ်ကဲ့။ ငယ်ငယ်ကတည်းက ကြီးလာရင်ဘာလုပ်မလဲဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်ကိုမေးရင် မင်းသမီးလုပ်မယ်လို့ပဲ အမြဲတမ်းပြောဖြစ်တယ်။ အခုတော့တကယ်လုပ်နေရပါပြီ။

**အောင်မြင်တဲ့မင်းသမီးတစ်ယောက်ဖြစ်ဖို့ဆိုရင် ရွှေသမီးအနေနဲ့ ဘယ်လိုစံသတ်မှတ်ချက်တွေရှိမယ်လို့ထင်လဲ။**

အဲဒီလိုသတ်မှတ်ထားတာတော့မရှိပါဘူး။ အခုမှ ညီမကြိုးစားနေဆဲပဲဆိုတော့ အောင်မြင်မှုဆိုတာက ကြိုးစားမှုရှိမှရမယ်။ အဲဒီအတွက် ကြိုးစားရပါတယ်။

**အခုခေတ်က မင်းသားခေတ်လို့ပြောလို့ရတော့အသစ်တစ်ယောက်အတွက် ဘယ်လိုမျိုးကြိုးစားမှုတွေ လိုအပ်မယ်ထင်ပါသလဲ။**

ကြိုးစားဖို့အမြဲတမ်းလိုအပ်တယ်။ အခုဆိုရင် မင်းသား၊ မင်းသမီး၊ မော်ဒယ်တွေအရမ်းများလာတော့ အများကြီးကြိုးစားရမှာပါ။

စာ(၄၁)သို့



# မျက်နှာခွဲစိတ်ပြုပြင်သူအများစု သဘောကျနေတဲ့ ဆောင်းဟေကို

**ဆိုးလ်၊ စက်တင်ဘာ-၂၈**

တောင်ကိုရီးယားသရုပ်ဆောင်မင်းသမီးဆောင်းဟေကို၏ မျက်နှာသည် မျက်နှာခွဲစိတ်ကုသရန် ရည်ရွယ်နေသော အမျိုးသမီးများအကြား တောင်းဆိုခံရမှု အများဆုံးဖြစ်နေကြောင်း တောင်ကိုရီးယားရုပ်သံလိုင်း Y-Star က ပြောကြားသည်။

Y-Star ရုပ်သံလိုင်းက စီစဉ်တင်ဆက်နေသော 'Other Questions' အစီအစဉ်သည် အမျိုးသမီးများနှင့် မျက်နှာခွဲစိတ်ပြုမှုများအကြောင်း အဓိကတင်ဆက်ပေးရာ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ မျက်နှာခွဲစိတ်ပြုပြင်ကြသော အမျိုးသမီးအများစုသည် ကေဒရာမာစတားဆောင်းဟေကို၏ မျက်နှာအစိတ်အပိုင်းများကို အတုယူပြုပြင်လေ့ရှိသည်ဟု ဖော်ပြသည်။ ယင်းနိုင်ငံများမှ အမျိုးသမီးများသည် ဆောင်းဟေကို၏ မျက်နှာကို အလွန်ပင်သဘောကျကြသည်ဟု အဆိုပါ အစီအစဉ်က ပြောကြားသည်။

"နောက်ဆုံးပေါ် မျက်နှာခွဲစိတ်ပြုပြင်မှုမှာ တရုတ်၊ ဗီယက်နမ်၊ ဂျပန်၊ ပြင်သစ်စတဲ့ နိုင်ငံခြားသားတွေလည်း ပါပါတယ်။ သူတို့တွေကလည်း ဆောင်းဟေကိုရဲ့ မျက်နှာပေါက်ကို သဘောကျကြတယ်။ အဲဒီပုံစံဖြစ်ချင်ကြတယ်" ဟု အဆိုပါအစီအစဉ်က ပြောကြားသည်။ ဆောင်းဟေကို၏ မျက်နှာသွင်ပြင်သည် တောင်ကိုရီးယားကို ကိုယ်စားပြုရန် အကောင်းဆုံး မျက်နှာဖြစ်ကြောင်း လူအများက အသိအမှတ်ပြုထားသည်။ ဆောင်းဟေကို၏ နောက်ဦလီမင်ဂျောင်နှင့် ဟန်ဂါအင်းတို့၏ မျက်နှာပုံစံကို အမျိုးသမီးများ နှစ်သက်ကြသည်ဟု သိရသည်။

—*Ref: Soompi*



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# စပိန်မှာ ရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့တဲ့ ဟက်ဂျက်ခ်မန်း

**မက်ဒရစ်၊ စက်တင်ဘာ- ၂၈**

'X-Men' သရုပ်ဆောင်မင်းသား ဟက်ဂျက်ခ်မန်းသည် စပိန်နိုင်ငံ၌ ကျင်းပသော (၆၁)ကြိမ်မြောက် San Sebastain ရုပ်ရှင်ပွဲတော်တွင် Donostia ဆုရရှိခဲ့သည်။

ဩစတြေးလျ သရုပ်ဆောင်မင်းသား ဟက်ဂျက်ခ်မန်းသည် စက်တင်ဘာ ၂၀ ရက်က ထွက်ရှိသော 'Prisoners' ဇာတ်ကားဖြင့် Donaostia ဆု ရရှိခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိကျင်းပသော ၂၀၁၃ ခုနှစ် San Sebstain ရုပ်ရှင်ပွဲတော်တွင် ဟက်ဂျက်ခ်မန်း ပါဝင်သရုပ်ဆောင်ထားသော Prisoners ဇာတ်ကားကိုလည်း ပြသခဲ့သည်။

ယင်းရုပ်ရှင်ပွဲတော်သည် အစပိုင်းက စပိန်ဘာသာ စကားပြော ရုပ်ရှင်များကိုသာ ဆုများ ချီးမြှင့်ခဲ့သော်လည်း ယခုနောက်ပိုင်း တွင် အရည်အချင်းပြည့်မီသော မည်သည့်ရုပ်ရှင်ကိုမဆို ချီးကျူးဂုဏ်ပြုနေပြီဖြစ်သည်။ San Sebastain ရုပ်ရှင်ပွဲတော်သည် ကမ္ဘာပေါ်ရှိ အရေးအကြီးဆုံးရုပ်ရှင်ပွဲတော်တစ်ခု ဖြစ်လာပြီဖြစ်သည်။ ၂၀၁၃ ခုနှစ် Donostia ဆုကို သရုပ်ဆောင်မင်းသားဟက်ဂျက်ခ်မန်းအပြင် စပိန်သရုပ်ဆောင်မင်းသမီးကားမန်းမူ ရာလည်း ရရှိခဲ့သည်။

ဟက်ဂျက်ခ်မန်းသည် ယခုလက်ရှိ၌ ၎င်း၏ သည်းထိတ်ရင်ဖိုဇာတ်ကား 'Prisoners' ပရီမိုးရှင်းပွဲများ ပြုလုပ်နေသည်ဟု သိရသည်။

*—Ref: AFP*



# မေဆွိနှင့်မေခလာနှစ်ယောက်တွဲ ဖျော်ဖြေပွဲပြုလုပ်မည်

ဇွဲညက်


**ရန်ကုန်၊ စက်တင်ဘာ- ၂၈**

မေဆွိနှင့်အတူ နှစ်ယောက်တွဲ၍ ဖျော်ဖြေပွဲတစ်ခုကို အောက်တိုဘာ ၁၁ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုတော်မေခလာက ပြောသည်။

နှစ်ယောက်တွဲ၍ ဖျော်ဖြေပွဲကျင်းပခြင်းသည် ပထမဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး အကျိုးအမြတ်ရရှိခြင်းထက် ပရိသတ်များ ကြိုက်နှစ်သက်မည့် ဖျော်ဖြေပွဲဖြစ်နိုင်ရန်စီစဉ်ထားကြောင်း ၎င်းကဆိုသည်။ ဖျော်ဖြေပွဲတွင် စင်ပေါ်၌ မသီဆိုဖူးသည့် သီချင်းများ သီဆိုမည်ဖြစ်ပြီး Performance များ၊ အကအဖွဲ့များနှင့် လာရောက်ကြည့်ရှုသည့် ပရိသတ်များ စိတ်ဝင်စားကာ မပျင်းစေရန် စီစဉ်ထားပြီး မေဆွိနှင့် နှစ်ယောက် စုစုပေါင်းသီချင်း လေးဆယ်ကျော်ဖျော်ဖြေမည်ဖြစ်ကြောင်း မေခလာက ပြောသည်။

ယင်းပွဲမှ ရရှိသည့် အကျိုးအမြတ်များကို ပရဟိတလုပ်နေသည့်စာသင်ကျောင်းများနှင့် ဆီးဂိမ်းဖွင့်ပွဲနှင့်ပိတ်ပွဲတွင် ပါဝင်ကူညီမည့် လူငယ်များအတွက်တတ်နိုင်သလောက် လှူဒါန်းသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဖျော်ဖြေပွဲကိုအောက်တိုဘာ ၁၁ ရက်ည ၇ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ပြီး လက်မှတ်ခဈေးနှုန်းများကို သုံးသောင်း၊ နှစ်သောင်းခွဲနှင့် ခုနစ်ထောင့်ငါးရာ အသီးသီးသတ်မှတ်ထားကြောင်း သတင်းရရှိသည်။






စာ(၃၉)မှ

# ရွှေသမီးနှင့်တွေ့ဆုံခြင်း

အဲဒီအတွက် ညီမလည်းပိုပြီး ကြိုးစားနေပါတယ်။

**တန်ခူးရင်ခွင်က ပထမဆုံးဆိုတော့ ရိုက်တဲ့အချိန်မှာ ဘယ်လိုသုံးသပ်မိလဲ။ နောက်ပြီးဇာတ်ကားထွက်လာတဲ့အချိန်မှာရော ဘာတွေလို အပ်တယ်လို့ထင်လဲ။**

ပထမဆုံးကားဆိုတော့ ကြိုးကြိုးစားစားတော့ သရုပ်ဆောင်တယ်။ လိုတာတွေတော့အများကြီးပါပဲ။ ဇာတ်ကားထွက်လာတဲ့အချိန်မှာလည်း ဒီထက်အများကြီးလေ့ကျင့်ဖို့လိုသေးတယ်။ အတွေ့အကြုံတွေ၊ လေ့လာမှုတွေအများကြီးလိုသေးတယ်ဆိုတာသိခဲ့ပါတယ်။

**တန်ခူးရင်ခွင်နဲ့ပတ်သက်ပြီး ပရိသတ်ဆီက ဘယ်လိုတုံ့ပြန်မှုတွေကြားခဲ့ရလဲ။**

တချို့ကျတော့ အသစ်တစ်ယောက်အနေနဲ့ ဒီလောက်တောင်လုပ်နိုင်ရင် ဒီထက်ပိုကြိုးစားရင် ဒီထက်အောင်မြင်မယ်ပေါ့။ တချို့ကျတော့လည်း လိုတာတွေအများကြီးပဲရှိတယ်။ အမျိုးမျိုးပါပဲ ဝေဖန်မှုတွေကတော့ ညီမလျှောက်ရမယ့်လမ်းမှာ တကယ်အားဖြစ်စေပါတယ်။ ညီမမှားနေတာကိုလည်း ပြင်လို့ရမယ်။ လိုနေတာတွေလည်း ပြင်လို့ရမယ်ပေါ့။

**အနုပညာလှုပ်ရှားမှုအနေနဲ့ရော ဘာတွေဆက်လုပ်ဖြစ်နေလဲ။**

မဂ္ဂဇင်း၊ ဂျာနယ်၊ ကာဗာတွေရိုက်ဖြစ်တယ်။ အမ်တီဗီတွေရိုက်ဖြစ်တယ်။ ဇာတ်လမ်းတွဲတစ်ခုကိုလည်း သရုပ်ဆောင်မေရယ်၊ မြန်မာနိုင်ငံဆရာဝန်အသင်းကလူတွေနဲ့ လူငယ်ပညာပေးဇာတ်လမ်းလေးတစ်ခုလည်းရိုက်ထားပါတယ်။

**ဆာတိုရီက စပြီးစင်တင်ခဲ့တဲ့မင်းသမီးဆိုတော့ ဘာကားတွေဆက်ရိုက်ဖို့ရှိလဲ။ အနုပညာဘက်မှာ ရွှေသမီးအတွက် ဆာတိုရီက ဘယ်လောက်အထောက်အပံ့ပေးနိုင်ခဲ့လဲ။**

ညီမကိုသေသေချာချာပြောထားတာမရှိသေးဘူး။ ရှေ့လထဲမှာတော့ ဇာတ်ကားရိုက်ဖို့ရှိတယ်လို့ပြောတယ်။ ဆာတိုရီနဲ့က ဇာတ်ကားတစ်ကားပဲရိုက်ထားပေမယ့်အဲဒီကဆရာတွေကအစစ အရာရာ အကုန်သင်ပေးပါတယ်။ ဘယ်လိုစိတ်ထားရမယ်ဆိုတာက အစသင်ပေးပါတယ်။

**ဆာတိုရီနဲ့က စာချုပ်မချုပ်ထားဘူးဆိုတာသိရတယ်။ အဲဒီလို စာချုပ်တွေအပေါ်မှာရော ရွှေသမီးအနေနဲ့ ဘယ်လိုမြင်လဲ။**

အသစ်တစ်ယောက်အနေနဲ့ စာချုပ်ကြီးချုပ်လိုက်တာတော့ မကောင်းဘူး။ ကိုယ့်ရဲ့အရည်အချင်းတွေကို တခြားနေရာမှာလည်း ထုတ်ပြလို့မရဘူး။ ဒီတစ်ခါက စာချုပ်ချုပ်လိုက်ပြီဆို ဒီတစ်ခုနဲ့ပဲလုပ်လုပ်နေရတော့မှာလေ။ အဲဒီတစ်ခုကမကောင်းဘူး။

**ဆာတိုရီက ဇာတ်ကားတွေပဲရိုက်မှာလား။ တခြားတိုက်တွေနဲ့ရိုက်ဖို့ရောရှိလား။ ကိုယ်ပိုင်ထုတ်လုပ်ရေးနဲ့ရောရိုက်ဖို့ရှိလား။**

ရိုက်ဖို့ကမ်းလှမ်းလာမယ်ဆိုရင်တော့ ရိုက်ဖြစ်မယ်ထင်ပါတယ်။ စာချုပ်မပါရင် ရိုက်ဖြစ်မှာပါ။ ကိုယ်ပိုင်ထုတ်လုပ်ဖို့တော့ အစီအစဉ်မရှိပါဘူး။

**မန္တလေးသူတစ်ယောက်ဖြစ်ရတဲ့အပေါ်မှာရော ဘယ်လိုခံစားမှုမျိုးရှိလဲ။ ရန်ကုန်နဲ့မန္တလေးကွာခြားချက်ကရောဘာတွေရှိလဲ။**

ရန်ကုန်ကလူတွေက မေးတယ်။ ညီမက ဘယ်ကလာတာလဲဆိုရင် မန္တလေးကလာပြီး အနုပညာအလုပ်တွေလုပ်တာပါလို့ ဖြေရတဲ့အပေါ်မှာကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူသလိုတော့ရှိတယ်။ မန္တလေးမှာ မော်ဒယ်သူငယ်ချင်းတွေလည်းရှိတယ်။ မန္တလေးနဲ့ ရန်ကုန်က အရမ်းကွာတယ်။ မန္တလေးမှာ အနုပညာအလုပ်တွေ သိပ်မရှိဘူး။ ရန်ကုန်မှာကျတော့ အခုလို မဂ္ဂဇင်း၊ ဂျာနယ်တွေ အများကြီးလည်း ရိုက်ရတယ်။ မန္တလေးကသူငယ်ချင်းတွေဆို ရိုက်လို့မရဘူးလေ။ ရန်ကုန်မှာက သွားရေးလာရေးအခက်အခဲပဲရှိပါတယ်။

**မန္တလေးမှာနေခဲ့ရတဲ့ ရွှေသမီးဆိုတဲ့ဘဝနဲ့ အခုအနုပညာလှုပ်ရှားမှုတွေလုပ်နေရတဲ့အချိန်မှာရော ဘယ်လိုကွာခြားမှုတွေရှိလာလဲ။**

မန္တလေးမှာတော့ ပူပင်ကြောင့်ကြမှုလည်းမရှိ၊ ကျောင်းတက်နေတယ်၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားမယ်။ မိဘနဲ့အတူတူနေခဲ့ရတာဆိုတော့ သိပ်ပြီးပူပူပင်ပင်မရှိခဲ့ဘူး။ ခုကျတော့ မိသားစုက မန္တလေးမှာ၊ ရန်ကုန်မှာက အမေတစ်ယောက်ပဲနေပေးတာ။ ဒီလောကထဲရောက်လာပြီးတော့ အရင်ကလို လွတ်လွတ်လပ်လပ်သိပ်မရှိတော့ဘူးလို့တော့ခံစားရတယ်။

**အောင်မြင်တဲ့အနုပညာရှင်တွေမှာကိုယ်ပိုင်စတိုင်လ်ရှိတဲ့သူတွေပဲဆိုတော့ ဘယ်သူ့ကိုအားကျလဲ။**

အကုန်လုံးကိုတော့အားကျပါတယ်။ သူတို့က သူတို့ရဲ့ကိုယ်ပိုင်စတိုင်၊ ကိုယ်ပိုင်အရည်အချင်းရှိလို့လည်း အောင်မြင်လာတဲ့လူတွေပဲလေ။ တချို့မင်းသား၊ မင်းသမီးတွေရဲ့ စတိုင်တစ်ခုချင်းစီကိုတော့ ကြည့်ရတာပေါ့။

**ရွှေသမီးကလည်း အနုပညာရှင်တစ်ယောက်ဖြစ်လာပြီဆိုတော့ ပရိသတ်ကိုယ့်ကို သတိထားမိနိုင်တဲ့အရာက ဘာလို့ထင်လဲ။**

ချစ်စရာကောင်းတဲ့ပုံစံလေးလို့မြင်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ပုံရိုက်တဲ့အချိန်တိုင်း အမြဲရယ်နေတတ်တယ်။ အတည်သိပ်မရိုက်ချင်ဘူး။ အပြင်မှာလည်း ဒီလိုပဲအမြဲရယ်နေတာဆိုတော့။

**မင်းသမီးတစ်ယောက်ဖြစ်လာပြီဆိုရင် ကောလာဟလဆိုတဲ့အရာက အမြဲတမ်းကြုံရတဲ့အရာဆိုတော့ အဲဒီလိုမျိုးမကြုံဖို့ ဘယ်လိုနေထိုင်သွားမလဲ။**

အကောင်းဆုံးတော့ ဘယ်လိုနေနေ စကားပြောတာ၊ နေတာထိုင်တာ၊ ဝတ်တာစားတာကအစ အကုန်လုံးဆင်ခြင်နေထိုင်ရမှာပေါ့။

**အနုပညာနဲ့ပတ်သက်ပြီး ဂီတဘက်မှာရော ဝါသနာပါတာရှိလား။**

ညီမအနုပညာအလုပ်ကို အကုန်ဝါသနာပါပါတယ်။ အသံကောင်းတယ်၊ မကောင်းတယ်တော့မသိဘူး။ အိမ်မှာတော့ သီချင်းတွေဆိုဖြစ်တယ်။ ပရော်ဖက်ရှင်နယ်အနေနဲ့တော့ လုပ်မကြည့်ဖြစ်သေးပါဘူး။

**အသစ်တစ်ယောက်အနေနဲ့ဆိုရင် အနုပညာအတွက် ဘာတွေလေ့လာသင့်တယ်လို့ထင်လဲ။**

ညီမက ဒီအလုပ်တွေစလုပ်တော့ တစိမ်းသက်သက်ကြီးစဝင်လာခဲ့တာဆိုတော့ အထူးတလည်လေ့လာခဲ့တာတော့မရှိဘူး။ သရုပ်ဆောင်လောကထဲကို စဝင်တယ်။ စဝင်ပြီးစရိုက်ရတယ်ဆိုတော့။ သိပ်မလေ့လာခဲ့ရဘူး။ အခုနောက်ပိုင်းမှာတော့ ညီမရှေ့က နာမည်ကြီးမင်းသား၊ မင်းသမီးတွေရဲ့ သရုပ်ဆောင်အပိုင်းကိုကြည့်တယ်။ စာဖတ်တယ်။ စကားလေယူလေသိမ်းကအစ သေချာကြည့်တယ်။

**ရွှေသမီးကို အားပေးနေတဲ့ ပရိသတ်တွေနဲ့ ရွှေသမီးကိုမသိသေးတဲ့ပရိသတ်တွေအတွက် စကားလေးပြောပေးပါဦး။**

ညီမအနုပညာအလုပ်တွေကို ဆက်ပြီးကြိုးစားနေပါတယ်။ ကြိုးစားနေဆဲပါ။ အဲဒါကြောင့် ညီမကိုဝေဖန်အကြံပေးကြပါလို့ ပရိသတ်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက် MAI ) ခရီးစဉ် — 950 USD + ၅၀၀၀၀ိ/-

သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် — 850 USD + ၅၀၀၀၀ိ/-

သက်သနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူ ဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဗဟိုစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဗ္ဗဗဟုဒါနစေတနာရှင်များအဖွဲ့-ရွှေမြင့်တင်ဦးညို - အမှတ် (၁၂)၊ မြို့ပတ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

"မိတ်ဆွေတို့၏ရောဂါများအားနိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

ရန်ကုန် ပိုလိုဆေးခန်းသည်ခေတ်မှီသောနိုင်ငံတကာအဆင့်မြင့်နည်းပညာရပ်များဖြင့် လူနာများအားစိတ်ချမ်းမြေ့ဖွယ်ဝန်ဆောင်မှုဖြင့်ကုသပေးလျက်ရှိပါသည်။

အောက်ပါရောဂါများကိုပြည်တွင်း၌ပင်သက်တောင့်သက်သာဖြင့်ကုသပေးလျက်ရှိသည်။

အမျိုးသားရောဂါ

အမျိုးသားအင်္ဂါအရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊လက်ပတ်နှံ့နှံခြင်း၊ဆီးလီကွန်ခြစ်ထုတ်ပေးခြင်း၊ ပန်းသေပန်းညှိုးခြင်း၊သုတ်လွှတ်မြန်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းနှင့် လိင်အင်္ဂါပိုင်းဆိုင်ရာ ကူးဆက်ရောဂါ နှင့် ကာလသားရောဂါအမျိုးမျိုး..

လိပ်ခေါင်းရောဂါ

လိပ်ခေါင်းမျိုးစုံ၊ဂရင်ဂျီနာ၊စအိုအက်ကွဲခြင်း၊စအိုဝယားယံခြင်း၊အူအဆုံးပိုင်းတွင်ဖြစ်တတ်သောရောဂါများ၊စအိုပတ်လည်ရောင်ကိုင်းပြည်တည်ခြင်း၊သွေးဝမ်းပါခြင်း စသည်များ.....

နား / နှာခေါင်းရောဂါ

နှာခေါင်းရောင်ရမ်းခြင်း၊နှာခေါင်းပိတ်ဆို့ခြင်း၊နှာခေါင်းတွင်းအသားပိုထွက်ခြင်း၊ပသီရောင်ခြင်း၊ပကျိတ်ရောင်ခြင်း၊နှာသံပါခြင်း၊ အလယ်နားရောင်ရမ်းခြင်း၊နားပင်းခြင်း၊နားအူခြင်း၊နှာချေခြင်း၊ခေါင်းကိုက်ခြင်း၊အိပ်ရေးပျက်ခြင်း၊အာခေါင်ရောင်၍နာခြင်း၊ နှာခေါင်းသွေးယိုခြင်း စသည့်နား/နှာခေါင်း/လည်ချောင်းရောဂါများ......

ဝေဒနာရှင်၏ကိုယ်ရေးအချက်များကိုထိန်းသိမ်းကာကွယ်ပေးမည်။

Open Daily
AM - (8:00) to (8:00)

POLO ဆေးခန်း Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁)ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

❖ စက်ဆရာ (ပတ်လည်ပုံနှိပ်စက်) ကျား (၂) ဦး
- သတင်းစာ ပတ်လည်စက် ကျွမ်းကျင်စွာ ရိုက်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

❖ စက်ဆရာ (4 Unit) ကျား (၂) ဦး
- 4-Unit ပုံနှိပ်စက် ကျွမ်းကျင်စွာ ရိုက်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

❖ ပုံနှိပ်စက်အကူ (နောက်ကြည့်) ကျား (၂) ဦး
- ပုံနှိပ်စက်လုပ်ငန်း အတွေ့အကြုံ ရှိရမည်။

❖ Production Executive ကျား (၂) ဦး
- ဘွဲ့ရ၊ အသက် (၃၅) နှစ်အောက် ဖြစ်ရမည်။
- ကွန်ပျူတာ အသုံးပြုနိုင်ရမည်။ Excel ကျွမ်းကျင်ရမည်။
- ရုံးလုပ်ငန်းပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းရမည်။

❖ Production Assistant ကျား (၂) ဦး
- အခြေခံပညာအထက်တန်းအောင်မြင်ရမည်။
- အသက် (၃၀) နှစ်အောက်ဖြစ်ရမည်။ ကွန်ပျူတာ အသုံးပြုနိုင်ရမည်။

အထက်ပါရာထူးများအားလုံးကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး၊ ညပိုင်းအလုပ်ဆင်းနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်ပြီး လစာညှိနှိုင်းပေးပါမည်။ လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၁၀.၁၀.၁၃) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါ လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

7Day Daily သတင်းစာ
ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

# ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာနှင့် ဗီယက်နမ်ဘောလုံးအသင်း ရန်ကုန်တွင် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်မည်



*မာဒေးကားဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၃ အသင်း*

pestabolamerdeka

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၃၀**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ ဘောလုံးအသင်းနှင့် ဗီယက်နမ်ယူ-၂၃ ဘောလုံးအသင်းတို့သည် ရန်ကုန်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာနှင့် ဗီယက်နမ်ဘောလုံးအသင်းတို့သည် ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်း၌ အောက်တိုဘာ ၁၃ နှင့် ၁၅ ရက်များတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သိရှိရသည်။

"မြန်မာနဲ့ ဗီယက်နမ်ခြေစမ်းပွဲကို မူလက တစ်ပွဲကစားဖို့ပဲ ရည်ရွယ်ထားပေမယ့် နှစ်ဖက်အသင်းတွေ ညှိနှိုင်းချက်အရ နှစ်ပွဲယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်"ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ်ယူ-၂၃ အသင်းတို့သည် ပြီးခဲ့သည့်ဇွန်လ ၁၁ ရက်က ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ ဗီယက်နမ်အသင်းက (၂-၀)ဂိုးဖြင့် အနိုင်ရရှိထားသည်။

ပြီးခဲ့သည့်မာဒေးကားဖလားပြိုင်ပွဲဒုတိယရရှိခဲ့သည့် မြန်မာယူ-၂၃ အသင်းသည် စက်တင်ဘာ ၁၉ ရက်မှစတင်ကာ ပဏာမလက်ရွေးစင် ၂၆ ဦးဖြင့် ပြန်လည်စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ မြန်မာယူ-၂၃ အသင်းသည် အောက်တိုဘာ ၅ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ ဇေယျာသီရိ ဘောလုံးကွင်းသို့လည်း လေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

နေပြည်တော်ရှိဇေယျာသီရိ ဘောလုံးကွင်း၌ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းမပါဝင်သည့် အုပ်စုပွဲစဉ်များနှင့် အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲစဉ်များ လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားအပြီးတွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံများသို့ ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

## မြန်မာလိဂ်ဖလား ကွာတားအဆင့်ပွဲစဉ်များထွက်ပေါ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၃၀**

၂၀၁၃ မြန်မာနေရှင်နယ်လိဂ်ဖလားကွာတားဖိုင်နယ်ပွဲစဉ်များတွင် ကမ္ဘောဇနှင့်ရောဝတီ၊ ဟံသာဝတီနှင့် ရန်ကုန်၊ ရတနာပုံနှင့် ဇွဲကပင်၊ မနော‌မြေနှင့် မကွေးအသင်းများ တွေ့ဆုံလျက်ရှိကြောင်း သတင်းရရှိသည်။

ကွာတားအဆင့်ပွဲစဉ်များ မဲနှိုက်ရွေးချယ်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ဘောလုံးအဖွဲ့ချုပ်ရုံးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၄ ရက်တွင် အောင်ဆန်းကွင်း၌ ကမ္ဘောဇနှင့်ရောဝတီ၊ ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့်ရန်ကုန်၊ အောက်တိုဘာ ၅ ရက်တွင် အောင်ဆန်းကွင်း၌ ရတနာပုံနှင့်ဇွဲကပင်၊ ပဒုမ္မာကွင်း၌ မနော‌မြေနှင့်မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အဆိုပါပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်မှ ၁၂ သင်း၊ မြန်မာလိဂ်-၂မှ ၄ သင်း(စုစုပေါင်းပြိုင်ပွဲဝင် ၁၆သင်း)ကိုအုပ်စုလေးခုခွဲခြားကာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်း(စုစုပေါင်းရှစ်သင်း)သည် ကွာတားအဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။


မြန်မာလိဂ်ဖလားပြိုင်ပွဲတွင် အသင်းကြီးများဖြစ်သည့် နေပြည်တော်နှင့်ဇေယျာရွှေမြေအသင်းတို့မှာ အုပ်စုအဆင့်၌ပင် ပြိုင်ပွဲမှ နှုတ်ဆက်ခဲ့ရသည်။ အကြိုဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၉၊ ၁၀ ရက်များတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်သည်။

၂၀၁၃မြန်မာလိဂ်ဖလားပြိုင်ပွဲတွင် နိုင်ငံခြားသားကစားသမားများနှင့် လက်ရွေးစင်ယူ-၂၃ အသင်းအတွက် ရွေးချယ်ခံထားရသည့် ကစားသမားများပါဝင်ယှဉ်ပြိုင်ခွင့်မရှိဘဲ ချန်ပီယံအသင်းကို ဆုကြေးငွေကျပ်သိန်းနှစ်ရာနှင့် ဒုတိယအသင်းကို ဆုကြေးငွေကျပ်သိန်းတစ်ရာ ချီးမြှင့်မည်ဖြစ်သည်။








Yangon
BS Fashion, Junction Square
Capital Yangon
Creator Store, La Pyayt Wun Plaza
Gold City Store, Scott Market
Merlion Store, Yuzuna Plaza
Sein Gay Har
Super Center, Pyi Road
Chinatown Center, 19th Street
Parami Center, Parami Road
Bo Aung Kyaw Center
Hledan Center
Ga Mone Pwint
Myay Ni Gone
Ga Bar Aye
Bo Ka Lay Market
Thein Gyi Market
Distribution Centre
260, Bargayar Road, Myaynigone,
Sanchaung Tsp, Yangon, Myanmar
Phone No. : 01-527701, 09-5410634
Nay Pyi Taw
Capital Nay Pyi Taw
Taunggyi
Fashion Taunggyi
Crocodile
www.crocodileinternational.com


NESCAFÉ ရဲ့ စိန်ရတုမှာ အားလုံးပါဝင်ပျော်ရွှင်စွာ
ကျပ်သန်းပေါင်းများစွာကံစမ်းမဲအစီအစဉ်
75
NESCAFÉ
years
GALAXY S IV
32" SONY TV
NESCAFÉ
TOYOTA Vitz (၁)စီး
ဆိုင်ကယ် (၁၅) ဆု
စာတိုက်သေတ္တာအမှတ် – ၇၅၉ (ရန်ကုန်)သို့ တိုက်ရိုက်ပေးပို့ ကံစမ်းနိုင်ပါသည်။
ကံစမ်းမဲကူပွန်များကို အောက်တိုဘာလ (၁၅)ရက်နေ့ကုန်ဆုံးထားပေးပို့နိုင်ပါသည်။
Hotline 09 732 32462
NESCAFÉ Myanmar
ကူပွန် နှင့် အိတ်ခွံအကြီးတွဲ၍ နီးစပ်ရာဆိုင်ရှိ ကံစမ်းမဲပုံးတွင်ထည့်၍ ကံစမ်းနိုင်ပါသည်။
Nestlé
Good Food, Good Life

7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013



REUTERS

# မန်ယူ၊ မန်စီးတီး နိုင်ပွဲပြန်ရမလား၊ အင်တာ – ရိုးမား၊ ဂျူဗင်တပ် – မီလန် ထိပ်တိုက်တွေ့ဆုံမှုများနဲ့

## ယခုတစ်ပတ် ဥရောပလိဂ်ပြိုင်ပွဲများ ခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ်ကစားမယ့်ဥရောပလိဂ်ပွဲတွေထဲမှာတော့ အသင်းကြီးတွေ ဆက်ပြီးအခြေအနေကောင်းနိုင်မလား ကြည့်ရမှာပါ။ ပရီးမီးယားလိဂ်မှာဆိုရင် အသင်းကြီးတွေထဲက မန်ယူ၊ မန်စီးတီးတို့ အရှုံးနဲ့ရင်ဆိုင်နေရတာကြောင့် ဒီတစ်ပတ်လည်း ရင်ခုန်စွာနဲ့ကြည့်ရမှာပါ။ စီးရီးအေမှာ ဒီတစ်ပတ်က အင်တာ–ရိုးမား၊ ဂျူဗီ–မီလန် ထိပ်တိုက်တွေ့ဆုံမှုတွေရှိနေပြီး လာလီဂါမှာ ရီးရဲလ်တို့ လီဗန်တေးနဲ့ အဝေးကွင်းကစားရမှာဖြစ်ပြီး ဘာကာ၊ အက်သလက်တီကိုတို့ကတော့ အိမ်ကွင်းမှာ နိုင်ပွဲတွေရနိုင်ပါတယ်။

**ပရီးမီးယားလိဂ်**

**၅၊ အောက်တိုဘာ၊ စနေ**

**လီဗာပူး–ခရစ္စတယ်ပဲလေ့စ်**

**ယမန်နှစ်ရလဒ်–မရှိ**

လီဗာပူးတို့ အိမ်ကွင်းမှာ အခြေအနေကောင်းနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ ပဲလေ့စ်သရေရရင် ကျေနပ်ရမှာဖြစ်ပြီး လီဗာပူးကပဲ နိုင်သွားနိုင်ပါတယ်။ သရေဖြစ်နိုင်ခြေတောင် နည်းနေပါတယ်။

**ဆန်းဒါးလန်း–မန်ယူ**

**ယမန်နှစ်ရလဒ်မရှိ**

မန်ယူတို့ လူအင်အားနည်းနေတာကို အိမ်ကွင်းမှာ ဝက်စ်ဘရွန်းနဲ့ပွဲက သက်သေပြခဲ့တယ်။ ဗန်ပါစီပြန်ကောင်းလာပေမယ့် မန်ယူနိုင်ရင် ကပ်နိုင်ဖို့ပဲ ရှိပါတယ်။

**၆၊ အောက်တိုဘာ၊ တနင်္ဂနွေ**

**နော်ဝစ်ချ်–ချယ်လ်ဆီး**

**ယမန်နှစ်ရလဒ် (၀–၁)**

ချယ်လ်ဆီးကစားပုံကောင်းပေမယ့် ဆက်ပြီးအချိတ်အဆက်မိဖို့ လိုနေပါတယ်။ နော်ဝစ်ချ်အိမ်ကွင်းမှာ နိုင်ခြေမရှိပေမယ့် ချယ်လ်ဆီးကိုပိတ်ကစားရင် သရေကျနိုင်တယ်။ ချယ်လ်ဆီးကွင်းလယ်တိုက်စစ်မှာ ပွဲအစမှာပဲ မာတာပါသင့်ပါတယ်။ ချယ်လ်ဆီးအပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ခြေရှိပါတယ်။

**ဝက်စ်ဘရွန်း–အာဆင်နယ်**

**ယမန်နှစ်ရလဒ် (၁–၂)**

ဝက်စ်ဘရွန်း မန်ယူကို အနိုင်ကန်ခဲ့တာကြောင့် အာဆင်နယ်တို့ ရာသီအစမှာ ခြေမှန်နေပေမယ့်လည်း အခက်တွေ့နိုင်တယ်။ အာဆင်နယ် ကပ်နိုင်သွားနိုင်ပါတယ်။ သွင်းဂိုးနည်းမယ်။

**စီးရီးအေ**

**၆၊ အောက်တိုဘာ၊ တနင်္ဂနွေ**

**အင်တာ–ရိုးမား**

**ယမန်နှစ်ရလဒ် (၁–၃)**

ရိုးမားတို့ ခြေစွမ်းကောင်းနေသလို အင်တာကလည်း အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ အသင်းဖြစ်နေပါတယ်။ နှစ်သင်းလုံး အကြိတ်အနယ်ကစားမှာ သံသယရှိစရာမလိုဘဲ အကြိုက်ကတော့ အင်တာဖြစ်ပါတယ်။ ရိုးမား သရေ (သို့မဟုတ်) ကပ်ရှုံးဖို့ပဲများတယ်။

**နာပိုလီ–လီဗော်နို**

**ယမန်နှစ်ရလဒ်–မရှိ**

တန်းတက် လီဗော်နိုတို့ ရှုံးပွဲမရှိသေးပေမယ့် နာပိုလီလို ထိပ်တန်းအသင်းကို နိုင်ဖို့မလွယ်ပါဘူး။ နာပိုလီ အိမ်ကွင်းရှုံးပွဲမရှိသေးပဲ ထပ်နိုင်သွားတဲ့ပွဲဖြစ်ပါတယ်။ ဂိုးနည်းနိုင်တယ်။ နှစ်ဂိုးအများဆုံးပဲ။

**၇၊ အောက်တိုဘာ၊ တနင်္လာ**

**ဂျူဗင်တပ်–မီလန်**

**ယမန်နှစ်ရလဒ် (၁–၀)**

နောက်ဆုံးတွေ့ဆုံထားတဲ့ အိမ်ကွင်းမှတ်တမ်းအရ ဂျူဗင်တပ်က သာပါတယ်။ ဒါပေမဲ့ တောက်လျှောက်နိုင်ပွဲဆက်နေပြီး လော်ရန်တီ၊ တီဗက်ဇ်တို့ပါဝင်နေတဲ့ ဂျူဗင်တပ်ကပဲ အိမ်ကွင်းမှာ နိုင်ခြေများတယ်။ ဂျူဗီတို့ နှစ်ဂိုးလောက်ရနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ခြေရှိပါတယ်။

**လာလီဂါ**

**၆၊ အောက်တိုဘာ၊ တနင်္ဂနွေ**

**လီဗန်တေး–ရီးရဲလ်**

**ယမန်နှစ်ရလဒ် (၁–၂)**

ရီးရဲလ်တို့ အဝေးကွင်းမှာ အောင်ပွဲရနိုင်ပါတယ်။ ဘန်ဇီးမားကို အထောင်ထားပြီး အစ္စကို၊ ဒီမာရီယာ၊ ဂါရတ်ဘေးလ်တို့နဲ့ ထွက်လာနိုင်တဲ့ ရီးရဲလ်ကို လီဗန်တေး တားနိုင်မယ်မဟုတ်ပါဘူး။ ညှော်သည် ရီးရဲလ်ကပဲ ဂိုးအနည်းနဲ့ နိုင်သွားနိုင်တယ်။

**ဘာစီလိုနာ–ဗယ်လာဒိုလစ်**

**ယမန်နှစ်ရလဒ် (၂–၁)**

အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ဘာကာတို့ပြိုင်ဘက်တွေကို ဂိုးသွင်းနှုန်းလည်းများနေပါတယ်။ ဘာကာ နှစ်ဂိုးနဲ့အထက်ကို ထုံးစံအတိုင်း ရသွားနိုင်တဲ့ပွဲပါ။

**အက်သလက်တီကို–ဆဲလ်တာဗီဂို**

**ယမန်နှစ်ရလဒ် (၁–၀)**

အက်သလက်တီကိုတို့ မက်ဒရစ်ဒါဘီကို ရီးရဲလ်နဲ့ ကစားပြီးတဲ့နောက် အိမ်ကွင်းနိုင်ပွဲရှာနိုင်တဲ့ပွဲပါ။ မက်ဒရစ်မြေမှာ သရေရနိုင်ဖို့လည်း ခက်ပါတယ်။






# လန်ဒန်မြို့ကားရပ်နားခွင့် ဒဏ်ကြေးမပေးဆောင်သူများတွင် ပြင်သစ်ယာဉ်မောင်းများ ထိပ်ဆုံးမှပါဝင်

**လန်ဒန်၊ စက်တင်ဘာ-၂၈**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကားရပ်နားခြင်း ဒဏ်ငွေများမပေးသူ နိုင်ငံခြားသားများထံမှ ရရှိရန် ကျန်ငွေမှာ ပေါင် ၂ဒသမ၈ သန်း(ကန်ဒေါ်လာ ၄ ဒသမ ၅ သန်း) ရှိကြောင်း ဒေသခံအာဏာပိုင်အဖွဲ့တစ်ဖွဲ့က ပြောကြားပြီး ယင်းပမာဏအနက် ပြင်သစ်ယာဉ်မောင်းများ ပေးဆောင်ရမည့်ငွေမှာ သုံးပုံတစ်ပုံရှိသည်။



GETTY IMAGES

အဆိုပါကိန်းဂဏန်းများကို ဘက်ကင်ဟမ်နန်းတော် ဟိုက်ပတ်ခ်၊ ဆိုဟို၊ မေဖဲယား၊ အောက်စဖို့ဒ်လမ်းများအတွက် တာဝန်ယူထားသော ဝက်စ်မင်စတာမြို့တော် ကောင်စီက ထုတ်ပြန်ခြင်းဖြစ်သည်။

ပြင်သစ်ယာဉ်မောင်းများမှာ ၂၀၁၀ပြည့်နှစ်မှစ၍ ယာဉ်ရပ်နားခြင်းအတွက် ဒဏ်ငွေ ၁,၀၂၆,၉၉၅ ပေါင် ပေးဆောင်ရန်ကျန်ရှိနေသည်။ ယင်းမှာ ပြင်သစ်နှင့် ဗြိတိန် အလွယ်တကူသွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့်ဖြစ်သည်။

ဒုတိယနေရာတွင် ဘယ်လ်ဂျီယမ်နိုင်ငံမှ ယာဉ်မောင်းများ (၂၇၂,၉၈၀ ပေါင်)၊ တတိယနေရာတွင် စပိန်ယာဉ်မောင်းများ (၁၄၆,၆၂၀ ပေါင်)၊ စတုတ္ထဂျာမနီ (၁၂၉,၅၂၀ ပေါင်)နှင့် ရိုမေးနီးယား (၁၂၆,၃၆၀ ပေါင်) ရှိကြပြီး နယ်သာလန်၊ အိုင်ယာလန်၊ ဘူလ်ဂေးရီးယား၊ အီတလီနှင့် ယူအေအီးနိုင်ငံတို့မှာ အစဉ်လိုက်ရှိကြသည်။

လန်ဒန်မြို့လယ်တွင် ဒေသခံများကို အများပြည်သူသယ်ယူပို့ဆောင်ရေး အသုံးပြုရန် အားပေးထားသော်လည်း နိုင်ငံခြားမှ အလည်လာသူများ ကားဖြင့်လှည့်ပတ်ကြည့်ရှုချင်ကြသည်ကို ခွင့်ပြုပေးထားကြောင်း မြို့တော်ကောင်စီဝင် ဒယ်နီယယ်အက်စ်တိုင်ယာက ပြောကြားသည်။ *Ref: AFP*

# မင်းသားလေးဂျော့ချ်အတွက် ခရစ်ယာန်ဘာသာ ကင်ပွန်းတပ်ပွဲကျင်းပရန် နေ့သတ်မှတ်

**လန်ဒန်၊ စက်တင်ဘာ-၂၈**

မင်းသားလေးဂျော့ချ်ကို အောက်တိုဘာ ၂၃ ရက်တွင် ခရစ်ယာန်ဘာသာထုံးလမ်းစဉ်လာအရ စိန့်ဂျိမ်းစ်နန်းတော် တော်ဝင်ဘုရားကျောင်း၌ ကင်ပွန်းတပ်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း မင်းသားလေး၏ မိဘများဖြစ်သော ကန်းဘရစ်ချ်မြို့စားနှင့် မြို့စားကတော်တို့က စက်တင်ဘာ ၂၇ ရက်တွင် ကြေညာသည်။

ဇူလိုင် ၂၂ရက်က လန်ဒန်မြို့တွင် မွေးဖွားခဲ့သော မင်းသားလေးဂျော့ချ်ကို ခရစ်ယာန်ဘာသာအရ ကင်ပွန်းတပ်ရာတွင် ကန်တာဘူရီဂိုဏ်းချုပ်ဘုန်းတော်ကြီး ဂျပ်စတင်ဝဲလ်ဘီက ဆောင်ရွက်ပေးမည်ဖြစ်သည်။

မင်းသားလေးမွေးဖွားပြီး ဆေးရုံမှ ဆင်းချိန်မှစ၍ ၎င်း၏ မိဘများဖြစ်သော မင်းသားဝီလီယမ်နှင့် ကက်သရင်းတို့က ၎င်းကို အများအားဖြင့် လူအများရှေ့သို့ ထုတ်မပြခဲ့ပေ။

ဗြိတိန်ဘုရင်မအယ်လိဇဘက် (၂)၏မြစ်တော်စပ်သူ တော်ဝင်မင်းသားလေး မွေးဖွားခဲ့စဉ်က ၎င်း



ကိုမြင်တွေ့ရရန် ကမ္ဘာတစ်ဝန်းမှ သတင်းဌာန အမှုထမ်းများသည် ဆေးရုံတစ်ဝိုက်တွင် ရက်ပေါင်းအတော်ကြာ စောင့်ဆိုင်းခဲ့ကြရသည်။

ပြီးခဲ့သည့်လအတွင်း ကက်သရင်း၏ဖခင် မိုက်ကယ်မယ်ဒယ်လီတွန်က ၎င်း၏ဘာ့ဂ်ရှိုင်းယားရှိ နေအိမ်ဥယျာဉ်ထဲတွင် ရိုက်ကူးထားသော မင်းသားလေးဂျော့ချ်၏ ဓာတ်ပုံများကို ပြီးခဲ့သည့်လက ထုတ်ဖော်ပြသခဲ့သည်။

လက်ရှိဘုရင်မကြီး အယ်လိဇဘက်၏ ထီးနန်းအရိုက်အရာအတွက် မင်းသားလေးဂျော့ချ်မှာ တတိယနေရာတွင်ရှိနေပြီး ဘုရင်မကြီး၏သား ချားစ်လ်မင်းသားက ပထမနေရာနှင့် ၎င်း၏အကြီးဆုံးသား ဝီလီယမ်မှာ ဒုတိယနေရာတွင် ထီးနန်းဆက်ခံရန်ရှိနေသည်။

*—Ref: CNN*




7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ဆီးရီးယားဒုက္ခသည်များ အကူအညီပေးရေး ကုလလုံခြုံရေးကောင်စီ အာရုံစိုက်လာ

**ကုလသမဂ္ဂ၊ စက်တင်ဘာ-၃၀**

ကုလလုံခြုံရေးကောင်စီသည် ဆီးရီးယားဓာတုလက်နက်များ အရေးပြီးနောက် ဆီးရီးယားနိုင်ငံအတွက် သေရေးရှင်ရေးဖြစ်နေသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စအပေါ် အာရုံစိုက်လာပြီဖြစ်သည်။

လုံခြုံရေးကောင်စီသည် ဆီးရီးယားအိမ်နီးချင်းနိုင်ငံများမှ တစ်ဆင့် နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များအတွက် အကူအညီများ ပေးပို့ခြင်းကို ဆီးရီးယားအစိုးရက ခွင့်ပြုရန် တိုက်တွန်းခြင်းနှင့် အထောက်အပံ့ပစ္စည်းများ လာရောက်ပို့ဆောင်စဉ်ကာလတွင် အစိုးရနှင့် အတိုက်အခံအဖွဲ့များ အနေဖြင့် တိုက်ပွဲများ ခေတ္တရပ်စဲပေးရန် တိုက်တွန်းခြင်းဖြင့် ဆီးရီးယား ဒုက္ခသည်များအတွက် အကူအညီများ မြှင့်တင်ပေးမည့် ကြေညာချက်တစ်ခုကို စဉ်းစားနေကြသည်။ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက ဆီးရီးယားဓာတုလက်နက်အရေး ကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်နေစဉ် ဩစတြေးလျနှင့် လူဇင်ဘတ်နိုင်ငံတို့က ဆီးရီးယား ဒုက္ခသည်များအတွက် အကူအညီမြှင့်တင်ပေးရေး ကြေညာချက်မူကြမ်းကို ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားပြည်သူနှစ်သန်းကျော်သည် အိမ်နီးချင်းနိုင်ငံများသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ဆီးရီးယားနိုင်ငံတွင်း၌ ဒုက္ခသည် သန်းနှင့်ချီ၍ ကျန်ရှိနေသည်။

ယင်းဒုက္ခသည်များအတွက် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့ ၁၂ ဖွဲ့ကိုသာ ဆီးရီးယားအစိုးရက နိုင်ငံအတွင်း အကူအညီပေးခွင့်ပြုထားရာ အစိုးရနှင့် အတိုက်အခံအဖွဲ့နှစ်ဖွဲ့အကြား အကူအညီပေးရေးအဖွဲ့များ ခရီးမရောက်ဘဲ အချိန်နှောင့်နှေးခဲ့ရသည်။

ကုလလုံခြုံရေးကောင်စီ လက်ထောက်သံတမန်များသည် ဆီးရီးယားဒုက္ခသည်များဆိုင်ရာ အကူအညီပေးရေး အဆိုမူကြမ်းကို စက်တင်ဘာ ၃၀ ရက်တွင် ဆွေးနွေးမည်ဖြစ်သည်။

—*Ref: Reuters*


JACQUELYN MARTIN/AFP
*နိုင်ငံတွင်းအကြမ်းဖက်မှုများကြောင့် ထွက်ပြေးလာသော ဆီးရီးယားစစ်ပြေးဒုက္ခသည်များနယ်စပ်ကျော်ဖြတ်၍ အီရတ်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လာစဉ်*

# ဘာရိန်းနိုင်ငံတွင် ရှီးဟိုက်ဘာသာဝင် ၅၀ ဦး ထောင် ၁၅ နှစ်အထိ ချမှတ်ခံရ

**ဒူဘိုင်း၊ စက်တင်ဘာ-၃၀**

ဘာရိန်းနိုင်ငံတွင် လျှို့ဝှက်အတိုက်အခံအဖွဲ့ ဖွဲ့စည်းကြောင်း ပြစ်မှုထင်ရှား၍ အီရတ်နိုင်ငံသား အထင်ကရ ဘာသာရေးခေါင်းဆောင်တစ်ဦး အပါအဝင် ရှီးဟိုက်ဘာသာဝင် ၅၀ အား ဘာရိန်းတရားရုံးတစ်ခုက ထောင်ဒဏ်၁၅နှစ်အထိ ချမှတ်လိုက်ကြောင်း တရားရေးသတင်းရင်းမြစ်တစ်ခုက ပြောသည်။

၎င်းတို့အနက်တရားခံ၁၆ဦးအား ထောင်ဒဏ် ၁၅ နှစ် ချမှတ်လိုက်ပြီး အခြားလေးဦးအား ထောင်ဒဏ် ၁၀ နှစ်နှင့် အခြား ၃၀ ဦးမှာ ထောင်ဒဏ်ငါးနှစ်စီ အသီးသီးချမှတ်လိုက်ကြောင်း ယင်းသတင်းရင်းမြစ်က ပြောသည်။

တရားခံမျက်ကွယ်၌ တရားစစ်ဆေးခံရသူ အီရတ်နိုင်ငံသား အထင်ကရ ဘာသာရေးခေါင်းဆောင် ဟာဒီအယ်လ်မူဒါရီဆီ အပါအဝင် ယင်းတရားခံများသည် ဖေဖော်ဝါရီ၁၄ တော်လှန်ရေး လူငယ်ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းမှုဖြင့် ယခုကဲ့သို့ တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ ယင်းအဖွဲ့မှာ အကြမ်းဖက်အဖွဲ့ဟု ဘာရိန်းအာဏာပိုင်များက စွပ်စွဲထားသည်။

ယင်းအဖွဲ့သည် ဆွန်နီဘာသာဝင်များ အုပ်ချုပ်မှုမှ လူများစုအတွက် အခွင့်အရေးများ ပိုတောင်းဆိုသည့် ၂၀၁၁ ခုနှစ်အတွင်း စတင်ခဲ့သော ရှီးဟိုက်ဘာသာဝင်များ ဦးဆောင်သည့် ဆူပူအုံကြွမှုနောက်ကွယ်မှ အဓိကမောင်းနှင်ခဲ့သောအဖွဲ့ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ဆူပူအုံကြွမှုတွင် ပါဝင်ခြင်းအတွက် အစောပိုင်းက ထောင်ဒဏ်တစ်သက်ချမှတ်ခံထားရသူ လန်ဒန်မြို့အခြေစိုက် အဓိကအတိုက်အခံ ပုဂ္ဂိုလ် ဆာအစ်အယ်လ်ရှာဟာဘီ အပါအဝင်တရားခံများစွာကို ၎င်းတို့ မျက်ကွယ်၌ အမှုစီရင်ခဲ့ခြင်းဖြစ်သည်။

ထောင်ဒဏ်ငါးနှစ် ချမှတ်ခံရသည့်တရားခံများတွင် ဆာခီအာကားပြိုင်ကွင်းကို တိုက်ခိုက်ရန်ကြံစည်နေသည်ဟု သံသယရှိသူအမျိုးသမီးတစ်ဦးလည်း ပါဝင်သည်။

လုံခြုံရေးထားရှိမှုအပေါ် စမ်းသပ်ကြည့်ရန်အတွက် ခေါင်းအုံးတစ်လုံးကို အဝတ်အစားအောက်တွင် ဝှက်ကာယူဆောင်ခဲ့သည့် အမျိုးသမီးတစ်ဦးနှင့် အခြားအမျိုးသမီးတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။—*Ref: AFP*

နောက်ကျောဖုံး မှ

# အီရန်နျူကလီးယား သဘောတူညီချက် အလျင်အမြန်ရနိုင်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးပြော

တွေ့ဆုံမေးမြန်းခန်း တစ်ရပ်တွင် ပြောကြားသည်။

"အီရန်အစိုးရရဲ့ အစီအစဉ်ဟာ ငြိမ်းချမ်းတဲ့ အစီအစဉ်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့လည်း မြင်တယ်။ တစ်ကမ္ဘာလုံးကလည်း မြင်ကြတယ်ဆိုရင် အီရန်အစိုးရရဲ့ ဆက်ဆံရေးဟာ အကောင်းဘက်ကို အများကြီးပြောင်းလဲသွားနိုင်ပါတယ်။ မြန်မြန်ပြောင်းသွားနိုင်ပါတယ်"ဟု ဂျွန်ကယ်ရီကဆိုသည်။

အီရန်သမ္မတရိုဟာနီနှင့် ကန်သမ္မတအိုဘားမားတို့သည် ပြီးခဲ့သည့်သောကြာနေ့က ဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုခဲ့ပြီး ယင်းမှာ နှစ်ပေါင်း ၃၀ အတွင်း တစ်ချိန်က ရန်ဘက်ဖြစ်ခဲ့သော နှစ်နိုင်ငံကြား ပထမဆုံးအဆင့် အမြင့်ဆုံး ထိတွေ့ဆက်ဆံမှုဖြစ်၍ အီရန်အစိုးရအား နျူကလီးယားဗုံး ထုတ်လုပ်ခြင်းမှတားဆီးရေး အနောက်နိုင်ငံများ၏ ကြိုးပမ်းမှုတွင် လမ်းစပေါ်ထွက်လာကာ မျှော်လင့်ချက်များ မြင့်တက်လာခဲ့သည်။

အီရန်အစိုးရအနေဖြင့် ၎င်း၏နျူကလီးယားစက်ရုံများကို စုံစမ်းစစ်ဆေးသူကို ချက်ချင်းခွင့်ပြုပေးခြင်းဖြင့် ၎င်းတို့၏ ရိုးသားဖြူစင်မှုကို သက်သေပြနိုင်သည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.12, No.30 • OCTOBER 2 , 2013

# ကင်ညာဈေးဝယ်စင်တာ တိုက်ခိုက်ခံရနိုင်ကြောင်း ကြိုတင်သတိပေးမှုများရှိခဲ့

**နိုင်ရိုဘီ၊ စက်တင်ဘာ-၂၈**

အစ္စလာမ်မစ်သေနတ်သမားများ နိုင်ရိုဘီဈေးဝယ်စင်တာတွင် အကြမ်းဖက် မတိုက်ခိုက်မီကပင် ထောက်လှမ်းရေးအစီရင်ခံစာများ အရ တိုက်ခိုက်မှုအကြီးအကျယ် ဖြစ်ပွားနိုင်ကြောင်း ကင်ညာအစိုးရကိုသတိပေးထားခဲ့သည်ဟုလုံခြုံရေးအရာရှိများက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ကင်ညာအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ကင်ညာစစ်တပ်အရာရှိကြီးများသည် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားနိုင်ကြောင်း သတင်းရရှိခဲ့သည်ဟု လုံခြုံရေးအရာရှိများက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။ "အစ္စရေးက သူတို့ကုမ္ပဏီတွေ တိုက်ခိုက်ခံရနိုင်တယ်လို့ ကင်ညာအစိုးရကို သတိပေးထားဖူးတယ်။ အဲဒီထောက်လှမ်းရေးအစီရင်ခံစာကို ဘယ်သူမှ အရေးတယူဆောင်ရွက်တာမျိုး မရှိဘူး"ဟု အရာရှိတစ်ဦးက ပြောကြားသည်။

ဘဏ္ဍာရေး၊ ပြည်ထဲရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေးဝန်ကြီးများနှင့် စစ်တပ်အကြီးအကဲတို့သည် နိုင်ရိုဘီမြို့၌ အကြမ်းဖက်မှု ဖြစ်ပွားနိုင်ကြောင်း လျှို့ဝှက်အစီရင်ခံစာရရှိခဲ့သည်ဟု ကင်ညာနိုင်ငံထုတ် The Nation သတင်းစာက ဖော်ပြသည်။ စက်တင်ဘာ ၁၃ မှ ၂၀ ရက်အတွင်း နိုင်ရိုဘီမြို့နှင့် မွမ်ဘက်ဆာမြို့များတွင် တိုက်ခိုက်နိုင်မှုများနှင့် အကြမ်းဖက်မည်ဟူသော ခြိမ်းခြောက်မှုများအကြောင်း ထောက်လှမ်းရေးအစီရင်ခံစာများကို ကင်ညာဝန်ကြီးများက သိရှိပြီးဖြစ်ကြောင်း ယင်းသတင်းစာက ဖော်ပြသည်။



KENYAN PRESIDENCY/AFP

နိုင်ရိုဘီဈေးဝယ်စင်တာ တိုက်ခိုက်ခံရမှုကို ကင်ညာအစိုးရနှင့်အတူ အစ္စရေးထောက်လှမ်းရေးအဖွဲ့များလည်း အဓိကအခန်းကဏ္ဍ၌ ပါဝင်စုံစမ်းနေသည်ဟု သိရသည်။ စက်တင်ဘာ ၃၀ ရက်တွင် ကင်ညာအမျိုးသားထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်အား လွှတ်တော်အမတ်များက စစ်ဆေးမေးမြန်းမည်ဖြစ်သည်။

*—Ref: AFP*

# ဒိန်းမတ်ကျောက်မီးသွေးတင်သင်္ဘော ကနေဒါမှ ဥရောပသို့ အနောက်မြောက်လမ်းကြောင်းမှ ဖြတ်မောင်း

**တိုရန်တို၊ စက်တင်ဘာ-၂၈**

ဒိန်းမတ်နိုင်ငံပိုင် ကျောက်မီးသွေးတင်သင်္ဘော (Nordic Orion) သည် ပထမဆုံးအကြိမ်အဖြစ် အနောက်မြောက်လမ်းကြောင်းကို ဖြတ်ကာ ကနေဒါနိုင်ငံမှ ဥရောပသို့ထွက်ခွာသွားခဲ့ပြီး ရာဇဝင်တွင် အာတိတ်လမ်းကြောင်းကိုဖြတ်၍ မောင်းနှင်သည့် ဒုတိယမြောက်သင်္ဘောအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

(Nordic Orion)သင်္ဘောသည် ကျောက်မီးသွေးတန်ချိန် ၇၅,၀၀၀တင်ဆောင်ကာဗန်ကူဗာမြို့မှ စက်တင်ဘာ ၁၇ ရက်တွင် ထွက်ခွာခဲ့သည်။

ယင်းသင်္ဘောသည်စက်တင်ဘာ ၂၇ ရက်တွင် ဂရင်းလန်းဒေသကို ဖြတ်ကျော်ခဲ့ကြောင်း သင်္ဘောပိုင်ကုမ္ပဏီ (Nordic Bulk Carriers)မှ အမှုဆောင်အရာရှိချုပ် အက်ကိုးလ်က ပြောသည်။

ရေမျက်နှာပြင်ပေါ်တွင် ထူထဲသော ရေခဲပြင်ဖြစ်ပေါ်လာပြီး သင်္ဘောမသွားလာနိုင်ပါက လာမည့်သီတင်းပတ်တွင် ဖင်လန်နိုင်ငံသို့ ဆိုက်ကပ်ရန် မျှော်လင့်ထားကြောင်း ၎င်းကပြောသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် အာတိတ်ဒေသပင်လယ်ပြင် ရေခဲများ အရည်ပျော်ကာ ရေလမ်းများဖြစ်ပေါ်လာသောကြောင့် အနောက်မြောက်လမ်းကြောင်းထဲမှဖြတ်၍ မောင်းနှင်ရန် စိတ်ဝင်စားမှုများ မြင့်တက်လာလျက်ရှိသည်။

ယင်း လမ်းကြောင်းကို ကနေဒါနိုင်ငံက ပိုင်ဆိုင်ကြောင်း ပြောကြားထားသော်လည်း ရုရှား၊ အမေရိကန်နှင့် ဒိန်းမတ်နိုင်ငံတို့က ရေခဲများဖုံးလွှမ်းနေသော ဒေသများအတွင်း ၎င်းတို့၏ ပင်လယ်ပြင်ရေပိုင်နက်ကို ကုလသမဂ္ဂကော်မရှင်က သတ်မှတ်ပေးခြင်း မပြုမီ ယင်းဒေသကို ပိုင်ဆိုင်ကြောင်း ပြောကြားထားကြသည်။

ပနားမားတူးမြောင်းက ဖြတ်သွားရမည့် ရှည်လျားသော ခရီးကို ရှောင်ရှား၍ အလက်စကာပြည်နယ်မှ ရေနံကို အမေရိကန်အရှေ့ဘက် ကမ်းရိုးတန်းသို့ပို့ရန် ကုန်သွယ်ရေးလမ်းကြောင်း စမ်းသပ်မောင်းနှင်သည့်အနေဖြင့် ရေနံတင်(SSManhattan)သင်္ဘောသည် လွန်ခဲ့သော ဆယ်စုနှစ်လေးခုကျော်က အနောက်မြောက်လမ်းကြောင်းကို ပထမဆုံးအကြိမ်ဖြတ်သန်းမောင်းနှင်ခဲ့သည်။

*—Ref: AFP*



7 Day News Journal
# International
Vol.12, No.30 • OCTOBER 2 , 2013



JACQUELYN MARTIN/AFP

*ကိုရီးယားနှစ်နိုင်ငံနယ်စပ်ရှိ စစ်မဲ့ဇုန်သို့လာရောက်သည့်ခရီးစဉ်အတွင်း တောင်ကိုရီးယားဘက်ခြမ်းမှ စောင့်ကြည့်ရေးမျှော်စင်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ချက်ဟေဂယ်ကို မြောက်ကိုရီးယားနိုင်ငံတွင်းတစ်နေရာသို့ လက်ညှိုးညွှန်ပြနေသော တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်မ်ကွမ်ဂျင်*

## တောင်ကိုရီးယားရှိ စစ်အင်အားလျှော့ချမည်မဟုတ်ဟု ကန်ကာကွယ်ရေးဝန်ကြီးပြော

**ဆိုးလ်၊ စက်တင်ဘာ-၃၀**

ဘဏ္ဍာရေးထိန်းချုပ်မှုများ ရှိနေသော်လည်း တောင်ကိုရီးယားနိုင်ငံရှိ ကန်တပ်ဖွဲ့ဝင်အင်အား ၂၈,၅၀၀ ကို ကန်စစ်ဌာနချုပ်က လျှော့ချရန် အစီအစဉ်မရှိကြောင်း မြောက်ကိုရီးယားစစ်သားများ၏ မျက်စိဒေါက်ထောက်စောင့်ကြည့်မှုများကြား ကိုရီးယားစစ်ရေးကင်းမဲ့ဇုန်သို့ သွားရောက်နေသူ ကန်ကာကွယ်ရေးဝန်ကြီး ဟေဂယ်လ်က စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

“ကျွန်တော်တို့မှာ ထိပ်တိုက်တွေ့မှုအန္တရာယ် အမြဲတမ်းရှိတဲ့နေရာဟာ ကမ္ဘာပေါ်မှာ ဒီနေရာတစ်ခုတည်းရှိတာ ဖြစ်နိုင်တယ်” ဟု မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများကျင်းပရာ ပန်မန်ဂျွမ်ရွာရှိ သွပ်မိုးတစ်ထပ်အဆောက်အအုံသို့ သွားရောက်ပြီးနောက် ဟေဂယ်လ်ကပြောသည်။

တောင်နှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြား နယ်ခြားစည်းအဖြစ် သတ်မှတ်ထားသော ယင်းအဆောက်အအုံ၌ ဟေဂယ်လ် သွားလာနေစဉ် ၎င်း၏လှုပ်ရှားမှုများကို မြောက်ကိုရီးယားဘက်ခြမ်းရှိ ပြတင်းပေါက်များမှ တစ်ဆင့် မြောက်ကိုရီးယားစစ်သားနှစ်ဦးက အသေးစိတ်စောင့်ကြည့်ပြီး ဗီဒီယိုရိုက်ကူးနေခဲ့သည်။

စစ်ရေးကင်းမဲ့ဇုန်အတွင်းရှိ လေ့လာရေးစခန်း အိုယူလတ်တီ တောင်ထိပ်သို့လည်း ဟေဂယ်လ် သွားရောက်ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံဘက်သို့တောင်ကြားလမ်းကို ကြည့်ရှုကာ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်မ်ကွမ်ဂျင်၏ ရှင်းလင်းပြောကြားချက်များကို နားထောင်ခဲ့သည်။ ယင်းနေရာကို ကိုရီးယားစစ်ပွဲအတွင်း ဂုဏ်ပြုဆုချီးမြှင့်ခံရသူ ကန်တပ်သား ဂျိုးဆက်အိုယီလတ်တီ၏ အမည်ပေးထားခြင်းဖြစ်သည်။

လာမည့်ဆယ်စုနှစ်တစ်ခုအတွက်ဒေါ်လာတစ်ထရီလီယံနီးပါး သုံးစွဲရန် စီစဉ်ထားခြင်းကို လျှော့ချရေးကန်စစ်ဌာနချုပ်တွင် ဖိအားများနေစဉ် ကိုရီးယားနိုင်ငံရှိ အမေရိကန်စစ်အင်အားကိုလျှော့ချသွားရန် ကန်စစ်တပ်တွင် အစီအစဉ်မရှိကြောင်း ဟေဂယ်လ်က သတင်းထောက်များအား ပြောသည်။ —*Ref: Reuters*

## အီရန်နျူကလီးယား သဘောတူညီချက် အလျင်အမြန်ရနိုင်ဟု ကန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန်၊ စက်တင်ဘာ-၃၀**

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောတူညီချက်တစ်ရပ် အလျင်အမြန် ရရှိနိုင်ကြောင်းနှင့် ယင်းမှာ နှစ်နိုင်ငံကြား ဆက်ဆံရေးကို သိသိသာသာတိုးတက်စေနိုင်သည့် အလားအလာရှိကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကပြောကြားသည်။

အီရန်နျူကလီးယားအစီအစဉ်အပေါ် အငြင်းပွားမှုဖြေရှင်းရေး သံတမန်ရေးကြိုးပမ်းမှုများ တိုးမြှင့်လုပ်ဆောင်ခြင်းမှ အီရန်သမ္မတက တိုက်တွန်းသော သုံးလမှ ခြောက်လကာလအတွင်း သဘောတူညီချက်တစ်ရပ်ထွက်ပေါ်နိုင်ကြောင်းလည်း ဂျွန်ကယ်ရီက ပြောကြားသည်။

“အီရန်နိုင်ငံက ဘယ်လောက်ရှင်းရှင်းလင်းလင်းနဲ့ ရှေ့ထွက်လာမလဲဆိုတဲ့အပေါ် မူတည်ပြီး အဲဒီထက်စောစောပိုပြီး သဘောတူညီချက်တစ်ရပ် ရရှိလာနိုင်ပါတယ်” ဟု CBS ရုပ်သံသတင်းဌာနနှင့် ပြုလုပ်သော စာမျက်နှာ ၄၆ ››

## ဖူကူရှီးမား နျူစက်ရုံ(၁)မှ ကျန်ရှိသော ဓာတ်ပေါင်းဖိုနှစ်လုံး အသုံးပြုတော့မည် မဟုတ်ဟုဆို

**တိုကျို၊ စက်တင်ဘာ-၃၀**

ဖူကူရှီးမားရှိနျူဓာတ်အားပေးစက်ရုံကို လည်ပတ်လုပ်ကိုင်နေသော တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ (Tepco)သည် စက်ရုံ(၁)မှ ဓာတ်ပေါင်းဖို အမှတ်(၅)နှင့် (၆)တို့ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အသုံးပြုတော့မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ဂျပန်သတင်းစာ ယိုမီယူရီရှင်ဘွန်းနှင့် တွေ့ဆုံမှုတွင် (Tepco) ကုမ္ပဏီဥက္ကဋ္ဌ နာအိုမီဟီရိုဆီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းကကုမ္ပဏီသည် စက်ရုံ(၁)မှ နျူဓာတ်ပေါင်းဖိုနှစ်လုံးဖြစ်သော အမှတ်(၅)နှင့်(၆)တို့ကိုမည်သည့်အခါမှ ဓာတ်အားထုတ်လုပ်ရေးအတွက် အသုံးပြုတော့မည်မဟုတ်ကြောင်း အင်တာဗျူးတွင် ဆိုသည်။ ထို့ကြောင့် စက်ရုံသည် ရှိသမျှ နျူဓာတ်ပေါင်းဖိုများအားလုံးကို ပိတ်သိမ်းတော့မည့်သဘောဖြစ်လာသည်။

(Tepco)သည် အမှတ်(၁)မှ (၄)အထိ နျူဓာတ်ပေါင်းဖိုများကို ပြီးခဲ့သည့်နှစ် မတ်လကပင် ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ပြီးနောက် တစ်လအကြာ ဧပြီလ၌ ဓာတ်ပေါင်းဖိုများ အပြီးတိုင်ဖျက်သိမ်းခဲ့သည်။ ထိုစဉ်က အမှတ်(၅)နှင့်(၆)ဓာတ်ပေါင်းဖိုများမှာ ၂၀၁၁ ငလျင်နှင့် ဆူနာမီဖြစ်စဉ်က စက်လည်ပတ်နေခြင်းမရှိသော်လည်း ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကာ ပြန်လည်ပတ်ခြင်းလည်း မပြုခဲ့ပေ။ သတင်းစာက စက်ရုံ(၁)မှ ဓာတ်ပေါင်းဖိုများကို ပိတ်သိမ်းလိုက်ပြီးနောက် အမှတ်(၂)စက်ရုံမှ ဓာတ်ပေါင်းဖိုလေးခုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင် ဥက္ကဋ္ဌဟီရိုဆီက ပိတ်သိမ်းမှုအတွက် အချက်များစွာကို ထည့်သွင်းစဉ်းစားရဦးမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ စိတ်ခံစားမှုများကိုလည်း ထည့်တွက်ရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

—*Ref: ANN*



# ရှမ်းပြည်သူတွေ ဆန္ဒပြည့်မယ့်နေ့ . . .

**အိဖြူလွင်**

ပဒေသရာဇ် စော်ဘွားများ လက်ထက်ကပင် ရှမ်းပြည်နယ်ကို ပိုင်းခြားအုပ်ချုပ်ခဲ့ကြသည်။ ယခုအချိန်ထိလည်း မတူညီသော လူမျိုးတစ်ခုစီ၏ လက်နက်ကိုင်အဖွဲ့များက သီးခြားထိန်းချုပ်နယ်မြေဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ဗဟိုအစိုးရအုပ်ချုပ် သည့်နယ်မြေများစသည်ဖြင့်အပိုင်းလိုက်ကွဲပြားနေပါသေးသည်။

အခြေချနေထိုင်သူလူဦးရေ ၅၇သိန်းကျော်ရှိပြီးတိုင်းရင်းသားလူမျိုးစုပေါင်း ၃၀ကျော်ရှိနေသည့် ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်များတွင်အကြီးဆုံးပြည်နယ်ဖြစ်သကဲ့သို့လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့ရှိနေသော ပြည်နယ်ဖြစ်သည်။

လူမျိုးစုများကို အခြေပြု၍ မတူညီသောလက်နက်ကိုင်တပ်မတော်များနှင့် မတူညီသောနိုင်ငံရေးပါတီများကွဲပြားစွာရှိနေခြင်းက ရှမ်းပြည်တွင်နေထိုင်သူများအတွက်စိတ်သက်သာရာမရှိဟုပြည်သူများကဆိုသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ခုရှိသည့်အနက် ရှမ်းပြည်နယ်တစ်ခုမှာပင် ၅ခုရှိပြီးတိုင်းရင်းသားလူမျိုးစုအလိုက်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီအရေအတွက်သည်လည်း ဆယ်ခုကျော်ရှိသည်။

ပြည်နယ်၏ အဓိကလူမျိုးစုဖြစ်သည့် ရှမ်းလူမျိုးများအတွက်ပင် ရှမ်းနိုင်ငံရေးပါတီ နှစ်ပါတီရှိနေသည့်အတွက် မည်သည့်ပါတီကိုထောက်ခံရမှန်းမသိဘဲ ဝေခွဲမရဖြစ်နေကြောင်းအဆိုပါ ပါတီများကဆိုသည်။

၂၀၁၀ရွေးကောက်ပွဲတွင်မှ ပေါ်ပေါက်လာခဲ့သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP)က အထွေထွေအတွင်းရေးမှူးဦးစိုင်းမောင်တင်က "ဒေသခံတွေအနေနဲ့လက်နက်ကိုင်အချင်းချင်းပေါင်းစည်းစေချင်တယ်။ ပါတီတွေကိုလည်းပေါင်းစည်းစေချင်တာကို ကျွန်တော်တို့လည်းသိပါတယ်။ ဒါပေမဲ့ ပါတီတွေက သူ့မူနဲ့သူသွားနေတဲ့အတွက် ပေါင်းစည်းနိုင်ဖို့က ၂၀၁၅ မတိုင်မီတော့ မလွယ်သေးပါဘူး။ အခုအချိန်မှာတော့တူရာတူရာစုပြီးလက်တွဲ လုပ်သွားမယ်"ဟု ပြောကြားသည်။

၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတွင် အမတ်နေရာဒုတိယအများဆုံးဖြင့်နိုင်ခဲ့သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD)သည် ပါတီထိပ်ပိုင်းခေါင်းဆောင်များဖမ်းဆီးခံခဲ့ရပြီးနောက် ပါတီဖျက်သိမ်းခံရသော်လည်း ၂၀၁၂တွင် ပါတီကိုပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။



*၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲနေ့တွင် လားရှိုးမြို့ရှိ မဲရုံတစ်ခုသို့ သွားရောက်ခဲ့သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်*

ဓာတ်ပုံ- ဥက္ကာကိုကို

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြန်လည်လှုပ်ရှားမှုများစတင်လာပြီးနောက် ရှမ်းပြည်နယ်တွင် ပါတီရုံးခွဲများလည်းအဆက်မပြတ်ဖွင့်လှစ်လာခဲ့သဖြင့် ၂၀၁၀ရွေးကောက်ပွဲတွင် တစ်ခုတည်းသော ရှမ်းပါတီဖြစ်သည့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီကို သာမဲပေးခဲ့သော ရှမ်းပြည်သူလူထုသည် ယခုပါတီနှစ်ခုဖြစ်လာသည့်အတွက် မည်သည့်ပါတီကို ထောက်ခံရမှန်းမသိဖြစ်နေခြင်းဖြစ်သည်။

၁၉၉၆ခုနှစ်တွင် ရှမ်းလက်နက်ကိုင်အဖွဲ့များနှင့်ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းဖွဲ့စည်းထားသည့် ရှမ်းပြည်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (SSJAC) သည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီSNLDဥက္ကဋ္ဌဦးခွန်ထွန်းဦးနှင့် SSPP/SSA နာယကဗိုလ်ချုပ်ဆေထင်တို့ အကျဉ်းကျနေသည့်အခါက ၂၀၁၀ ရွေးကောက်ပွဲတွင် ရှမ်းတိုင်းရင်းသားများအတွက်ပါတီတစ်ခုလိုအပ်သဖြင့်ဖွဲ့စည်းရန်ဦးခွန်ထွန်းဦးကိုထောင်ဝင်စာတွေ့စဉ်ကပြောကြားခဲ့ပြီးဦးခွန်ထွန်းဦး၏ ထောက်ခံချက်ဖြင့် SSJAC သည် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDPကိုမွေးဖွားခဲ့ခြင်းဟု SSJAC ဦးဆောင်သူဗိုလ်ချုပ်ကိုင်ဖ က ပြောကြားခဲ့သည်။

၂၀၁၀ရွေးကောက်ပွဲအတွက် မွေးဖွားခဲ့သော SNDPသည် လွှတ်တော်တွင်းတွင် အင်အားအကောင်းဆုံးတိုင်းရင်းသားပါတီဖြစ်လာသကဲ့သို့ SNLDသည်လည်းရှမ်းပြည်နယ်တွင် ထောက်ခံမှုအပြည့်အဝ ရရှိနေသောကြောင့် ရှမ်းတိုင်းရင်းသားများသည် လာမည့်ရွေးကောက်ပွဲတွင် မည်သူ့ကိုမဲပေးရမည်လဲဟူသော မေးခွန်းများထွက်ပေါ်လာခဲ့သည်။

"ကျွန်တော်ကတော့ ရှမ်းတွေကိုယ်စားပြောရရင် ပါတီနှစ်ခုကို တစ်ပါတီတည်းဖြစ်စေချင်တာပေါ့။ လက်နက်ကိုင်တွေကိုလည်း တစ်စုတစ်စည်းတည်းဖြစ်စေချင်တယ်။ လူကြီးတွေလည်းပေါင်းစည်းဖို့ ဆန္ဒရှိပါတယ်။ မပေါင်းစည်းနိုင်တဲ့အကြောင်းတွေရှိနေသေးလို့ပဲဖြစ်မှာပါ။ ဒေသမှာ အဖွဲ့တွေများနေတဲ့အတွက် အဖွဲ့တစ်ခုစီရဲ့နေရာတိုင်းမှာတော့ ကောင်းကျိုး၊ ဆိုးကျိုးအကျိုးသက်ရောက်မှုက ဒေသခံတွေပေါ်မှာရှိနေတာပဲ"ဟုတောင်ကြီးမြို့တွင်နေထိုင်သူဦး စိုင်းအောင်မြင်ကပြောသည်။

"လူထုကတော့ပါတီကွဲနေတဲ့အခါ ဇဝေဇဝါဖြစ်တယ်။ အားလည်းငယ်တယ်ပေါ့။ ကျွန်တော်တို့လူထုနဲ့တွေ့တဲ့အခါမှာ အကျိုးသင့် အကြောင်းသင့် ရှင်းပြပါတယ်။ ပါတီကကွဲတာမဟုတ်ပါဘူး။ ၂၀၀၈ကရှိနေတော့ SNLD က ရွေးကောက်ပွဲကို မဝင်ဘူး။ အခြေခံဥပဒေကို အသစ်ပြန်ဆွဲမယ်။ ပြင်နိုင်မှဝင်မယ်။ SNDP ကတော့လွှတ်တော်လမ်းကြောင်းနဲ့သွားနေတယ်။ တကယ်လို့ ၂၀၁၅ မတိုင်မီအခြေခံဥပဒေကို ပြင်နိုင်ရန် အဲဒီအခါမှာ ပါတီနှစ်ခုတိုင်ပင်ပြီးလုပ်ကြမှာပါ"ဟု ဗိုလ်ချုပ်ကိုင်ဖက ၂၀၁၅မတိုင်မီ ပါတီပူးပေါင်းနိုင်ခြင်းရှိမရှိကိုရှင်းလင်းပြောကြားသည်။

SNLD အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ မပြင်ဆင်နိုင်ပါကရွေးကောက်ပွဲကို အင်အားဖြင့်ဝင်ပြိုင်မည်မဟုတ်ဘဲ ပါတီတည်မြဲရုံ သုံးနေရာသာဝင်မည်ဟုပြောကြားထားသည်။

SNLDသည် လက်ရှိ ၂၀၀၈ အခြေခံဥပဒေကို လက်မခံနိုင်သည့်အတွက် ၂၀၀၈အခြေခံဥပဒေကို လက်ခံကာရွေးကောက်ပွဲဝင်ခဲ့သော SNDPနှင့်မူဝါဒမတူညီနေခြင်းသည်အဓိကအချက်ဖြစ်ပြီးပါတီနှစ်ခုပေါင်းစည်းပါက ပါတီဖျက်သိမ်းခြင်းမူဝါဒနှင့် စည်းမျဉ်းများပြန်ဆွဲရခြင်းစသည့် ကိစ္စများကိုပြန်လည်လုပ်ဆောင်ရမည်ဖြစ်သောကြောင့် လာမည့်ရွေးကောက်ပွဲမတိုင်မီပါတီနှစ်ခုပေါင်းစည်းရန် မဖြစ်နိုင်သေးဟု SNLD တာဝန်ရှိသူများကဆိုသည်။

"ကျွန်တော်တို့ဆွေးနွေးနေတုန်းပါ။ အားလုံးအဆင်ပြေအောင်ပေါ့။ SNDPရဲ့သဘောထားပေါ်လည်း မူတည်ပါတယ်။ SNLDအနေနဲ့တော့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး နောက်စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့ဒါတွေကို အဓိကဦးစားပေးလုပ်သွားမယ်"ဟု ရုံးအဖွဲ့မှူးဦးစိုင်းရွှေကြူးကပြောသည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်အဆိုပါဥပဒေကိုလက်ခံသူ၊လက်မခံနိုင်သူ မူဝါဒကွဲရာမှ ပါတီအချို့ပူးပေါင်းမရဖြစ်ပေါ်ခဲ့သည်။

တိုင်းရင်းသားပါတီများပြန်လည်ပူးပေါင်းရေးအတွက် ပထမဆုံးပူးပေါင်းခြင်းကို ချင်းပါတီများက စတင်ဆွေးနွေးခဲ့ပြီး ရခိုင်နှင့်မွန်ပါတီများလည်း ပူးပေါင်းရန်ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပါတီနှစ်ခုပူးပေါင်းခြင်းသည် စတင်လုပ်ဆောင်ပြီဖြစ်ပြီး အခြားတိုင်းရင်းသားပါတီများသည်လည်း ပူးပေါင်းနိုင်ရန်ပြင်ဆင်နေကြသည့်အတွက် လူဦးရေအများဆုံးနေထိုင်ပြီးအင်အားကြီးမားသောရှမ်းပါတီများမပေါင်းစည်းနိုင်မှုအပေါ် ဝေဖန်မှုများလည်းရှိသည်။

ရှမ်းပါတီများနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမပေါင်းစည်းနိုင်သေးခြင်းကို ရှမ်းပြည်တပ်မတော်နာယကဗိုလ်ချုပ်ဆေထင်အား မေးမြန်းခဲ့ရာ "ဒါကအမြင်လေးတွေပါ။ သူ့အမြင်ကိုယ့်အမြင်ရှိကြတာပေါ့။ တူညီတဲ့အမြင်တွေရှိအောင်တော့လုပ်နေပါတယ်"ဟု ဖြေကြားခဲ့သည်။

ရှမ်းလူမျိုးများအတွက် အရေးကြီးသည်မှာပြည်ထောင်စုဖွဲ့စည်းပုံသာဖြစ်ပြီးပြည်ထောင်စုဖွဲ့စည်းပုံသာပြေလည်သွားပါက အခြားကိစ္စများကိုညှိယူ၍ရသည်ဟုလည်း ဗိုလ်ချုပ်ဆေထင်ကဆိုသည်။

ပါတီပေါင်းစည်းရေးအပိုင်းတွင် ညှိနှိုင်းမရခြင်းဆိုသည်ထက် လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပလမ်းကြောင်းနှစ်ခုကို တစ်ပြိုင်တည်းလုပ်လိုသည့်သဘောထားလည်းရှိမည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း သုံးသပ်သည်။

"နှစ်ဖွဲ့လုံးကအခြေခံဥပဒေကိုပြင်ဆင်လိုတဲ့ရည်ရွယ်ချက်တူတယ်။ ပြင်ဖို့ရာ ဘယ်လမ်းကြောင်းကအောင်မြင်မယ်ဆိုတာ မသိနိုင်သေးတော့ ပြင်ဖို့ကိုအရင်လုပ်ပြီးတော့မှ ပူးပေါင်းရေးကိုဆက်လုပ်ကြမယ်လို့ပဲမြင်ပါတယ်"ဟု အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကသူ၏ အမြင်ကိုပြောသည်။

ပါတီနှစ်ခုလုံးနှင့်ပတ်သက်နေသော SSJAC ဦးဆောင်သူဗိုလ်ချုပ်ကိုင်ဖက "အားလုံး သူ့တာဝန်နဲ့သူလုပ်နေကြတာပါ။ ဒါကြီးမားတဲ့ပြဿနာမဟုတ်ပါဘူးလို့ပဲကျွန်တော်ထင်တယ်"ဟု ပြောကြားသည်။ သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်မှပင် ယနေ့အချိန်ထိနယ်မြေကို အပိုင်းလိုက်အုပ်ချုပ်ခံလာရသည့်ရှမ်းပြည်နယ်သူပြည်နယ်သားများ၏အနေအရဆိုပါက "ကျွန်တော်တို့ပေါင်းစေချင်တယ်။ ဒါဆန္ဒအမှန်ပါပဲ။ တစ်နယ်မြေစီ၊တစ်ပါတီစီနဲ့မဖြစ်ချင်တော့ဘူး"ဟုအဆိုပါ ပါတီနှစ်ခုလုံးတွင် လူငယ်အဖြစ်ပါဝင်ခဲ့သူက ပြောကြားပါသည်။ ။

ဂျာနယ် မျက်နှာဖုံး မှ

# အစိုးရမင်းများ တိုင်းခန်းလှည့်လည်ကောင်းတုန်းပဲလား

အမှန်တကယ်သူဖြေချင်သောအဖြေမှာ လျှောက်သွားကြည့်နေရတာကိုက သူတို့အလုပ်ဟုထင်နေကြတုန်းဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အာဏာရှင်ဦးနေဝင်းလက်ထက်မှစ၍ တပ်မတော်အစိုးရလက်ထက်ထိ ဝန်ကြီးဌာနများမှ ဝန်ကြီးများသည် တိုင်းခန်းလှည့်လည်ကာ၊ အားပေးကာ၊ ချီးမြှင့်ကာဟန်ရေးပြခဲ့ကြသည်။ ထိုအပြုအမူမျိုးမှာ သမ္မတဦးသိန်းစိန်ဦးဆောင်သော ဒီမိုကရေစီအစိုးရလက်ထက်တွင် အတန်ငယ်လျော့နည်း လာသော်လည်း ထိုကဲ့သို့ လုပ်ဆောင်မှုများရှိနေသေးသည်ဟု လုပ်ငန်းရှင်အချို့ကဆိုသည်။ အချို့သောလုပ်ငန်းရှင်ကြီးများမှာလည်း နိုင်ငံတော်အကြီးအကဲများနှင့်ဝန်ကြီးများခရီးစဉ်တွင် လိုက်ပါ၍ အလှူငွေများ ပေးအပ်သည့်အလေ့အထများ ယခုအချိန်အထိ ရှိနေသေးသည်။

မဆလခေတ်တွင်ပါတီဥက္ကဋ္ဌဖြစ်သူဦးနေဝင်းသဘောကျစေရန် ကျန်အရာရှိများက လုပ်ပြရာမှ အဆိုပါစနစ်သည်ခေတ်စားလာခဲ့သည်။ ထို့နောက်တပ်မတော်အစိုးရလက်ထက်တွင်သတင်းစာထဲပါရန် ဝန်ကြီးများမှာ အောက်ခြေထိဆင်းလုပ်လာကြသည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင်ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူဦးတင်ထွဋ်ဦးက ဆိုသည်။

"ကိုယ့်ဝန်ကြီးက လာလို့၊ အတွင်းရေးမှူး (၁)ကလာလို့၊ အတွင်းရေးမှူး (၂)ကလာလို့ တိုင်းမှူးကလာလို့ သွားနေတာ လိုက်နေရတာနဲ့ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ အချိန်မရှိတော့ဘူး" ဟု ဦးတင်ထွဋ်ဦးက သူ့အတွေ့အကြုံကိုပြန်ပြောပြသည်။

ထို့အပြင် တိုင်းမှူးခရီးစဉ်လိုက်နေသဖြင့် ဝန်ကြီးခရီးစဉ်တွင် မလိုက်နိုင်သည့်အခါ သက်ဆိုင်ရာ ဝန်ကြီး၏ ငြိုငြင်မှုများကိုခံခဲ့ရသူများလည်းရှိကြောင်း တပ်မတော်အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သူ အရာရှိဟောင်း တစ်ဦးကပြောသည်။

နိုင်ငံတော်အကြီးအကဲများနှင့် ဝန်ကြီးခရီးစဉ်များတွင် ဌာနဆိုင်ရာဝန်ထမ်းများဒေသအာဏာပိုင်များ၊ ပြည်သူများအလုပ်ပျက်ရလေ့ရှိသော်လည်း ထိုခရီးစဉ်အတွက်ကြိုတင်ပြင်ဆင်ပေးသောလုပ်ငန်းရှင်များမှာ အကျိုးအမြတ်များစွာရရှိကြသည်။

"အရင်တုန်းကတော့တင်ဒါမရှိတော့ ဒီလိုနည်းနဲ့ချည်းကပ်ကျတယ်။ အခုခေတ်မှာ တင်ဒါရှိလာတော့လည်းသတင်းရအောင်၊ နောက်နိုင်ငံခြားကလာတဲ့ လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပေးအောင်ကပ်ကြတာ"ဟုစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပွင့်ပွင့်လင်းလင်းပြောသည်။



*အစိုးရအကြီးအကဲများ မလိုအပ်ဘဲ တိုင်းခန်းလှည့်လည်သည့် ယဉ်ကျေးမှုမှာ ဦးနေဝင်း လက်ထက်မှ စတင်ခဲ့သည်ဟုဆိုကြသည်*

ဝန်ကြီးများအနေဖြင့် စီမံကိန်းလုပ်ငန်းများရှိ၍ သွားရောက်ကြည့်ရှုရာတွင်လိုက်ပါသွားသော လုပ်ငန်းရှင်အချို့မှာ စီမံကိန်းနှင့်ပတ်သက်၍ တင်ဒါစနစ်ဖြင့်ခေါ်ယူသည့်လုပ်ငန်းပင်ဖြစ်စေကာမူ သတင်းအချက်အလက်ကြိုတင်သိရှိနိုင်သဖြင့် အဆိုပါလုပ်ငန်းရှင်များသည် အခြားသောလုပ်ငန်းရှင်များထက် အခွင့်အရေးပိုမိုရရှိကြသည်။

ထိုကဲ့သို့ လုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးကလည်း "ဖားတဲ့သဘောမျိုးလုပ်တာ ရှိသလိုဒါလည်းလာဘ်ပေးတဲ့ပုံစံတစ်မျိုးပါပဲ"ဟု မှတ်ချက်ပေးသည်။

ထိုကဲ့သို့လုပ်ဆောင်ရခြင်းတွင် ပြည်တွင်းခရီးစဉ်သာမက ဝန်ကြီးများ၊ ဒုဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ နိုင်ငံခြားသွားပါက လေယာဉ်လက်မှတ်၊ ဟိုတယ်နှင့် အသုံးစရိတ်များ၊ အထွေထွေ အသုံးစရိတ်များစီစဉ်ပေးရသည်များရှိသလို လက်တိုလက်တောင်းခိုင်းရန် အတွက် တပည့်များထည့်ပေးသည်များရှိသည်။

ဝန်ကြီးများအနေဖြင့် နိုင်ငံခြားသို့ သွားရောက်သည့်အခါ မိမိတို့နှင့် လိုက်ပါလာသောပြည်တွင်းလုပ်ငန်းရှင်များအား ပြည်ပလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးသဖြင့်လုပ်ငန်းအကျိုးတူလုပ်ခွင့်များရရှိလာကြသည်။

အထူးသဖြင့်သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရလက်ထက်တွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့်သူများ အထူးစိတ်ဝင်စားလာသဖြင့် ထိုကဲ့သို့ချိတ်ဆက်ပေးမှုများရှိလာကြောင်းပြည်တွင်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် လူကြီးများခရီးစဉ်တွင်အဆိုပါဒေသအတွက်အကျိုးရှိမရှိမသေချာသော်လည်းဒေသအာဏာပိုင်အဖွဲ့နှင့် လုပ်ငန်းရှင်များအတွက် အလုပ်ရှုပ်ပြီး ကုန်ကျစရိတ်များလေ့ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် အချို့၏ခရီးစဉ်များမှာပင် ဒေသခံ အာဏာပိုင်နှင့်ပြည်သူများ အလုပ်အလွန်များရလေ့ရှိပြီး၊ ဝန်ကြီးချုပ် တစ်ဦးဆိုလျှင် သွားသည့်ခရီးစဉ်တိုင်း၌ ပြည်သူ့ဆေးရုံမှ ဆရာဝန်တစ်ဦးကို အမြဲခေါ်သွားလေ့ရှိသည့်အတွက် ထိုဆရာဝန်မှာ လူကြီးများကြားတွင် မျက်နှာရသော်လည်း ဆေးရုံတွင် ဆေးကုရလေ့မရှိသောအဖြစ်မျိုးလည်းရှိကြောင်း ထိုဒေသမှဆရာဝန် အချို့နှင့် ပြည်သူများကပြောသည်။

သို့သော် တစ်ခါတရံလူကြီးများရှေ့တွင်မျက်နှာရအောင် လုပ်ချင်သောဒေသအာဏာပိုင်နှင့်ဝန်ထမ်းအချို့ကြောင့်ခရီးစဉ်ရည်ရွယ်ချက် ပျက်ရသည်များလည်းရှိသည်။

ဝန်ကြီးများအနေဖြင့် နယ်သို့ဆင်းရာတွင် ဌာနလက်ကိုင်ရှိသော ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာဌာနက အကုန်အကျခံပြီးဌာန လက်ကိုင်မရှိသော ဝန်ကြီးများအတွက်မူ အုပ်ချုပ်ရေးအဖွဲ့ကတာဝန်ယူရသည်ဟုပခုက္ကူကုန်စည်ဒိုင်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"စီးကူးဝန်ကြီးလာတုန်းကျွေးမွေးစရိတ်အတွက် နှစ်သိန်း၊ လက်ဆောင်ပစ္စည်းဝယ်ဖို့အတွက် တစ်သိန်းခွဲကိုကုန်စည်ဒိုင်ကကျခံရတယ်။ ပခုက္ကူမှာလိုအပ်တာလုပ်ဖို့အတွက် ကုမ္ပဏီတွေက ဝန်ကြီးကို သိန်း ၃၀ စုပေးရတယ်။ အဲဒီသိန်း ၃၀ နဲ့ သူ့အိတ်ထဲက သုံးသိန်းစိုက်ပြီး ပခုက္ကူမှာ လိုအပ်တဲ့နေရာတွေမှာပြန်လှူသွားတယ်"ဟု အဆိုပါကုန်စည်ဒိုင်မှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

ယခုကုန်ကျစရိတ်မှာစစ်အစိုးရလက်ထက်အစိုးရတာဝန်ရှိသူများလာရောက်သည့် ခရီးစဉ်ကုန်ကျစရိတ်နှင့်နှိုင်းယှဉ်ပါကအလွန်နည်းပါးပြီး ယခင်ကဆိုလျှင်ကားကိုပင်ဆီထည့်ပေးရကြောင်း အဆိုပါအဆင့်မြင့်အရာရှိကြီးကဆိုသည်။

သို့သော် မကြာသေးမီက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ပခုက္ကူသို့ လာရောက်ရာတွင်ယခင်ကကဲ့သို့ကြိုဆိုမှုများပင်မလုပ်ရတော့ကြောင်း ပခုက္ကူမြို့ခံ ဦးဇင်မင်းထွန်းကပြောသည်။

"နဂိုတုန်းက Big 5 (ဦးသန်းရွှေ၊ ဦးမောင်အေး၊ သူရဦးရွှေမန်း၊ ဦးသိန်းစိန်၊ ဦးတင်အောင်မြင့်ဦး) တို့လာရင် ဆေးသုတ်တာက အစအကုန်လုပ်ရတယ်။ အခုတော့ Top 3 (သမ္မတနဲ့ ဒုသမ္မတ နှစ်ဦး) လာမှပဲလုပ်ကြတော့တာတွေ့ရတယ်"ဟု ဦးဇင်မင်းထွန်းကဆိုသည်။

လူကြီးခရီးစဉ်အတွက်လမ်းပြင်ခြင်း၊လမ်းလယ်ကျွန်းဆေးသုတ်ခြင်း၊ အမြင်ကောင်းစေရန်ခါတော်မီပြုပြင်ရခြင်းများကြောင့်ဒေသဖွံ့ဖြိုးရေးအတွက် သွားရောက်သည်ဆိုပါကဒေသ၏ အခြေအနေမှန်ကိုပင်သိရန်ခက်ခဲပါသည်။

အစိုးရသစ်လက်ထက်တွင် ဝန်ကြီးရုံး အသုံးစရိတ်နှင့် ဌာနဆိုင်ရာသို့ လာရောက်စစ်ဆေးသောဧည့်သည်များအတွက် အသုံးစရိတ်အဖြစ် လွှတ်တော်ကချပေးထားကြောင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဖြိုးမင်းသိန်းကပြောသည်။

နိုင်ငံတကာအစိုးရများတွင်မူဝန်ကြီးအဆင့်ခရီးသွားလာကုန်ကျစရိတ်ကိုလုံလောက်သည့်ဘတ်ဂျက်သီးသန့်ချထားပေးသဖြင့်ဒေသခံလုပ်ငန်းရှင်များထံမှငွေကြေးအပါအဝင် အခြားသော အကူအညီများရယူလေ့မရှိကြောင်း နိုင်ငံရေးလေ့လာသူ သုတေသီတစ်ဦးကပြောကြားသည်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင်မူ အစိုးရအဖွဲ့မှ အကြီးအကဲများအနေဖြင့် အောက်ခြေသို့ မကြာခဏသွားရောက်ခြင်းများမရှိဘဲ အရေးပေါ်အခြေအနေမျိုးတွင်သာရောက်လေ့ရှိသည်ဟုနေးရှင်းသတင်းစာအယ်ဒီတာ မစ္စအိန်းကပြောသည်။

မြန်မာနိုင်ငံတွင်မူ ထိုကဲ့သို့သော အခြေအနေမျိုးမဟုတ်ဘဲ မကြာခဏသွားရောက်သည်ဟု ဝန်ကြီးများရှိသလို လုံးဝမသွားသည့်ဝန်ကြီးများရှိသည်ဟုလွှတ်တော်အမတ်တစ်ဦးကပြောသည်။

"တို့က အခုအောက်ကျေးလက်ကိုသွားတာကအရင်တုန်းကလိုမဟုတ်တော့ဘူး။ အရင်တုန်းကသွားတယ်။ ကိုယ်ပြောချင်တာပြောပြီးပြန်လာတာအခုကတော့ အဲဒီလိုမဟုတ်ဘူး။ သူတို့ပြောတာလည်းနားထောင်တယ်။ အပြန်အလှန်လည်း ဆွေးနွေးတယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်ကပြောသည်။

မွေးရေကျေးလက်ဝန်ကြီးအနေဖြင့် ကျေးလက်ဒေသများတွင် မီးလင်းရေးနှင့် ရေရရှိရေးအတွက်လုပ်ငန်းများစတင်အကောင်အထည်ဖော်နေသည့်ကာလတွင် အောက်ခြေသို့ သုံးရက်ဆင်း၍ ကြည့်ရှုပြီး ကျန်သုံးရက်ကိုမူ ရုံးထိုင်၍ ရုံးလုပ်ငန်းများလုပ်ဆောင်ကြောင်းဝန်ကြီးက ဆက်လက်ပြောသည်။

"စပါးအထွက်တိုးရေး စီမံကိန်းမှာ ကောက်ပင်ဘယ်နှပင်ရှိလဲ သွားရောက်စစ်ဆေးတာမျိုးတော့ ရှောင်သင့်တာပေ့ါ။ နိုင်ငံတော်အဆင့်စီမံကိန်းတွေမှာဆိုရင်တော့ သွားကြည့်သင့်တယ်။ ဥပမာဆည်ကြီးတွေဆောက်တာမျိုးဆိုရင်ပေ့ါ"ဟု နိုင်ငံတော်သမ္မတ၏လူမှုစီးပွားအကြံပေးအဖွဲ့ခေါင်းဆောင်ဦးတင်ထွဋ်ဦးက ပြောသည်။

ထို့အပြင် ဝန်ကြီးဌာနများတွင်လည်း အဆင့်ဆင့်အလိုက်တာဝန်ပေးမှု၊ တာဝန်ခံမှုများ ရှိရန် ဆောင်ရွက်ပေးဖို့လိုကြောင်း ဦးတင်ထွဋ်ဦးကအကြံပြုပြောကြားသည်။

"လုံးဝမသွားဘဲနေတာလည်း မကောင်းဘူး။ သူဌေးတွေခေါ်ပြီး အုပ်စုလိုက်သွားတာလည်း မကောင်းဘူး။ အစွန်းနှစ်ဖက်လွတ်ဖို့တော့လိုတယ်"ဟုပြည်သူ့လွှတ်တော်အမတ်ဦးဖြိုးမင်းသိန်းကပြောသည်။

သို့သော်သတင်းကောင်းမှာ ယခုအစိုးရလက်ထက်တွင် ဗဟိုချုပ်ကိုင်မှုနှင့် ဟန်ရေးပြတိုင်းခန်းလှည့်လည်ခြင်းများ လျှော့ချရန် အစိုးရက ပိုမိုကြိုးပမ်းလာသည်ကို တွေ့ရသည်။

သမ္မတဦးသိန်းစိန်ကသြဂုတ် ၉ ရက်က တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုဝန်ကြီးများကို ပြောကြားသည့် မိန့်ခွန်းတွင် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး အဆင့်ဆင့် တာဝန်ယူမှုဖြင့် လုပ်ကိုင်ရန် အထူးအလေးပေးပြောခဲ့သည်ကိုလည်း တွေ့ရသည်။

လက်ကျန်အစိုးရသက်တမ်းတွင် အပြောင်းအလဲများကို ပြည်သူများပိုမို ခံစားနိုင်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဒုဝန်ကြီး ၂၃ ဦးကို အထူးတာဝန်ပေးထားသည်ကိုလည်း တွေ့ရသည်။

သို့သော် စနစ်ဟောင်းမှ အတွေးအခေါ်ဟောင်းများ ရှိနေသောဝန်ကြီးအချို့၊ဝန်ထမ်းများ၊ ဒေသအာဏာပိုင်များကြောင့် မရောင်ရာဆီလူးသော၊ မလိုအပ်ဘဲတိုင်းခန်း လှည့်လည်၊ ကြည့်ရှုအားပေး၊ ဖဲကြိုးလိုက်ဖြတ်မည့် ခရီးစဉ်များ လုပ်ရပ်များကလည်း ရှိနေသေးသည်။

"စနစ်သစ်ကို ပြောင်းနေတဲ့အချိန်မှာ လူတိုင်းက အသစ်တွေကို သိဖို့လိုတယ်။ အရင်က အဟောင်းတွေကို လက်ကိုင်မထားသင့်ဘူး"ဟု စီမံရေးကျွမ်းကျင်သူ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ (ငြိမ်း)ဒေါ်ရီရီမြင့်ကပြောသည်။

အပေါ်ပိုင်းတွင်ပြုလုပ်နေသောပြောင်းလဲမှု အခြေအနေမှန်များအား အောက်ခြေသို့ သိရှိရန်ဆောင်ရွက်ရသကဲ့သို့အောက်ခြေကအခြေအနေမှန်ကို အပေါ်ပိုင်းက သိရှိအောင် ဆောင်ရွက်ရမှုများတွင် အကုန်အကျများသော တိုင်းခန်းလှည့်လည်မှုမျိုး မဖြစ်စေလိုကြောင်းဒေါ်ရီရီမြင့်က အကြံပြုသည်။ ။